www.burmeseclassic.com

# မင်းအောင်

# ရာဇဝင်ထဲမှာ ဘူးသီးတွေကို ထားရစ်ခဲ့

နှင့်

အခြားလက်စမ်းစာများ



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသူ = သက်ခိုင်စာပေ
(၁၃၂၀၈ ယ ၁၇၄၇၀၆၁၃)

စီစဉ်သူ = မစိမ်းစိမ်း

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း = သီဟမောင်မောင်

ပုံနှိပ်သူ = နေသစ်ဦး အော့ဖ်ဆက်
အမှတ်(၁၆၉/၁၇၁)၊ ၃၄လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိသူ = **အောက်မြန်မာပြည်**
**လွင်ဦးစာပေ**
အမှတ် (၁၆/ A)၊လှည်းတန်း(၂)လမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၇၃၀၆၀၁၇၆
**အထက်မြန်မာပြည်**
**ထွန်းဦးစာပေ**
အမှတ်(၁၀၁)၊ ၈၄လမ်း၊ ၂၉× ၃၀ကြား၊
မန္တလေးမြို့။
ဖုန်း ၊ ၀၂–၃၉၈၉၁၊ ၀၂–၃၉၈၀၁
**မြန်မာတစ်ပြည်လုံး**
**သက်ခိုင်စာပေ**
အမှတ်(၁၆၄)၊ ၃၄လမ်း(အထက်)၊
ရန်ကုန်မြို့။
ဖုန်း ၊ ၀၉–၄၄၈၀၄၉၀၈၈၊ ၀၉–၄၂၁၁၀၈၆၂၇

ထုတ်ဝေခြင်း = ပထမအကြိမ် (၂၀၁၃–ခုနှစ်၊ အောက်တိုဘာလ)

အုပ်ရေ = ၁၀၀၀

တန်ဖိုး = ၅၀၀၀/– ကျပ်

မင်းဒင် ၅၉၉.၈၃
ရာဇဝင်ထဲမှာ ဘူးသီးတွေကို ထားရစ်ခဲ့/မင်းဒင်။ ရန်ကုန်
သက်ခိုင်စာပေ၊ ၂၀၁၃
၂၆၃–စာ
(၁) ရာဇဝင်ထဲမှာ ဘူးသီးတွေကို ထားရစ်ခဲ့


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစကား

အတော်အသင့်စာဖတ်ဖန်များလာသည့်အခါ စာရေးချင်စိတ်ဖြစ်ပေါ်လာတတ်သည့် သဘာဝကြောင့် ကျနော်သည် အခါ အခွင့်သင့်လေတိုင်း မိမိစိတ်ဝယ် ခံစားတွေးတောမိသည့် အကြောင်းအရာမျိုးစုံကို တောင်ရေးမြောက်ရေး၊ ကြိမ်ဖန်များစွာ ရေးခြစ်မိခဲ့လေသည်။ ထိုစာတို့ကို စာဖတ်သူတချို့ လက်ခံဖတ်ရှုကြသောအခါ ဘုံမြောက်ခံရသော ကျနော်သည် ထင်မြင် ခံစားမိသမျှကို ဆက်ကာဆက်ကာ ရေးမိပြန်ပါသည်။

ထိုစာတို့သည် ကျနော်စမ်းတဝါးဝါးရေးခဲ့သည်များဖြစ်သောကြောင့် လက်စမ်းစာများ ဟု ခေါ် ဆိုသော် သင့်နိုးအံ့ဟု ထင်မိ၏။ ထို့ကြောင့် ထိုစာတို့တွင် အကောင်းအဆိုး၊ မကောင်း မဆိုးအပြင် ဂဘောက်တိဂဘောက်ချာစာတို့ပါ ပါဝင်နေနိုင်လေသည်။ ဖော်ပြထားသော စာစုတို့မှာ ၂၀၀၇ ဝန်းကျင်တွင် စတင်ခဲ့သည်ဖြစ်၍ အချို့သော အကြောင်းအရာတို့၏ ခေတ်နောက်ခံမှာ ပစ္စက္ခအခြေအနေနှင့် ကွဲလွဲနေနိုင်သည့်အတွက် ယင်းအချက်နှင့် စပ်လျဉ်း၍ စာဖတ်သူများအနေဖြင့် သည်းခံနားလည်ပေးပါရန် လေးစားစွာမေတ္တာရပ်ခံလိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဓိက အထောက်အပံ့ဖြစ်စေခဲ့သော စာဖတ်ပရိသတ်နှင့်တကွ မစိမ်းစိမ်း (သက်ခိုင်စာပေ)၊ မျက်နှာဖုံး အတွင်းသရုပ်ဖော်ပုံများနှင့် စာအုပ်အပြင်အဆင် ကိုသီဟမောင်မောင်၊ မေတ္တာဖြင့် စာအကျအပေါက် စိစစ်ပေးခဲ့သည့် မနီနီဝင်းတို့အား ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါ၏။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေ။

လေးစားစွာဖြင့်

မင်းဒင်
ဖူးခက်မြို့၊ ထိုင်းနိုင်ငံတောင်ပိုင်း
၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ရွှေပင်ရွာရဲ့ ဆိုင်းဝိုင်းလဝိုင်း ၉
ဒင့် ဘဝ၊ ခဏဘာယ်သူယူပါ့မယ် ၁၇
ဆြာဒင်နှင့်သူ၏ဖြစ်ဘွတ် ၂၅
ကျွန်ုပ်နှင့် စာဆိုကျော် စလေဦးပုည အသတ်ခံရမှု ၃၃
ရာဇဝင်ထဲမှာ ဘူးသီးတွေကို ထားရစ်ခဲ့ ၄၃
ဆြာဒင်နှင့် မျက်နှာဖုံးပြဿနာ ၅၃
တေဇာညှိုးချိန် ၆၁
အရေးတော်ပုံထဲက အမေ ၆၉
နင်းပြားပုံပြင် ၇၉
ကြောင်ချော့တေး ၈၉
အကယ်ဒမီ ချစ်သူများ ၉၉
ကြောင်စုန်းဝတ္ထု ၁၀၇
မျိုးရိုးနဲ့တန်ခိုးရှိခဲ့ပေ ၁၁၇
မျက်ဝန်းထဲမှာ မိုးရွာပြီ ဒင် ၁၂၅
မီးလျှံမှတ်တမ်း ၁၃၇
မိုးခါးပုံပြင် ၁၄၅
မဟာနိဒါန်း ၁၅၁
ဗိုလ်၊ ကျား၊ သေနတ်နှင့် နိုင်ငံ့သံသရာ ၁၅၉
ပသီပုံပြင်ထဲက ဒွိတိုင်းဌာနီ ၁၆၅
တိဗ္ဗမာသာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ ၁၇၃
ချစ်ညီတို့အမေ ၁၈၁
ချိုတကူးနှင့် ဂုဏ်ရည်တူသူများ ၁၈၇
ချစ်ခြင်းငယ်ပြိုင် ၁၉၅
ခင်နက်ကျားရဲ့ ချစ်ပုံပြင် ၂၀၃
ကျွန်ုပ်၊ ဟန်သစ်ငြိမ်၊ မောင်သင်ကာနှင့် ဖိုးသူတော် နှမပျောက်မှု ၂၁၁
ကိုမြဟန်တို့ခေတ်တွေ လွန်ပါစေ ၂၁၉
ရာဇဝင့်ဆရာ ဇာတိမာန် ၂၂၅
ဆြာဒင်နှင့် ဥဩသံအရေးတော်ပုံ ၂၃၉
ဆြာဒင်နှင့် သခွတ်ပွင့်ချိန် ၂၄၇
ဆြာဒင်နှင့် မွေးဌာနီ အညာရပ်ဆီသို့ ၂၅၇

မင်းဒင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရွှေပင်ရွာရဲ့ ဆိုင်းဝိုင်းလဝိုင်း

(၁)

ဝါခေါင်တကြောင်း ထနောင်းကြောင်ခြစ် ဆူးရစ်ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်းသည့် ကာလပေတည်း။ "ဪ၊ မောင်တို့အညာမှာ တမာပင်တန်းတွေနဲ့ ထန်းပင်ထန်းတော လွမ်းမောစရာပဲ" ဟူသည့် သီချင်းနေရာတွင် ခေတ်ပေါ်အဆိုကျော် ဗိုဟာဟိန်း၏သီချင်းသံတို့ လွှမ်းမိုးနေချိန်တည်း။ ရွှေပင်ကျေးရွာကား တခေတ်ဆန်းခဲ့ပြီထင့်။ ရွှေပင်သားတို့၏ဘဝင်ကို လေဟာတ်လေသောကြောင့် ယင်းတို့၏ မေးစေ့နှင့် ရင်ဘတ်ကို ခပ်ခွာခွာထားကာ မော်ကြွားလျှက်ရှိကြကုန်၏။

အမှန်စင်စစ် အမျိုးသားခေါင်းဆောင်ကြီး၏ ဇာတိချက်မြှုပ်နှင့် ငါးတိုင်ခန့်သာလှမ်းသော ဤရွာသည် လွန်စွာကြီးမားလှသည့် မှိုက်ပင်ကြီးတပင်ကို အစွဲပြုလျက် မှိုက်ပင်ရွာဟု အမည်သညာပြုခဲ့ကြလင့်ကစား ရွာသားတို့ကမူ မိမိတို့ရွာအမည်နာမကို "ရွှေပင်" ဟု ရည်ညွှန်းလေ့ရှိကြသည်။ ကာလ ရွေ့လျောသည်ကတကြောင်း၊ အချို့အချို့သော အထင် အမြင် သေးစိတ်မူလဓာတ်ခံရှိကြသူတို့၏ နှုတ်ထွက်လေသံအရသော်ကောင်း "အမှိုက်ပင်"ဟု နှိမ့်ချသယောင်ခေါ်ဝေါ်သမှု ပြုခဲ့ကြသည်မှာ ကာလအားဖြင့်လည်း ရှည်ကြာခဲ့ပေ၏။ ထိုစဉ်ကသော် ရွှေပင်သားတို့မှာ ရွာအမည်ခေါ်ဆိုပုံနှင့် စပ်လျဉ်း၍ မခံချိမခံသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသော်ငြား အချိန်ကုန်လူပန်း ဖြေရှင်းရန် အခွင့်မသာခဲ့ကြချေ။ ရွာနီးချုပ်စပ်ဖြစ်သော ညောင်ကြပ်ပင် ရွာလေးစသည်တို့နှင့် ထူးမခြားနား ဇာတိမာန်ကို သိုသိုသိပ်သိပ် နှုတ်ဆိတ်၍သာ နေခဲ့ကြသည်ချည်းဖြစ်ပါ၏။ သို့တစေ ရာဇဝင်ဘီးကား တပတ်လည်ခဲ့လေပြီ။ ရွှေပင်ကျေးရွာကား အမှန်ပင်ဂုဏ်တက်ခဲ့ပြီ။

ယခုဖော်ပြလတ္တံ့သော အကြောင်းခြင်းရာ၌ ဒီမိုကရေစီခေတ်ကြီး၏ အကြောင်းခြင်းရာသည်လည်းကောင်း၊ တောကျောင်းဘုန်းကြီး၏ ထေရုပ္ပတ္တိသည်လည်းကောင်း ရေးကြီးခွင်ကျယ် ရှိအံ့မထင်သည်ဖြစ်၍ ချန်လှပ်ထားပေတော့အံ့။ ရွှေပင်၏ဂုဏ်ကား ဆိုင်းဝိုင်းလဝိုင်းကြောင့် တက်ရခြင်းဖြစ်ပါ၏။

(၂)

ယနေ့ကား ရွှေပင်ကျေးရွာတွင် ပထမဆုံးသော နိုင်ငံတကာအဆင့်မီ စုံစီနဖာ အရောင်းဆိုင်ကို စတင်ဖွင့်လှစ်သည့်နေ့ပင် ဖြစ်ချေ၏။ ယင်းဆိုင်၏ ခြင်းရာအသေးစိတ်ကို ဘေးဘိုးတို့ ကိုးကွယ်ရာ အထင်ကရပုဂ္ဂိုလ်ဖြစ်ပေသော တောကျောင်းဘုန်းကြီးပင်လျှင် ရိုးတိုး ရိပ်တိတ်သဘောမျှသာ သိသည်ဟုလည်း တီးတိုးဆိုကြပါကုန်၏။

ရွာ၏ပဏ္ဍိတ် တွဲဖက်ကျောင်းဆရာ ကိုဘိုကိတ်၏အဆိုအရ အဆိုပါ ဆိုင်၏အမည်မှာ သိုးဆောင်းစကား အတိအကျဖြင့် "ဆဲဗင်းအလဲဗင်း" ဟုခေါ်ဆိုကြောင်း အာပေါက်မတတ်ရှင်းပြသော်ငြား ရွာသူရွာသားအများစုကမူ ယခုဖွင့်လတ္တံ့သောဆိုင်၏အမည်ကို "ဆဲဝင်း" ဟူ အလွယ်ခေါ်ဆိုကြပါလေ၏။ ထိုစဉ်မှာပင် ရွှေပင်ရွာ၏ ဘိသိက်ဆရာ ဩထောင်က၊ ဆိုင်၏အမည်မှာ ပါဠိသက်အလိုအားဖြင့် "ဆိုင်းဝိုင်းလဝိုင်း" ဟု ခေါ်နိုင်ပေဟန် ရုတ်တရက် နှုတ်ထွက်မြွက်ကြားမိသည်၏နောက်၌ ယင်းဆိုင်၏အမည်မှာ ဆိုင်းဝိုင်းလဝိုင်းဟု ရွာလုံးကျွတ် နှုတ်တက်အမည် တွင်ပေတော့၏။

နှစ်ဆယ့်လေးနာရီပတ်လုံး ဖွင့်လှစ်ရောင်းချသည့် အဆိုပါတိုလီမိုလီဆိုင်များကား ရွှေပြည်ကြီး၏ နယ်စပ်ဒေသနှင့် ခဲတပစ်မကွာဝေးသော ယိုးဒယားပြည်အနှံ့ လမ်းကြိုလမ်းကြားပါမကျန် မှိုလိုပေါက်နေသော ဆိုင်များဖြစ်လင့်ကစား ရွှေပင်ကျေးရွာအတွက်မူ နတ်သိကြားတို့ ဖန်ဆင်းစီရင်အပ်သော ဘုံဝတိမှ မိုးပျံ့စူပါမားကက်ကြီးအလား ရွှေပင်သားတို့စိတ်တွင်မှတ်ထင်ကြရာသတည်း။ ထို့ပြင်တဝ တံဆိပ်မျိုးစုံလင်လှသော နိုင်ငံခြားဖြစ် မုန့်ပဲသွားရည်စာ၊ အချိုရည်နှင့်တကွ အမျိုးစုံလှသော စုံစီနဖာတို့ မှာ ဆိုင်အတွင်း အဆင့်ဆင့်အစီအရီ၊ စင်မြင့်အသီးသီးတွင် တခန်းတနားတင့်တယ်စွာ နေရာယူလျက် ရှိရကား ရွှေပင်သားတို့မှာ ရင်သပ်ရှုမော အံ့ဩမကုန်အောင် ရှိကြလေ၏။

ရွှေပင်ကျေးရွာ၌ အဆိုပါ ဆိုင်းဝိုင်းလဝိုင်းဆိုင် ဖွင့်လှစ်နိုင်ခြင်းသည် စီးပွားရေးပိတ်ဆို့မှု ရုတ်သိမ်းခြင်း၊ ကမ္ဘာ့ဘဏ် အာရှဘဏ်တို့၏ ပွင့်လင်းမြင်သာမှု၊ စသည်တို့နှင့်ဆက်စပ်နေသည်ဆိုသည့် အချက်အလက်များကိုလည်းကောင်း၊ အဆိုပါဆိုင်ဖွင့်ပွဲတွင်သက်ဆိုင်ရာ ဂုဏ်သရေရှိ လူကြီးမင်းများ အမှာစကားအသီးသီး ပြောကြားလျက် ကြက်ပျံ



www.burmeseclassic.com

www.burmeseclassic.com

မကျ ဖြိုးဖြိုးစည်စွာ ကျင်းပခဲ့ကြသည့် အကြောင်းများသည်လည်းကောင်း၊ ရွှေပင်ကျေးရွာ အတွက် အမေရိကန်ပြည်ထောင်စု၏လက်ဆောင် ဂျီအမ်ကုမ္ပဏီလုပ် မီးစက်ကြီး၏ အကြောင်းသည်လည်းကောင်း စာလေးအုံ့ရှိမည်ထင်၍ အသေးစိတ် မဖော်ပြလိုတော့ပြီ။

"ဆိုင်ထဲကို ဝင်လိုက်ပြီ၊ ဆိုင်ထဲက ထွက်လိုက်ပြီဆိုတာနဲ့ ငြိမ့်ငြောင်းတဲ့ တီးလုံးသံလေး ထွက်ပေါ်လာပါမယ်၊ ဒါဟာ လူကြီးမင်းတို့ကို ကြိုဆိုနှုတ်ဆက်ခြင်းပါပဲ။ ပစ္စည်းတခုချင်းရဲ့ တန်ဖိုးကို ဖော်ပြတဲ့ စာတန်းကလေးတွေ ပစ္စည်းအားလုံးမှာ ကပ်ထားပါတယ်၊ မိမိ နှစ်သက်ရာ ပစ္စည်းကို ရွေးချယ်ပြီး ငွေရှင်းကောင်တာမှာ တန်းစီငွေရှင်းလိုက်ရုံပါပဲ"

ဆိုင်ဖွင့်ပွဲအခန်းအနားတွင် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဆိုင်အတွင်း ဝယ်ပုံ ခြမ်းနည်း နိသယရည်းကို အကျယ်တဝင့်ရှင်းပြလင့်ကစား ရွာသူရွာသားအများစုကမူ ဂုဏ် မောက်သည့် မျက်နှာပေး အသီးအသီးဖြင့် မော်ကြွားလျက်သာရှိရကား တဦးတလေမျှပင် သတိပြုနားစိုက်ကြဟန်မရှိချေ။

ဆိုင်းဝိုင်းလဝိုင်းဆိုင်ကို နံနက်ခုနစ်နာရီတွင် စတင်ဖွင့်လှစ်ရောင်းချပေရာ ဦးစွာ ကြွရောက်လာ သည်ကား တောကျောင်းဘုန်းတော်ကြီးဖြစ်ပေ၏။ ဘုန်းတော်ကြီးကား ကြီးစွာ သောအံ့ဩခြင်းဖြင့် ဆိုင်အတွင်း စင်္ကြံနှံလျှောက်ရင်း မမြင်ဖူးသော ပစ္စည်းမျိုးစုံကို ကြည့်ရှုတော် မူပြီးသကာလ "အိမ်း . . ရွှေပင်ကျေးရွာအတွက်ကဖြင့် ဂုဏ်တက်စရာပေတကား" ဟု တည်တည်ကြီးမိန့်လေ၏။ ထို့နောက် ကြီးမားလှသောရေခဲသေတ္တာအတွင်းမှ အအေးပုလင်း၊ အားဖြည့်အချိုရည်မျိုးစုံကို ရှုတော်မူရင်း ထူးဆန်းအံ့ဩသောအမူအရာဖြင့် "ဒီအအေးကို ကပ်လဟဲ့" ဟု မြွက်တော်မူပြန်လေရာ အရောင်း တာဝန်ခံအသစ်စက်စက် ရွှေပင်သူ ဝိုင်းစိန်မခမျာ ငွေရှင်းကောင်တာပေါ်မှ ကွန်ပြူတာကို ကွက်ကြည့် ကွက်ကြည့် လုပ်ရင်း၊ ယိုးဒယားပြည်ဖြစ် အမ်မလ္လိုင်းဟဆစ် (M150) အချိုရည်ကို "အလှူရေစက် လက်နှင့် မကွာ" ဟူသော ရှေးထုံးနှင့်အညီ ညှိုးငယ်သောစိတ်ထားဖြင့်၊ ဒါနအမှု ပြုရရှာလေ သည်။

(၃)

"တီ၊ တင်၊ တီ၊ တင်"

"ဟဲ့၊ သောက်ခွေး"

ဆိုင်အဝမှ လူဝင်ထွက်လေတိုင်းမြည်သည့် ဘဲလ်သံကြောင့် အလန့်တကြား အော်ဟစ် လိုက်သူကား ကြီးမယ်သီတည်း။ နံဘေးမှလိုက်ပါလာသူ၊ မဲဆောက်ဟူသော နိုင်ငံခြား၌ တလ ကိုးသီတင်းမျှ ကူလီအလုပ်လုပ်ဖူးလေသည့် သားတော်မောင်ပေါ်အေးကား "အမေ့နှယ် အ,ရန်ကောဟူသော မျက်နှာပေးဖြင့် မာတာမိခင်ကို စိုက်ကြည့်သော်ငြား ကြီးမယ်သီ၏ စိတ်မှာမူ ပစ္စည်းတခုချင်းပေါ်မှ ဈေးနှုန်းများကိုသာ စူးစိုက်လေ့လာလျက် ရှိလေသဖြင့် သတိမပြုမိဟန်မတူချေ။ နှုတ်မှမူ ဆီမန်းမန်းသလို တပြစ်တောက်တောက် ရေရွတ်လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့၊ ဒါက ပဲကြီးလှော်တွေပါကလား၊ လေးရာတဲ့၊ အံ့ပါ့တော်၊ တဆုပ်စာမရှိတာလေးကို သည်လောက်တောင် ဈေးတင်ရသလား၊ ကြီးဒွေးဆိုင်မှာ နှမ်းတစလယ်ဖိုးဆိုရင် တအိမ်သား လုံး ဗိုက်ရိုက်စားပါလေ့၊ ကြည့်အုံး၊ ဒီ ငါးထုတ်ကလည်း ငါးရာတဲ့၊ ဈေးကြီးချက်ကတော့ "

ပေါ်အေးကား ဘေးဘီကို မျက်နှာပူဟန်ဖြင့် "မဝယ်ချင်လဲနေပေါ့အမေရာ၊ နွားစာ စင်းချိန် နောက်ကျနေပြီ၊ ပြန်ကြစို့ရဲ့"ဟူ၍ အလိမ္မာနည်းသုံးလေ၏။

အနီးအချိန်၌ လသားအရွယ်ကလေးငယ်ကို ခါးထစ်ခွင်လျက်၊ လေးနှစ်ခြောက်နှစ် အရွယ် အသီးသီးရှိ ရင်သွေးမျောက်လောင်းနှစ်ကောင်ကိုခြံရံကာ ဝင်ရောက်လာသူကား ဒေါ်စံမယ်ဖြစ်၏။ အကြီးကောင်ကား စတုဒီသာမဏ္ဍပ်နှင့် မှားလေသည်ထင့်။ အအေးပုံး အတွင်းမှ ရေခဲမုန့်နှစ်ခုကို ဇတ်ကနဲ ထုတ်ယူကာ အငမ်းမရလွေး၏။ အငယ်ကောင်ကမူ ပေါင်မုန့်ထုတ်ကို ဖွင့်ဖောက်သုံးဆောင်၏။

"ငွေအရင် ရှင်းရမှာ အစ်ရီးလေးရဲ့" ဟူ၍ အကူအရောင်းစာရေး စိန်ကျော်မောင်က ကောင်တာမှနေ၍ အသံပြုစဉ်မှာပင် ခါးထစ်ခွင်ထက်မှ ကလေးငယ်၏ လက်သရမ်းမှု ကြောင့် တခုသောစင်ထက်ရှိ ဒိန်းမတ်နိုင်ငံလုပ် အိုဗာတင်းပုလင်းမှာ အစိတ်စိတ်အမွှာ ကွဲရှာ လေသည်။ သို့သော် ဒေါ်စံမယ်၏ ထီမထင်လေသံဖြင့် ရုတ်ခြည်းတုန့်ပြန်သည်ကား

. . .

"ငါက နင့်အစ်ရီးလေးအရင်းပါဟဲ့၊ စိန်ကျော်မောင်ရဲ့၊ နှစ်ပြားတပဲပိုက်ဆံလောက်ကို ရေးကြီးခွင် ကျယ်မလုပ်စမ်းနဲ့၊ ဒီသေနာလေးကလည်းတမျောင့်၊ ဒီရွာကနေ ဘယ်မှ ထွက် မပြေးဘူး။ ကျကွဲတဲ့ပုလင်းဖိုးပါ မှတ်ထားလိုက်ဟေ့" ဟူ၏။

ဤသို့လျှင် ရွှေပင်ကျေးရွာမှ ကာစတန်မာတို့မှာ ဆိုင်ထဲဝင်လာလိုက်၊ ပစ္စည်းမျိုးစုံကို တခုချင်း စိတ်ရှည်လက်ရှည် ကိုင်ကြည့် ပြန်ချ၊ ထင်သလိုဖွ၊ တွေ့ရာနေရာပစ်တင် စသည် ဖြင့် ထင်တိုင်းကြဲကြရင်းပင် နေထန်းတဖျားတိုင်ခဲ့ပြီ။

## (၄)

ရွာဦးကျောင်းဆီမှ ဆွမ်းစားသံချောင်းခေါက်သံနှင့် မရှေးမနှောင်းမှာပင် ရွှေပင်ရွာ မူလတန်းကျောင်း၏ မုန့်စားဆင်းချိန်ခေါင်းလောင်းထိုးလေရာ နှပ်ချေးဗရဗစ်၊ ချေးလက် လေးသစ်နှင့် ရွှေပင်ကျေးရွာ၏ တောက်ပြောင်သော အနာဂတ်ကို ပိုင်စိုးထူထောင်ကြမည့် မျိုးဆက်သစ်တို့သည် ဆိုင်းဝိုင်းလဝိုင်းအတွင်းသို့ နွားအုပ်မောင်းသွင်းသည်နှင့်တူလှစွာ ဝင်ရောက်တော်မူလာကြလေကုန်၏။ အုန်းအုန်းကျွက်ကျွက်ဆူညံစွာ စည်ကားလေပြီတကား။

"ဟာ၊ ဆိုင်ထဲမှာ ရုပ်ရှင်ပြနေတယ်ဟေ့"

"ဟေ့ကောင်၊ ရုပ်ရှင်မဟုတ်ဘူး။ အခုပေါ်နေတာ ချက်ကြီးရဲ့ပုံ။ ချက်ကြီး မင်းသား ဖြစ်ပြီ"

"ဟာ၊ ဒါရိုက်ပြနေတာဟေ့၊ ဒါရိုက်ပြနေတာ၊ ချက်ချင်းကြီးကို တန်းမြင်နေရတာ"

"ဒါရိုက်ထုတ်လွှင့်နေတာကွ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ၊ ဟာ၊ ဗိုက်ဗူလမ်းလျှောက်နေတယ်၊ လမ်းလျှောက်နေတယ်"

"ဟော့ကောင်၊ ငစိုး မင်းပုံကို ငါမြင်နေရတယ်နော်။ မုန့်ခိုးစားမယ်မကြံနဲ့။ မင်းကို ငါကြည့်နေတယ်။ ဟဲဟဲ"

"ဘယ်နေရာမှာ ရပ်ရင်ပေါ် လဲကွ။ ငါ့ပုံကို ကြည့်ပါအုံး"

"စွတ်မတိုးနဲ့ကွ၊ တယောက်တလှည့်စီနော်၊ မင်းဖယ်တော့"

ဤသို့လျှင် ရွှေပင်ကျေးရွာ မျိုးဆက်သစ်အုပ်စုနှစ်စုသည် တီဗီဖန်သားပြင်ရှေ့နှင့် စီစီတီဗီ ကင်မရာရှေ့တွင် အုပ်စုတစုစီခွဲလျက် ခေတ်မီနည်းပညာအပေါ် အသီးသီး ဝေဖန်စောကြောလျက်ရှိရာ ကျောင်းပြန်တက်ချိန်ကိုပင် မေ့လျော့နေကြလေသဖြင့် ကျောင်းဆရာကိုဘိုကိတ်ကိုယ်တိုင် လက်စွဲတော်ကြိမ်လုံးနှင့်အတူ ကိုယ်ထင်ပြမှသာ တပ်နောက်သို့လှည့်ကြသည်ဟူ၏။

(၅)

ပူပြင်းသောနေရောင်ကြောင့် ရွာလယ်လမ်းမကြီးတလျှောက် တံလျှပ်ထနေသည့် နေ့လယ်ချိန်ခါ တွင်ကား ရွှေပင်ရွာသားတို့သည် ဆိုင်းဝိုင်းလဝိုင်းဆိုင်အတွင်းသို့ အချိန်း အချက်ပြုထားကြဘိ သည့်အလား နှစ်ယောက်တတွဲ သုံးယောက်တတွဲ အသီးသီး အသဿက၊ အသဿက ဝင်ရောက်လာကြလေရာ မကြာမီဆိုင်လုံးပြည့်လေ၏။ ယင်းဖြစ်ရပ်၏ လက်သည် တရားခံမှာ ကြီးမယ်သီဖြစ်၏။ "အဲကွန်းဆိုလား၊ ဘာဆိုလား၊ ဆိုင်ထဲမှာတော့ လေမတိုက်ပဲ အေးနေတာပဲဟေ့၊ ဘာမှ မဝယ်လဲ ဝင်ထိုင်နေရင်ရတယ်" ဟူသော သူ၏ မှတ်ချက် စကား ကြောင့် ပူပြင်းလှသော အပူဒဏ်ကို ကျော်လွှားနိုင်ကြရန် ရွှေပင်သားတို့ ချီတက်စုရုံးရောက်ရှိလာကြခြင်း ဖြစ်လေသည်တကား။

အချို့ကား ရဲတင်းပွင့်လင်းစွာ ရင်ကိုဖွင့်လျက် ဝင်လာ၏။ အချို့ကား မျက်စိလည်လမ်းမှားလာသယောင်ပုံဖမ်း၏။ အချို့ကား ဈေးဝယ်လာလေဟန် အိုက်တင်ဖြင့်ရှိ၏။ အချို့ကား လမ်းကြုံလေဟန် ပုံစံပြ၏။ ဝင်လာမစဲ တသဲသဲပါတကား။

ဈေးဝယ်သူအနည်းငယ်ကား ရှိပါ၏။ သို့သော် ပြန်ထွက်သူကားမရှိလေ။ ရွှေပင်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဆွေတော်မျိုးတော် မိန်းမဒွေးတသိုက်မှာ ဆိုင်ထောင့်လေအေးစက်အောက်တွင် စကားဖောင်ဖွဲ့ကာ သန်းတုတ်လျက်ရှိလေသည်။ ကြွရောက်လာသော မင်းပရိသတ်တို့မှာ ဆိုင်အတွင်း နေရာရရန်အလို့ငှာ တွန်းကြ၏။ ထွေ့ကြ၏။ အချို့ကား တွန်းထွေ့ထွေ့ကြ၏။ တွန်းသောထွေ့သော အရှိန်ကြောင့်ပင် ဆိုင်းဝိုင်းလဝိုင်း၏ ဆိုင်ရှေ့မျက်နှာစာကို ကာရံအပ်သော ဇရောမမှန်ကြီးနှစ်ချပ်မှာ မြေခပျက်ယွင်း၊ အစိတ်စိတ်အမွှာမွှာ ကွဲကြေခြင်းသို့ ရောက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

(၅)

ညီအကိုမသိတသိ နွားရိုင်းသွင်းချိန်တွင်ကား ဆိုင်းဝိုင်းလဝိုင်းရှေ့မြေကွက်လပ်တွင် ရွှေပင်ကျေး ရွာအုပ်ချုပ်ရေးမှူးကြီးသည် ခုံပုငယ်တလုံးပေါ်တွင် ထိုင်နေရင်း နဖူးဆီမှ ဖြိုင်ဖြိုင်ကြီး စီးကျလာသော ဇောချွေးတို့ကို သုတ်လျက်ရှိ၏။ အရောင်းတာဝန်ခံ ဝိုင်းစိန်မကား အရောင်းကောင်တာ နောက်ကွယ်တွင် ငွေငူကြီးရပ်ကာ ငိုမဲ့မဲ့ရှိ၏။ အကူစျေးရောင်း စိန်ကျော်မောင်ကား ခေါင်းကိုတဗျင်းဗျင်း ကုပ်လျက် ဂနာမငြိမ်ဟန်ဖြင့် ဆိုင်ပြင် ထွက်လိုက် အတွင်းပြန်ဝင်လိုက် ရှိနေလေသည်။

ထိုစဉ် ရွာလယ်ခေါင်တခုသော အလှူမဏ္ဍပ်၏ လော်စပီကာမှ နာမည်ကျော် အဆိုတော် ဗီဗာဟိန်း၏ ရက်ပ်စတိုင်ရောမွှေထားလေသည့် ချိုမြကြည်လင်သည့် မြန်မာသံ သီချင်းမှာ ဆိုင်းဝိုင်းလဝိုင်းဆီသို့တိုင် လေနှင့်အတူ လွင့်ပျံရောက်ရှိလာလေသည်။

"ဝါဝါမြင်တိုင်း ရွှေအစစ်လို့ မထင်လိုက်ပါနဲ့ မေ့ချစ်သူရယ်၊ အချစ်စစ်နဲ့မတန်ဘူး အချစ်ရယ်၊ ဂုဏ်လောကကြီးရယ်၊ မှန်ကင်းတလှည့်ထင်းတလှည့်ပါကွဲ့၊ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံတဲ့ကွယ်၊ ရေစီးတခါ ရေသာတလှည့်မို့ ဘူးသီးမှ အရိုးလာမတော်နဲ့ဟယ်"

"ချိန်ဆည်းဆာ နေခြည်စောင်း၊ မောင်းကလေးကမြည်၊ ဒီအချိန်ဆိုလူစုံပြီ ယာထဲကိုင်းထဲ အလုပ်သွားကြတဲ့ ရွာသားများတို့သည်၊ ဖိတ်စာကမ်းကာ မဖိတ်နေတော့ပါ၊ တရွာလုံးလာပါ၊ ဗျို့ဟာစ်ဖိတ်သည်၊ မီးခိုးတိတ်ကြွကြပါဗျို့"

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ။ ဇူလိုင် (၁)၊၂၀၁၃)*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒင့် ဘဝ၊ ခဏာဘယ်သူယူပါ့မယ်

(၁)

မြူနှင်းတို့ဝေသောကာလ၊ ချမ်းမြမြဆောင်းတစ်ညတွင်၊ ယိုးဒယားနိုင်ငံ၊ ဖူးခက်မြို့ အန်မခမ်အရပ်ရှိ အိမ်အိုကြီး၏ အပေါ်ထပ်၌ ကျွန်ုပ် ဆြာဒင်တစ်ယောက် ဇီးကင်းခန့်ရှိသော ချွေးစေးများပျံလျက် လွန်ခဲ့သော အနှစ်ငါးဆယ်ခန့်က ကျောင်းသုံးပြဋ္ဌာန်းခဲ့သည့် တတိယတန်း ဒေါင်းဖတ်စာ တစ်အုပ်ကိုဖွင့်ရင်း ခုနှစ်သံချီ အော်ဟစ်ကာ စာအံလျက်ရှိလေသည်။

"တောင်ရှိန်ပြင်းဟုန်၊ ငှက်ဂဠုန်၊ သုန်သုန်ကိုလည်း နသတ်မည်"

"မလည်မသုန်၊ ရေကြောင်းစုန်၊ ဒဂုန်ကိုလည်း နသတ်မည်"

"ကမ္ဘည်းတံဆိပ်၊ ရွှေပေလိပ်၊ သိပ်သိပ်ကိုလည်း ပသတ်မည်"

"ငါးမည်မာရ်နှိပ်၊ ပလ္လင်ထိပ်၊ ညောင်ရိပ်ကိုလည်း ပသတ်မည်"

"ငါးမည်ရွှေကြာ၊ ခက်ညွန့်ဖြာ၊ စိမ်းပြာကိုလည်း ရစ်ရမည်"

ခုနှစ်အိမ်ကြား၊ ရှစ်အိမ်ကြား စာရွတ်သံကြောင့် ကာလနဂါးကဲ့သို့ ကုလားသေ ကုလားမဟာ အိပ်မောကျတတ်သော တူတော်မောင် ရဲအောင်ပင်လျှင် စက်တော်ခေါ်ရာမှ လန့်နိုးလျက် ဖူးဖူးဝါးဝါးနှင့် ဦးရီးတော်ရှိရာ အပေါ်ထပ်သို့ တက်လာကာ . . .

www.burmeseclassic.com

www.burmeseclassic.com

"ဦးကြီးဒင်၊ အဘယ်သတ္တဝါက လာရစ်ပါသဖြင့် သတ်ရန်ဖြတ်ရန် အချိန်မတော် ကြိမ်းမောင်းလေသနည်း"

တူတော်မောင်၏ ဇာတ်ဟန်ပါသော အပြောကို ယခင်ယခင့်အခါများက ရယ်တပြုံးပြုံး သွားဖုံးပေါ်အောင် သဘောကျခဲ့သော်ငြား ဤတစ်ကြိမ်တွင်မူ ငယ်ထိပ်သို့ရောက်နေသောဒေါသသည် အမြှောင်းလိုက်ထွက်လာလေ၏။

"သောက်လိုက်ကန်းဆိုးမသိချက်ကတော့ကွာ၊ ကြိမ်းမောင်းနေတာ မဟုတ်ဘူးဟ၊ စာရွတ်စာ အံနေတာ၊ မြန်မာသတ်ပုံသံပေါက်လို့ခေါ်တယ်၊ အိပ်မှာအိပ်စမ်းကွာ၊ ထရိုက်မိမယ်"

"ကောင်းလှပေပြီ ဦးကြီးဒင်၊ ပြန်အိပ်ပါအံ့၊ စိတ်ကိုလျှော့ပါလေ"

ထွက်ခတ်ခတ်ရင်း အောက်ထပ်သို့ ပြန်ဆင်းသွားသော တူတော်မောင်၏ သွန်သင်ဆုံးမစကားကြောင့် ကျွန်ုပ်၏စိတ်ကို ပညာတည်းဟူသော ချွန်းဖြင့် ဘရိတ်အုပ်လိုက်ရပေ၏။ သို့သော် နှလုံးအိမ်ထဲတွင်ကား "မြန်မာစာမှာ သတ်ပုံဟာ အသက်ဝိညာဉ်ပဲ" ဟူသော ငယ်ဆရာ၏ စကားသံကို ပြန်လည်ကြားယောင်ကာ အံလက်စစာကို ဆက်ရွတ်မိပြန်သည်။

"ယာဉ်ပျံစကြာ၊ ရွှေလိပ်ပြာ၊ ကြိုးကြာကိုလည်း ရစ်ရမည်"

"ဇမ္ဗူ့သပြေ ၊ အသီးကြွေ၊ မိုးမြေကိုလည်း ရစ်ရမည်"

"စည်းစိမ်မကြေ၊ ကြိုးနှင့်ဖြေ၊ လက်ခြေကိုလည်း ရစ်ရမည်"

"ရတနာစိန်၊ ဝင်းလျှံထိန်၊ ရောင်ရှိန်ကိုလည်း နသတ်မည်"

"အသက်ဇီဝိန်၊ စုတေချိန်၊ ညှိုးပိန်ကိုလည်း နသတ်မည်"

"ပဥ္စာလိန်၊ တာဝတိန်၊ ဒေဝိန်ကိုလည်း နသတ်မည်"

"မိုယ်းကြိုးပုဆိန်၊ တာဝတိန်၊ ပစ်ချိန်ကိုလည်း နသတ်မည်"

## (၂)

အမှန်စင်စစ် ဤဒုက္ခ၊ အနိဋ္ဌဒုက္ခကား ဆြာဒင့်ထံသို့ မိုးနတ်မင်း၏ပယောဂကြောင့်၊ အထက်ဘဝဂ်၊ အောက်အဝီစိမှ ကံဆိုးမိုးမှောင်ကျကာ ရောက်လာခြင်းမဟုတ်။ ဒုက္ခနှင့်ပြဿနာကို မီးခွက်ထွန်းရှာတတ်သော၊ ကိုယ့်အပူကိုယ်ရှာ၊ ကိုယ့်မီး ကိုယ်မွှေးလိုသော ကျွန်ုပ်၏ဝေလေ့၊ စရိုက်ဝသီကြောင့် ကြုံရခြင်းသာတည်း။ ဖြစ်ပုံပျက်ပုံ အလုံးစုံကို အစလှန်ရသော် ဤသို့ဖြစ်၏။

အမိမြေရွှေနိုင်ငံတော်သည် ဒီမိုကရေစီဇမ္ဗူရစ်၊ ခေတ်ကြီးဆီသို့ ပြောင်းလဲခဲ့လေပြီဟု ဆိုကြလေသောကြောင့် ဆြာဒင်တစ်ယောက် အကယ်တွန့်၊ ပြည်တော်ဝင်ခဲ့သော် အလုပ်လက်မဲ့ တရာ့ကိုးတရာ့တဆယ်စာရင်း မဝင်စိမ့်သောငှာ စာပေတိုက်နံကိုထင်ရာစိုင်း ထူထောင်မိခဲ့လေ၏။

အဆိုပါစာပေသို့ အဦးအစ စတင်မိတ်ဆက်လာသူမှာ ရတနာပုံ နေပြည်တော်မှ မန္တလာဒကာသင့်ဖြစ်၏။ ဒကာသင့်မှာ မန်းဆေးကျောင်းတော်ကြီးမှ ပဝိတဆူဖြစ်ရကား



www.burmeseclassic.com

www.burmeseclassic.com

သူ့လုပ်ဖော်ကိုင်ဖက် ဆရာဝန်ကြီးတစ်ဦး၏ စာမူကို စက်တင်ပုံနှိပ်ပါရန် စပ်ဟပ်ကမ်းလှမ်းလာသော တခဏပင် ရေငတ်တုန်း ရေတွင်းထဲကျသကဲ့သို့ ဆြာဒင့်ခမျာ ဝမ်းသာအားရ ချက်ချင်းပင် ခေါင်းငြိမ့်လက်ခံလိုက်လေ၏။ စာရေးသူ၏ ကလောင်နာမည်မှာ ဇတ်ဟန်ပါသော်ငြား သူသည် ဖေ့စ်ဘွတ်ခေါ် ဆွေသဟာစာမျက်နှာ၌ ဆယ်လီဗရစ်တီဖြစ်နေသည် ကတကြောင်း၊ သူ့စာရေးဟန်မှာ မြူးကြွသွက်လက်သည်က တကြောင်းတို့သည်လည်း ကွန်ုပ် လက်ခံခဲ့ခြင်းအကြောင်းရင်းတစ်ရပ်ဖြစ်၏။ (ဤကားစကားချပ်)

(၃)

အဆိုပါစာမူသည် ကွန်ပြူတာစာစီသူထံမှတဆင့် ကျွန်ုပ်၏လက်ဝယ်သို့ ရောက်လတ်သော် ကျွန်ုပ်သည် အခြားတပါးသောသူ မကြံစည်ဝံ့သော မဟာအကြံအစည်ကြီး တခုကို အကောင်အထည်ဖော်ရန် စိတ်အားထက်သန်လေ၏။ ဆင်ခေါင်းကို ခွေးချီမည့် ရောမ အကြံအစည်ကား ငါ၏စာပေတိုက်မှ ထုတ်ဝေလတ္တံ့သော စာမူသည် သတ်ပုံအမှား ကင်းစေရမည်ဟူသော အကြံပေတည်း။ ဤကာလ မင်္ဂလာအခါသမယမှ စတင်လျက် ကျွန်ုပ်သည် ဒုက္ခတည်းဟူသော လှလှနှင့် ဖူးစာဖက်ရချေ တော့သည်။

မြန်မာစာပေခေတ်ကြီးကား ဂငယ်ကွေ့ကွေ့လျက်ရှိပြီး ထွက်ရှိသမျှသော ဝတ္ထု၊ သတင်းစာ၊ ဂျာနယ်ဟူသမျှ သတ်ပုံမမှန်၊ တို့ထုံးစံခေတ်သို့ ရောက်နေခဲ့သောအဖြစ်ကို ကျွန်ုပ် မသိမဟုတ်။ သိပါ၏။ လွန်ခဲ့သော နှစ်နှစ်ခန့်က မြန်မာစာတွင် သတ်ပုံမှန်သင့် ကြောင်း အချေအတင်စကားစစ်ထိုးကြရာ၌ အချေရှင် ညီတော်မောင်၊ နာမည်ကျော် ဘလော့ဂါ နဗနက "အကိုကြီးရာ၊ ဖတ်တဲ့သူ နားလည်ရင် ပြီးတာပါပဲ။ ဥပမာဗျာ အကိုကြီးကို ပြန်ပေးဆွဲပြီး အကိုကြီးမိန်းမဆီကို ပြန်ပေးစားပြတွေက စာတစောင် ပို့တယ် ဆိုပါစို့၊ အမဂျီး၊ ခင်ဗျားယောက်ကျားအူးမင်ဒင် အသက်မသေခြင်ရင် ငွေတယာလာပို့ပါ၊ လို့ စာရေးတာကို နားလည်ရင်ပြီးတာပဲ" ဟူသော ပွဲသိမ်းလက်သီးကြောင့် ဆြာဒင်ခမျာ၊ ဖင်ထိုင်ကာ ဒိုင်ပွဲရပ် အရှုံးပေးခဲ့ရဖူးချေသည်တမုံ့။

(၄)

ဘယ်အရာမဆို လွယ်လွယ်နှင့် လက်မလျှော့လိုသော၊ ခေတ်တည်းဟူသော ရေစီးကို အဆန် ကူးလိုသော ကျွန်ုပ်ကား သတ်ပုံစိစစ်ရေးစီမံချက်ကြီးကို ပီပြင်စွာအကောင်အထည် ဖော်အံ့သောငှာ ရှေးစာဟောင်းတို့ကိုလှန်၏။ သတ်ပုံကျမ်းတို့ကိုမွှေ၏။ ဒေသန္တရ၊ ဘာသန္တရ စကားတို့ပါ မကျန်စေရ။အကြိမ်ကြိမ်အဖန်ဖန် အာဂုံပြန်ဆောင်၏။ အနီစာမူကို ဖတ်ရှုပြင် ဆင်နေရင်းဖြင့် သနားစရာ အတို့ ကျွန် ငဒင်ငယ်မှာ ဖြီးကနဲ ဝမ်းသာခြင်း၊ ဖျတ်ကနဲ ဝမ်းနည်းခြင်း၊ လှုပ်ကနဲ ရင်တုန်ခြင်း၊ ဇာတ်ကနဲ အကြောဆွဲခြင်း၊ ဖျတ်ကနဲ လက်ပန်းပေါင်းခတ်ခြင်း အမှုတို့ကို ပြုမိလေရာ ကျွန်ုပ်ကို ဘေးဘီမှ စောင့်ကြည့်အကဲခတ် သူတို့ပင် ရူးမတတ်ရှိကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် နီပြာနှစ်ရောင်စပ်မှင်တံကို ယမထာရွှေကြိမ်လုံးအသွင် စိတ်ဝယ်စွဲမှတ်ကိုင်ဆောင်လျှက် . . . . . . . . .

"တရှုပ်ဟူသောအမှားကို တရုတ်ဟုပြင်သည်"

"တွေ့ဘူးလား ကို တွေ့ဖူးလား ဟု ပြင်၏"

"ပွဲသိမ်းပလိုက်မယ် ကို ပွဲသိမ်းပစ်လိုက်မယ် ဟု တည့်မတ်၏"

"ပဏ္ဍာပစ္စည်း ကို ပဏ္ဏာပစ္စည်းဟု အမှန်ဖြစ်စေ၏"

"ဘိက်သိက် ကို ဘိသိက် ဟု ပြောင်းလဲ၏။"

"မှုးမတ်ကို မှူးမတ် သို့ ပြန်ဖြစ်စေ၏"

"ငြိုးငယ်ခြင်းကို ညှိုးငယ်ခြင်းဟု ပြင်ပြန်၏။"

ထို့မှတဝ ဆင်ကြီးဂဠုန်ချီသည့် အရေးအသားဖြစ်သော "သေခမ္မနာတရော်၌တည်း" ဟူသော စာအလွဲကို ပျူ ပါဠိ၊ မွန်၊ မြန်မာလေးဘာသာဖြင့်ရေးထိုးအပ်သည့် ရာဇကုမာရကျောက်စာ (မြစေတီ ကျောက်စာ) ကိုလှန်လျှက် "သေခမ္မနာ သရော၌တည်း" ဟု အမှန်ဖြစ်အောင်အားထုတ်မိပြန်၏။

ထိုထို ဤဤသော စာလုံးရေထောင်ချီသည့် စာအကျအပေါက်တို့ကို ဖင်ကြားမှ ချွေးယိုအောင် ပြင်ရသော်ငြား ကျွန်ုပ်ပင်ပန်းသည် မထင်မိသေး၊ ဒုက္ခဟုမသတ်မှတ်။ စာစီဆရာ၏ အားနည်းချက်ဟု သာမြင်၏။ ငယ်နုစဉ်အရွယ်က သတ်ပုံမှားသဖြင့် ဆရာမ၏ လက်စွဲတော်ပေတံနှင့် လက်ဆစ်တို့အား ကြိမ်ဖန်များစွာ အခေါက်ခံခဲ့ရသည်ကို ပြန်လည်သတိရခြင်းဖြင့် အားတင်း၏။ သို့သော်၊ သို့သော် . . .။

ဤသို့သော်ကား တကိုယ်လုံး ယားယံလာသယောင်ခံစားရရုံမက၊ မန္တလာ ဒကာသင့်ကိုပါ ပလီစီချောက်ချက်၊ ကြမ်းပိုးကို မီးရထားစက်ခေါင်းဖြစ်အောင်၊ ဤအခြေဆိုက်အောင် အယုံသွင်းလေခြင်း ဟူသောအတွေးပင် ဝင်လာကာ ကြီးစွာသော စိတ်ဒုက္ခကိုခံစားရလေသည်။ ဆက်၍ရှုပါလော့။

(၅)

အဆိုပါ စာမူ၏ တခုသောနေရာ၌ "ခက်ထှာ" ဟူသော စကားလုံးကို တွေ့ရ၏။ ထူးဆန်းသော စကားလုံးပေတကားဟု သတ်ပုံကျမ်းကိုလှန်၏။ မတွေ့၊ ပေါရာဏဖြစ်တန်ရာသည်ဟူသော အတွေးကြောင့် ကျမ်းအဆူဆူကိုလှန်သည်။ မရှိ။ မတတ်နိုင်။ စာရေးဆရာသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းသမှု ပြုရတော့သည်။

"ဩော် ဒါလား ဆရာ၊ (ခက်လိုက်တာ) ကို အခုခေတ်မှာ "ခက်ထှာ" လို့သုံးနေပြီလေ၊ ဂျီတော့ ချပ်တင်စကားအသုံး ဆိုပါတော့"

ကျွန်ုပ် ရုတ်ခြည်းလဲ၍သာ သေချင်တော့၏။ ရှိစေတော့။ ဆက်၍လှန်ပါအုံး။

စာမူ၏ အခြားတပါးသော နေရာတွင်လည်း . . . . "ပိတ်သတ်ကြီး" ဟူသော ထူးဆန်းလှသည့် စကားလုံးကိုတွေ့ပြန်ရာ ဤကား ပရိသတ်ကြီးကို ဆိုလိုဟန်ရှိသောကြောင့် အမှား



www.burmeseclassic.com

www.burmeseclassic.com

ပြင်ပြီးသည်၏ တခဏ၌ စာရေးသူထံ အသိပေးပြန်ရာ . . "ပိတ်သတ်ကြီးဆိုတာ အမှန်ဗျ။ မော်ဒန်အသုံးအနှုန်း ဆိုပါတော့" ဟူသတည်း။ နီးရာတိုင်ကို ခေါင်းနှင့်ပြေးဆောင့်ချင်စိတ်ကို အတော်ထိန်းရ၏။ ဆက်၍ လှန်ပြန်သော် . .

"သမီးမှာ ကိုဝင်းကြည်ရှိနေပြီ" ဟူသော စာသားကို တွေ့ပြန်၏။ "ဘယ်က ကိုဝင်းကြည်ပါလိမ့်။ ဇာတ်ကောင်ကလေးမရဲ့ မိတ်ဆွေထင်ပါရဲ့။ ငါ့အသိကိုဝင်းကြည်များလား" ဟု၊ ဇဝေဇဝါ ဖြစ်ရသည်၏အဆုံးတွင် ပြုမြဲအတိုင်း စာရေးသူထံမေးရပြန်ရာ . . . ။

"အော်၊ ဒါလား၊ ကိုယ်ဝန်ရှိတာကိုပြောတာလေဗျာ"ဟူ၏။ "ဗျာ" ဟုသာ အော်နိုင်တော့သည်။ တခါမှမရှိခဲ့ဖူးသော သွေးတိုးရောဂါကို ရုတ်ခြည်းခံစားရသယောင် ရှိလာလေသည်။ ဆက်ဦးအံ့။ တခု သောနေရာတွင် . . .

"အသည်းနာနွှန်းနွှန်းလို့" ဟုပါရှိပြန်၏။ "အသည်းနာလွှန်လွှန်းလို့" ဖြစ်အံ့ထင်လျက် ပြင်မည်ကြံသောခဏတွင်ပင် စာရေးသူကို မေးမိပြန်ရာ . . .

"အဲဒါ အမှန်လေဆရာ၊ မိုးဒီကြီးရဲ့ လက်သုံးစကားဗျ" ဟူသတည်း။

"ဖုသွားပြီ" ဟူသောစကားကိုလည်းတွေ့ရပြန်၏။ "စိတ်ဆိုး၊ စိတ်ခု၊ စိတ်ကောက်သွားပြီ" ဟု ဆိုသတည်း။

ထိုထိုသော သတ်ပုံထူး၊ စကားဆန်းတို့ကို နာခံပြင်ဆင်ပြီးသည်တွင် ဇာတ်လမ်းဆုံးခါနီး တနေရာ၌ "ဥထုဇဉ်" ဟူသော စကားကိုတွေ့ရပြန်ရာ၊ သည်တကြိမ် ဖြင့် အမှားသေချာပြီဟု အရဲကိုးကာ "ပုထုဇဉ်" ဟု ပြင်ဆင်လျက် စစ်ဆေးပြီးဆုံးသည့် စာမူဖိုင်ကို စာရေးသူပြန်ပို့ပြီးသည်နှင့် မကြာမတင် ပြန်စာရောက်လာသည်ကား . . .

"ကျနော်ရေးထားတဲ့ "ဥထုဇဉ်" ဆိုတာ အမှန်ပါ၊ ကျနော်ဖော်ပြထားတဲ့ ဇာတ်ကောင်ဟာ သူ့လဥသူထုပြီး သေဖို့ကောင်းတဲ့ သူမို့ "ဥထုဇဉ်" လို့ သုံးတာပါ" ဆိုလေသတည်း။ကျွန်တော်မျိုးကြီး ငဒင်ကား အမှန်ပင်သေသင့်ခဲ့ပြီ။

(၆)

အကျွန်ုပ်ကိုယ်တိုင်သာ သူ့ဇာတ်ကောင်နေရာကိုဝင်ကာ ကိုယ့်ဟာကိုယ်ထုလျက် ပျော်ပျော်ကြီး အဆုံးစီရင်ချင် စိတ်ပေါက်မိတော့သည်။ မန္တလာဒကာသင့်ကို ဆုံမှာထည့်ထောင်းကာ အမှုန့်ကြိတ်ချင် စိတ်ပေါက်မိတော့သည်။ အို၊ မန္တလာဒကာသင့်၊ ကိုယ်ချင်းစာ၊ နာ နိုင်ခြင်းငှာ . . . အသင့်အား ဆုံတွင်ထည့်မထောင်းမိခင်၊ ဒင့်ဘဝ ခဏယူပါခလဲ့။

*(ဆဲဝင်းဒေးနေ့စဉ်သတင်းစာ။ မေ(၂၇) ၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆြာဒင်နှင့်သူ၏ဖေ့စ်ဘွတ်

(၁)

နန်းမြေရွှေဘုံ၊ ရိပ်မြုံကွာလှမ်းဝေးနေချိန်၌ အဆိုးထဲက အကောင်းဟုပင် မှတ်ယူရပေ ချိမ့်တော့မည်။ ခေါင်းလောင်းသံ တညံ့ညံ့ပေးသော၊ ရွာကျောင်းကို ပြေးမြင်မိသည့်အခါ အမေနဲ့ ရွာကို လွမ်းနေတတ်သော ကျွန်ုပ်သည် ကြီးကောင်ကြီးမကျခါမှ ဖေ့စ်ဘွတ်ခေါ် ဆွေသဟာစာမျက်နှာတွင် မိတ်ဆွေနောက်လိုက် တပြုံတမကြီးနှင့် လူရာဝင်လျက်ရှိလေ၏။ ဆြာဒင်နှင့် ရောင်ပေစုးဘဝက ကျောင်းနေဖော် သူငယ်ချင်းတို့ကား ဖေ့စ်ဘွတ်ကို မဆိုထားဘိ၊ အီးမေးလ်လိပ်စာနှင့်ပင် အလှမ်းဝေးကာ မီဒီယာ ခေတ်ကြီး၏ ဟိုးဝေးဝေးက နှင်းအဖြစ်ကျန်ရစ်လျက် အဆက် ပြတ်ခဲ့ကြကုန်၏။

သံဝှေလှိမ့်ဖော်၊ ကျောက်ဒိုးရိုက်ဖက်၊ လည်ပင်းဖက်ဖော် တို့နှင့် အိုဗာဆီးပြောချိန်များ၌ ဖုန်းခချွေတာရန်၊ စိတ်ကြိုက် အလွမ်းသယ်နိုင်ရန်၊ ဂျီတော့တွင်ချပ်တင်ထိုင်ရန်၊ ငယ်ကျိုးငယ် နာတို့ကို စမြုံ့ပြန်ရန်အလို့ငှာ ဂျီမေးလိပ်စာ တောင်းမိလေတိုင်း "အေးကွာ၊ ရှိတော့ရှိတယ်။အခုအလောသုံးဆယ် မှို့မေ့နေတယ်" ဟူ၍လည်းကောင်း၊ "အဲဒီလိပ်စာနေပြည်တော်မှာ ကျန်ခဲ့တယ်" ဟူ၍တဖုံ၊ "ငါ့သား ငါ့သမီးကတော့ လုပ်ပေးထားကြသားကွ၊ မသုံး တာကြာတော့ သိပ်မကျွမ်းလှဘူး" ဟူ၍တမျိုး စကားပရိယာယ်

www.burmeseclassic.com

www.burmeseclassic.com

အသွယ်သွယ်ဖြင့် ဖျက်စီးရှိန်းကြဖန်များသော် ဒင်းတို့ကား ခေတ်ကို မျက်ခြေပြတ်ခဲ့ကြချေပြီ တကားဟူ၍ ကြီးစွာသော မဟာဂရုဏာဖြင့်သနားစိတ်ပင် ဝင်မိလေသည်။ (ဤကား စကားချပ်)

(၂)

ခေတ်တည်းဟူသော မိတ်ဆွေနှင့် လက်ပွန်းတတည်းနေလိုလှသော ဆြာဒင်သည် တို့နှိပ်သည်နှိပ်ဘဝနှင့်ပင် အီးမေးလ်ဟူသောအရာနှင့် အကျွမ်းဝင်ခဲ့သည်။ ထိုမှတဖန် ဘလော့တကာ၏ စီဘောက်တို့တွင် လက်ဆော့ရေးသားနေခြင်းအား တူမတော်တစ်ဦးက မျက်စိနောက်လေဟန်ထင့်။ "အန်ကယ်၊ ဒီလောက်တောင်၊ လက်အားနေလျှင် ထင်တိုင်းကြဲ ပေတော့" ဟုဆိုကာ မေတ္တာအဟုန်ဖြင့် ဘလော့ဂ်စပေ့ါဒေ့ါကွန်းတစ်ခုကို ဖန်တီးပေး သနားပြန်ရာ ရေငတ်နေစဉ်၊ ပါးစပ်ထဲသို့ မီးသတ်ပိုက်နှင့် ထိုးပက်သကဲ့သို့ဖြစ်လျက် ဘလော့ဂါ ဖြစ်ရပြန်လေ၏။ထိုမှတဆင့်တက်ခါဖေ့စ်ဘွတ်တည်းဟူသော ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်နိုင်သည့် စာမျက်နှာတစ်ခုကို ပိုင်စိုးတော်မူခဲ့ပြန်လေသတည်း။

ဖေ့စ်ဘွတ်ဟူသောအရာနှင့် လက်မွန်မဆွ ပက်ပင်းတိုးစတွင်မူ ကျွန်ုပ်သည် ချစ်ဦးသူနှင့် ပထမဆုံး အချိန်းအချက်ပြုသော နေ့ရက်၌ ရှက်ကိုးရှက်ကန်း အိုးတို့အမ်းတန်း ဖြစ်လေသော လူပျိုပေါက်ကဲ့သို့လည်းကောင်း၊ ဟားဗတ်တက္ကသိုလ် ကျောင်းတော်သားငါး ဦးတီထွင်ဖန်တီးအပ်သော သိင်္ဂီရွှေခွက်နှင့်တူလှစွာသည့် ဖေ့စ်ဘွတ်သည် "ငါလိုငပါမွှားအမဲရိုးနှင့် လားလားမျှမသက်ဆိုင်ရာ" ဟူသော အတွေးကြောင့်လည်းကောင်း၊ မထိရဲမကိုင်ရက် ဝေးဝေးကသာ လွမ်းခဲ့ရပါ၏။ သို့တပြီးကား ဖေ့စ်ဘွတ်၏ မျက်နှာငွေလ ရွှင်ပျပျကို လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင်လုပ်ရာမှ မုဆိုးစိုင်သင်ဟူသော ဆိုရိုးနှင့်အညီ ဆြာဒင်သည် ရှိရှိသမျှ သတ္တိကိုမွေးလျက် နွားမဒန်း၏နို့ကို ညှစ်သကဲ့သို့ လုံ့လပြုပြီး သကာလ ခြောက်လမျှအကြာ၊ ဖေ့စ်ဘွတ်၏ နံရံတွင် "မင်္ဂလာပါခင်ဗျာ" ဟူသော မဟာဉဒါန်းကို ကျူးရင့်၊ ရေးတင်ပြီးချိန်၌ ဖေ့စ်ဘွတ်နှင့်ကျွန်ုပ် ရင်းချာမိတ်ဖက်ဖြစ်ကြလေကုန်၏။

မိုးမမြင်လေမမြင် ပျော်မဆုံးဖြစ်ရသော အချိန်များပါတကား။ ဖေ့စ်ဘွတ်သည် ကမ္ဘာကြီး၏ အသက်ရှူသံတည်း။ ဖေ့စ်ဘွတ်သည် မိတ္တဗလကွက်လပ်ကို ဖြည့်ဆည်းနိုင်သည့်အရာတည်း။ဖေ့စ်ဘွတ်ကား ရသာစုံသည့် ဟင်းလျာပေတည်း။ ဖေ့စ်ဘွတ်ကား လောကကြီး၏ မျက်စိ၊ နားပင်တည်း။ ဖေ့စ်ဘွတ်ကား ငြီးငွေ့ဖွယ်ဘဝများအတွက် အကောင်းဆုံး ပျော်တော်ဆက်တည်း။ ဗဟုသုတဟင်းလေးအိုးကြီးပင်တည်း။ ဘဝဆုံးတိုင် ရွှေလက်တွဲအပ်သော ကြင်ဖော်ပါတကားဟူသော အတွေးမျိုးစုံဖြင့် ပျားရည်ဆမ်းနေ့ရက်များကို ကြည်နူးစွာ ဖြတ်သန်းခဲ့မိချေသည်တမုံ့။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ယင်းသို့သောအချိန်၏ တစ်ခုသောနေ့ရက်တွင်မူ ဖေ့စ်ဘွတ်စာမျက်နှာ၌ နာမည်ကျော် အဆိုတော်ရုပ်ရှင် မင်းသမီးတစ်ဦး ရုတ်တရက်ကွယ်လွန်ပြုသော ဖော်ပြချက်တစ်ခုကို ဖတ်ရ လေရာ ဆြာဒင့်ခမျာ ဝမ်းအနည်းကြီးနည်းလျက် အကြွေစောရလေခြင်းဟု နှမြောတသဖြစ် ရုံမျှမက၊ သူတခေတ်ဆန်းစေခဲ့သော နားပန်းဆံသီချင်းကို နားတွင် ပြန်လည်ကြားယောင် သလိုပင်ဖြစ်ချေ၏။ သို့မျှမက အဆိုပါ ဝမ်းနည်းဖွယ်သတင်းကို ဝေးရပ်နီးနေ မိတ်ဆွေ အများသို့လည်း ထပ်တူဝမ်းနည်း တသနိုင်ကြစေရန်အလို့ငှာ ဖုန်းဖြင့်တစ်မျိုး၊ မေးလ်ဖြင့် တစ်သွယ် လက်လှမ်းမီသမျှ ဖြန့်ဖြူးဝေမျှမိသည်၏ မရှေးမနှောင်းတွင်ပင် အဆိုပါ မင်း သမီးကိုယ်တိုင် ဖေ့စ်ဘွတ်ပေါ်တွင်ကိုယ်ထင်ပြလျက် ဒေါင်ဒေါင်မြည်ကျန်းမာလျက်ရှိကြောင်း ရုတ်ခြည်း ဖြေရှင်းလေရာ ဆြာဒင်ခမျာ ဝမ်းသာရမည့်အစား ကျွံမိသည့်သတင်းစကားကို အချိန်မီဆက်သွယ်၊ ပြင်ဆင် ပယ်ဖျက်ရလေသဖြင့် ကြီးကောင့်ကြီးမားကျခါမှ နှုတ်သရမ်းသူ စာရင်းဝင်ရ လေတော့သည်။

ထို့သို့ဖြေရှင်းရသည်ကား တစ်ကြိမ်တည်းမဟုတ်၊တစ်ခါတည်းမဟုတ်ချေ။ ဖေ့စ်ဘွတ် တွင် ဖတ်မိသမျှ သတင်းထူးသတင်းဦးမှန်သမျှ လိုက်ဖြန့်မိသော ကျွန်ုပ်မှာ လွဲဖန်များလတ် သော် အိမ်သူသက်ထားကပင် "ဒင်းစိတ်ချမ်းသာရင် ကမ္ဘာကြီးငြိမ်းချမ်းပြီ"ဟူသော မျက် နှာပေးဖြင့် အရှုံးစာရင်းသွင်းလေ၏။

တစ်ခုသော ဗီဒီယိုဖိုင်တစ်ခုတွင်မူ "ကျမပြောတာ နည်းနည်းရိုင်းမယ်နော်၊ မခံနိုင် ရင် အခုပိတ်လိုက်ပါ" ဟူသော သတိပေးစကားကို မသိကျိုးကျွံပြုကာ ဆက်ဖွင့်မိ သည်၏ တခဏ၌ ဣတ္ထိယတို့၏ အင်္ဂါကြီးငယ်တို့နှင့် ခိုင်းနှိုင်းတင်စားလျက် ပြောဆိုရွှေရွတ်သံကို နားထင်နားရင်းပူအောင် နားဆင်ပြီးသကာလ ငါ့နှယ်၊ သူတားပါလျက် ဖွင့်မိလေခြင်းဟူသည့် နောင်တများစွာဖြင့် ပူပန်ခဲ့ရပြန်ချေသည်။

ထိုနောက်တဖန် အောက်စဖို့ဒ်ကျောင်းထွက်၊ ရုပ်ရည်သနားကမားနှင့် လူငယ်ပညာ တတ်တစ်ဦး၏ ဗီဒီယိုဖိုင်တို့ကို ကြည့်မိပြန်ရာ သူသည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ကိုလည်း အတင်းတုတ်၏။ ရှစ်လေးလုံးမျိုးဆက်၏ မျိုးဆက်ကိုလည်း အမနာပစကားဆို၏။ သူကား တခါတရံ မျက်နှာဖုံးကြီးစွပ်လျက် ပေါ်လာတတ်ပြန်သေး၏။မြန်မာယောကျ်ားမှန် သမျှ သောက်တင်းချသည်ဟူသော အတွေးအမြင်ကို နိုင်ငံတကာသို့ ဖြန့်ချိနေသည်နှင့် တူတော့သည်။

(၄)

စိတ်ညစ်ညူးဖွယ်၊ ဖေ့စ်ဘွတ်ပုံပြင်တို့ကို အပြည့်အစုံဖော်ပြရလျှင် ညပေါင်း တစ်သောင်းတစ်ထောင်တိုင်နိုင်လေသည်။ အချို့ကား ဖေ့စ်ဘွတ်စွဲရောဂါရကာ အိပ်ကောင်း ခြင်းမအိပ်နိုင်၊ စားကောင်းခြင်းမစားနိုင်ကြတော့။ မကျေနပ်သူကို တရေးနိုးမှာ ထဆဲနေသူ လည်းရှိ၏။ မုန့်ဟင်းခါး၊ ပဲပြုတ်ဆီဆမ်း၊ ဂျင်းသုတ်၊ လက်ဖက်သုပ်နှင့် မုန့်ဖိုင်းပေါင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com

ရိုက်တူးတင်ပြသူလည်းမရှား။ တစောင်းစေးနှင့် မျက်ချေးဘဝဖြင့်၊ အမြဲလိုလို နပမ်းဖက်သတ်လေ့ရှိသော လင်စုံမယားဖက်တို့၏ ရွှင်ပြုံးသော မျက်နှာတော်တို့သည်လည်း ဒွိယံဒွိယံ ရံခါပေါ် လာတတ်ပြန်၏။

ထိုမှမက ထီးပဲပေ့ ထီးပဲ၊ အားလုံးကို ထီးပဲဟူသော အမျိုးသားပိုင်ဥစ္စာကို ဖောဖောသီသီကြော်ငြာသည့် စကားသံတို့လည်း ဖေ့စ်ဘွတ်တွင် မိုးမွှန်၏။ သောက်ကောင်တွေ၊ သောက်ကောင်မတွေဟူသည့် သောက်ချင်းထပ်သည့် သောက်စတေးတပ်တို့သည်လည်း ခေါ် လ်တကာတွင်နှံ့၏။ တောင်းရမ်းလက်ထပ်ခြင်းကို ငြင်းသည့်အတွက် ငယ်ပါကို အညှစ်ခံရသူသည်လည်း သေခါမှ ဖေ့စ်ဘွတ်စတားဖြစ်ရရှာ၏။ ကွယ်လွန်အနိစ္စရောက်သည့် စတေးတပ်ကို တပြုံတမကြီး နှစ်သက်ကြောင်း ဆန္ဒပြုကြ၏။

ကြေကွဲဝမ်းနည်းဖွယ်မလေးရှားဖြစ်ရပ်တွင်ပင် လူထုခေါင်းဆောင်၏အမည်ကို အလွဲသုံးကာ ခေတ်မီလေယာဉ်ပျံကြီးနှင့် သင်္ဘောကြီးတို့ကို ကွာလာလမ်ပူဆိပ်ကမ်းသို့ စိတ်ကူးဖြင့်စေလွှတ်ကြ၏။ ဖေ့စ်ဘွတ်သတင်းကို ဖတ်ရှုချင့်ချိန်မိသော ဒုဝန်ကြီးခင်များ၊ မေတ္တာအပို့ခံရ၏။ ရန်ကင်းစင်တာနားက ခေတ်မီ (office tower) သည်လည်း ဘာသာရေးအဆောက်အဦဟု အဖွခံရကာ တာဝန်ခံအင်ဂျင်နီယာခများ၊ ဘုရားဒကာကျောင်းဒကာသူ့အလုပ်ရှင်၊ ဘယ်တုန်းက ဘာသာပြောင်းသွားပါလိမ့်ဟု နဝေတိမ်တောင်ဖြစ်ရရှာသည်။ ဘုရားစူးမိုးကြိုးပစ် ကျိန်ဆိုတင်ပြနေကြသော အမှန်တို့ ရှိသည်လည်း မှန်ပါ၏။ နားလည်ခွင့်လွှတ်၊ လက်ခံနိုင်သောအကြောင်းအရာ နည်းလွန်းလှစွာ၏။ အယုတ္တအနတ္တများလှတော့သည်။

ဘယ်ဟာအမှန်၊ ဘယ်ဟာအမှား ပါရမီရှင်အရင့်အမာများပင် ခွဲခြားရန် ခက်ခဲလှပေရာ အနုံညာတ၊ မောင်မောင်ဒင်မှာ သေချင်စော်နံ လေသတည်း။

ဖေ့စ်ဘွတ်ကားအိမ်သာနံရံနှင့်တူလေစွ။ မိမိမုန်းတီးသူကို ဖုံ့ရာနေရာတည်း။ ဆန့်ကျင်ဖက်အဖွဲ့ အစည်း၏ အရှက်သိက္ခာ ကျရာကျကြောင်း ဖွရာနေရာတည်း။ စိတ်၏ထွက်ပေါက်ကို အဆင်ခြင်မဲ့ ဖွင့်အံကြရာနေရာတည်း။ လူပေဟာ့သရမ်း လူ့ပေါက်ပန်းတို့ ပျော်မွေ့ရာနေရာ တည်း။ သူရူးတို့၏ နယ်မြေတည်း။ မြန်မာစာရေးထုံးကို စံနစ်တကျ ဖျက်ဆီးနေသည့် တရားခံ နံပါတ်တစ်တည်း။

(၆)

ဖေ့စ်ဘွတ်ဟုခေါ် ဝေါ် သမုတ်ကြသည့် လူမှုကွန်ယက်နက်ဝပ်ကို ဖေ့စ်ဘွတ်တ်ကုမ္ပဏီမှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် အင်တာနက်ပေါ် သို့ စတင်လွှင့်တင်ခဲ့သည်ဟုဆိုပါ၏။ အစကနဦး တည်ထောင်ခဲ့သူမှာ **Mark Zuckerberg** ဖြစ်ပြီး ဟားဗတ်တက္ကသိုလ်တွင်ရှိသော သူ၏အတန်းဖော် သူငယ်ချင်းလေးယောက် **(Eduardo Saverin, Andrew McCollum, Dustin Moskovitz and Chris Hughes )** တို့ ပါဝင်အင်အားဖြည့်လျက် တည်ထောင်ခဲ့ကြသည်ဟု ဆိုပါ၏။ ဖေ့စ်ဘွတ်တ်အသင်းဝင်အဖြစ် ဟားဗတ်တက္ကသိုလ်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသူကျောင်းသားများသာ ဝင်ရောက်ခွင့်ရှိကြောင်း တည်ထောင်ခဲ့သူများက ကန့်သတ်ခဲ့ကြသော်ငြား၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလခန့်ကစတင်ပြီး တဖြည်းဖြည်း၊ ဘော်စတွန်နယ်တစ်ခွင်မှသည် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါတစ်ဝိုက်ရှိ တက္ကသိုလ်များဆီသို့ ကူးစက်လာခဲ့ကြောင်း သိရပြန်ပါ၏။

ထိုသို့လျှင် အလုပ်မရှိအလုပ်ရှာ၊ လက်ဆော့ခြေဆော့ကာ ပြုံပြုံစင်သောကမ္ဘာတခွင်မှ လူအများကို မချိအချက်တွေနှင့် အမူ ရတာက်ပွေစေသည့် အဆိုပါလူငယ်ငါးဦးနှင့်ကျွန်ုပ်၊ အကယ်၍သာ ဖူးခက်တစ်နေရာတွင် ဆုံမိသည်ဆိုငြားအံ့၊ သင်းတို့၏ နားရင်းကို ဖြောင်းဖြောင်းမည်အောင် ခပ်ပြင်းပြင်းရိုက်ချင်လှ၏။ထိုတွင်မက ဖေ့စ်ဘွတ်အပေါ် ထားမိသည့် ကျွန်ုပ်၏ သံယောဇဉ်ကို နွယ်တမျှင်မြက်တစ်ပင်လို ဖြတ်နိုင်သူဖြစ်ပါစေကြောင်း၊ နှုန်းတုမမြင် သုံးလူ့ရှင်ထံပါး၌ ယှက်နွယ်ဖယောင်းနယ်၊ ခက်သွယ်ပြောင်းသည့်၊ လက်ဆယ်ချောင်းဖြင့် ဦးထိပ်မိုးကာ ရှစ်ခိုးဆုတောင်းလိုလှ၏။

*(ဆဲဝင်းအေးနေ့စဉ်သတင်းစာ၊ ဇွန်(၆)၊ ၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် စာဆိုကျော် စလေဦးပုည အသတ်ခံရမှု

တနေ့သ၌ ကျွန်ုပ်သည် ယိုးဒယားပြည် ဖူးခက်မြို့၊ အမ်မခန်အရပ်ရှိ ကေဝက်ခန့် ကျယ်ဝန်းသောခြံကြီးအတွင်း၊ လွန်စွာ ဟောင်းနွမ်းယိုယွင်းလျက်ရှိသော နှစ်ထပ်အိမ်အိုကြီး တလုံးတွင် မောင်ဖြိုးအမည်ရှိ တပည့်ကျော်တဦးနှင့် အတူနေထိုင်ရင်း၊ အမေရိကန်ပြည်လုပ် ဒဲလ် (DELL) တံဆိပ် ကွန်ပြူတာဟောင်း တလုံးဖြင့် ဝါသနာအလျောက်စာတိုပေစများကို ရေးသားလျက် ရှိလေသည်။

အချိန်ကာလကို နှစ်၊ လ၊ ရက်၊ နေ့စွဲ ၊ အတိအကျ မမှတ်မိလင့်ကစား ကျွန်ုပ်မှာ မှတ်ဉာဏ်ကောင်းသူ စာရင်းတွင် ပါဝင်သူဖြစ်သည့်အလျောက် လွန်ခဲ့သော ရက်ပေါင်း သုံးဆယ်ဝန်းကျင်ဖြစ်သည်ကိုမူ ကောင်းစွာမှတ်မိလျက်ရှိပေသည်။

ထိုနေ့နေ့လည် နှစ်နာရီခန့်က ကျွန်ုပ်နှင့် ဥရောပတိုက်ရောက် မြန်မာ့ဒီမိုကရေစီဘက်တော်သား၊ တော်လှန်ရေး ရဲဘော်ဟောင်း၊ ရဲဇော်ဆိုသူ လူရွယ်တဦးနှင့် ကွန်ပြူတာ ကြေးမုံပြင်တွင် မြန်မာစာအရေးအသားနှင့် ပတ်သက်၍ အမှတ်မထင်၊ အချေအတင် အချီအချငြင်းခုံမိကြသော အကြောင်းအရာကား အောက်ပါအတိုင်း ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဇော် ။ ။ ဦးမင်းဒင်. . ။ မြန်မာစာမှာ "ကဒဲက" ဆိုတဲ့ စာလုံးရှိတာ သိပြီးပြီလားဗျ။
ကျွန်ုပ် ။ ။ ဘယ်လိုများပါလိမ့်မောင်။ "ကဒဲက" ဆိုတာတော့ မကြားဘူးပါဘူးဗျာ။ "ကဒဲကော" တို့ "ကူးတို့ခ" တို့တော့ နားယဉ်နေပါတယ် ။
ဇော် ။ ။ ဦးမင်းဒင်က ဒါလေးတောင် မသိဘူးလားဗျာ။ "မြင်ကဒဲက"၊ "အစကဒဲက" ဆိုတာလေ။
ကျွန်ုပ် ။ ။ အမှန်ဆိုရရင်ဖြင့် ကျုပ်မကြားဘူးတာတော့ သေချာလှသဗျာ။ လူအများ နားလည်သုံးစွဲနေကြတာကတော့ . . . "မြင်ကတည်းက"၊ "အစကတည်းက"။ လို့သာ ကြားဘူးပါတယ်မောင်။
ဇော် ။ ။ ဒါစကားပြော စကားပြေလို့ ခေါ်တယ်ဗျ။မြန်မာစာပေဟာ သိပ်နက်နဲတယ်ဗျ၊ နောက်ဆုံးပေါ် ဆိုပါတော့ ။

(ဤနေရာ၌ ကျွန်ုပ်မှာ အဆိုပါ လူရွှယ်၏အခြေအနေကို အနည်းငယ် ရိပ်စားမိလာပြီ ဖြစ်သည့်အလျောက် ဆက်လက်ဆွေးနွေးရန် မသင့်တော့ပြီဖြစ်၍)

ကျွန်ုပ် ။ ။ ကျုပ်တို့ စကားရပ်လိုက်ကြရင် ကောင်းမယ်မောင်ရယ်။ ကျုပ် ငြင်းတာ ခုံတာတွေကို စိတ်ကုန်လွန်းလို့ပါ။ ဆက်လည်း မပြောပါရစေနဲ့တော့။ နိုင်တာရှုံးတာတွေ ကျုပ်မကြုံချင်တော့လို့ပါမောင် . . . ဟု စကားနည်းရန်စဲကြပါရန် မေတ္တာရပ်ခံပါသော်လည်း လူရွှယ်မှာ "ကဒဲက" တည်းဟူသော စကားလုံးကို မြန်မာစာပေလောကတွင် အတင်းအဓမ္မသွတ်သွင်းရန် ဆက်လက်ကြိုးပမ်းနေလေရာ . . ကျွန်ုပ်ဖက်မှ ၎င်းအား မြန်မာစာ တတ်မတတ် သံသယဖြစ်ဖွယ်ရှိကြောင်း၊ "ကဒဲက" မှတဆင့် "ကခဲက" "ကဌဲက" "ကဋဲက" စသည်တို့ အပြင် "ခင်ဗျာ" အစား "ခင်ဘြာ" စသည်တို့ပါ နောက်ဆက်တွဲ ပေါ်လာနိုင်သည် ကို ပူပင်မိလေသောကြောင့် မြန်မာစာကို ဆက်လက် လေ့လာစေလိုကြောင်း အစရှိသည်ဖြင့် နှုတ်လွန်ကျံမိလေရာ ငြင်းခုံပွဲတို့ ထုံးစံအတိုင်း အရုပ်ဆိုးလှစွာဖြင့် နိဂုံးချုပ်ခဲ့ရပေတော့သည်။

... ... ...

အဆိုပါ ဖြစ်ရပ်မှာ ရေးကြီးခွင်ကျယ် ကိစ္စတရပ်မဟုတ်သော်လည်း နှစ်ကာလကြာရှည်စွာ ငုတ်လျှိုးနေခဲ့သော၊ စာအကြောင်း ပေအကြောင်း ငြင်းခုံခြင်းကို အားသန်ခဲ့သည့် ကျွန်ုပ်၏ ယမ်းတိုက်နှင့်တူသော စိတ်နေသဘောထားအပေါ် မီးပွားကျဘိသကဲ့သို့ ရှိလေရာ ကျွန်ုပ်မှာ ထိုင်မရ၊ ထမရ များစွာ အနေခက်လျက် ရှိယုံမက ထိုညတွင် ညဉ့်နှစ်နာရီခန့်တွင်မှ အိပ်ရာဝင်ခဲ့သော်လည်း ကောင်းစွာအိပ်စက်နိုင်ခြင်း မရှိကြောင်း ဝန်ခံရပေမည်။

ကျွန်ုပ်ငယ်စဉ်က လူဗလံလေးဖြစ်သည့်အားလျော်စွာ ရန်ပွဲတိုင်း၌ ခံဘက်ချည်း နေခဲ့ရရာမှ စာပေဖက်သို့ ဦးလှည့်ကာ စာတိုစာစ တချို့ကို ဖတ်မိသည့်အခါ၌ စာအကြောင်း ပေအကြောင်းနှင့် ပတ်သက်၍ ငြင်းခုန်းခြင်းကို နှစ်သက်ယုံမျှမက ငြင်းခုံပွဲတိုင်း၌လည်း

www.burmeseclassic.com

www.burmeseclassic.com

ဒေါသတကြီး အငြင်းသန်ခဲ့သော အဖြစ်တို့သည် ကျွန်ုပ်၏ ခေါင်းတွင်းသို့ အစီအရီ ချဉ်းနင်း ဝင်ရောက်လာလေသည်။

အလယ်တန်းကျောင်းသားဘဝတွင် များစွာသော ကျွန်ုပ်နှင့် ရွယ်တူကျောင်းနေဖက်များမှာ ကျွန်ုပ်ကဲ့သို့ စာဖတ်သန်သူများ မဟုတ်လေရာ ကျွန်ုပ်မှာ ကလေးများ သဘာဝ သိသမျှ တတ်သမျှ ဖတ်မိသမျှတို့ကို သူမှန်သည်၊ ငါမှန်သည် ငြင်းခုန်ကြသည့် ငြင်းပွဲခုံပွဲမှန်သမျှတွင် ပွဲတိုင်းကျော်ဖြစ် နေခဲ့လေသည်။ ၎င်းတို့အချင်းချင်း ကျွန်ုပ်ကွယ်ရာ၌ ငြင်းခုံကြလျှင်ပင် ကျွန်ုပ်ကို မတွေ့တွေ့အောင် လိုက်လံရှာဖွေကြပြီးလျှင် ၎င်းတို့ဖက်မှ ရပ်တည်ကာ စစ်ကူပေးပါမည့် အကြောင်း တောင်းဆိုခဲ့ကြသည်ချည်း ဖြစ်ပေသည်။

ကျွန်ုပ်မှာ ငြင်းခုံခြင်းကို အားသန်ကျွမ်းကျင်သူဖြစ်သည့်အားလျော်စွာ ထိုသို့ တဖက်နှင့် တဖက် အပြေးအထန် ငြင်းခုံပွဲများတွင် ပြိုင်ဖက်အဖွဲ့အား ပိဿလေးဘေးပစ်၊ ဖြတ်ပိုင်းလှီး၍ အလဲထိုးတတ်လေသောကြောင့် ရှုံးနိမ့်သူတို့ဖက်မှ အမုန်းအတေးခံရသည့် အကြိမ်ပေါင်းများစွာ ရှိခဲ့သည်ကို ပြန်ပြောင်းအောက်မေ့လျက် ရှိလေသည်။

ငြင်းခုံခဲ့ဖူးသော အကြောင်းခြင်းရာများကား များပြားလှသည် ဖြစ်ရာ အကုန်အစင် မမှတ်မိသော်ငြားလည်း ဘုရားရှင်တွင် မုတ်ဆိပ်မွေး နှုတ်ခမ်းမွေးပါမပါ။ ပဋ္ဌဝဂ္ဂီငါးဦးသည် မူလကပင် ကတုံးနှင့် ဟုတ်မဟုတ်ဟူသော အကြောင်းများမှ အစ ဦးပေါ်ဦးအမည်ရှိ မြန်မာပညာရှိ အမတ်ကြီးမှာ စိတ်ကူးယဉ် ဇာတ်ကောင်မျှသာဖြစ်၍ အမှန်တကယ် ရှိမရှိဟူသော ခေါင်းစဉ်များသာမက၊ မည်သည့် စာအုပ်ကို၊ မည်သည့် စာရေးဆရာက၊ မည်သည့် ခုနှစ်တွင်၊ ရေးခဲ့သည် ဆိုသည်များပါ မကျန် အကြောင်းအရာ စုံလင်လှကြောင်း ယခုတိုင် သတိတရ ဖြစ်လျက်ရှိဆဲ ပင်ဖြစ်လေသည်။

ထိုသို့ ငြင်းခုံပွဲများတွင် အောင်နိုင်ရန်အတွက် ကျွန်ုပ်မှာ အခြားသော ကျောင်းနေဖက်သူငယ်ချင်းများ ကစားခုန်စား အပျော်အပါးတို့ဖြင့် မွေ့လျော်နေချိန်၌ ကျွန်ုပ်မှာ စာအုပ်မျိုးစုံတို့ တကုပ်ကုပ် ရှာဖွေလှန်လှောရင်း စာတိုပေစမှန်သမျှ နိူက်နိူက်ချွတ်ချွတ် စေ့စေ့စပ်စပ် ရှာဖွေဖတ်ရှုကာ တိုက်ပွဲဝင်စစ်သည်တော်တဦး လက်နက်သစ် စုဆောင်းသည်နှင့် တူလှစွာသော အထုံအလေ့ဖြင့် ဘဝကို ဖြတ်သန်းကျော်လွှန်ခဲ့လေသည်။ ကျွန်ုပ်၏ အငြင်းသန်သော စရိုက်ကား တက္ကသိုလ်ကျောင်းသားဘဝမှ ကျော်လွန်ကာ လူကြီးပိုင်းအရွယ်ရောက်သည်အထိ ပျောက်ကွယ်မသွားရုံမက၊ ကျွန်ုပ်၏ မသိစိတ်တွင် နှစ်သက်မြတ်နိုးမိလေရကား ပျော်ရွှင်စွာ ဆက်လက်ငြင်းခုံမြဲပင် ဖြစ်လေသည်။

ကျွန်ုပ် အသက်သုံးဆယ်ဝန်းကျင်အရွယ်၌ ရာဇဝိရာဇ် အရေးတော်ပုံ မူရင်းကိုမည်သူရေးသနည်းဟူသော အကြောင်းခြင်းရာအပေါ် အခြေခံလျက် အိန္ဒိယသွေးပါသူ စာဂျပိုးအယောက်နှင့် အငြင်းပွားကြရာ သူ့ဖက်ကိုယ့်ဖက်မှ ဘေးပရိသတ်တို့ပါ ပါဝင်လာကြပြီး၊ အလောင်းအစားပြုကြရာမှ ထိုခေတ် ကာလက ကျပ်ငွေနှစ်သိန်းခွဲခန့်တန်သော ပါဇလစ်ကာ မော်တော်ကားတစီးကြေးအထိ လောင်းကြေးကြီးသွားခဲ့သော အဖြစ်ကို ကြုံဖူးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုထိုဤဤသော စရိုက်ဝသီကြောင့် အကြောင်းအရာတရပ်ကို စဉ်းစားလိုက်သည်နှင့် ဆင်းဆဲနှင့် ဆက်စပ်ပတ်သည့် အထောက်အထား ကျမ်းကိုးကျမ်းဂန်တို့သည် ကျွန်ုပ်၏ ဦးခေါင်းအတွင်းသို့ သျှစ်ပြက်ဘိသကဲ့သို့ ဝင်ရောက်လာတတ်ပေရာ ယခုစာစုကို ရေးနေစဉ်၌ပင် ဘုရားရှင်၏ရုပ်တုပုံတူတို့တွင် နှုတ်ခမ်းမွှေးပါရှိမည်ဟု စောဒကတက်ခဲ့ဖူးသော "နှုတ်ခမ်းမွှေးကိုက်းချုပ်ဦးဉာဏဝံသ" အား မာန်လည်ဆရာတော်ဘုရားကြီး စာချိုးဝေဖန်ခဲ့သည်ကို သတိရပြန်ရာ စာချိုးခဲ့ပုံမှာ အောက်ပါအတိုင်းဖြစ်၏။

လုပ်ငန်းရယ်ပို၊
နှုတ်ခမ်းကို သူကြည်ညိုသတဲ့၊
သီဟိုဠ်ပြန်ဘုန်း။

စဉ်ရှေးအဟို၊
ဖင်မွှေးကို ဘယ်လိုဆိုပါ့၊
သီဟိုဠ်ပြန်ဆရာဉာဏ်ရဲ့၊
အပဒါန်ရွှေစာတမ်းကို
လမ်းပြပါအုံး။ ။

... ... ...

ဒေးကာနက်ဂျီ ရေးသားပြီး ကွယ်လွန်သူ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနုဘာသာပြန်ဆိုသော မိတ္တဗလဋီကာကို အလွတ်နီးပါး အာဂုံဆောင် နိုင်လုနီးနီးရှိသည့်တိုင် ငယ်ကျင့်မဖျောက်နိုင်ခဲ့သော ကျွန်ုပ်မှာ တစတစကြီးရင့်လာသည့် အသက်အရွယ်ကြောင့်လည်းကောင်း၊ ခါးသီးလွန်းလှသည့် ဘဝအတွေ့အကြုံများကြောင့်လည်းကောင်း၊ စာနှင့်ပေနှင့်ပါတ်သက်၍ ငြင်းခုံမှုများကို များစွာစိတ်ပျက်လာသည့်အလျောက် ယခုအချိန်တွင် ကျွန်ုပ်သည် ငြင်းခုံပွဲများကို ဝေးဝေးမှ ရှောင်ခြင်း အလေ့ ရရှိလာခဲ့သည်မှာ နှစ်ကာလအားဖြင့် နှစ်ဆယ်နီးပါးသို့ချဉ်းနင်းဝင်ရောက်ခဲ့ပြီးကာမှ အထက်တွင် ဆိုခဲ့သည့်အတိုင်း အဆိုပါလူရွယ်နှင့် ငြင်းခုံပွဲကို ကြုံရပြန်ခြင်း ဖြစ်လေသည်။

... ... ...

ထိုနေ့ညက ညဉ့်သုံးနာရီထိုးသည့်တိုင် ကောင်းစွာအိပ်စက်နိုင်ခြင်းမရှိသော ကျွန်ုပ်သည် လွန်ခဲ့သော ငါးနှစ်ဝန်းကျင်က ကျွန်ုပ်နှင့်သိကျွမ်းခင်မင်ခဲ့ဖူးသူ ကိုသက်ခိုင်နေအိမ်ထံမှ နည်းမှီလေ့ကျင့်ထားသည့် အာနာပါနခေါ် နှာသီးဖျားမှ ဝင်သောလေ၊ ထွက်သောလေကို



www.burmeseclassic.com

www.burmeseclassic.com

သတိပြုမှတ်သားလျက်၊ မတည်မြဲသော ရုပ်နာမ်တို့၏သဘောကို ဆင်ခြင်လေရာ ရုတ်ခြည်း ပင် အိပ်ပျော်ခြင်းသို့ရောက်လေ၏။

ထိုအာနာပါန၏စွမ်းအားကြောင့်ဟု တိကျစွာမဆိုနိုင်သော်လည်း နောက်တနေ့မနက် ခုနှစ်ခုနှစ်ရီခန့်တွင် ကောင်းမွန်ရွှင်လန်းစွာ အိပ်ရာမှ နိုးထလာခဲ့ပေရာ၊ နိစ္စဓူဝလုပ်မြဲ ကိုယ်လက်လေ့ကျင့်ခန်းအလို့ငှာ ခြံဝင်းအတွင်းသို့ ဆင်းလာခဲ့သည်၌၊ ခြံနောက်ဖက် တော အုပ်တို့ဆီမှ ငှက်မျိုးစုံတို့၏ တွန်မြည်သံတို့ကို ကြားရသည့်အခါတွင်လည်းကောင်း၊ နေရောင် ခြည်အောက်တွင် ကြောင်သားအမိ ခုန်ပေါက်ပြေးလွှား ဆော့ကစားနေကြသည်ကို မြင်ရ သည့်အခါတွင်လည်းကောင်း၊ ကိုယ်တိုင် စိုက်ပျိုးထားအပ်သော အရွက်ဖားဖား စိမ်းလန်းသော အပင်မျိုးစုံနှင့် ဝေဆာစွာပွင့်ဖူးနေသော ပန်းမာလ်မျိုးစုံတို့ကို မြင်မိသည့်အခါတွင် လည်း ကောင်း၊ ကျွန်ုပ်၏စိတ်သည် ပကတိငြိမ်းချမ်းလျက်၊ ယမန်နေ့က ငြင်းခုံခြင်းမှ ဖြစ်ပေါ်လာ သော ပူလောင်မှုတို့သည် လုံးဝကင်းပျောက်သော အဖြစ်သို့ရောက်ရှိလေ၏။ ထိုတခဏတွင် ကျွန်ုပ်သည် ကျွန်ုပ်မြတ်နိုးမွေ့ပျော်ခဲ့သော စာပေရဂုံ မဟာမြိုင်တောကြီးအတွင်းမှ နှိုက်နှိုက် ချွတ်ချွတ် ရှာဖွေတွေ့ရှိခဲ့သော ကုန်းဘောင်ခေတ် စာဆိုကျော်စလေဦးပုညအသတ်ခံရမှုနှင့် စပ်လျဉ်း၍ လူအများ လက်ခံသိရှိထားသကဲ့သို့ လူသတ် သမားသည် မြို့ဝန်ဦးသာအိုး ဟုတ်မဟုတ်၊ ထောက်လှမ်းမှုတခုကို ရုတ်တရက် သတိရမိလေသည်။ အဆိုပါ ဖြစ်ရပ်အား မြန်မာစာကောင်းပေမွန်တို့နှင့် ဝေးကွာနေကြပြီး မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော် ဖွဲ့ရန်၊ နိုင်ငံတကာသို့ရောက်ရှိ နေကြလေကုန်သော မြန်မာ့လူငယ်မျိုးချစ်တို့ သိခွင့်ရအောင် တင်ပြပေးပါမူ ငယ်စဉ်က ငြင်းခုံဖက်တို့၏ ကျေးဇူးကို ဆပ်ရာကျမည့်အပြင် မျက်မှောက် ခေတ် လူငယ်များအတွက်ပါ အကျိုးတစုံတရာရှိမည်ဟု ယူဆမိသည့်အလျောက်၊ ဦးပုည အသတ်ခံရမှုကိုဖော်ပြလိုက်ရပေသည်။

ဤနေရာ၌ မြန်မာစာပေလောကတွင်ရှုရှစာရေးဆရာကြီး တူရဂေဉ်ကျ၏ "အချစ် ဦး" ဝတ္ထုကြီးကို မောင်သာရက "မျိုးမမ ပကာသနီ"ဟူ၍၄င်း၊ ဆရာကြီး ရွှေဥဒေါင်း၏ "ဝက်ဇ္ဇ" ဝတ္ထုကြီးကို ။ ဆရာမင်းသိင်္ခက "မြိုင်ရာဇာတာတေ" ဟူ၍၄င်း တထပ်တည်း ပုံတူကူးယူမိကြသဖြင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ ပြဿနာမျိုးစုံကို ကျွန်ုပ်အနေဖြင့် မဖြေရှင်းလိုသည့်အလျောက် ယခု စလေဦးပုည အသတ်ခံရမှုမှာ တိုက်စိုး (ဦးသန်းထွတ်) ၏ ဆန်းစစ်ဖော်ထုတ်ချက်ဖြစ်ကြောင်း အလေးအနက် တင်ကြိုဖော်ပြမှသာ နောက်ကြောင်း ရှင်းမည်ဖြစ်ပေသည်။ စလေဦးပုည အသတ်ခံရမှုကို တိုက်စိုးခေါ် ဦးသန်းထွတ် ထောက်လှမ်း ပုံမှာ အောက်ပါ အတိုင်း ဖြစ်ပေသတည်း။

... ... ...



www.burmeseclassic.com

www.burmeseclassic.com

[illegible]တွေ့ရှိချက်အပြည့်အစုံကား . . .

### ဦးပုညနှင့် တပယ်မင်းသား

စလေဦးပုညမှာ မြင်းကွန်း မြင်းခုံတိုင်မင်းသားများ ပုန်ကန်ရန်ကိစ္စ၌ ပါဝင်အခါပေးမိသည့်အတွက် မင်းတုန်းမင်း၏ အမိန့်အရ မြို့သာမြို့ဝန် ဦးသာအိုးထံတွင် အကျယ်ချုပ်ခံနေရစဉ် အတောအတွင်း ဦးသာအိုး၏ မယားငယ်တစ်ယောက်နှင့် မယုံသင်္ကာခံရပြီး ဦးသာအိုး၏လက်ချက်ဖြင့် အသက်ဆုံးရှုံးရသည်ဟူ၍ လူသိများလေသည်။ အမျိုးသားပညာဝန် ဦးဖိုးကျားနှင့် ပညာအုပ်ဦးဖိုးစိန် စသူတို့၏ စာအုပ်စာတမ်းများတွင်လည်း ဤအတိုင်း ရေးသားကြလေသဖြင့် အထက်ပါ အကြောင်းအရာသည် ခိုင်မာတည်မြဲနေလေသည်။

*စဉ်းစားစရာများ*

ဤစာရေးသူသည် ထိုအကြောင်းအရာကို မမှန်ဟု မပြောလိုပါ။ သို့ရာတွင် ဦးပုည အဆုံးစီရင်ခံရပုံနှင့် စပ်လျဉ်း၍ စဉ်းစားစရာများကို တင်ပြလိုပါသည်။ သက်ဦးဆံပိုင်ခေတ်တွင် အရေးအခင်းတို့သည် မှန်ရာဖြစ်ခဲ့သည်။ ကြားဖူးသိဖူးသည့်အတိုင်း ဟုတ်ချင်မှ ဟုတ်သည်။ ၁၉၃၂ ခုနှစ်တွင် စာရေးဆရာ မဟာဆွေသည် မင်းတုန်းမင်း လက်ထက်ထုတ် "ရတနာပုံ နေပြည်တော်သတင်းစာ" တွင် အမှုထမ်းခဲ့သူ ဘိုးဝဇီရကို တွေ့ဆုံမေးမြန်းကာ "ဘိုးဝဇီရ အတ္ထုပ္ပတ္တိ" စာတစ်အုပ် ရေးထုတ်ခဲ့လေသည်။ ထိုစာအုပ်ထဲတွင် ဦးပုည အဆုံးစီရင်ခံရပုံနှင့် စပ်လျဉ်း၍ ဘိုးဝဇီရပြောသော အချက်တစ်ချက် ပါလေသည်။ ထိုအချက်ကား အခြားမဟုတ်။

*ဦးသာအိုး အဖြေ*

ဘိုးဝဇီရ သည် ဦးသာအိုး၏ သားဖြစ်သူ မောင်မောင်လေးအား ပညာသင်ကြားပေးရသည်ကို အကြောင်းပြု၍ ဦးသာအိုးနှင့် ခင်မင်ခဲ့လေသည်။ တစ်နေ့သော် ဦးသာအိုး၏ အိမ်သို့ သူရောက်၍ "နေပါဦး ဘဘရဲ့။ စလေဆရာကြီး ဦးပုညကို ဘဘ ကွပ်မျက်တယ်ဆို" ဟု ဦးသာအိုးကို မေးကြည့်လေသည်။ ထိုအခါ ဦးသာအိုးက . . .

"အိမ်း . . . ဘဘက ကံမကောင်းချင်တော့ ဒီလို အစွပ်အစွဲခံရတာပါပဲကွယ်၊ ဘဘက မြို့ဝန်ပေကိုး။ စင်စစ်မတော့ တပယ်မင်းသား အမိန့်နဲ့ လက်မရွံ့တို့ သတ်တာပါပဲ။ မင်းတရားကြီး မကျေနပ်မှန်းသိလို့ ဘဘအပေါ် လှည့်ချထားတော့မင်းသားကိုလည်း မစွပ်စွဲဝံ့လို့ သည်အတိုင်း နေရတာပါပဲ" ဟု ဖြေခဲ့လေသည်။

*တပယ်မင်းသား*

ဘာကြောင့် ဦးပုညကို တပယ်မင်းသားက သတ်ခိုင်းစေဖို့ ဖြစ်ပါသနည်းဟု မေးစရာရှိ၏။ ဤအတွက် နောက်ကြောင်းကို ပြန်ကြည့်ရန် လိုလေသည်။ တပယ်မင်းသားသည် တေး



www.burmeseclassic.com

www.burmeseclassic.com

ကဗျာ ဝါသနာပါ၍ အတီးအမှုတ် တတ်လေသည်။ သီချင်းကြီး သီချင်းခန့်လည်း စုဆောင်းတတ်သည်ဟု ပညာရှိရှေ့ပြေး ဦးဘတင်၏ မှတ်အသားရှိသည်။ စကားချပ်ရသော် ၁၉၀၆ ခုနှစ်တွင် ဗြိတိသျှ အိမ်ရှေ့မင်းသားနှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ခဲ့ဖူးလေသည်။ မန္တလေးသို့ သဘော်ဖြင့် ထိုအဖွဲ့ရောက်ရှိလာသည့် အချိန်၌ကား အဖွဲ့ဝင်တစ်ဦးအား မြန်မာတစ်ယောက်က တပယ်မင်းသား ပိုင်စောင်းဟူ၍ ရှေးဟောင်းစောင်းတူရိယာတစ်ခုကို ရောင်းချခဲ့ဘူးလေသည်။ထိုတပယ်မင်းသားသည် ကဗျာစာဆိုများကိုလည်း တေးကဗျာ ရေးခိုင်းတတ်သော အလေ့ ရှိ၏။ ဤတွင် စာဆိုဦးပုညအား တေးကဗျာ ရေးခိုင်းရာမှ စိတ်မကောင်းစရာအဖြစ်နှင့် ကြုံကြိုက်ရလေသည်။ ကြံရပုံကို နယ်ပိုင်ဝန်ထောက် ဦးမောင်မောင်တင် K.S.M., A.T.M ၏ "ဦးပုညသမိုင်း" စာအုပ်တွင် ဤသို့ မှတ်တမ်းတင်လေသည်။ တပယ်မင်းသား သည် တေးကဗျာ ရေးခိုင်းရန်အတွက် လူပျိုတော်တစ်ဦးကို စေလွှတ်၍ ဦးပုညအား အခေါ် ခိုင်းလေသည်။ ဦးပုညမှာလည်း အခြားမင်းသားတွေက တေးကဗျာ ရေးခိုင်းထား သဖြင့် မအားရဘဲရှိလေသည်။ ထို့ကြောင့် သူ့အလုပ်ပြီးမှ လာနိုင်မည့် အကြောင်းကို ပြန်လျှောက်ခိုင်းလေသည်။ နောက်တစ်နေ့တွင် တပယ်မင်းသားက အခေါ် ခိုင်းပြန်၏။ အလုပ်မအားရသော ဦးပုညလည်း စိတ်မရှည်တော့ဘဲ "မင်းသားအစစ်တွေ ခိုင်းတာကို ရေးနေရတယ်။ ယမနေမင်းသားက ခေါ် တာကို မလာနိုင်အားသေးဘူး။ သည်ကပြီးမှ လာနိုင်ပါမယ့်အကြောင်းကို လျှောက်ထားလိုက်ပါ" ဟု မချေမငံ ပြန်ပြောခဲ့လေသည်။

*မင်းသားအစစ် မဟုတ်*

ဤကား တပယ်မင်းသား သိက္ခာကျစရာ စကားပါပေ။ ရုပ်သေး (မင်းသား) ရုပ်ကို ယမနေသားနှင့် ထုလုပ်မြဲဖြစ်၏။ ယမနေသား မင်းသားရုပ်နှင့် တပယ်မင်းသားကို ခိုင်းနှိုင်းခြင်းမှာ တပယ်မင်းသားသည် မင်းသား အစစ်မဟုတ်ဟု အဓိပ္ပာယ်ထွက်လေသည်။မှန်လည်းမှန်ပေသည်။ တပယ်မင်းသားသည် မင်းသားအစစ် မဟုတ်ပေ။ သူ့မိခင် အလ္လကပ္ပ မြို့စားသည် မင်းတုန်းမင်း၏ မိထွေးဖြစ်သော်လည်း တပယ်မင်းသားသည် လေးဗိုလ်ဦးဆိုင်နှင့် အလ္လကပ္ပမြို့ စားတို့ မှ မွေးဖွားခဲ့သော သားသာဖြစ်သည်။ သူတို့တစ်တွေမှာ မင်းသွေးမပါ။ ဤတွင် မင်းတုန်းမင်းက မိထွေးတော် အလ္လကပ္ပမြို့စားကိုလည်း အရေးတယူလုပ်ပြီး သူ့သားကိုလည်း ချီးမြှောက်ထားလေသောကြောင့် မင်းသားဖြစ်နေရသည်။ သူတစ်ပါး အရှိန်ဩဇာ ၊ သူတစ်ပါးအမိန့်ဖြင့် မင်းသားအရာ ရနေသော တပယ်မင်းသားသည် ဦးပုည၏ စကားကို မခံနိုင်ဖြစ်လေသည်။ ထို့ ကြောင့် အမျက်ထား၍ အခွင့်ကြုံကြိုက်သည့်အခါ ဦးသာအိုးမှ တစ်ဆင့်ကွပ်မျက်စေခဲ့လေသည်ဖြစ်၏။

*ရွှေရိုး၏ အမြင်*

ယခုအထိ တပယ်မင်းသားက သတ်စေကြောင်းကို "ဘိုးဝဇီရ အတ္ထုပ္ပတ္တိ" စာအုပ်နှင့် "ဦးပုညသမိုင်း" စာနှစ်အုပ်ကို ကိုးကား၍ ဤစာရေးသူဖော်ပြခဲ့ပါသည်။ ထိုစာနှစ်အုပ်ပါ



www.burmeseclassic.com

www.burmeseclassic.com

အချက်ကို ထောက်ခံသော စာတစ်အုပ် ဖော်ပြစရာရှိပါသေးသည်။ ထိုစာအုပ်ကို မန္တလေး ရတနာပုံခေတ်တွင် ဂျိမ်းဂျော့စကော့ဆိုသူ ပုဂ္ဂိုလ်က ရေးထုတ်လေသဖြင့် အချိန် ကာလချင်း နီးစပ်နီးကပ်နေလေသည်။ ဂျိမ်းဂျော့စကော့သည် ၁၈၇၆ ခုနှစ်လောက်တွင် ဗြိတိသျှပိုင် အောက် မြန်မာနိုင်ငံသို့ ရောက်လာခဲ့ပြီး စိန့်ဂျွန်း (ဆရာမတ်) ကျောင်းတွင်ဆရာအဖြစ် လည်းကောင်း၊ သတင်းထောက်အဖြစ် လည်းကောင်း အလုပ်လုပ်ကိုင်ခဲ့လေသည်။

သူသည် မြန်မာစကား၊ မြန်မာမှုကို ကျွမ်းကျင်၏။ မန္တလေးသို့ အရောက်ပေါက်ရှိ၏။ ၁၈၈၂ ခုနှစ် သီပေါမင်း လက်ထက်တွင်ကား သူ့ အတွေ့ကြုံများကို စုစည်းလျက် "ရွှေရိုး" ကလောင်အမည်ခံယူ၍ The Burman, His Life and Nations အမည်ဖြင့် နှစ်တွဲပေါင်း စာအုပ်ရေးထုတ်ခဲ့လေသည်။ ထိုစာအုပ် ပထမတွဲ စာမျက်နှာ ၃၅၂ တွင် ပါသေးသည်မှာ ...

**Oo Hpo Nyah is the most celebrated recent author. He was killed in the late King's reign by the Tabe Mintha.** (ဦးပုညသည် နာမည် အကြီးဆုံး ခေတ်ပေါ် စာရေးဆရာဖြစ်၏။ သူ့ကို ယခင်မင်းလက်ထက်တွင် တပယ်မင်းသားက အဆုံးစီ ရင်ခဲ့လေသည်။) ဟူ၍ ဖြစ်လေသည်။ တပယ်မင်းသား၏ဓာတ်ပုံကို ၁၉၂၃ ခုနှစ်ထုတ် "ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး" တတိယအုပ်တွင်တွေ့ နိုင်လေသည်။

... ... ...

ဤစာကို ရေးသားပြီးချိန်၌ ကျွန်ုပ်၏ တပည့်ကျော်ဖြစ်သူ မောင်ဖြိုးက နံနက်စာ အဖြစ် ကောက်ညှင်းပေါင်းနှင့် စားတော်ပဲပြုတ် တွဲစပ်လျက် လာရောက် ချပေးလေရာ ကျွန်ုပ်မှာ ဝမ်းဗိုက် ဟာလှသည်နှင့် ရှမ်းပြည်တောင်ကြီး နယ်ထွက် မောရှမ်းလက်ဖက်ခြောက် အဖန်ရည်ဖြင့် အားပါးတရ မြိန်ရည်ယှက်ရည် စားသောက်လေ၏။

ထိုသို့ စားသောက်နေစဉ်တွင်ပင် ကျွန်ုပ်၏ ပြမြဲအလေ့အတိုင်း ကြည့်ကန်ရှင်ကြီး ရှင်နန္ဒမေဓမေး၍ ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးရှင်မုနိန္ဒဓဇ ဖြေ ကြား တော်မူအပ်သော စွယ်စုံကျော်ထင်ကျမ်း ပုစ္ဆာအမေး အဖြေတစ်ထောင် စာအုပ်ကြီးကို လှန်လှောဖတ်ရှုရင်း၊ ကျွန်ုပ် အတွေးဝင်မိသည်ကား နောင်အခွင့်ကြုံသော် စာပေစုံထောက်မှု အချို့ကို ဆက်လက်ရေးသားရန်နှင့် ရဲဇော်အမည်ရှိ လူရွယ်နှင့် တူလှသောယေ်စဉ်ဘဝမှ ငြင်းဖော်ငြင်းဖက်တို့၏ ကောင်းမှုကြောင့်ပင် စာပေရဂုံ၊ တောမဟာမြိုင်အတွင်းသို့ ရောက်ခဲ့ ရပေသည်တကားဟု ယင်းတို့၏ ကျေးဇူးတရားကို အထပ်ထပ် ဆင်ခြင်မိပါတော့သတည်း။

*(စောင့်ကြည့်ဂျာနယ်။ မေ(၁၇) ၊၂၀၁၁)*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ထဲမှာ ဘူးသီးတွေကို ထားရစ်ခဲ့

ဘူးသီးမှ အရိုးတော်၊ ဘူးကောင်းမှ စင်ခံ၊ ဘူးလေးရာ ဖရုံဆင့်။ ဘူးလုံးနှားမထွင်း။ဘူးပေါ် သလိုပေါ် ရတဲ့ ဘူးသီးစကားတွေက မြန်မာမှာ အများသားကလား။ အဲဒီ ဘူးသီး ဆိုရိုးတွေ စကားပုံတွေထဲမှာ ဂန္ထဝင်တွင်ရစ်မယ့် မြန်မာ့ဘူးသီးဆိုတာ ထပ်ထည့်ရမယ် ထင်ပါရဲ့ဗျာ။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ်ဘူးသီး ဇာတ်လမ်းက အံ့စရာကောင်းလို့ဗျို့။ အဲဒီ ဘူးသီး ဇာတ်လမ်း ပြောရရင်တော့ ထိုင်းရောက် မြန်မာအကြောင်းလေးပါမှ ပြည့်စုံမယ် ထင်ပါရဲ့ဗျာ။

... ... ...

ကျုပ်တို့လူမျိုးက အမျိုးသားရေးတို့၊ ဇာတိမာန်တို့ဆိုရင် နားရွက်ထောင်၊ ခေါင်းထောင် ရုံတင်မကဘူး။ ဖင်ဘူးတောင်းပါ ထောင်ချင်တဲ့ လူမျိုးဗျ။ ဘုရင့်နောင်၊ အလောင်းဘုရား၊ အယုဒ္ဓယ၊ ဝါးရင်းတုတ် စားမြုံ့ပြန်လို့မပြီးနိုင်တဲ့အထဲ ကျုပ်လည်း ပါတယ်လေ။ ဒီတခေါက် ထိုင်းကို ကျုပ်ရောက်တော့ ကျုပ်ဇာတိမာန်ဟာ တော်တော်ကို ပိန်ရှုံ့သွားရသဗျာ။ မြန်မာ့ ဇာတိမာန်ဆိုတာကို ထိုင်းမှာရှာလို့ကတော့ ချစ်တီးခေါင်းက သန်းလို၊ လကွယ်ညမှာ လူတကာကို ကောက်ခိုင်းတဲ့ မဟူရာကျောက်ရိုင်း လိုပါ

www.burmeseclassic.com

www.burmeseclassic.com

ပဲဗျာ။ မြန်မာမှန်သမျှ ပြည့်တန်ဆာနဲ့ ကူလီတွေ ချည်းပဲလို့ ထင်နေကြတဲ့ ခေတ်ကြီးကို ရောက်နေပြီဆိုတာ အလန့်တကြားသိလိုက်ရသဗျာ။

. . .  . . .  . . .

အေးလေ . . . အစကတော့ ကျုပ်လည်း ပြည်တွင်းမှာ အနေကြာခဲ့တာမို့ ထိုင်းရောက် မြန်မာတွေ အကြောင်း စာတွေ သတင်းတွေမှာ ဖတ်ဘူးကြားဖူးခဲ့ပေမဲ့ ဂဃနဏ တော့ သိလှတယ် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက် က သူဌေးဂိုက်နဲ့ ခရီးသည်လို ရောက်ခဲ့ပေမဲ့ ပက်ပုန်းနဲ့ ပတ်တွာရားလောက်သာ မသွားမဖြစ်လို့ရောက်ခဲ့တာကိုး။

ဒီတကြိမ်က အခြေချနေတော့မယ် ဆိုပြီးထွက်လာတာကြောင့် အနေကြာ အစုံသိ ဆိုပါတော့။ နေဦး။ သိတယ်ဆိုလို့ သူပြော ငါပြော သိတာမျိုး မထင်လိုက်နဲ့အုံး။ တကယ့်ကို ခန္ဓာသိဗျ။

အမှန်တော့ မြန်မာ့တရားမဝင် အလုပ်သမားဆိုတာ ထိုင်းရဲတွေ ထိုင်းအလုပ်ရှင်တွေ အတွက် မိုးကို ကျောပေးတဲ့ သတ္တဝါတွေပါပဲဗျာ။ ပြူတ်ပြူတ်ကျော်ကျော် ဖုတ်ဖုတ်ကင်ကင် ထင်သလိုသာလုပ် ကမ္ဘာ့ ဟင်းသီးဟင်းရွက် စာရင်းဝင်ပဲ။ ဘာဝင်္ဂမှ မလိုက်ဘူး။ တကယ့်ကို ဘုရားသခင့် လက်ဆောင်ပေပဲ။ အေးလေ။ ထိုင်းရဲဆိုတဲ့ မောင်တွေက ဗမာအလုပ်သမား တွေ့တာနဲ့. . မီပါ့စပို့၊ မီဝါ့ပါမစ် (ပတ်စပို့ရှိလား၊ အလုပ်လုပ်ခွင့်ကဒ်ရှိလား) လို့ မေး လိုက်ရင်၊ အနည်းဆုံး လေးငါးရာ တွက်ခြေကိုက်တယ်လေ။ ပတ်စပို့ ဝါ့ပါမစ် ရှိနေရင်လည်း နောက်တမူ ပြောင်းချိတ်လိုက်တာပဲ။ ဝံပုလွေနဲ့ သိုးငယ်လို နင်မဟုတ်ရင် နင့်အဖေလုပ်တာ သေချာတယ်ဆိုတဲ့ အချိုးပါပဲဗျာ။ ထိုင်းအလုပ်ရှင်ကလည်း ဗမာ အလုပ်သမားရဲ့ လုပ်ခကို နောင်ခါပေး တွေ့တိုင်းတောင်းလောက်သာ စိတ်ထဲရှိတာ ကလား။ တိုင်လေ။ တိုင်တလုံး ငါးဘတ်ပဲ။ ရဲခေါ်ပြီး ပါးစပ်ထဲတွေ့တဲ့ ပုဒ်မတပ်လိုက်ရုံပဲ။ ဒေါသကြီးတဲ့ အလုပ်ရှင်နဲ့ တွေ့ရင်၊ ရင်ဘတ်ကို မီးပူနဲ့ အကပ်ခံရတာ အသတ်ခံရတာတွေ အများကြီး။ ကားတာယာ ပေါင်း မီးရှို့ပြီးလက်စဖျောက်ခံရတာတွေ၊ ခင်ဗျားလည်း ကြားဘူးမှာပါဗျာ။

. . .  . . .  . . .

ထိုင်းမှာ မြန်မာပြည်ဖွား တောင်ကျော် တယောက်နဲ့ဆုံမိ ၊ အချက်မသိလို့ကတော့ . . . အလုပ်အကိုင် ကောင်းရဲ့လား မေးမိလို့ကတော့ မေးခွန်းတောင် မဆုံးသေးဘူး။ အားလုံး ဆဗိုင်း။ ဆဗိုင်းပဲ။ တနေ့ ဘတ်သုံးရာ့ငါးဆယ်လေ။ တလ ဘတ်ရှစ်ထောင်ကိုးထောင် အသာလေး။ ကျနော်လုပ်ပေးတာ သူဌေးတောင် ဆယ်ဘီးကားသုံးစီး ထပ်ဝယ်ထားပြီ။ သူဌေး က ကျနော့်ကိုပဲ အားလုံးလွှဲထားတာ။ အိမ်ရှင်က သိပ်သဘောကောင်းတယ်။ ချင်နွေပ် ဆဲဗင်း က ဇာတ်လမ်းက ဘယ်လို။ ကျနော်က ပုတ်ပြတ်တောင်းလိုက်တာပေါ့ဗျာ။ ဘယ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီတက်ဒီတက်။ ဝမ်းတူးကော ဝမ်းတူးကောဆိုရင် နေ့ဖရီးနော်။ အဲဒီစကားလုံးတွေနဲ့ခင်ဗျား ကို အတွဲလိုက်ပစ်ထည့်လိုက်လိမ့်မယ်။ ဒါပေမဲ့ ဗမာပြည်က အိမ်ကို ငွေဘယ်လောက် ပို့ ပြီးပြီလဲမေးလိုက်ရင်တော့ အောင်နက်လှည်းနင်းသလို။ ဒီလိုပါပဲဗျာ။ စားလိုက်သောက်လိုက် နဲ့ဆိုပြီး အဖျားရှူးသွားတာချည်းပဲဗျ။

နောက် လေတလုံးမိုးတလုံးနဲ့ ဆင်ကော၊ ကျားကော အပြိုင်လိုက် ဖမ်းနိုင်တဲ့ လေသံမျိုးနဲ့ စကားစလာတဲ့မောင်ကို ဘန်ကောက်မှာများ တွေ့ခဲ့ရင် စီးလုံဘက်လာခဲ့ ပါလား မေးလိုက် ပေတော့။ ဟာဗျာ။ ဒါတော့လာလို့မရဘူး။ အဲဒီဖက်က ရဲရှုပ်တယ်။ နောက် ကျနော်တို့ သူဌေးက အပြင်ထွက်တာ သိပ်မကြိုက်ဘူးဆိုပြီး ဝါးတားတား လုပ်လိုက်မဲ့ ကောင်တွေ ချည်းပဲ သာမှတ်ပေတော့ဗျာ။ အဲဒါလည်း ဆန်းချက်တမျိုးပဲဗျ။ မြန်မာချင်းပြန်ကြွားပြီး လိမ်စရာမရှိ ကိုယ့်ပေါင်တွင်းကြော ကိုယ်ဆွဲလိမ်၊ ကိုယ့်စိတ်ကိုယ်ပြန် တင်းနေရတဲ့နည်းပေါ့။

... ... ...

နောက်ပိုင်းမှာ မဲဆောက်ရောက်တော့။ မြန်မာ့မိန်းမပျိုဈေးကွက် ဆွယ်ကျက်။ ဇန့် ဆွယ်။ နတ်စင်လမ်း။ ကျစ်ဝင်နား။ ဝမ်ကျူးကာ ။ တခါ ရနောင်းဘက်ရောက်ပြန်တော့ ဆွယ်ဆောင်။ ဆွယ်စံတွေမှာ အလှူပါယ် ဖြစ်နေတာကလည်း မြန်မာနတ်သမီးတွေချည်းပါပဲ ဗျား။ ကျုပ်တို့မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးသာ ဒီနေရာတွေခေါ် လာမိရင် ငါ့ကို ဒီနေရာ မှာတင် နောက်တခါ ပစ်သာသတ်လိုက်ပါတော့ကွာလို့ ညည်းမဲ့အပေါက်ဗျ။ရနောင်းကို ရောက် တဲ့ တခေါက်တုန်းက အထိုက်အလျောက်ခင်နေတဲ့ ထိုင်းရဲတပ်ကြပ် တယောက်နဲ့ ဆုံတုန်းကဆို ကိုယ်ကျွေးတာစားနေရင်း ... ကျနော့်မယားငယ်က ဗမာမတဲ့။ ဘာဆိုင် လို့လဲဗျာ။ အသားလွတ် အနီကပ် တောင်းသလို ချည်းပဲဖြစ်နေတယ်။ ကျုပ်လည်း ဗမာပဲဆို တာ သတိပြုမိလေမလားလို့ ကျုပ်က သူ့ကို အူကြောင်ကြောင် ပြန်ကြည့်လိုက် တော့ ပိုတောင် ဆိုးနေသေးဗျာ။ စကားဆက်ဖြစ်အောင် ဆက်လိုက်သေး။ သူ့ သူငယ်ချင်း ရနောင်းထိုင်း ရဲမှုန်သမ္ဗ ဗမာမ မယားငယ် ကိုယ်စီရှိကြသည်တဲ့။

ဆက်ပြောနေရင် ကမ္ဘာမကြေသီချင်းကိုလည်း စိတ်နာတယ်။ မြန်မာ့တပ်မတော်သား တွေဆိုဆိုနေတဲ့ ငါ့ နိုင်ငံတော် ငါ့နိုင်ငံသား ငါ့ တပ်မတော်အတွက် ငါ၏အသက်ကို စွန့် လွှတ်ပါမည်ဆိုတာတောင် မဆိုဘဲနေတာ ပိုကောင်းမယ် ထင်ပါရဲ့။ ဟုတ်တယ်လေဗျာ။ အသက်တောင် စွန့်ပါ့မယ်ဆိုတဲ့ မောင်တွေက နေ. . နေစိမ့်နိုင်လွန်းသလားလို့။

ဘာလဲ။ ခင်ဗျားကြည့်ပုံက သူများအကြောင်းသာ လျှောက်ပြောနေတယ်။ ကိုယ့် အကြောင်းတော့မပါဘူးဆိုတဲ့ အဓိပ္ပာယ်ပါလား။ ကျနော်လေ ထို့နည်းလည်းကောင်းပေါ့ဗျာ။ ပြောမယုံကြဘူးတော့လည်း သိတော့တာပေါ့ဗျ။ လိုက်ကာဖွင့်ကတည်းက ခွပ်ကနဲ အသံ ကြားလိုက်ပြီးလဲသွားတာ ကျုပ်ပါပဲဗျာ။ လွန်ခဲ့တဲ့လေးနှစ်လောက် ဘန်ကောက် လေဆိပ် ရောက်တဲ့ နေပေါ့။ လေဆိပ်လူဝင်မှုကြီးကြပ်ရေးကောင်တာမှာ တန်းစီလိုက်တော့ ကျောင်းရှေ့



www.burmeseclassic.com

www.burmeseclassic.com

နောက်မှာ အဖြူကောင်တွေချည်းပဲဗျ။ ကျုပ်က ကျုပ်အလှည့်မရောက်ခင် ကောင်တာကို လှမ်းကြည့် လိုက်မိတယ်။ သူများတွေကို ဘယ်လို စစ်တယ် ဆေးတယ် သိချင်လို့။ အမယ် ကောင်တာက လူဝင်မှုအရာရှိက ပြုံးပြုံးပြုံးပြုံးနဲ့ တော်တော်ဖော်ရွေ နေသဗျာ။ မကြာပါဘူး ကျုပ်အလှည့် ရောက်လာတယ်။

သူ့ ထုံးစံအတိုင်း ကြိုပြီးပြုံး ပြတာပါပဲ။ ဒါနဲ့ကျုပ်လည်း ကျုပ်ရဲ့ နိုင်ငံကူးလက်မှတ် အနီရောင်လေးကို သူ့ ကောင်တာပေါ် ရိုရိုသေသေလေး လှမ်းတင်လိုက်တယ်။ သူ့ စာအုပ် အနီလည်းတွေ့ရော၊ သူ့ ကျုပ်ကိုမော့ကြည့်တယ်။ နောက် စာအုပ်ကို ပြန်ကြည့်တယ်။ သူ့မျက်နှာပေါ်ဟာ ရုတ်ခြည်း တိမ်ကြားကွယ်သွားတဲ့လမင်းလို ပါပဲဗျာ။ နောက် စာအုပ်ကို ဖွင့်လိုက် ကျုပ်ကို ကြည့်လိုက်နဲ့ထပ်လုပ်တယ်။ ဓာတ်ပုံထဲကပုံဟာ ကျုပ်ပုံပဲလို့လည်း သေ ချာသွားရော . . . သူမျက်နှာက လငပုပ်ဖမ်းသလို ဖြစ်သွားတော့တာပဲဗျာ။ ကျုပ်သိလိုက် ပါပြီ။ သူက ကျုပ်ကို မြန်မာပြည်ကပြန်လာတဲ့ ဂျပန် သို့မဟုတ် ကိုးရီးယားတိုးရစ် ထင်နေ တာဗျ။ ကျုပ်က အညာသားဆိုပေမဲ့ အသားလတ်အဆင့်ကို ကျော်နေတော့ သူအကဲခတ်မှား နေတာ။

နောက်တကြိမ် သူ ကျုပ်ကို ကြည့်ပြန်တယ်။ ဟာဗျာ။ တောက်။. . . ကျုပ်တော်တော် ကို ဒေါကန်သွားတယ်။ ကျုပ်က လူလည်ဗျ။ သူကြည့်တဲ့ အကြည့်ကို ကျုပ်ကောင်းကောင်း ဘာသာပြန်နိုင်တယ်။ ပုလိပ်က သူခိုးကို ကြည့်တဲ့အကြည့်ဗျ။ နေဦးဗျာ။ နောက်ထပ် အဓိပ္ပာယ်တမျိုးရှိသေးတယ်။ ဒီအကြည့်မျိုးကို ကျုပ်ငါးနှစ်သားလောက်က သတိပြုမိခဲ့တဲ့ အကြည့်မျိုးဗျ။ ကျုပ်တို့ရွာမှာ အလှူကြီးတခု လုပ်တုန်းကပေါ့။ ကျုပ်တို့တခွေးလေး အလှူလား ဦးကြီးတင့် အလှူလားတော့ မမှတ်မိတော့ဘူး။ အဲဒီအလှူမှာ ရွာနီးချုပ်စပ် လေးငါးရွာက အမျိုးတွေကော၊ ဧည့်သည်တွေကော တော်တော်လာကြတယ်။ လှူတာကလည်း တရွာလုံး မီးခိုးတိတ်။ အလှူဟင်းချက်တာကလည်း မိုးဗြဲဒယ်ကြီးတွေနဲ့။ ကျုပ်ကောင်းကောင်း မှတ်မိ နေတယ်။

အဲဒီ မိုးဗြဲဒယ်ကြီးတွေနားမှာပေါ့။ ထူးထူးဆန်းဆန်း လူလေးယောက်ကို တွေ့တာလေ။ အဲဒီလူတွေက လူတော့လူပဲဗျ။ သူတို့က အညာဖျင်နဲ့ချုပ်ထားတဲ့ လွယ်အိတ် အရှည်ကြီးတွေကို ထမ်းပိုးရှေ့နောက်ချိတ်ပြီး ထမ်းလာကြတာ။ သူတို့ခေါင်းပေါင်းတွေက တခြားသူတွေ ပေါင်းထားသလို မဟုတ်ဘူး၊ ခေါင်းပေါင်းရဲ့နောက်အချွန်လေးက ငယ်ထိပ် တည့်တည့် ရောက်အောင် ပေါင်းထားတာ။ ကျုပ်ကလည်း ထူးထူးဆန်းဆန်းဆို စိတ်ဝင်စားတတ်တဲ့ ကောင်ဆိုတော့ သူတို့ကိုပဲစိုက်ကြည့်နေတယ်။ အမေက မိုးဗြဲဒယ် နားမှာပဲလေ။ သူ့အလုပ် နဲ့သူ ရှုပ်နေတယ်။ နောက်တခုက အဲဒီလူတွေကို တခြား လူကြီးလူငယ်တွေလည်း ဝိုင်းကြည့် နေကြသဗျာ။ ဘေးက ကြည့်နေတဲ့ သူတွေရဲ့အကြည့်ဟာ တမျိုးထူးနေတယ်ဗျ။ ငါးနှစ်သား ဆိုပေမဲ့ ဒီအကြည့်ကို ကျုပ်ကောင်းကောင်း သတိပြုမိတယ်။ လူလူချင်း ကြည့်တဲ့ အကြည့်နဲ့ နည်း နည်း ကွဲပြားနေသလိုပဲ။ ကျုပ်က အိတ်ရှည်နဲ့လူလေးယောက်ကို တလှည့် ဝိုင်းကြည့်နေ တဲ့ လူအုပ်ကို တလှည့် . . . ဇက်မှာ ဗဟိုပြုပြီး လည်ပင်း လေးငါးခါလှည့်နေတာကို

www.burmeseclassic.com

www.burmeseclassic.com

အမေက သတိပြုတယ်ထင်ပဲ့။ ကျုပ် ခေါင်းကို ပွတ်ပြီး တိုးတိုး ညင်ညင်ပြောသဗျ။ ကယ်ပါ တွေပါ သားရယ်တဲ့။

ကျုပ်က ကယ်ပါဆိုတာ လည်းနားမလည်တော့ . . . အမေ ကယ်ပါတွေက ဒီကို ဘာလာလုပ်တာလဲလို့ မေးမိတယ်။ အမေက ထမင်းတွေ ဟင်းတွေ လာတောင်းတာပေါ့ သားရယ်တဲ့။ ကျုပ်က လျှာဆက်ရှည်လိုက်တယ်။ အမေ သူတို့က အလုပ်မလုပ်ဘဲ လျှောက်တောင်းစား တာလားလို့ ဆိုတော့။ မဟုတ်ဘူးသားရဲ့။ သူတို့အမျိုးက ကယ်ပါမျိုး ဖြစ်နေလို့တောင်းရတာတဲ့။ တချို့ ကယ်ပါတွေက တော်တော်ချမ်းသာတာတဲ့။ တနှစ်တခါ အတောင်းအရမ်းမထွက်မိရင် ကိုယ်တွေဘာတွေ ပျက်ပြီး နူတတ်တယ်တဲ့။ တကယ်နူမနူ ဘယ်သိမလဲဗျ။ ခင်ဗျားကလည်း ကျုပ်က ကယ်ပါ အနူဇာတ်ခင်းနေတာမှ မဟုတ်တာ။ ကျုပ်ပြောချင်တာက စောစောက ဘန်ကောက်လေဆိပ်မှာ လူဝင်မှုကြီးကြပ်ရေးအရာရှိ ကျုပ်ကို နောက်ဆုံးကြည့်လိုက်တဲ့အကြည့်ဟာ ကျုပ်တို့ရွာမှာ လူအုပ်ကြီးက ကယ်ပါတွေကို ကြည့်တဲ့ အကြည့်မျိုးဗျ။ စိတ်ထဲရှိသလို ဒင်းကော်လံကို ကိုင်ပြီးဆွဲမြှောက်၊ ကျန်တဲ့လက်တဖက်နဲ့ နားရင်းလေးချက်လောက် ဆက်တိုက်အုပ်လိုက်ရရင်တော့ လေဆိပ်မှာတင် အချုပ်ထဲ တန်းရောက်တော့မှာပေါ့ဗျာ။တကယ်တော့ အဲဒါ တကယ့်ကို အကင်းလေးပဲ ရှိသေးတာဗျ။

... ... ...

စက်ဘုပ္မှာ ကွမ်းယာဆိုင် ဖွင့်လောက်တဲ့အရင်းကလည်းမရှိ၊ နေရာတကာ ကွန်ပျူတာပါမှ အလုပ်ဖြစ်တဲ့ စက်ဘုပ္မှာ ကျုပ်က ကွန်ပျူတာဆိုတာ တီဗွီနဲ့ လက်နှိပ်စက်တွဲထားတာထင်နေတဲ့ကောင်မျိုးဆိုတော့ ထိုင်းမှာနေမလား လာမိပါတယ်ဗျာ။ ကယ်ပါစာရင်း top ten တန်းဝင်တော့တာပဲ။ ကျုပ်လည်း ပေါက်တဲ့နဖူးမထူးတော့ပါဘူးဆိုပြီး ဇာတိမာန်ကို ဘေးချိတ်လိုက်ရတော့တယ် ဆိုပါတော့ဗျာ။

... ... ...

ကဲပါလေ။ ထိုင်းမှာ ကျုပ်လည်း ရွှေစာရင်းဝင်တော့ ရောယောင် အနှိမ်ခံရတာတွေ စာဖွဲ့ပြီး လျှောက်ပြောနေရင် ညပေါင်း သောင်းချီသွားပါလိမ့်မယ်။ တိုတိုပြောရရင် ထိုင်းနိုင်ငံဘယ်နေရာမဆို မြန်မာဟေ့လို့ သိလိုက်တော့ တစ်ရာမှာ ကိုးဆယ့်ကိုးဒသမ ကိုးကိုးကိုးသော မဟာထိုင်းများက နှိမ်ပြီလို့သာ မှတ်ပေတော့ဗျာ။ ကျုပ်လည်း ဖူးခက်မှာ ဈေးဆိုင်လေးဖွင့်မိတာမို့အမျိုးမျိုးသော ထိုင်းသခင်များရဲ့ အပါးဝမှုကို ခါးစည်းခံရတာ အကြိမ်ကြိမ်ပေါ့ဗျာ။ မကြာသေးခင်က ထွက်လာတဲ့ထိုင်းဇာတိမာန်ဇာတ်ကား နရစွမ်အကြောင်း ရိုက်ပြထားတဲ့ အခွေကလည်း မီးလောင်ရာလေပင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အော် ဘူးခတ်အကြောင်းလား။ ထိုင်းနိုင်ငံရဲ့ပထမတန်း တိုးရစ်မြို့တော်။ ကမ္ဘာလှည့်ခရီးသည်တွေ နှစ်စဉ်သန်းချီပြီး လာနေတဲ့မြို့တော်လေ။ မနက်ညနေ အလုပ်ဆင်းချိန်တိုင်း အလုပ်ခွင်ဝတ်စုံအရောင်မျိုးစုံနဲ့ ဝက်တွေတင်သလို ကားနဲ့မချိမဆန့်တင် လာတာတွေ့ရင် မြန်မာအလုပ်သမားတွေပဲမှတ်။ ပါတောင်ကမ်းခြေဘက်မှာ အမှတ်တရ လက်ဆောင်ရောင်းတဲ့ ဆိုင်တိုင်းမှာ ဘိုလို ဒွတ်ဒက်ရွှတ်ရှက် ခပ်သွက်သွက် မှုတ်နေတာတွေ့ရင် မြန်မာပေါက် ဂေါ်ရခါးလို့သာမှတ်။လမ်းဘေးမှာ ချွေးတလုံးလုံးနဲ့ အလုပ်သမားတွေ့ရင် မြန်မာလို့မှတ်။ ဟိုတယ်နဲ့ စားသောက်ဆိုင်မှန်သမျှ စားပွဲထိုးတွေ့ရင် မြန်မာလို့သာမှတ်။ ထိုင်းသူဌေးတွေ အိမ်မှာ ကုတ်ချောင်းချောင်းပုံနဲ့ အိမ်စေ အိမ်ဖော် တွေ့ရင် မြန်မာလို့သာမှတ်။ မြန်မာအလုပ်သမား ခုနှစ်သောင်းနဲ့တစ်သိန်းကြား ရှိတဲ့မြို့ဗျာ။

• • • • • • • • •

ကျုပ်လည်း အနှိမ်ခံရတာ အကြိမ်များလာတော့ တကိုယ်လုံးပုံးချည်ပြီး ထိုင်းရဲစခန်း တခုခုထဲ ပြေးဝင်ချင်လောက်အောင် စိတ်ပေါက်လာတာနဲ့၊ ဆိုင်ကို ရင်းနှီးတဲ့ ထိုင်း ကျေးဇူးရှင်တယောက် နာမည်ပြောင်းပြီး ဘာဝနာလေးဘာလေးစီးဖြန်း၊ ကွန်ပျူတာတလုံးနဲ့ အိမ်တွင်းပုန်းလိုက်ရော ဆိုပါတော့ဗျာ။ စကော်ပူအပါအဝင် ထိုင်းမြို့ကြီးတော်တော်များများ ကို ခရီးမကြာမကြာထွက်တာရှိပေမဲ့ ရက်ပိုင်းပဲဆိုတော့ ဖူးခက်မှာပဲ အနေများတယ်လေ။ အိမ်ထဲမှာ နှစ်လလောက်ကုပ်နေပြီး ကွန်ပျူတာနဲ့အဖော်လုပ်နေရတာ ကြာတော့လည်း ဒူလာစွဲမလို၊ အထီးကျန်သလိုလို ဖြစ်လာရောပေါ့ဗျာ။

ဒါနဲ့ တခုခုတော့ အာရုံပြောင်းမှ ကောင်းမယ်လေဆိုပြီး ကျုပ်ငှားနေတဲ့ အိမ်ဘေးမှာ စိုက်ခင်းလေးတခု လုပ်ဖြစ်ရောဆိုပါတော့။ ထိုင်းမှာရောင်းတဲ့ မျိုးစေ့အိတ်တွေမှာ ရေးထားတဲ့ စာတွေကို မဖတ်တတ်တာတကြောင်း။ စိုက်မယ့်စိုက်ရင် ငါ့တိုင်းပြည်က မျိုးစေ့လေးပဲ စိုက် တော့မယ်ဟာဆိုပြီး ကော့သောင်းဘက်က မိတ်ဆွေတယောက် လူကြုံနဲ့မျိုးစေ့တချို့မှာပြီး စိုက်ဖြစ်ရော။ မစိုက်ခင်တော့ ပေါက်တူးတလက်နဲ့တူးရ၊ ဆွရတာပေါ့ဗျာ။ မြောင်းဖော် ဘောင်တင်တာလောက်တော့ တတ်သလောက် မှတ်သလောက် လုပ်ရတာပေါ့။ ကျုပ်က စိုက်ပျိုးရေးတွေ ဘာတွေ တတ်လှတယ်တော့ မဟုတ်ပါဘူး။ စိတ်ထွက်ပေါက်ရပြီးရော ဆိုပြီး မှန်းသန်း လုပ်နေတာပါ။

• • • • • • • • •

ကျုပ်နေတဲ့အိမ်က အတော်တော့အကျယ်သားဗျ။ ခြံနဲ့ဝင်းနဲ့ဆိုပါတော့ အိမ်နဲ့ ကားဂိုဒေါင် ပတ်ချာလည်မှာ ကောင်းကောင်း စိုက်လို့ရတဲ့နေရာတွေဗျ။ ပေါက်တူး တလက်နဲ့ ညနေတိုင်း လျှောက်ဆွနေတော့ အနီးအနား အိမ်တွေက ဒီဗမာကုလီ ဘာလုပ် နေပြန်ပြီလဲ



www.burmeseclassic.com

www.burmeseclassic.com

တွေးရင်လည်း တွေးကြလိမ့်မပေါ့ဗျာ။ ကျုပ်အိမ်ရှေ့တည့်တည့်နဲ့ ဘေးတအိမ်က ထိုင်းတွေဗျ။ နောက်ဘေးတဖက်ကတော့ ထိုင်းမနဲ့ညားနေတဲ့ ဆွီဒင်တယောက်နေတာ။ ဒီမောင်က လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်ကတည်းက ဖူးခက်ရောက်နေတာဆိုပဲ။ ဒါလည်း သိပ်ရင်းနှီးလွန်းလို့ မဟုတ်ပါဘူးဗျာ။ အိမ်နီးချင်းဆိုတော့ နှစ်သစ်ကူးလက်ဆောင် လေး ကျုပ်ဖက်က သွားပို့ ရင်းသိခဲ့ရတာပါ။ အဲဒီဆွီဒင်ကတော့ သဘောကောင်းဗျ။ ကျုပ်ကို ဘယ်လိုမှ သဘောထားပုံ မရဘူး။ သူ့ အလုပ်သူ လုပ်နေတာပဲ။ သူ့ သဘော်အေးဂျင့်လေ။ အသက်ခြောက်ဆယ်ကျော်နေပြီ။

မြောင်းတွေဘောင်တွေလုပ်ပြီးတော့ ကျုပ်လည်း မျိုးစေ့လေးတွေချပြီး စ စိုက်လိုက်ရောပေါ့ဗျာ။ အပင်မျိုးတော့ တော်တော်စုံသားဗျ။ ငရုတ်သီး၊ ပုံလုံသီး၊ ရုံးပတီ။ ကြက်ဟင်းခါး။ ချဉ်ပေါင် နောက်တော့ ဘူးသီး။ အောင်မယ် တခြားအပင်တွေကသာ လျှောလျှော လျှူလျှူ ပေါက်လာတယ်။ ဘူးသီးက တော်တော်နဲ့ အညှောင့်ထွက်မလာဘူးဗျာ။ ဒါနဲ့ ကော့သောင်းကအသိကိုပဲ ဘူးသီးဘယ်လို စိုက်သတုန်း ထပ်မေး။ သူ့ ဘူးသီးရေးရာ ကျွမ်းကျင်သူ ပဲခူးတိုင်း ကဝက သူ့ အမေကိုလှမ်းမေးနဲ့ . . . ဖူးခက်မှ . . . ဘူးသီး . . . ကဝ . . . ကြားလား . . . ဖူးခက်မှ . . . ဘူးသီး . . . ကဝ . . . ကြားလား နှစ်ခါလောက်လည်း လုပ်ပြီးရော အညှောင့်ထွက် အပင်ပေါက်လာပါလေရောဗျာ။အေးပေါ့ဗျာ အပင် တစ်ပေခွဲ လောက်ဖြစ်လာတော့ တိုင်လေးတန်းလေးလုပ် နောက်ထပ်ရှည်လာပြန်တော့ ဘူးစင်ထိုးရ တော့တာပေါ့။

ဘူးပင်တွေက လိပ်သွားလေးနဲ့ မှန်မှန်တက်လာသဗျာ။ ဘူးစင်ကလည်း ကပ်ရိုက် ကပ်ခွေအဆင့်ဆိုတော့ ဘေးအိမ်တွေက ဒီကောင်ဘာထပ်ပြီး မျက်စေ့နောက်ဆေး ဖော်ပြန် ပြီလဲဆိုတဲ့ အကြည့်တွေနဲ့ပေါ့။ တလခွဲလောက် ကြာတော့ တခြားအပင်တွေ ထိုးထိုး ထောင် ဖြစ်လာတယ်။ ဘူးညွန့်တွေလည်း စင်ပေါ်ရောက်လာတယ်။ တခြလုံး သီးပင်တွေနဲ့ ဖြစ်လာတော့ ဘေးက ဒီဗမာ ခြံစိုက်တာကိုးဆိုပြီး ဩော် . . . တောင်သူလယ်သမား ဗမာပဲလို့ ထင်ပုံရလာတယ်ဗျ။ အကြည့်တွေက သိပ်ပြီး ထူးလာတယ်တော့မဟုတ်ပါဘူး။ ဒီလိုနဲ့ ဘူးညွန့်တွေ တပြုံကြီးတက်လာပေမဲ့ အသီးက တင်မလာဘူးဗျ။ နောက်အသိ ဗမာတယောက် အိမ်လာလည်ရင်း ဆရာ့ဘူးညွန့်တွေ အညွန့်ဖြတ်လိုက်မှ အသီးတင်မှာ ဆိုတဲ့ ဩဝါဒနဲ့အညီ အညွန့်တွေကို လျှောက်ဖြတ်လိုက်တာ မျက်လှည့်ပြလိုက်သလိုပါပဲဗျာ။ သီးလိုက်တဲ့ ဘူးသီးတွေ လေးငါးခြောက်လုံး တပြိုင်နက် ထွက်လာတယ်။ကျုပ်လည်း မရင့်ခင် စားလိုက်မှဆိုပြီး သုံးလေးလုံးခူးပြီး အင်းယားကန်အလွမ်းပြေ ဘူးသီးကြော်ကြော်ပြီး လွေး လိုက်ရောပေါ့။ ဒါပေမယ့်အဲဒီ ဘူးစင်ပေါ်က ပထမဆုံးသီးတဲ့သုံးလုံးကို ကျုပ်မခူးဘဲ မျိုးသဘော ထားလိုက်တယ်။ အရွယ်အတော်ကြီးလာတော့အညှာမခိုင်မှာစိုးတာနဲ့ ဘူးသီးဖင်ကို ပလပ် စတစ်ကြိုးနဲ့ကျစ်ထားတဲ့ ကရွတ်ခံကြိုးနဲ့ဆိုင်း လုပ်ထားရတာပေါ့။ ဒါနဲ့အဲဒီ မျိုးဘူးသီးတွေက တဖြည်းဖြည်းကြီးလာလိုက်တာ ကျုပ်တို့ မြန်မာ့ဂုဏ်ကို ဆောင်တော့တာပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com

အေးလေ။ အဲဒီမျိုးဘူးသီးသုံးလုံး ကြီးလာလိုက်တာ အရှည်နှစ်ပေ လုံးပါတ် လူတဖက်လျှော့လျှော့ ဖြစ်လာရောဗျာ။ ဘေးအိမ်တွေက သတိပြုမိတဲ့နေ့ကဆို တအံ့တသြနဲ့ ပြောင်ပြောင်တမျိုး ခိုးကြည့်တာတမျိုးနဲ့ အကြည့်တွေ အချိုးပြောင်းကုန်သဗျာ။ ဘေးက ဆွီဒင်လည်း ကျုပ်ကို ပြုံးပြုံး ပြုံးပြုံးနဲ့ . . . ဝှတ် အစ် သစ်စ်တဲ့။ ဝုစ်ချ် ကိုင်းအော့ ဖရုတဲ့။ ကျုပ်လည်း အဘိဓာန်အပြေးလှန်ပြီး . . . ဂုဏ်ယူဝင့်ကြွားစွာနဲ့ ရင်ကော့ရင်း ဖြေလိုက်သဗျာ။. . . this is Myanmar Gourd, this is Myanmar Gourd ပေါ့။ ဘေးအိမ်ကထိုင်းတွေကလည်း အားရပါးရရယ်မောပြီး ကျုပ်ကိုနှုတ်ဆက်တဲ့အပြင် ဘူးသီးကြီးတွေကိုလက်ညှိုးထိုးထိုးပြီး ဖမာ့နန်မ်သောင်း။ ဖမာ့နန်မ်သောင်းတဲ့။ လမ်းသွားလမ်းလာတဲ့သူတွေကလည်း ကျုပ်အိမ်ရှေ့ရောက်ရင် ကျုပ်ဘူးစင်ကဘူးသီးကို ဘူးကသိုင်းရှုပြီးမှခရီးဆက်ကြလေရဲ့။

. . . . . . . . .

ဒါတင် ဘယ်ကမလဲဗျာ။ ကျုပ်ဘေးအိမ်ကထိုင်းတွေကော။ တခြားကျုပ်အသိ ထိုင်းမိတ်ဆွေတွေကကော သူတို့နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို ကားတွေနဲ့ဆိုင်ကယ်တွေနဲ့ ခေါ်ခေါ်လာပြီး ကျုပ်ဘူးသီး၊ လာလာကြည့်ကြတာ ဖူးခက်မြို့က ကျုပ်နေတဲ့ ရပ်ကွက်မှာ ပွဲတော်ကြီးကိုဖြစ်လို့။ အဟုတ်ဗျ။ ထိုင်းဘူးသီးဆိုတာက ကျုပ်တို့မြန်မာ့ ဘူးသီးနဲ့ယှဉ်လိုက်ရင် ဂေါ်လီလုံးသာသာ ရှိတာကလား။

ဖူးခက်ရွှေမြို့တော်ကြီးမှာ ကျုပ်တော့ဖြင့် မြန်မာ့ဘူးမျိုး ဘူးသီးအားကိုးနဲ့ မျက်နှာပန်းပွင့်ခဲ့ပါပြီဗျာ။ အေးပေါ့ဗျာ။ နေရာတကာ နှပ်ပစ်ခံနေရတာ ဘူးသီးကယ်မှပဲ သက်သာရတော့တယ် ပြောရတော့မှာပဲဗျ။ အဲဒါကြောင့် ကျုပ်ပြောတာပေါ့ဗျာ။ မြန်မာ့ ဘူးသီးဆိုရိုးတွေထဲမှာ စကားတခုတိုးပါလို့။ ရာဇဝင်တွင်ရစ်မဲ့ မြန်မာ့ဘူးသီးလို့ပဲ ဖြစ်ဖြစ်ပေါ့။

. . . . . . . . .

ဩော် . . . မေ့နေလိုက်တာ ။ ကျနော့်မှာ ဒို့ဗမာဆိုတဲ့ သီချင်းခွေလေးတခု ရထားတယ်။ နားထောင်ကြည့်လိုက်အုံးနော်။ ဟုတ်ပါတယ်။ တကောင်းအဘိရာဇာ ဒို့ဗမာသာကီမျိုးဟာမို့ မညှိုးဂုဏ်တေဇာ ဆိုလားဗျာ။

. . . . . . . . . . . .

မှတ်ချက် ။ ။ ဖမာ့နန်မ်သောင်း - ဗမာဘူးသီး

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ။ ဧပြီ(၂၅) ၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆြာဒင်နှင့် မျက်နှာဖုံးပြဿနာ

(၁)

အရှေ့ကျွန်းမှ နေဝန်းထွက်ပေါ်လာချိန်၌ နေဖင်ထိုးအောင် အိပ်လေ့မရှိသော ကျွန်ုပ်သည် ခေတ်ဟောင်း ဂန္တဝင်အဆိုတော်ကြီး ဒေါ်မေရှင်၏ အောင်ခြင်းရှစ်ပါး သီချင်းကို အင်တာနက်မှနေ၍ နားသောတဆင်လျက်ရှိရာ "အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ စီးပွားဉစ္စာ အဟုတ်မကျန်အောင်မှာ၊ ကျန်းမာချမ်းသာပါလို့ ဘေးဘယာမဝိုင်း၊ ကြံတိုင်း အောင်၊ ဆောင်တိုင်းမြောက်ပါလို့ ခုနစ်ရက်သားသမီးများနဲ့ နတ်လူပြဟ္မာ"ဟူသည့်တေးသံ သည် ဝန်းကျင်တခိုတွင် ပျံလွင့်လျက် ရှိလေ၏။

ထိုသို့ရှိစဉ် ကျွန်ုပ်အနီးရှိလက်ကိုင်ဖုန်းမှ ထွက်ပေါ်လာသော ဖုန်းခေါ်သံတတီတီကြောင့် ဒေါ်မေရှင်ကို ခေတ္တအနားပေးကာ ဖုန်းကိုကောက်ကိုင်မိသည်၏ တခဏတွင် တဖက်မှအသံရှင်ကား ဘန်ကောက်ရွှေမြို့တော်နေ မိတ်ဆွေကြီး၊ ရခိုင်အမျိုးသားသတင်းစာ၊ အယ်ဒီတာမင်း ဘစောတင်ဖြစ်လေသည်။

"ဗျို့ဆြာဒင် မြန်မြန်တက်ကြည့်ပါဗျ"

"ဟာ၊ အရင်းမရှိ အဖျားမရှိ ဘယ်နေရာ သွားတက်ရမှာတုန်း။ အသက်ကြီးနေပြီ ကိုရင်။ သိပ်အမြင့်ကြီးဆိုရင် မြန်မြန်မတက်နိုင်လောက်ဘူး"

"အာ၊ ဆြာဒင်က အရေးထဲ နောက်နေပြန်ပါပြီ။ ဖေ့စ်ဘွတ်မှာ အကြီးအကျယ် ပွဲဆူကုန်ပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com

"အော်၊ ဖေ့စ်ဘွတ်မှာ ပွဲမဆူတဲ့နေ့ကော ရှိသေးသလားမောင်။ တနည်းမဟုတ်တနည်း၊ တကြောင်းမဟုတ် တကြောင်းနဲ့ ဆူနေကျပဲဟာ"

"အခုဟာ တမ္ဘာနဲ့ချီပြီး ဆူတာဆြာဒင်ရဲ့။ တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံးမှာကို ပါလာတာ။ မြန်မြန်သာ တတ်ကြည့်စမ်းပါဆြာ"

တမ္ဘာကြီးတည်းဟူသော ရေနွေးအိုးကို မည်သူမီးပြင်းထိုးပြန်လေသနည်း။ ကျွန်ုပ် ဖေ့စ်ဘွတ်ကို စိတ်နာနေသည်မှာ ကြာချေပြီ။ သို့သော် သံယောဇဉ်အမျှင်ကား တန်းလန်းပင် ရှိနေ သေးလေရာ နဂိုကမှ မကောင်းမှု၌ ပျော်မွေ့လိုသောစိတ်ကြောင့်ထင့်။အယ်ဒီတာမင်း ဘစောတင်၏ စကားသံမဆုံးမီပင် ဖေ့စ်ဘွတ်စာ မျက်နှာကို ဖွင့်မိလျက်သား ဖြစ်လေတော့သည်။

( ၂ )

အင်း၊တွေ့ပါချေပြီ။ တိုင်းမ်မဂ္ဂဇင်းမျက်နှာဖုံးတွင် မြန်မာဘုန်းတော်ကြီးတပါး၏ ဓာတ်ပုံအား "မြန်မာဗုဒ္ဓဝါဒီ အကြမ်းဖက်သမား၏ရုပ်သွင်" ဟူ၍စာတမ်းထိုး ဖော်ပြထားသည်ဆိုပါ၏။ ရုတ်ခြည်းသော် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်ရသည်။ တနေရာတည်းမဟုတ်။ နေရာများစွာတွင် အမြင်အမျိုးမျိုးဖြင့် တင်ပြထားကြလေ၏။

ဦးစွာဖတ်မိသည်ကား ခင်မင်ရင်းနှီးသော အိုင်တီပညာရှင်လူငယ်တယောက်၏ ခပ်ရွှံ့ရွှံ့လေသံဖြစ်၏။ "တိုင်းမ်မဂ္ဂဇင်း မျက်နှာဖုံးရှင်ဖြစ်ဖို့ဆိုတာ လွယ်မှတ်လို့။ ဗမာပြည် ထဲကလူ လက်ဆယ်ချောင်းမပြည့်သေးဘူး။ ဘာဘဲပြောပြော မန္တလေးကနေ ကမ္ဘာကျော် ပုဂ္ဂိုလ် တယောက် ထပ်ထွက်လာပြီပဲ" ဟူ၏။

တနေရာတွင်ကား "မြန်မာ အစိုးရနဲ့ သာသနာပိုင်တွေက တရားဝင်အရေး ယူထားတာမဟုတ်ဘဲ ခုလို စွပ်စွဲတဲ့ Time မဂ္ဂဇင်းကို တရားစွဲသင့်ပါတယ် ဘာသာရေးအရလည်း ဗုဒ္ဓဘာသာမှာ အကြမ်းဖက်ရယ်လို့မရှိတာ၊ ဘာလက်နက်မှ မကိုင်တဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကိုစွတ်စွဲတာ ဗုဒ္ဓဘာသာဝင်တွေကို စော်ကားလိုက်တာပဲ။ ဒါမြန်မာပြည်ရဲ့ ပြည်တွင်းရေးပါ။ ဗုဒ္ဓသာသနာတော်ကို ကာကွယ်ကြပါ။ အမြန်ဆုံး share ပေးကြပါ" ဟူ၍ လှုံ့ဆော်စည်းရုံးသမှု၊ မောင်းထုသည်ကိုလည်း တွေ့ရပြန်ပါသည်။

အမျိုးသမီးငယ်တဦးကမူ "အမျိုးစောင့်ဥပဒေကို လက်မခံတဲ့အပြင် Time Magazine က မီဒီယာကျင့်ဝတ်သိက္ခာ အပြည့်ရှိတယ်လို့ ရှုမြင်သုံးသပ်တဲ့ ယောကျ်ားတွေရဲ့ စိတ်နေသဘောထားကို သမီးအရမ်းကြိုက်တယ်၊ သမီး အဲ့လိုယောကျ်ားမျိုးကို ခင်ပွန်းတော်ချင်ကြောင်း သွားပြောပေးပါမေမေ" ဟူ၍ ပြဿနာကြားမှာ သတို့သားအလိုရှိကြောင်း မောင်းခတ်ပြန်လေသည်။

တဦးသောသူကား "တိုင်းမဂ္ဂဇင်းကိုပြောချင်တာ တခုပဲရှိပါတယ်ခင်ဗျားတို့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးလွန်းနေပါတယ်၊ ခင်ဗျားတို့ မစဉ်းစားမဆင်ခြင်ဘဲ လုပ်သမျှတွေမှာ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

ဟာ အဆိုးဆုံးပါပဲ ခင်ဗျားတို့အဖွဲ့ အစည်းကို အယုံအကြည်မရှိတော့ပါဘူး" ဟု တိုင်းမ်ကို မျက်နှာလွှဲအမွှေဖြတ်လေ၏။

ထို့ပြင်တဝ အနာဂတ်ကိုကြိုတင်မြင်နိုင်စွမ်းသည့် ဒိဗ္ဗစက္ခုရှိဟန်တူသူတဦးကလည်း "ငါတို့အတန်တန် ရေးနေ ပြောနေ တားနေလျက်က ငါတို့စကားနားမထောင်ကြတော့ ခု ဒီလို ဖြစ်ပြီမဟုတ်လား" ကရုဏာဒေါသောမချိတင်ကဲဆိုပြန်လေ၏။

ဤသို့လျှင် ထိုထိုသော သဘောထားခံစားချက်မျိုးစုံကို ဖတ်ရှုပြီးချိန်၌ နဂိုဖေ့စ်ဘွတ် ရောဂါအခံပြန်ကြွလာသော ကျွန်ုပ်ဆြာဒင်မှာ ဖေ့စ်ဘွတ်သမားတို့ တာဝန်ရှိအပ်သည့် အတိုင်း "ငါ၏စိတ်တွင် ထင်၏မလွဲ၊ လိပ်ခဲတည်းလည်း၊ ဟုတ်တည်း ဧကန်၊ အာမသန်နှင့်၊ မှန်သည်တစေမရှိချေ" ဟူသော မှတ်ချက်တခုကို ရေးသားကာ ဖေ့စ်ဘွတ်ကိုတာ့တာပြ နှုတ်ဆက်အပြီး နာရီဝက်ခန့်အကြာတွင် အိမ်ရှေ့ခြံတံခါးမှ ခေါင်းလောင်းသံ ဆူညံစွာ မြည်ဟည်းလာလေသောကြောင့် အောက်ထပ် သို့ဆင်းကာ ခြံတံခါးကို ဖွင့်ပေးပြန်ပါလေ၏။

(၃)

ကြွရောက်လာသူကား ဖူးခက်မြို့နေ ရှားရှားပါးပါးပညာတတ်ကလေး မောင်ကပ္ပလီ တည်း။ မည်းလှစွာသော အဆင်းကြောင့် ဇာတာရက်ချုပ်ပါ အမည်ပျောက်ကာ ဤအမည် တွင်နေသူတည်း၊ သူကား အာဂလူငယ်တည်း။ သူသည် အွန်လိုင်း နှင့်မစိမ်း။ ကွန်ပြူတာကို ကျွမ်းကျင်စွာ သုံးနိုင်စွမ်းသူဖြစ်၏။ ဆိုင်ကယ်နှင့်ခရီးနှင်လာသည့်တိုင် သူ့မျက်နှာတွင် ချွေး ပြန်လျက်ရှိရာ အရေးတကြီးကိစ္စရှိဟန်တူလေသဖြင့် ကျွန်ုပ်ကပင် စကားစလိုက်ရလေသည်။

"ရေးကြီးသုတ်ပျာ၊ ကပျာကယာပါကလားမောင်၊ အဘယ်အကြောင်းပါများလိမ့်"

"အန်ကယ်ဒင် မှတ်ချက်ရေးလိုက်တဲ့ တိုင်းမ်မဂ္ဂဇင်းအဖုံးကိစ္စပေါ့အန်ကယ်။ ကျနော် အန်ကယ်နဲ့ ဆွေးနွေးချင်တယ်"

တိုင်းမ်မဂ္ဂဇင်းအဖုံးကား ကျွန်ုပ်အိမ်ဝသို့တိုင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြန်ချေ ပြီတည်း။

"အန်ကယ်ရေးတဲ့စတေးတပ်အတိုင်းဆို အန်ကယ်က မလုပ်မရှုပ်မပြုတ်ဆိုတဲ့ သဘော ပဲ၊ ဘယ်ဟာမှ အမှန်မဟုတ်ဘူးဆိုတော့"

မြန်နှုန်းမြင့်မီဒီယာခေတ်ကြီးပါတကား။ ရေးတင်လို့ပြီးတာမှ နာရီဝက်သာသာ ရှိပေဦး မည်။ ထုချေလွှာတင်ရန် အိမ်တိုင်ယာရောက် ဆင့်ဆိုနေချေပြီတည်း။

"ဒီလိုပါကိုရင်ရယ်၊ကျုပ်ရေးလိုက်တဲ့ မှတ်ချက်က တပိုင်းတစပါမောင်။ ရှင်မဟာရဋ္ဌ သာရဆုံးမစာမှာ အကြောင်းခြင်းရာတခုရဲ့ အဖြေမှန်ကို သိရအောင် 'ကျိုးကြောင်းစကား၊ ပြောဆိုငြားသော်။ လျှင်လျှားဆွေးနွေး၊ ဆိုရေးလိမ္မာ။ ပညာရှိအား၊ ကိုယ်တိုင်သွား၍။ စကား လိုက်လျော စစပြော၍ နှီးနှောလေ' ဆိုတာလည်း ပါပါသဗျာ။ ဖေ့စ်ဘွတ်မှတ်ချက်မှာ အဲ သလောက် အရှည်ကြီးရေးလို့ မသင့်ဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"အန်ကယ်လင်းညွှန့်ပုံက ပညာရှိရှာပုံတော်ဖွင့်ရအုံးမှာမို့ အလုပ်ပြုတ်ကိန်းပဲ အန်ကယ်ခင်"

"ရော၊ နားထောင်ချက်ကနယ်၊ မောင်ရင်နေ့တိုင်းတက်နေတဲ့အွန်လိုင်းမှာပဲ သီတဂူဆရာတော်ကြီးရဲ့ ဩဝါဒရှိပါသမောင် 'လူ့အခွင့်အရေးဆိုတာ ဥပဒေမဟုတ်ပါဘူး။ ဘယ်နိုင်ငံကိုမှ ချုပ်ကိုင်လို့မရဘူး။ သူတို့မကြိုက်ရင် သူတို့ကတော့ လူ့အခွင့်အရေး ချိုးဖောက်တယ်ဆိုပြီး အော်မှာပဲ။ ကြိုက်သလောက် အော်ပါစေ။ ငါတို့ကတော့ မြန်မာ့တိုင်းရင်းသားအားလုံးရဲ့ အကျိုးစီးပွားကိုပဲ ကြည့်ရမယ်။ ဒါကြောင့် 'အမျိုးသားရေးဝါဒ' ကို ဆုပ်ကိုင်ထားရမယ်၊ အမျိုးသားရေးဝါဒဆိုတာ အကုသိုလ်တစ်ခုမှ မပါဘူး၊ လုပ်ကို လုပ်ရမယ်' တဲ့ခင်ဗျ။"

"ဩော် ဒါဆို အန်ကယ်က မျိုးစောင့်ဥပဒေကို လက်ခံတဲ့ဖက်ကပေါ့"

"ရော၊ မဆိုင်တဲ့အပေါက်ကို ဂလိုင်နဲ့ခေါက်ပါပကော၊ ဒီကိစ္စဟာ လက်ခံတယ်၊ လက်မခံဘူး၊ လွယ်လွယ်နဲ့ ပြောလို့ ဖြစ်ရိုးလား မောင်ရယ်၊ ဘာသာရေးလှိုင်းရိုက်ခတ်မှု၊ လတ်တလော နိုင်ငံ့စီးပွားရေး၊ လူမှုရေးအပါအဝင်သမိုင်းနောက်ခံတွေကိုပါ အကျယ် တဝင့် သုံးသပ်သင့်တယ်မဟုတ်လား၊ နောက်ဆုံး လွှတ်တော်အဆင့်ရောက်ရင်တောင် အခြေအတင်ငြင်းခုန်ကြမဲ့ အမတ်မင်းများလည်း ရှိပါသမောင်၊ သိပ်လည်း ပူပန်သောကမများပါလေနဲ့။ ကျုပ်လိုပေါ်မွှားက ထင်ရာမြင်ရာစွတ်ပြောရင် အဆဲခံရတာသာ အဖတ်တင်တော့မပေါ့"

"ဒါဆို အန်ကယ်ဒင် မျက်နှာဖုံးကိစ္စကိုဘယ်လိုမြင်ပါသလဲခင်ဗျာ"

"သတင်းဌာနဆိုတာ သတင်းဆိုးနဲ့မှ နေရာကျတတ်တာ ဓမ္မတာပါမောင်၊ No news is good ဆိုတာ မောင်ရင်ကြားဖူးမှာပါ"

"အင်း၊ ဟုတ်ပါပြီ အန်ကယ်ရာ၊ ဒါနဲ့စကားမစပ် အန်ကယ်ဒင့်ကို ကျနော် သိပ်အားကျတယ်ခင်ဗျ၊ ရှင်မဟာရဋ္ဌသာရလို စာဆိုမျိုးရဲ့ ပျို့တွေကို လက်တန်းဆိုပြ နိုင်တာမျိုးဟာ အထင်ကြီးစရာပါပဲ၊ သွားအုံးမယ်အန်ကယ်"

(၄)

ကျွန်ုပ်ကား နှုတ်ဆက်ထွက်ခွာသွားလေသော ကပ္ပလီငယ်၏ကျောပြင်ကို ငေးကြည့်ကာ သက်ပြင်းကို ခပ်လေးလေးချမိတော့သည်။ သူကား တိုင်းမ်မဂ္ဂဇင်းအဖုံး အရေးတော်ပုံကို လည်းကောင်း၊ မျိုးစောင့်ဥပဒေကိုလည်းကောင်း ဝေဖန်ပိုင်း ခြားနေသူ ဖြစ်ပါ၏။ သို့တစေ ကျွန်ုပ်ရွတ်ပြခဲ့သော ရှင်မဟာရဋ္ဌသာရ၏ပျို့မှာ လွန်ခဲ့သော နှစ်အနည်းငယ်ကမှ သူသင်ခဲ့ရသော သတ္တမတန်းမြန်မာကဗျာစာအုပ်မှ တမြန်မနေ့ကပင် ကျွန်ုပ်တွေ့ရှိကျက်မှတ်ခဲ့သည့် အကြောင်းကိုကား မသိရှာချေ။ သတ္တမတန်းသင်ရိုးကိုမျှ သူကျောခဲ့ဟန်မတူ။

ခေတ်ကြီးသည် လူငယ်တို့၏လက်တွင်းသို့ လုံးလုံးလျားလျားသက်ဆင်းနေချိန်ဖြစ်ပါ၏။ ဩောင်း၊ ဥုမ်သံတွေပြင်းလှသည့် ဂျီမင်း ဖေဝိဇ္ဇာတို့ ပေါ်ထွန်းချိန်လည်းဖြစ်ပါ၏။ ဤ



www.burmeseclassic.com

www.burmeseclassic.com

ကာလတွင် တမိုက်တထွာ၊ အသိဉာဏ်ဇကာကျဲဖြင့် ခေတ်ကို အဖတ် ဆယ်မိကြလျှင်ကား . . .။

ကွန်ပျူတာဆီမှ ဒေါ်မေရှင်၏ "မေတ္တာစာတ်နဲ့ ဗုဒ္ဓါမြတ်စွာ၊ ဆောင်နှင်းတဲ့ အောင်ခြင်းအင္ဂမပါ" ဟူသော သီချင်းသံ ပြန်လည်ပေါ်ထွက်လာချိန်၌ ကျွန်ုပ်စိတ်တွင်မူ . . . ရန့်ချိစွာငယ် တသန့်ဟိုမှာ တခွင်လုံးတော၊ တောင်ဝနပွေတခွင်မှာ "ဒင်ကလျှင် မြင်ရုံနဲ့မော" ဟူ၍သာ စုံတောငယ်မြိုင်ခြေသံဆန်းကို အသံကုန်ဟစ် လိုက်ချင်တော့၏။

*(ဆဲဝင်းအေးနေ့စဉ်သတင်းစာ၊ ၄ွန် (၂၃) ၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တောဇာညှိုးချိန်

(၁)

"ဇာတိမာန်" ဟူသော စကားကိုကြားရသည့်အခါတိုင်းတွင် ကျနော်၏စိတ်ဝိညာဉ်သည် ငွားငွားစွင့်စွင့်ပွင့်လန်းလျက်ရှိသော ပဒုမ္မာကြာပွင့်ဆီသို့ ခိုဝင်လိုပါလျက် ပန်းမာလ်ကင်းသော၊ လူသူကွယ်ရာ တောအုပ်တွင်းသို့ ညှိုးငယ်စွာပျံသန်း ပြေးလွှား ပုန်းအောင်းသွားရသော ပျားပိတုန်းပမာ ရှိလေ၏။

"ဇာတိမာန်"ဟူသည် အမျိုးကိုမှီ၍ တက်ကြွအပ်သော စိတ်ထားဟု ဆိုကြပါ၏။ ကျနော့်မွေးဇာတိ၊ တိုင်းပြည်ကား သာကီဇာနည်တို့ မင်းလုပ်ခဲ့သောနေပြည်ဟုလည်း ရှေး ဆိုရိုးရှိပြန်ပါ၏။ တိုင်း.ဘားပြည်ကြီးရွှေထီးဆောင်းစဉ်ကာလကို ပြန်ပြောင်းတမ်းတကြရင်း "ယိုးဒယားနဲ့တိုင်းခြားကိုပါ တိုက်ခိုက်ကာ အောင်ခဲ့တာ "ဟူ၍လည်း မကြာခဏ ဟစ်ကြွေး လေ့ရှိပါ၏။ ထို့ပြင်တဝ မျက်မှောက်ကာလတွင်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ အောင်မြင်စွာ ချီတက်နိုင်လျက်ရှိကြောင်း နားနှင့်မဆန့်အောင် ကြားနေရဆဲဖြစ်ပါသည်။ ကျနော်သည် ဇာတိမာန်နှင့် ပတ်သက်လာလျှင် အခြားအခြားသော သာကီနွယ်တို့နည်းတူမာန်တက်ချင်သူဖြစ်လေရာ "ငါတို့လူမျိုးသည် အထက်ကဆိုသကဲ့သို့ မြတ်သောအမျိုးအနွယ်ဟူသည် ဟုတ်မှန်သေးပါ၏လော" ဟု စေ့ငုမိသည့်အခါတိုင်း နှလုံးစိတ်ဝမ်း မချမ်းမသာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရမြဲ။ စိတ်ပိညာဉ်ပျားပိတုန်း လူဖြစ်ရှုံးသည်ဟု ခံစားရခြင်း၏ အကြောင်းရင်းများစွာ အနက် ကျနော် မျက်မြင်ဒိဋ္ဌ ကြားသိခဲ့ရသည့် "အောင်ချို"အမည်ရှိ လူငယ်တစ်ယောက်၏ ဘဝဇာတ်လမ်းသည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

(၂)

အောင်ချိုကား အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်၊ မော်လမြိုင်ဇာတိ မွန်မြန်မာကပြား လူငယ်လေးဖြစ်သည်။ မွေးချင်းငါးယောက်အနက်သူသည် တတိယမြောက်ဟု ဆိုပါသည်။ အကိုအကြီးဆုံးမှာ ဘန်ကောက်တွင် လက်သမားလုပ်သည်ဆို၏။ သူ့အထက်အမကား မော်လမြိုင်တွင်ပင် အိမ်ထောင်ရက်သားကျခဲ့ပြီး ယခုအချိန်တွင်မူ လင်သားဆုံးပါးသွားလေသဖြင့် မုဆိုးမဘဝနှင့် ရှိနေသည်။ သူ့အောက်က အငယ်နှစ်ယောက်မှာ မမာမကျန်း ဖြစ်နေသော မိခင်ကြီးနှင့်အတူ နေထိုင်လျက် မော်လမြိုင်မှာ ကျောင်းတက်နေကြဆဲ။ အငယ်နှစ်ယောက်နှင့် မိခင်ကြီးအတွက်အောင်ချိုကပင် ထောက်ပံ့ပေးနေရသည်။ ကျနော်နှင့် အောင်ချိုတွေ့စဉ်ကသော် အောင်ချိုတစ်ယောက်၊ ဆွေမရှိမျိုးမရှိ ဖူးခက်ကို ရောက်နေသည်မှာ ဆယ်နှစ်ခန့်ရှိခဲ့ပြီ။

ဖူးခက်မြို့မှာ ကျနော်ဖွင့်ထားသော စျေးဆိုင်ကို ဝင်ထွက်သွားလာရင်း အရောင်း တာဝန်ခံအာကာတို့နှင့် အလွမ်းသင့်ရာက ကျနော်နှင့်ပါ ရင်းနှီးလာသည်။ နောက်ပိုင်းတွင် အိမ်ခန်းငှားမနေတော့ပဲ တကိုယ်ရည်တကာယသမားပီပီ ကျနော့်ဆိုင် အပေါ်ထပ်အခန်း လွတ်မှာ လာနေသည်။ သူအလုပ်နားသည့်ရက်များတွင် ဆိုင်အလုပ်ကို ဝိုင်းကူသည်။ ဆိုင်တာဝန်ခံ အာကာသည်လည်း ထိုင်းစကားကို လည်လည်ပတ်ပတ် မပြောတတ်လေရာ မြန်မာလုပ်ငန်းခွင်များသို့ လှည့်လည်ရောင်းချသော ထိုင်းစျေးကား၊ ထိုင်းဖောက်သည်တို့ စျေးဝယ်လာသည့်အခါ မြန်မာပစ္စည်းတို့ကို ထိုင်းလိုခေါ် ပြောတတ်သော အောင်ချို့ကိုပင် အားကိုးရသည်။ ထို့ပြင် အမ်မခန်အရပ်က ကျနော်သီးခြားနေသောအိမ်မှာ ရေပိုက်ပျက်လျှင် မီးပျက်လျှင် ပြင်ဆင်ပေးသည်။ သူသည် သေတ္တာမှောက် အကုန်လုပ်တတ်သည်။ ဖူးခက်ရောက် မျက်နှာဖြူတို့ အိမ်အသစ်ဆောက်လိုလျှင်၊ ပြင်ဆင်လိုလျှင် အောင်ချိုက ပုတ်ပြတ် စံနစ်ဖြင့် လက်ခံဆောင်ရွက်ပေးသည်။ သူ့လက်အောက်မှာ အလုပ်သမား ဆယ်ယောက်ခန့်ရှိ သည်။ အောင်ချို့အဖေမှာ လက်သမားဆရာဖြစ်၍ အဖေကို ဝိုင်းကူရင်း လက်သမား အတတ်ကို သူတတ်မြောက်ခဲ့ဟန်တူသည်။

အောင်ချိုကား ဖူးခက်သို့မရောက်မီ စံခလပူရီအမည်ရှိ ထိုင်းနယ်စပ်မြို့ကလေးမှ ထိုင်းရဲတပ်ကြပ်ကြီးတစ်ယောက်ပိုင် ကြက်ခြံတွင် နှစ်နှစ်ခန့် အလုပ်လုပ်ခဲ့သည်ဟု ဆိုပါသည်။ ထိုစဉ်က သူ့အသက်မှာ ဆယ့်ငါးနှစ်ဝန်းကျင်ပင် ရှိဦးမည်။ အောင်ချိုသည် လစာဟူ၍ မယ်မယ်ရရ မရခဲ့။ သူနေ့စဉ်မှီဝဲရာကား တစ်လုံးကို နှစ်ဘတ်ခန့်တန်သော ကြက်ဥတည်း။

www.burmeseclassic.com

www.burmeseclassic.com

လေးငါးခြောက်လ ဆက်တိုက် လုပ်ခမရသည့်အခါအောင်ချိုသည် ကြက်ခြံမှ ထွက်ပြေးလျက်၊ ရာဘာခြံတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်နေရာမှ ကြက်ခြံပိုင်ရှင် ထိုင်းရဲဟပ်ကြပ်ကြီးက ပြန်တွေ့သွားပြီး မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်ရုံမက ပါးစပ်ထဲမှ သွေးအန်သည်အထိ ရိုက်နှက် ကန်ကျောက်ခြင်းခံရကာ ကြက်ခြံကိုပြန်ရောက်သွားပြန်သည်။ ကြက်ခြံတွင် နောက်ထပ် တစ်နှစ်ကျော်ကြာရပြန်သည်။ နောက်တကြိမ်တော့ ထိုင်းရဲ၏ ကြက်ခြံမှ အောင်မြင်စွာ ထွက်ပြေးနိုင်ခဲ့ပြီး ဖူးခက်သို့ရောက်လာသည်။

(၃)

ငယ်ငယ်ရွယ်ရွယ်နှင့်ပင် လောကခံ၏ ထုထောင်းရိုက်ပုတ်မှုကို ခံစားခဲ့ရခြင်း ကြောင့်ပင် ဖြစ်ပေမည်။ အောင်ချိုသည် ကြက်ဥကို အမုန်းကြီးမုန်းလေ၏။တခါတရံ ဖူးခက် မှ တုန်တိုက်ကြီးများတွင်ကျနော်ကြက်ဥဝယ်သည့်အခါ "ဦးလေးရာ၊ စားစရာရှားလွန်းလို့ ကြက်ဥမှ ဝယ်စားရသလား" ဟုကျနော့်ကို တအံ့တဩမေးတတ်၏။ထို့အပြင် ကျနော့် မိတ်ဆွေ ထိုင်းရဲများဖုန်းဆက်၍ ကျနော့်ထံမှ အရက်ဘီယာအလှူခံသည့်အခါများတွင် ကျနော်က တောင်းတာများလွန်းသဖြင့် တလုံးစနှစ်လုံးစလျှော့ရန် ထိုင်းစကားလည်လည် ပတ်ပတ် ပြောတတ်သော အောင်ချို့ကို တယ်လီဖုန်းမှ ပြန်၍ဈေးဆစ်ခိုင်းရသည်။ ကျနော် ထိုင်းဘာသာစကားကို လုံးစေ့ပတ်စေ့ နားမလည်သော်ငြား ထိုအခါမျိုးတွင် အောင်ချိုသည် ထိုင်းရဲတို့အလိုကို ဆန့်ကျင်ပြောဆိုလိုခြင်းမရှိကြောင်း သိသိသာသာပျက်နေသော သူ့ မျက်နှာကိုကြည့်ကာ  အကဲခတ်နိုင်လေသည်။ သူ ထပ်ချည်းတလဲလဲ တုန့်ပြန်ပြောနေသံ တား "ခပ်ဖုန်" "ခပ်ဖုန်" (ဟုတ်ကဲ့ပါခင်ဗျာ) ဟူသတည်း။

ရက်စွဲအတိအကျမမှတ်မိသော လွန်ခဲ့သောခြောက်လခန့်က နေ့တနေ့တွင် အမ်မခန် လမ်းမကြီးပေါ်တွင် အောင်ချို ကားတိုက်ခံရသည်။ လာပိုင်အရပ်က ကိုချာလီတို့အိမ် အလှူမှာ ကျနော်မုန့်ဟင်းခါးစားနေရင်း အောင်ချို့သတင်း ဖုန်းဝင်လာခြင်းဖြစ်သည်။ လုပ်ငန်းခွင်ရှိရာသို့ မော်တော်ဆိုင်ကယ်ဖြင့်အသွား နောက်မှကားက သူ့ကို ဝင်တိုက် သွားသည် ဟုဆိုပါသည်။ တိုက်သောကားမှာ မရပ်ဘဲဘွက်ပြေးသွားပြီး အောင်ချိုမှာ ဆေးရုံပေါ်တွင် သတိမေ့နေသည်ဆို၏။ ကျနော်က စားလက်စမုန့်ဟင်းခါးကို လက်စ သတ်၍အောင်ချိုရှိရာ ဆေးရုံသို့သွားရန်ပြင်ဆင်နေဆဲမှာပင် အောင်ချိုပြန်လာနေပြီဟု ဖုန်းဝင်လာပြန်ပါသည်။ ကျနော့်ဈေးဆိုင်အပေါ်ထပ်က အောင်ချို့အိပ်ခန်းသို့ ကျနော် ရောက်သည့်အခါ အိပ်ရာပေါ်မှာ မှေးနေသော အောင်ချို့ကိုတွေ့ရသည်။ ဆိုင်ကယ်ပေါ်မှ လွင့်စင်ကျသွား ပြီး ကတ္တရာလမ်းမနှင့် ဦးခေါင်းရိုက်မိထားသည်ဟု သူ့ ဘေးမှာထိုင်နေသော သူ့သူငယ်ချင်း ကဆိုပါ သည်။ အမှန်စင်စစ် ဦးခေါင်းဒဏ်ရာရရှိသူအား ဆေးရုံတွင် နှစ် ရက်တန်သည် သုံးရက်တန်သည်  ခေါင်းမူးနေခြင်း ရှိမရှိ အစာအန်ခြင်း ရှိမရှိ စောင့်ကြည့် ရသင့်သော်လည်း တာဝန်ကျ ဆရာဝန်က မြန်မာမုန်းသိသည်နှင့် သတိရလျှင်ရခြင်း ပြန် လွှတ်လိုက်ဟန် တူလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အောင်ချိုသည် နောက်နေ့တွင်လည်း ဘာမှစကားမေးမရ အူကြောင်ကြောင် ဖြစ်နေလေ၏။ သူ ကျနော့်ကိုပြန်၍ "ဦးလေး ကျနော်ဘာဖြစ်နေတာလဲ၊ ဘာကြောင့် ဦးလေးတို့အခန်းကို ကျနော်ပြန်ရောက်နေတာလဲ" ဟုသာ ထပ်ချည်းတလဲလဲ မေးရှာသည်။ လေးငါးရက်နေမှ ပုံမှန်အခြေအနေ ပြန်ရောက်သည်။ သူ့ဖြစ်ပုံနှင့်ပတ်သက်၍ အမ်မခန်ဖက်ကို ဆိုင်ကယ်ဖြင့်အသွား နောက်မှတစုံတခုက သူ့ကို အုန်းကနဲနေအောင် ဝင်တိုက်လိုက်သည်ဟုသာ ပြောနိုင်တော့သည်။

အောင်ချို့ကို တိုက်သွားသည့်ကားကိုလည်း မစုံစမ်းဖြစ်တော့ပါ။ စုံစမ်းနိုင်သည့်တိုင် ယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ဆိုင်ကယ်မောင်းသည့် အောင်ချိုအဖို့ လျော်ကြေးရရန် အကြောင်းမမြင်ချေ။ ဖွတ်သည်ထက်ညစ်စရာ ဖြစ်လာပြန်သည်ကား ရှိစုမဲ့စု ငွေဖြင့် ဝယ်ထားသော ဆိုင်ကယ်ကို အခင်းဖြစ်ပွားရာနေရာတွင်ရဲက သိမ်းသွားပြန်သဖြင့် ဆိုင်ကယ်ပါ ဆုံးမည့် အခြေအနေဆိုက်လာခြင်းပင်။ ရဲစခန်းကိုလိုက်လျှင်လည်း ကားတိုက်ခံရသောလူနာ အမှုပြန်ပတ်ပေတော့မည်။ ကျနော်အသိမိတ်ဆွေထိုင်းရဲများအကူအညီဖြင့် သူ့ဆိုင်ကယ် ပြန်ရွေးပေးမည့်အကြောင်း အောင်ချို့ကို စကားကမ်းသော်လည်း စကားပြန်မရချေ။ အချိန်မှီ ပြန်မဆပ်နိုင်မည့်အရေးကို သူတွေးပူပန်ဟန်ရှိလေ၏။

(၄)

ဤသို့လျှင် ဆယ့်ငါးရက်ခန့် အကြာတွင်မူ အောင်ချိုကိုတိုက်သွားခဲ့သည့် ကားသမားသည် ကျနော့်ဆိုင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါတော့သည်။ ရောက်လာရသည့် အကြောင်းကား အောင်ချို့ကြောင့် ပျက်စီးသွားသည့် ကားရှေ့ပိုင်းအတွက် လျော်ကြေးရလို့မှတည်း။ ကြားစကသော် ကျနော်နားကိုပင် ကျနော်မယုံနိုင်ချေ။ တခုခုမှားယွင်း နေလေသလော။

လူမှားနေလေသလော။ သေချာဂဃနဏ စုံစမ်းသိရှိလာရသည့်အခါ လျော်ကြေးလာတောင်းကြောင်း သေချာလေသည်။ ထိုင်းကားသမားသည် သူတိုက်ခဲ့သော ဆိုင်ကယ် မောင်းသူမှာ မြန်မာဖြစ်ကြောင်း စုံစမ်းမိသွားဟန်ရှိပါ၏။

အကယ်၍ အောင်ချို့နေရာတွင် ထိုင်းလူမျိုးတယောက်ဖြစ်ပါမူ ကားတိုက်ခံရမှုအတွက် သေချာပေါက်လျော်ကြေးရပေလိမ့်မည်။ ယခုမူကား တိုက်သွားသောကားက အတိုက်ခံရသောလူနာကို လျော်ကြေးအဖြစ် ထိုင်းဘတ်ရှစ်ထောင် တောင်းနေလေ၏။ မြန်မာဖြစ်ရ သော ဒုက္ခကားကြီးလေစွ ။

အောင်ချိုကား ထိုင်းဘတ်ရှစ်ထောင်ပေးလျော်နိုင်သော အခြေအနေမရှိလေရာ လျော်ကြေးကို လျှော့ပေါ့ပေးပါမည့်အကြောင်း တိုးလျှိုးတောင်းပန်သော်ငြား ကားပိုင်ရှင်မှာ တင်းသားမျှမလျှော့ဟုဆိုကာ တင်းခံနေလေသည်။ အဖြစ်အပျက် အလုံးစုံကို ကြားနေမြင်နေရသော ကျနော့်မှာ မခံမရပ်နိုင်လွန်းသဖြင့် ကားမောင်းသူနှင့်ကျနော် ထိပ်တိုက်ရင်ဆိုင်ရန် အောင်ချို့ကိုပြောသော်လည်း "ဦးလေးဝင်ပါရင် ပိုဆိုးကုန်မယ်" ဟုဆိုလေသဖြင့် ကျနော့်မှာ

www.burmeseclassic.com

www.burmeseclassic.com

ရှေ့မတိုးသာပြန်ချေ။ နောက်ဆုံးတွင်ကား အောင်ချိုက အမှုဖွင့်လိုလျှင် ဖွင့်စေတော့၊ မလျော်နိုင်ပါဟု တင်းခံလိုက်သဖြင့်တဖက်မှ အသံတိတ်သွားလေသည်။

နောက်သုံးလခန့်အကြာတွင်မူ အောင်ချိုတယောက် သူ့ဇာတိမော်လမြိုင်သို့ အပြီးပြန်သွားပါလေတော့သည် ။သူပြန် ခါနီးအချိန်၌ "ဦးလေးရယ်၊ အဖေသေတုန်းကလည်း အလောင်းတောင်မမြင်လိုက်ရပါဘူး၊ အခုလည်း အမေက မမာမကျန်းနဲ့၊ တခုခုဖြစ်သွားရင် ကျနော်ဖြေနိုင်မှာမဟုတ်ပါဘူး၊ ဗမာပြည်မှာပဲ ရရာအလုပ်လုပ်စားပါတော့မယ်" လေသံတိုးတိုး ညှိုးညှိုးငယ်ငယ် ပြောသွားခဲ့သည် ။

(၅)

ကျနော်ရောက်နေသော ဖူးခက်မြို့ကြီးတွင် မြန်မာတို့၏ဘဝသည် လွန်ခဲ့သော အနှစ်လေးဆယ်ဝန်းကျင်ကသော် ဤသို့မဟုတ်ဟု ဆိုကြပါ၏။ ကျနော့်ထံမှ မြန်မာပစ္စည်း လက္ကားဝယ်နေသူသော ဦးသိန်းအောင်သည် လွန်ခဲ့သောအနှစ် လေးဆယ်ခန့်က ဖူးခက်သို့ရောက်ကာ ထိုင်းအမျိုးသမီးတဦးနှင့် အကြောင်းပါခဲ့သူဖြစ်သည်။ သူထိုင်းနိုင်ငံသို့ ရောက်ခဲ့ပုံနှင့်ပတ်သက်၍ " ကျနော်က ဆင်ကြယ်ဖိနပ်စီးချင်တာကို အိမ်ကဝယ်မပေးတာနဲ့ စိတ်ကြီးပြီး ထွက်လာလိုက်တာ ထိုင်းကိုရောက်လာတာပါပဲ။ အဲဒီတုန်းက ဗမာပြည်မှာ အလုပ်အကိုင်ပိုကောင်းတယ် ဆရာရဲ့။ ငွေရှာရတာလည်း ထိုင်းမှာထက်လွယ်တယ်။ ဗမာငွေတကျပ်ကို ထိုင်းငွေ သုံးလေးကျပ်တန်တယ်ဆရာ။ ကျနော်တို့ခေတ်က မြန်မာဆို ထိုင်းအမျိုးသမီးတွေက သိပ်သဘောကျကြတာဆရာရဲ့။ ထိုင်းတွေဗမာကို အထင်ကြီးနေရတဲ့ အချိန်ပေါ့။ အခုတော့ဆရာရယ်၊ ထိုင်းမှာ ဗမာ တယောက်သေတာ ခွေးတကောင်သေတာလောက် တောင် အရေးမပါတော့ပါဘူး" ဟု ဆိုဖူးလေသည်။ နှစ်ပြည်ထောင် အခြေအနေတို့ကား မိုးနှင့်မြေပမာများစွာခြားနားခဲ့လေပြီ ။

"ဇာတိမာန်"ဟူသော စကားကိုကြားရုံဖြင့်ပင် လိပ်ပြာနှင့် နှိုင်းယှဉ်အပ်သည့် ကျနော်၏ စိတ်ဝိညာဉ်သည် ငွားငွားစွင့်စွင့် ပွင့်လန်းလျက်ရှိသော ပဒုမ္မာကြာပွင့်ဆီသို့ ခိုဝင်လိုပါလျက် ပန်းမာလ်ကင်းသော၊ လူသူကွယ်ရာတောအုပ်တွင်းသို့ ညှိုးငယ်စွာ ပျံသန်းပြေးလွှားပုန်း အောင်းသွားရသော ပျားပိတုန်းပမာရှိလေ၏။

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ။ မေ(၂၈) ၊ ၂၀၁၃၊)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရေးတော်ပုံထဲက အမေ

၂၀၀၄ခုနှစ်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့။

တစ်ခုသော နံနက် တည်းရိပ်သာမှအထွက် ခပ်ကြကြ ဘန်ကောက်နှင်းကြွင်းတို့က ကျွန်တော့်ကို မိတ်ဝတ်မပျက် နှုတ်ဆက်ကြပါသည်။ Suchumuvit လမ်းမကြီးပေါ် အရောက်တွင် အသင့်တွေ့သော အငှားကားကို အားသလား လက်ဟန်ပြသည်။ ကားတံခါး ဖွင့်ဝင်ထိုင်ရင်း "ဒွန်မောင်း အဲယားပို့" ဟုပြောလိုက်တော့ ယာဉ်မောင်းက "ခပ်. . . ခပ်" ဆိုကာ လေဆိပ်သို့ ခပ်မြန်မြန်မောင်းနေလေသည်။

ထို့အတူ နေ့သစ်တစ်နေ့သည်လည်း ကျွန်တော့်ထံသို့ အရှိန်တစ်ခုဖြင့် ပြေးဝင်လာနေ ချေ၏။ နံနက်၈း၀၀နာရီတွင် ဘန်ကောက်မှ၊ စင်္ကာပူသို့ထွက်ခွာမည့် T.G 403 တွင် လိုက်ပါရန် ဒွန်မောင်းလေဆိပ်ကို ၆း၃၀ မှာ ကျနော်ရောက်သည်။ ဂိတ်အထပ်ထပ်ကို ဖြတ်ပြီး နောက်ဆုံးလေယာဉ်ပေါ် ရောက်တော့ ကိုယ့်ခုံမှာကိုယ်ထိုင်ရင်း စောစောက လေယာဉ် အဝင်ဝမှာ ယူခဲ့သော "ဘန်ကောက်ပို့စ်" ကို စမ်းဖတ်သည်။

သို့သော် စိတ်က စာထဲကိုမရောက်။ ယခုခရီးစဉ်သည် ကျွန်တော်၏ ဒုတိယအကြိမ် ဘန်ကောက်၊ စင်္ကာပူခရီးစဉ်ဖြစ်ပါသည်။ ပထမအကြိမ် Cathay Pacific Airline ကို စီးစဉ်က လူတစ်ထောင်နီးပါးဆန့်နိုင်သည့် လေယာဉ်ကြီးအတွင်းမှ ခုံတွေကို

www.burmeseclassic.com

www.burmeseclassic.com

ရေကြည့်၊ အခန်းတွေ အထပ်တွေနဲ့ မြောက်ပြီး ကျွန်တော် တော်တော်အံ့သြခဲ့သည်။ ယခု T.G မှာ Cathay နှင့် မတိမ်းမယိမ်းမို့ ကျွန်တော့်စိတ်ထဲ သိပ်မထူးခြားတော့။ ခရီးမထွက်မီ ညများဆို ကျွန်တော် အိပ်မပျော်တတ်။ ကျွန်တော် ဝိုက်ချင်လာပါသည်။ ဝိုက်စမှာပင် လေယာဉ် စထွက်ပါသည်။ လေထုထဲကို လေယာဉ်ရောက်တော့ ကျွန်တော် အိပ်ပျော်နေပြီ။

"ပင်လယ်စာဆိုရင် ရှင်နှစ်သက်ပါသလား" ဟူသော လေယာဉ်မယ်၏အသံကြောင့် ကျွန်တော်နိုးလာပါသည်။ "ဟုတ်ကဲ့ဗျာ ပင်လယ်စာ ကျွန်တော်ကြိုက်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊" ဆိုတော့ ထမင်းဘူး၊ သစ်သီး၊ ကော်ဖီတွေပါသည့် အစာဗန်းလာချသည်။ ကျွန်တော် လေယာဉ်မယ်ကို ကျေးဇူးတင်ပါတယ် ဆိုခဲ့ခြင်းမှာ ယဉ်ကျေးမှုအရ ဝတ်ကျေတန်းကျေ ပြောခဲ့ခြင်းမဟုတ်ပါ။ ညက ဘာမှမစားခဲ့၍ ကျွန်တော် တော်တော်ဆာနေပြီ။ကော်ထမင်းဘူး အပေါ် ဖုံးထားသည့် လချေးပြားငွေရောင်ကို တဖြည်းဖြည်း စမ်းခွာလိုက်ပါ သည်။ ဘာများ ပါလိမ့်။ ခေါက်ဆွဲကြော်လား၊ ထမင်းနဲ့ဟင်းလား၊ မဟုတ်ပါ။ ဆန်ပြုတ်ကို ပုဇွန်အပါအဝင် ပင်လယ်စာတချို့ဖြင့် စီမံထားခြင်းဖြစ်ပါသည်။ ဇွန်းငယ်ဖြင့် အသာခပ်၍ ကျွန်တော် မြည်းလိုက်ပါသည်။ အလွန်ဆာလောင်နေသော ကျွန်တော့်လျှာပေါ်မှာ ထူးထူးခြားခြား အရသာတစ်မျိုးကို ခံစားရသည်။ ကျွန်တော် ဆန်ပြုတ်ကို သေချာစပ်စုသည်။ ပုဇွန်ကျော ထက် အနည်းငယ်ကြီးသော ပုဇွန်တုပ်ကွေး၊ ကင်းမွန်ခေါ် ပြည်ကြီးငါးအဖတ်၊ အမည်မသိ ငါးအသားတုံးငယ်အချို့နှင့် အစိမ်းရောင်အဖတ်ခြောက် တချို့။

အပေါ့အငန်အရသာ အတော်မျှသောဆန်ပြုတ်၊ မငန်သော အစာဖြစ်၍ သွေးတိုး သမားအတွက် ဓာတ်စာအာဟာရ အရသာရှိလှသော ဆန်ပြုတ်၊ သွေးတိုးဝေဒနာသည် အတွက် လိုက်ဖက်သော ဆန်ပြုတ်။ စိတ်ဆိုသောအရာကား ဆန်းကြယ်လှပါသည်။ အဆိုပါ ဆန်ပြုတ်ကို ကျွန်တော့်အမေအား ကျွေးမွေးချင်သော စိတ်သည် ရင်၌ရုတ်ခြည်း ပေါ်ပေါက် လာပါသည်။ ပြင်းထန်လွန်းသော သွေးတိုးရောဂါကြောင့် ဝေဒနာခံစားနေခဲ့ရသည့် ကာလ များတွင် အမေနှင့်တည့်မည့် ဓာတ်စာကို ကျားကုတ်ကျားခဲ ကိုယ်တိုင်ရှာခဲ့ဖူးသော ကျွန် တော်သည် ရုတ်တရက် တွေ့လိုက်ရသော၊ အမေနှင့် သင့်တော်လှသော အစာကိုမြိုမကျ တော့ပါ။ ကျွန်တော့်ရင်ထဲမှာ ဆို့တက်လာပါသည်။ မျက်ရည်တို့ ဝေ့လာသည်။သို့သော် ကျွန်တော့် ရင်မှာ ပူဆွေးသောကမဖြစ်။ မိခင်ကိုပြင်းထန်စွာ သတိရသောစိတ်ဖြင့် အေးချမ်း စွာ ဆို့နင့်နေလေ၏။ T.G လေယာဉ်ကြီးပေါ်မှ ကျွန်တော့်စိတ်အစဉ်သည် လေယာဉ်ကြီး၏ အရှိန်ထက် အဆပေါင်းများစွာ မြန်သောအဟုန်ဖြင့် သံသရာခရီးရှည်ကို ကြိုထွက်သွားနှင့် သော မိခင်ထံသို့ ဒုန်းစိုင်းသွားလေသည်။

... ... ...

အမေကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။

ကမ္ဘာကျော် ရာဇဝင်ဆရာတို့ အမူမော်ကွန်းတင်အပ်သော၊ မည်သည့် ကျမ်းတစ်စောင် ပေတဖွဲ့တွင်မျှ အမေ့နာမည်ကို ထည့်သွင်းရေးဖွဲ့ထားခြင်းမရှိပါ။ သို့သော် အမေသည်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဘဝတွင် သင်ရိုးလက်ကိုင်အဖြစ် အမြဲအသုံးတည့်နေမည့် ကျွန်တော့် ဘဝသမိုင်း၏ ကျမ်းပြုဆရာဖြစ်ပါသည်။ စင်စစ် အမေသည် စာမတတ်သော ကျမ်းပြုဆရာ အကျော် အမော်ဟု ကျွန်တော်ဆိုချင်ပါသည်။

မှန်ပါသည်။ အမေသည် စာမတတ်ပါ။ သေစာရှင်စာမျှပင် ကွယ်လွန်သည်အထိ တတ်မသွားရှာပါ။ ဗမာနိုင်ငံတစ်ဝန်း၊ အသုံးလုံးလှုပ်ရှားမှု ကာလများဆီက အမေစာတတ် ရေး အတွက် ပညာရေးဝန်ထမ်းဖြစ်နေသော ကျွန်တော်သည် အပြင်းအထန် လုံးပမ်းခဲ့ဖူး သော်လည်း မအောင်မြင်ခဲ့ပါ။ မအောင်မြင်လျှင် မချင့်မရဲဖြစ်တတ်သော ကျွန်တော်က "အမေရယ် အမေ့ညီမ ဒေါ်လှရင်တောင် တတ်သေးတာပဲ မတတ်တတ်အောင် သင်ကြမယ် အမေရာ" ဟု အားတင်းပါသည်။ ထိုအခါ အမေက "ဩော် . . . ငါ့သားရယ် လှရင်က ဉာဏ်ကောင်းတယ်သားရဲ့။ အမေက ကကြီး ကခွေးဆိုနေတုန်း သူ့ ထဆင်ထူးတို့ တဝမ်းပူတို့ တတ်နေပြီ သားရဲ့။ ဆရာက ဆိုခိုင်းလိုက်ရင်လည်း ဂျောင်းဂျောင်းကို ပြေးနေတာပဲ။ ကဲပါသားရယ် . . . အမေစာမတတ်လည်း ငါ့သားက စာတတ်တာပဲ။ ငါ့သားတတ်တာ အမေတတ်တယ်လို့ပဲ သဘောထားလိုက်တော့"

အမေနားချတော့ အမေ့ကို ဘာမှမပြောရက်ဘဲ ကျွန်တော် အမေ့မျက်နှာကို စိုက်ကြည့် နေမိပါသည်။ ကျွန်တော့်စိတ်ထဲတွင်မူ စာတတ်တယ်ဆိုတာ . . . . . . အစချီ၍ ဦးကျည် ပွေ့၊ ဟယ်လင်ကဲလား စသော အကြောင်းတွေ ပေါ်လာပြီး အမေ့ကို အားမလိုအားမရ ဖြစ်ခဲ့လေသည်။ ခက်တာပဲ အမေရာ . . . ဘဝမှာ ဘာမှမဖြစ်တော့ပါဘူး ဆိုပြီး လက် မလျှော့ရဘူး အမေရဲ့၊ ဘယ်လောက်ခက်ခက် ရင်ဆိုင်ကျော်လွှားရတယ်။ ဟိုးရှေးရှေး တုန်းက. . . . စစ်ရှုံးဘုရင်ကြီး တစ်ပါးဟာ . . . ဂူထဲမှာ ပုန်းနေတုန်း ပင့်ကူတစ်ကောင် . . . ။

ကျွန်တော့်စိတ်ထဲမှာ တိတ်တိတ်ကျိတ်၍ အမေ့ကို ဆရာလုပ်နေခဲ့မိလေသည်။ သို့သော် အမေသည် လွယ်လွယ်နှင့် လက်လျှော့တတ်သူဟူသော . . . အမေ့အပေါ် ကျွန်တော့် အထင်သည် တက်တက်စင်အောင် လွဲခဲ့ပါ၏။ ကျွန်တော် ဆယ်တန်းကျောင်းသားဘဝ၊ ညီ အစ်ကိုမောင်နှမ ခုနစ်ဦးတွင် ခြောက်ယောက်က ကျောင်းနေတုန်း၊ မိုးရာသီ၏ တစ်ခုသော ညနေတွင် ကျွန်တော်တို့ မိသားစုကမ္ဘာမှာ နေခုနစ်စင်းထွက်ပြီး မီးလောင်သည်။ မျက်စိ အောက်က အကောင်းပကတိ အိမ်မှ အလုပ်သို့ထွက်သွားသော အဖေသည် နာရီဝက်မပြည့်မီ ကားတိုက်လို့ ဆုံးပြီဟူသော သတင်းရောက်လာသည်။

လင်ယောကျ်ားအားကိုးဖြင့် တောကြိုအုံကြားက အရဲစွန့်တက်လာခဲ့သောအမေ ရွှေ တောင်ရော ငွေတောင်ရော စကောပါ မကျန် ပြိုလဲကုန်ပြီ။ နာရေးကိစ္စကို စမ်းတဝါးဝါး လုပ်နေရင်း ဆွေမျိုးမိတ်ဆွေ လာသမျှပရိသတ်က "ရွှေညာသူ ဘာဆက်လုပ်မှာလဲ၊ ကျောင်း သားတွေက တပြုံကြီး ရှာပြန်ရင်ကော၊ အကြီးကောင်တွေ ကျောင်းထုတ်" လောကွတ်လုပ်တာ ပြောမလား၊ ဉာဏ်စမ်းပဟေဠိထုတ်သည်လား မသိ၊ ညှိပရိသတ်၊ ဆွေမျိုးနီးစပ်တို့၏


www.burmeseclassic.com

www.burmeseclassic.com

အမေ့စကားတို့သည် အမေ့ကို စစ်မျက်နှာပေါင်းစုံမှ သွေးတိုးစမ်း ပစ်ခတ်တိုက်ခိုက် နေသကဲ့သို့ ဖြစ်နေလေသည်။

အမေကား မည်သို့မျှ တုံ့ပြန်စကားမဆို၊ တုတ်တုတ်မျှမလှုပ်၊ အမေနှုတ်ဆိတ်လေ အမေ့ကို ကျနော်အားမလိုအားမရ ဖြစ်လေ၊ ပူပန်သော ပတ်ဝန်းကျင်၏ မေးခွန်းသံတို့က ပိုမိုကျယ်လောင်လာလေလေ။ ကျွန်တော်တို့ မွေးချင်းတစ်သိုက်ကား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ယောင်နနဖြစ်နေကြသည်။

သို့နှင့် ရက်လည်ဆွမ်းသွတ်ပြီးသည့်နေ့ ညတွင် အမေသည် သားသမီးခုနစ်ယောက်ကို စုရုံးလျက် နူးညံ့တိုးညှင်းသော်လည်း ခိုင်မာပြတ်သားသောအသံဖြင့် ဥပဒေကဲ့သို့ အာဏာတည်သော၊ ကျွန်တော်တို့ မိသားစုဘဝတွင် ကမ္ဗည်းတင်အပ်သော၊ မော်ကွန်းတကာတို့တွင် အထွတ်အမြတ်ဖြစ်သော အောက်ပါ သမိုင်းဝင် သဘောထားကြေညာချက် ၏ကို ထုတ်ပြန်ကြေညာခဲ့လေသည်။

"အမေနဲ့ အေးရီ (ကျနော့်အမအကြီးဆုံး) ပဲ ဈေးဆက်ရောင်းမယ်။ အားလုံး ကျောင်းပြန်တက်ကြ။ မင်းတို့အဖေက သားသမီးတွေအားလုံး ပညာတတ်ကြီးတွေ ဖြစ်စေချင်တာ၊ တောပြန်ရင် အမေ့လို ကကြီး ပုတ်လောက်ရေးပြရင်တောင် ဘာမှန်းမသိဘဲ ဖြစ်နေမယ်၊ မနက်ကျောင်းသွားကြ၊ ကဲအိပ်ကြတော့"

... ... ...

ဆုံးပါးသွားသည့်အချိန်အထိ ရန်ကုန်ကတ္တရာလမ်းကို ကိုယ်တိုင် တစ်ကြိမ်မျှ မဖြတ်ခဲ့ဖူးသော အမေ၊ အလောင်းတော်ရာမ ရုပ်ရှင်တစ်ကားမှလွဲ၍ မည်သည့်ရုပ်ရှင်ရုံတွင်မျှ မကြည့်ခဲ့ဖူးသောအမေ၊ သည်အမေသည် ဘဝနှင့်ပတ်သက်သော နရီပုစ္ဆာတို့ကို မည်ကဲ့သို့ မှန်ကန်စွာ ချိန်ဆတွက်ချက်တတ်ခဲ့ပါသနည်း။ ကျွန်တော့်အဖို့ ဂဏ္ဍဝင်တွင်ရစ်နေသောပုစ္ဆာ။

အမေသည် အလွန်နူးညံ့သူဖြစ်ပါသည်။ သို့သော် ပျော့ညံ့သူတော့ မဟုတ်ပါ။ အမေသည် ပညာပေးခြင်း၊ စည်းရုံးဟော ပြောခြင်းနည်းတို့ကို ကိုင်စွဲပါသည်။ သို့သော် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကိုပေးရန် ဝန်လေးသူလည်း မဟုတ်ပါ။ ထို့ထက်ပို၍ ထိုပြစ်ဒဏ်ကြောင့် မည်သည့် အကျိုးဆက်ဖြစ်ပေါ်သည် ဆိုသောအချက်ကိုလည်း မျက်ခြေမပြတ်ပါ။

မြင်သာသော ဖြစ်ရပ်တစ်ခုကို ဥပမာဆောင်လိုပါသည်။ ကျွန်တော် အပါအဝင် ညီအစ်ကိုအားလုံး ပွဲကြိုက်မောင်တွေ ချည်းဖြစ်ကြလေရာ သည်အထဲမှာ ကျွန်တော်က အဆိုးဆုံး။ ချစ်တီးဘုရားကွင်းမှာ ပွဲသွင်းသည့်ကာလများဆို မနက်ငါးနာရီ ကျော်၊ နောက်ပိုင်းရာဇဝင်ဇာတ်သိမ်းမှ အိမ်ပြန်တတ်သည်။ ရွှေမန်းတင်မောင်၊ ရွှေမန်းကျော် အောင်တို့ဆိုအမျိုးလိုလို စိတ်ထဲထင်နေပြီ။ ခဏခဏ ပွဲခိုးကြည့်တော့ အမေက "ပွဲကြည့်ချင်တယ်ဆိုလည်း တစ်ရက်တလေပေါ့ ငါ့သားတို့လွန်နေပြီ။ နောက်နေ့သွားရင် အမေ့ကို အဆိုးမဆိုကြနဲ့" အမေ၏ ပညာပေးစည်းရုံးတားမြစ်မိန့် ထွက်လာခြင်းဖြစ်သည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကမကြောက်။ ပွဲကြိုက်မြဲ၊ ပွဲခိုးကြည့်မြဲ။ တစ်ခုသောနံနက် ၆နာရီဝန်းကျင်မှာတော့၊ ကျနော်ပွဲမှ အပြန်၊ အမေမသိအောင် အိမ်ထဲပြန်ခိုးဝင်၊ အိပ်ရာထဲဝင်အိပ်၊ နာရီဝက်တောင် မရှိ ထင်သည်။

"လူလေး မင်းဒင်၊ ထတော့သား စားစရာရှိတာ ထစား"

အမေက ကျွန်တော့်တင်ပါးကို ပုတ်ရင်းနှိုးပါသည်။ ကျွန်တော် မျက်လုံးမဖွင့်နိုင်။ "လူလေး ထတော့ . . . အမေ ဈေးသွား တော့မယ် . . . ထ . . . ထ" အမေထပ်နှိုးရင်း အိမ်ရှေ့ခန်းမှာ ဘုရားစရှိခိုးပြီ။ ဘုရားရှိခိုးဆုံးခါနီး အမျှဝေနေရင်း ကြားဖြတ်၍ "မင်းဒင် အမေနှိုးနေတယ်နော်" နှစ်ကြိမ် ပြင်းထန်စွာသတိပေးပြီ။ မင်းဒင်မထနိုင်။ မျက်လုံး ဖွင့်မရ။ မကြာပါ။ အမေသည် လုပ်သင့်သော အလုပ်ကို ပြတ်သားစွာ ဆောင်ရွက်ပါသည်။လက်နှစ်လုံး စာရှိ ဝါးခြမ်းပြား နှစ်ခြမ်းတွဲသည် ကျွန်တော့်ကျောနှင့် တင်ပါးပေါ် သို့ အရှိန်ပြင်းစွာ ကျလာပါသည်။

"အမလေး. . . ကြောက်ပါပြီ အမေရာ"

"အခုမှ မကြောက်နဲ့၊ အချိန်မရှိ အချိန်ရှိ သွားချင်ရာသွား၊ လာချင်ရာလာ မအေလုပ်တဲ့သူက ဘာများဖြစ်နေသလဲ၊ စိတ်တထင့်ထင့်နဲ့မျှော်၊ ပါးစပ်နဲ့ဆုံးမတော့ ဖင်ကြား လေသွားတယ်မမှတ်ဘူး။ ကဲ၊ အခု မှတ်ပြီလား"

အမေ၏လက်ရာသည် အဆိုအပြောသက်သက်၊ အတီးသက်သက်မဟုတ်ပါ။ ဆိုတီးတီးနေခြင်းဖြစ်၍ ကျောကော့အောင် ခံပေတော့၊ တစ်ခါတရံ ငါးမိနစ်လောက် ရပ်သွားပြီးမှ ကိုရီးယား အခန်းဆက်ဇာတ်လမ်းများလို မြည်တွန်တောက်တီးလိုက်၊ ရိုက်လိုက်၊ နားလိုက်နှင့် အခန်းဆက်တတ်ပါသည်။

ဟန်ဆောင် ဖွဖွရိုက်ခြင်းမဟုတ်၊ အမှန်အကန် အပီအပြင်အုပ်ခြင်းဖြစ်၍ ကျွန်တော့် တစ်ကိုယ်လုံး အရှိုးချင်းထပ်တော့မှ အမေ ဈေးထွက်သွားသည်။ အမေဈေးပြန်လာတော့ မှုန်တေတေ ခပ်ကုပ်ကုပ်နှင့် မှောင်မိုက်မှာ ငိုမဲ့မဲ့ဖြစ်နေသော ကျွန်တော့်ကို ညင်သာစွာ လှမ်းခေါ်ရင်း ချော့မော့ ဆုံးမစကားဆိုသည်။

"သားက အမေစိတ်တိုအောင် လုပ်တာကိုး၊ မနက် မနက် နေဖင်ထိုးအောင် မအိပ်ရဘူးသားရဲ့၊ သူတောင်းစားတွေ ကယ်ပါတွေမှ အဲဒီလိုအိပ်ရတာတဲ့။ မနက်ဆို စောစောထ သွားတိုက် မျက်နှာသစ်၊ စားစရာရှိတာစားပြီး လန်းလန်းဆန်းဆန်း တက်တက်ကြွကြွနေရတယ် . . . သားရဲ့၊ တကယ်လို့ ငါ့သား သိပ်အိပ်ချင်နေရင်လည်း ခဏဖြစ်ဖြစ်ထပြီး မျက်နှာသစ်သွားတိုက် စားစရာရှိတာစားသောက်ပြီးမှ ပြန်အိပ်ချင် ပြန်အိပ်ပါ။ နေ့တိုင်းတော့ မရဘူးနော်။ ရော့သား၊ အမေဝယ်လာတဲ့ ကောက်လှိုင်းတီမုန့်၊ စား သား၊ စား"

ဤကား ကျွန်တော်တို့ ညီအစ်ကိုမောင်နှမအားလုံးအပေါ် မည်သည့်ကိစ္စရပ်မျိုးကိုမဆို အမေ အမြဲကိုင်တွယ်ကျင့်သုံး ဖြေရှင်းခဲ့သော တက္ကဗေဒပုံစံ ဖြစ်ပါသတည်း။

. . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

အမေသည် မည်သည့်နိုင်ငံရေးကိုမျှ နားလည်သူမဟုတ်ပါ။ ခေတ်၊ စနစ်၊ လူတန်းစား တိုက်ပွဲတို့ကိုလည်း သိရှိသူမဟုတ်ပါ။ သို့သော် ဗမာနိုင်ငံသူတစ်ဦးဖြစ်သည့် အားလျော်စွာ ၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ဒီမိုကရေစီအရေးအခင်းကြီးကိုလည်း ကိုယ်တိုင်ကြုံတွေ့ ကျော်ဖြတ်ခဲ့ရလေသည်။

အရေးအခင်းကာလမှာ ကျွန်တော်တို့မိသားစု အထိုက်အလျောက် အဆင်ပြေစ ပြုနေပြီ။ ကျွန်တော် အိမ်ထောင်ကျပြီး သမီးပင်သုံးနှစ်ရှိပြီ။ ဇနီးက ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၊ ကျွန်တော်က ဘွဲ့ရကျောင်းသားများသမဂ္ဂ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ကျောင်းသားများသမဂ္ဂတွေမှာ လူထုနဲ့အတူ တိုက်ပွဲဝင်၊ အော်ဟစ်ရ လွန်း၍ အသံတွေပျောက်၊ နေပူလောင်၍ မျက်နှာ အရေပြားတွေ အဖတ်လိုက်ကွာကျ ကုန်သည်အထိ တက်ကြွခဲ့လေသည်။ အဆိုပါကာလအတွင်း မကြာခဏဆိုသလို အမေ့ဆီ ကျွန် တော်ရောက်သည်။ အမေက

"လူလေး ထမင်းစားသွားလေ" ဟု ရောက်တိုင်းခေါ်သည်။

"မစားတော့ပါဘူး အမေရာ၊ နိုင်ငံတကာအကူအညီအတွက် သံရုံးတွေနဲ့ ဆက်သွယ်ဖို့က လုပ်ရဦးမယ်အမေ"

"အေးအေး ငါ့သား၊ လမ်းပေါ်မှာ ဆန္ဒပြကြတာ လူတွေအများကြီးပဲနော်။ ဦးနေဝင်း ဆိုတာ ဒီနိုင်ငံမှာ သူ့ရာထူးအကြီးဆုံး၊ အေးလေ၊ ဗိုလ်ရှာက သူကြီးဦးချစ်ခိုင်လို ထင်ပါရဲ့၊ သူက တော်တော်ဆိုးသလား"

"ဆိုးတာပေါ့ အမေရာ"

ကျွန်တော် အမေ့ကို အကျယ်တဝင့်ရှင်းပြဖို့ ဟန်ပြင်ပြီးကာမှ အမေ့ကိုရှင်းပြနေလို့ အမေဘာနားလည်မှာလဲ ဟူသော အတွေးကြောင့် စကားစဖြတ် အမေ့ကိုနှုတ်ဆက် ပြန်ထွက်ခဲ့သည်။

အရေးအခင်းကြီး၏ တစ်ခုသောနေ့ရက်တွင် ဒီမိုကရေစီအင်အားစုများ၏ တောင်းဆိုချက်ကို မလိုက်လျောပါက ရန်ကုန်တိုင်းအတွင်းရှိ အချက်အချာကျသော နေရာအသီးသီးကို ရန်ကုန်ပင်လယ်ဝတွင်ရှိနေသော တိုက်သင်္ဘောကြီးမှ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မည် ဖြစ်ကြောင်း၊ တပ်မတော် (လေ) ချုပ်၊ (ရေ) ချုပ်နှင့် စစ်ဦးစီးချုပ်တို့၏ လက်မှတ်ရေးထိုး ထားသော ကြေညာချက်တရပ် ထွက်ပေါ်လာခဲ့ လေသည်။

မှန်သည်များသည် အပထား ကျွန်တော်အမေ့အတွက် စိတ်ပူသွားသည်။ ကြေညာချက်ကို လက်ကကိုင်ပြီး အမေ့အိမ် ကျွန်တော်ပြေးသည်။ တခုခုစီစဉ်မှ။ ကျွန်တော် ရောက်တော့ အမေက ထုံးစံအတိုင်းခပ်အေးအေးပင်၊ ကျွန်တော်က မောကြီးပမ်းကြီးလေသံနှင့် . . .

"အမေ ရွာပြန်မလား အမေ၊ ကျွန်တော်ရောက်အောင် ပို့ပေးမယ်၊ ဒါမှမဟုတ် ပဲခူးဘက်ဖြစ်ဖြစ် ရှောင်နေပါလား"

ဖတ်လာခဲ့သော၊ ကိုင်လာခဲ့သော ကြေညာချက်ကို ရည်ညွှန်းပြောဆိုနေသော်လည်း အမေက ကျွန်တော့်ကို နားမလည်စွာ ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ သားရဲ့"

"ဒုံးပျံတွေနဲ့ ပစ်မှာတဲ့ အမေရာ"

"ဘယ်က ပစ်မှာလဲ"

"သင်္ဘောပေါ်ကနေ"

"သင်္ဘောပေါ်ကနေ ဒီရပ်ကွက်ထဲ ရောက်အောင် ဘယ်လိုပစ်မှာလဲ"

သည်တချိန်တော့ ကြောက်ရကောင်းမှန်းမသိသော အမေ့ကို စိတ်ရှည်ရှည် ကျွန်တော် ရှင်းပြမိပါသည်။

"ပင်လယ်ဝမှာရောက်နေတဲ့ သင်္ဘောက အကြီးကြီး အမေရ။ အဲဒီမှာ ဒုံးပျံပစ်တဲ့စင်တွေ ပါတယ်။ ဒုံးပျံဆိုတာ ကျည်ဆံအကြီးကြီးတွေပေ့ါ အမေ။ ဒီကနေ ကျွန်တော်တို့ရွာကို လှမ်းပစ်ရင်တောင် ရတယ်ဆိုလားပဲ အမေရာ။ တကယ်တော့ သင်္ဘောပေါ်ကနေ စစ်တပ်ရုံး တွေနဲ့ စစ်တပ်လူကြီးတွေရဲ့ အိမ်တွေကို ပစ်မှာ။ ဒါပေမယ့် မလွဲမရှောင်သာ ရိုးရိုးရပ်ကွက်ထဲက လူနေအိမ်တွေလည်း ထိနိုင်တယ် အမေရ"

အမေသည် ပါးစပ်ဟ၍ ငေးနေလေသည်။ တစုံတခုကိုလည်း စဉ်းစားနေဟန်ရှိသည်။ ကြောက်ရွံ့ဟန်လည်းမပြ၊ စိုးရိမ်ဟန်လည်း မပြ။ ကျွန်တော့်စိတ်ထဲမှာ အမေ့သည်လိုဟန်ကို မြင်ဖူးသယောင်ထင်လေသည်။ အဖေဆုံးပါးစဉ်က အမေ့စဉ်းစားဟန်ပါတကား။ အမေသည် ကြီးမားသော ပြဿနာတစ်ရပ်ကြုံလာလေတိုင်း သူ၏ ရိုးစင်းလှသော မွေးရာပါ သရုပ်ခွဲမှု အတတ်ပညာဖြင့် တုံ့ပြန်လေ့ရှိပါ၏။

ယခုတကြိမ်တွင်လည်း အမေသည် သူ တစ်လုံးတစ်ပိုဒ်၊ တပါဒမျှ နားမလည်သော နိုင်ငံရေးလှုပ်ရှားမှုကြီးနှင့် ပတ်သက်၍ နတ်မောက်သူ သွေးနီကြောင်း အောက်ပါအတိုင်း မှတ်ချက်ပြု သဘောထားထုတ်ပြန်ခဲ့လေသည်။

"လူတွေကို ဒုက္ခပေးနေတဲ့ လူဆိုးလူညစ်တွေကို ပစ်မှာပဲ။ သေသေချာချာ ပစ်ပါစေ။ မတော်တဆ အမေတို့ကို ထိရင်လည်း သေပေ့ါ။ ဘာတတ်နိုင်မှာလဲ၊ သေတာဆန်းသလား၊ အမေဘယ်မှ မရှောင်ဘူး"

အမေ့အဖြေအကြောင့် သည်တကြိမ်တွင် ကျနော် ပါးစပ်အဟောင်းသားဖြင့် မှင်တက် မိရလေသည်။

... ... ...

ရုတ်ခြည်း ပစ္စုပ္ပန်တည့်တည့်သို့ ပြန်ရောက်လာသည့်အခါ ဝဲယာဘေးဘီကို ကျနော် အကဲခတ်မိသည်။ လေယာဉ် အောက်မှာ တိမ်တွေက ဆပ်ပြာမှုန့်ထုထုတွေလို ဂွမ်းစိုင်တွေ လိုလို . . . ။

ဪ. . . အမေ. . . အမေ အမေသာ ရှိသေးရင် ဒီလိုလေယာဉ်ပျံကြီးနဲ့ တင်ခေါ် လာရမယ်။ လေယာဉ်ပျံပေါ်က အစာတွေက ဆားပေ့ါတော့ အမေနဲ့တည့်တယ်။ လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com

ပုံပေါ်မှာ အစားအစာ အလကားကျွေးတာ အမေရ။ စက်ဘူပူစာတွေလည်း ဆားပေါ့တယ်အမေ။ ထိုင်းစာတွေက ငရုတ်သီး သိပ်စပ်တယ်။ အမေစားဖူးတယ်ရှိအောင် စားပါအမေ။ ကြွကြွဖန်ဖန်အမေရယ် . . . အမေသိပ်ကြိုက်တဲ့ အညာစာ မလွှပွင့်အခြောက်ကို ခရမ်းချဉ်သီးနဲ့ မြေပဲဆံထောင်းချက်တာတော့၊ ဒီမှာ ဘယ်ရမလဲ အမေ . . .။

လေထဲတွင် ဆောက်နေသော ကျွန်တော့် စိတ်ကူးအိမ်သည် ချန်ဂီလေဆိပ်သို့ လေယာဉ်ငြိမ့်ကနဲ ထိုးအဆင်းတွင် ပြိုလဲကုန်လေ၏။ "ဘဝနှင့် သံသရာအဆက်ဆက်တို့တွင် အမေကဲ့သို့ အမေမျိုးနှင့်သာ အမေတော်စပ်လိုပါတယ် အမေ" ဟု နှုတ်မှ ဖွဖွ ရွတ်ဆိုရင်း . . . လေဆိပ်ခန်းမကျယ်ကြီးထဲသို့ ကျွန်တော် ရောက်လာပါသည်။

*(မက်ဆင်ဂျာ ဂျာနယ်။ မေ(၃၀) ၊ ၂၀၀၃)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နှင်းပြားပုံပြင်

အိပ်မပျော်သူအတွက် ညတာဟာ ရှည်လျားလှတယ်လို့ ဓမ္မပဒက ဆိုပါတယ်။ အိပ်မပျော်နိုင်တာမို့ ကျနော် စာထရေး ဖြစ်ပါတယ်။

ကျနော်ဒီစာကိုရေးနေချိန်ဟာ ညတနာရီထိုးပြီးပါပြီ။ တနှစ်မှာသုံးလလောက် တခေါက်တကျင်း ကျနော်ရှိရာ ဖူးခက်မြို့ကို ရောက်၊ ရောက်လာတတ်တဲ့ ဇနီးသည်ဟာ ကျနော့် မနီးမဝေးမှာ အိပ်ပျော်နေရှာပါတယ်။ အောက်ထပ်က ကားဂိုဒေါင်ထဲမှာတော့ တပည့်ကျော် ကျော်ဝင်းဌေးလည်း အိပ်ပျော်နေလောက်ပြီထင်ပါတယ်။ ကျနော့်အိမ်ရှိနေတဲ့ အမ်မခန် ဝန်းကျင်တခုလုံး ငြိမ်သက်တိတ်ဆိတ်နေပါပြီ။ တခါတခါမှာတော့ ခပ်လှမ်းလှမ်းကား လမ်းပေါ်က ကားတွေဖြတ်မောင်းနေတဲ့ အသံတွေကို ကြားနေရပါတယ်။

ဒီစာကိုရေးနေတဲ့ ကျနော်နဲ့ လက်တကမ်းမှာ လက်ကိုင်အရိုးနဲ့ပါဆိုရင် အရှည်တပေခွဲလောက်ရှိတဲ့ ဂျပန်ကင်ဒို ဓားတချောင်း ရှိနေလေရဲ့။ တကယ်ဆို ဒီဓားဟာ ကျနော့်အသက်အရွယ်နဲ့ သိပ်တော့ အပ်စပ်လှတဲ့ အရာတော့ မဟုတ်ပေဘူး။

ရှုပ်ထွေးများပြောင်လှတဲ့ ဘဝအတွေ့အကြုံတွေကြောင့် ကျနော့်စိတ်ရဲ့ အတွင်းပိုင်းမှာ အေးချမ်းတဲ့ ဘဝတခုကို မျှော်လင့်တည်ဆောက်နေခဲ့တာ ရှစ်နှစ်ဝန်းကျင်ရှိခဲ့ပါပြီ။ ချမ်း

www.burmeseclassic.com

www.burmeseclassic.com

သာခဲ့ဖူးပြီ။ ဆင်းရဲခဲ့ဖူးပြီ။ နေပူဆူးကြမ်း ခယောင်းလမ်း သာမက ဖဲမွေ့ယာရွှေကော်ဇောနဲ့လည်း ကျနော်နေခဲ့ဖူးပြီမို့ လောကဓံအတက်အကျကို ကျနော် အထိုက်အလျောက် သံဝေဂ ယူနိုင်ခဲ့ပြီ။

သို့တစေ လက်ရှိအချိန်မှာတော့ ရန်သူဟာအသက်ကို အချိန်မရွေး ရန်ရှာလာနိုင်တာကြောင့် စားဆောင်ရတဲ့ ဘဝကို ရောက်ရပြန်ပြီ။ ကျနော်အိပ်မပျော်နိုင်ပါဘူး။ ရန်သူဟာ မမျှော်လင့်တဲ့အချိန် မမျှော်လင့်တဲ့နေရာက ပေါ်လာနိုင်တယ် မဟုတ်လား။ ဘယ်က ရန်သူလဲ? ဘာကြောင့်လဲ? ဆိုတော့ ဇာတ်လမ်းက ဒီလိုပါဗျာ။

... ... ...

ကျနော့်ဘဝ ကျနော့်အကြောင်းနဲ့ ရေကြည်ရာမြက်နုရာလို့ထင်ရတဲ့ ထိုင်းနိုင်ငံ ဖူးခက်မြို့ကို ကျနော် ရောက်နေတာ ခုနှစ်နှစ်ကျော်ခဲ့ပါပြီ။ ဖူးခက်ကို ရောက်ပုံကလည်း ဒီနေရာ ဒီအရပ်မှာ ဖူးခက်ဆိုတဲ့မြို့ရှိလေရဲ့ဆိုတဲ့ အသိတခုတည်းနဲ့ အိတ်တလုံးဆွဲပြီး၊ တကိုယ်ထီးတည်း ခရီးနှင်ခဲ့တာပါပဲ။

ကျနော့်မှာပါလာတဲ့ ထိုင်းဘတ်တသန်းဝန်းကျင်လောက်နဲ့ ဗမာဈေးဆိုင်လေးတဆိုင် ဖြစ်မြောက်ဖို့ ကျားခုတ်ကျားခဲ လုံးပန်းခဲ့တာကြောင့် နှစ်နှစ်လောက်အကြာမှာ အခြေကျခဲ့ရော ဆိုပါစို့။

ဆိုပါစို့လို့သာ ပြောရတာ တကယ်တော့ ရေမြေအသစ်မှာ အခြေချရတဲ့ဘဝဟာ လွယ်လှတယ်တော့ မဆိုနိုင်ပါဘူး။

နယ်ချင်းဆက်နေတဲ့ ဒီတိုင်းပြည်မှာ ဗမာဖြစ်ရတဲ့ ဒုက္ခဟာ ဒီလောက်ကြီးလိမ့်မယ်လို့ ကျနော် တွေးတောင် မတွေးမိတာ အမှန်ပါ။ ပတ်ဝန်းကျင်က ထိုင်းလူမျိုးအတော်များများရဲ့ အထင်သေးတဲ့အကြည့်၊ ထိုင်းရဲ အတော်များများပေးတဲ့ ဒုက္ခတွေကို ရင်ဆိုင်ကျော်လွှားခဲ့ရတာတွေကို ရေးပြနေရင် မိုးစင်စင်လင်းသွားနိုင်တာမို့ ဒီမှာတင်ရပ်ပြီး လိုရင်းကိုပဲ ပြောပါတော့မယ်။

... ... ...

လွန်ခဲ့တဲ့လေးရက် (၂၂-၀၃-၂၀၁၁) က ပေါ့ဗျာ။ မနက်ခုနှစ်နာရီခွဲလောက် ကျနော်ကိုယ်တိုင် ကားမောင်းပြီး ဖူးခက်မြို့ထဲက ကားဂိတ်မှာ ရန်ကုန်၊ ကော့သောင်းသဘော်နဲ့ တင်လိုက်တဲ့ စားစရာနဲ့ အိမ်အသုံးအဆောင် ပစ္စည်းတချို့ သွားသယ်ပြီး အိမ်ပြန်လာခဲ့ပါတယ်။ ကားပေါ်မှာ ဇနီးသည်ရော ကျော်ဝင်းဌေးပါ ပါလာပါတယ်။ ကျနော့်အိမ်ကိုရောက်လို့ ကားကို ဂိုဒေါင်ထဲသွင်းနေချိန်မှာ ခြံတံခါးပိတ်နေတဲ့ တပည့်ကျော် ကျော်ဝင်းဌေးကို တွန်းဖယ်ပြီး ထိုင်းမျက်နှာစိမ်းသုံးယောက်ဟာ ကျနော့်ခြံထဲကို ဇွတ်ဝင်လာပါတော့တယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်းသုံးယောက်အနက် နှစ်ယောက်ဟာ အသက်လေးဆယ်ဝန်းကျင်နဲ့ ကျန်တယောက်ကတော့ အသက်ငါးဆယ်ကျော်ရှိပါလိမ့်မယ်။ လေးဆယ်ဝန်းကျင်တယောက်သော မောင်က သူ့အိတ်ကပ်ထဲက ကဒ်ပြားတခုကို ထုတ်ပြပြီး ပုလိ ပုလိလို့ တတွတ်တွတ်အော်ရင်း ကျနော်တို့သုံးယောက်ကို ကြမ်းပြင်ပေါ် ခြေပြန်လက်ပြန်နဲ့ ထိုင်ခိုင်းပါတော့တယ်။ ကျော်ဝင်းဌေးကတော့ သူတို့ခိုင်းသလို ထိုင်ချလိုက်ပေမဲ့ ကျနော်နဲ့ ဇနီးသည်ကတော့ ကုလားထိုင်တလုံးစီပေါ်မှာ ခပ်အေးအေးထိုင်လိုက်ပါတယ်။ ဖူးခက်မှာ အိမ်ထဲရဲဝင်စစ်တာ ဖန်တရာတေအောင် ကျနော်ကြုံဖူးခဲ့ပါပြီ။ ကျနော့် အနေအထားဟာ ရဲလာစစ်တာကို ကြမ်းပြင်မှာ ငုတ်တုပ်ထိုင်ပြီး အစစ်ခံရမယ့် အဆင့်မှမဟုတ်တာဗျာ။

ကျနော့်စိတ်ထဲမှာ နည်းနည်းထူးဆန်းနေသလို ထင်လိုက်တာကြောင့် ဘာကိစ္စရှိလို့လဲ ဆိုပြီး တည်တည်ငြိမ်ငြိမ်ပဲ မေးလိုက်ပါတယ်။ ဒီတော့ ကိုယ်တော်ချောတွေက ပတ်စပို့ ပတ်စပို့ ဆိုပြီး လုပ်ပြန်ပါတယ်။ ကျနော်လည်း ကျော်ဝင်းဌေးရဲ့ အလုပ်သမားကဒ်ရယ်၊ ကျနော်တို့ ဇနီးမောင်နှံရဲ့ ပတ်စပို့တွေရယ် ထုတ်ပြလိုက်တော့ စာအုပ်တွေကို ဖွင့်တောင်မကြည့်ဘဲ သိမ်းလိုက်ပါတော့တယ်။ နောက် တဆက်တည်း ဆိုသလို ကျနော့် ပစ္စည်းဂိုဒေါင်ကို ဖွင့်ပြီး တောင်ရှာမြောက်ရှာ လုပ်ပြန်ပါတယ်။

• • • • • • • • •

ဒီအတွက် ကျနော်မပူပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖူးခက်မှာ တခုတည်းသော ဗမာဆိုင်ကို မိတ်ဆွေ ထိုင်းတယောက် နာမည်ခံပြီး အထင်ကရ လူသိရှင်ကြားဖွင့်ထားတာပါ။ ဖူးခက်မြို့မရဲစခန်း (စံမကောင်းစခန်း) က သတ်မှတ်တဲ့ လစဉ်ကြေး ဘတ်သုံးထောင်လည်း မှန်မှန်ပေးနေတာကြောင့်လည်း ပါပါတယ်။

ရွှေညို့သည်သုံးယောက်ဟာ ဒီအချက်ကို သိနေပြီးသားထင်ပါရဲ့။ ကျနော့်ဂိုဒေါင် အပြည့်နီးပါးရှိနေတဲ့ ဗမာစားသောက်ကုန်တွေ၊ ဆေးဝါးတွေကို သိပ်စိတ်ဝင်စားဟန်မပြဘဲ တစုံတခုကို သည်းသည်းမဲမဲ ရှာနေပြန်ပါတယ်။

ဆယ်မိနစ်လောက် တောင်လှန်မြောက်လှန်လုပ်ပြီးတော့ ချောင်ကြိုချောင်ကြားက လေးကီလိုလောက်လေးမဲ့ အထုပ်တထုပ်ကို ဆွဲထုတ်လာပါတယ်။ အဲဒီအထုပ်ကို ကျနော်မြင်ရုံနဲ့ ဒါဟာ ကွမ်းစားဆေးအထုပ်ဆိုတာ ကျနော်သိလိုက်ပေမဲ့ ဒီအတွက်လည်း ကျနော်မပူပြန်ပါဘူး။ အခွန်မဲ့ ဆေးလိပ်ဆေးရွက်ကြီးတွေကို ရှာဖွေဖမ်းဆီးတဲ့ အဖွဲ့ခေါင်းဆောင်အင်စပက်တာ ဖိချိုင်းဟာ ကျနော့်မိတ်ဆွေအရင်းကြီး ဖြစ်တဲ့အပြင် သူတို့သတ်မှတ်တဲ့ လစဉ်ကြေး ထိုင်းဘတ်ငါးထောင်လည်း မပျက်မကွက်ပေးနေကျမို့ ကျနော်မပူတာပါ။

ဒီမှာတင် အသက်လေးဆယ်ဝန်းကျင် အရပ်မြင့်မြင့်ကိုယ်တော်က ဒီဆေးရွက်ကြီးတွေဟာ ပြစ်ဒဏ်သိပ်ကြီးတယ်ဆိုတာ သိတယ်မဟုတ်လားဆိုပြီး စခန်းကိုလိုက်ခဲ့ဖို့ ခေါ်ပါတော့တယ်။ ဒီတော့ ကျနော်ဟာ လက်ထဲက တယ်လီဖုန်းနဲ့ ဖိချိုင်းဆီဖုန်းဆက်ဖို့ ပြင်လိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

တော့ အဲဒီလူဟာ သူ့ခါးကြားက သေနတ်ကို ထုတ်ချိန်ရင်း ကျနော့်လက်ထဲက ဖုန်းရော၊ ကျော့ဝင်းငွေဆီက ဖုန်းကိုပါ သိမ်းလိုက်ပါတော့တယ်။ တခုခုမှားနေပြီဆိုတာ ကျနော် သိလိုက်ပါပြီ။ တကယ်တော့ အိမ်ကိုဝင်စစ်ဖူးတဲ့ ရဲမှန်သမျှ လက်ကိုင်ဖုန်းကို သိမ်းလေ့ မရှိပါဘူး ပြဿနာကြုံလို့ ကျနော်ဖုန်းဆက်လိုက်ရင် ကျနော့်မိတ်ဆွေ ထိုင်းရဲတယောက် မဟုတ် တယောက်ရောက်လာပြီး ညှိလိုက်နိုင်းလိုက်ရင် လက်ဖက်ရည်ဖိုး ဘီယာဖိုးနဲ့တင် ပြီးသွားတာ ထုံးစံလိုဖြစ်နေပါပြီ။ တိုတိုပြောရရင် ဒီမောင်တွေဟာ စခန်းကိုခေါ်ဖို့ စကား မပြောတော့ဘဲ ကျနော့်ဆီကနေ ထိုင်းဘတ်သုံးသိန်းထုတ်ပေးဖို့ အကြပ်ကိုင်ပါ တော့တယ်။

ကျွားသားမိုးကြိုး ဘတ်သုံးသိန်းတဲ့ဗျာ။ ကျနော်လည်း စကားနည်းရန်စဲဆိုပြီး ထိုင်း ဘတ်တသောင်းပေးမယ်၊ ပြန်ကြပါတော့ ဆိုတော့ ပွဲကပိုကြမ်းသွားပါလေရော။

သုံးသိန်းမရရင် နှစ်သိန်းပေးရမတဲ့။ ဒါတင်မကဘူး။ ကျနော့်လက်ကိုင်အိတ်ထဲက ဘဏ်စာအုပ်ကို ဖွင့်ကြည့်ပြီး ဘဏ်စာရင်းလက်ကျန် ခြောက်သောင်းခုနှစ်ထောင်တွေ့ တော့ နောက်ထပ်ဘယ်ဘဏ်မှာ စာရင်းဖွင့်ထားသေးသလဲ လုပ်ပြန်ပါတယ်။ ကျနော့်တအိမ်လုံး အိပ်ခန်းပါမကျန် မွှေနှောက်ပြီးတဲ့နောက်တော့ ဘာမပြောညာမပြော တပည့်ကျော် ကျော် ဝင်းငွေကို သုံးလေးချက် ဆောင့်ကန်ပါတော့တယ်။

ကျနော်က မလုပ်နဲ့ဆိုပြီး ဝင်တားတဲ့အခါမှာတော့ သေနတ်ကိုင်ထားတဲ့ တယောက်ဟာ ကျန်တဲ့လက်တဖက်နဲ့ ကျနော့် နားရင်းကို လှမ်းရိုက်လိုက်ပြန်ပါတယ်။ သူရိုက်တဲ့ အရှိန်က သိပ်မပြင်းပေမဲ့ ကျနော့်စိတ်ထဲမှာ ထောင်းကနဲ ဖြစ်သွားခဲ့ပါပြီ။ အင်အားချိန်ခွင်ညှာကို ပြန်ကြည့်လိုက်တော့ သူတို့က သေနတ်တလက်၊ လူသုံးယောက်၊ ကျနော်တို့က မိန်းမသား တယောက်နဲ့ အကြောက်လွန်နေတဲ့ တပည့်ကျော်။ ကျနော် အဆုံးအဖြတ်မှားရင် ဒုက္ခရောက် သွားနိုင်တာမို့ စိတ်ကိုလျှော့လိုက်ရပါတယ်။

••• ••• •••

နောက်ဆုံးတော့ လေးဆယ်ဝန်းကျင်နှစ်ယောက်အနက် တယောက်က သေနတ်နဲ့ ကျနော့်ကိုချိန်ရင်း ကျန်တယောက်က ကားမောင်းပြီးတော့ ကျနော့်အိမ်မလှမ်းမကမ်းက ငွေထုတ်စက်ရှိရာကို ခေါ်သွားကြပါတော့တယ်။ အသက်ငါးဆယ်ကျော် အဖိုးကြီးကတော့ ကျနော့်အိမ်မှာ ကျနော့်အဖွဲ့သားနှစ်ယောက်ကို စောင့်ကြည့်ရင်း ကျန်ခဲ့ကြရောဆိုပါတော့။ ငွေထုတ်စက်ဟာ ကျနော့်အိမ်နဲ့ တကီလိုတောင်မဝေးတဲ့ ဆဲဗင်းအလဲဗင်းဆိုင်မှာ ရှိနေတာမို့ နှစ်မိနစ်ဝန်းကျင်လောက်နဲ့ ရောက်သွားပြီး စိတ်ထဲမှာ စပ်ဖျင်းဖျင်းနဲ့ပဲ ထုတ်ပေးလိုက်ရပါ တော့တယ်။ ကျနော်ငွေထုတ်ပြီး ကားပေါ်ပြန်ထိုင်လိုက်တဲ့အချိန်၊ ဘတ်ခြောက်သောင်းကို ကားမောင်းတဲ့သူလက်ထဲကို ထည့်ပေးလိုက်တဲ့အချိန်မှာ ကျနော်ဟာ သူတို့ကားအတွင်းပိုင်းကို စေ့စေ့စပ်စပ်လိုက်ကြည့်ပြီး မှတ်ထားလိုက်ပါတယ်။ ကျနော့် အိမ်ပြန်ရောက်ပြီး ကားပေါ်က



www.burmeseclassic.com

www.burmeseclassic.com

အဆင်းမှာလည်း ပွှန်ဒါစီဗစ်အမျိုးအစား ကားနံပါတ် ကျောကျာန်း၊ ချော်ချင် ၆၅၂၂ (ခရုန်ထစ်) ကို အလွတ်ကျက်ထားလိုက်ပါတော့တယ်။

ပတ်စပို့တွေကော၊ ဖုန်းတွေပါ ပြန်ပေးပြီး သူတို့ထွက်သွားလို့ နာရီဝက်အကြာမှာတော့ ကျနော့်ဖုန်းဆက်ခေါ် တာကြောင့် ဖိချိုင်းရောက်လာပါတော့ တယ်။ မင်းကို ငါလစဉ် တာဝန် ကျေပါလျက်နဲ့ ဒီလိုအလုပ်ခံရတာ သိပ်အရုပ်ဆိုးလွန်းတယ်လို့ အပြစ်တင်ရင်း ဖြစ်ကြောင်း ကုန်စင်ရှင်းပြတော့ သူကခပ်တွေတွေစဉ်းစားလိုက်ရင်း . . ဒါဟာ ရဲအတုတွေပဲ ဖြစ်ရမယ်တဲ့ ဗျာ။ ဒီမှာတင် ကျနော်က ဒါဆို သူတို့ ကားနံပါတ်ကို ငါမှတ်မိတယ်။ မင်းလိုက်ရှာရင် လွယ်လွယ်လေးလို့ ပြောလိုက်တော့ သူ့ချက်ချင်းဆိုသလို တောက်တခေါက်ခေါက်နဲ့ ထွက်သွားပြီး တရားခံတွေကို တောနင်းပါတော့တယ်။

အမှန်ပြောရရင် ဘတ်ခြောက်သောင်းဟာ ကျနော့်အတွက် သိပ်မှုစရာပမာဏတော့ မဟုတ်ပါဘူး။ သိက္ခာကို ထိပါးတယ်ဆိုတဲ့အသိရယ်၊ ဖူးခက်မြို့ကြီးဟာ လုံခြုံမှု မရှိတော့ဘူး လား ဆိုတဲ့ အတွေးကြောင့် အခံရခက်တာတော့ အမှန်ပါပဲ။ တကယ်တော့ ဖူးခက်ရဲတွေထဲမှာ ကျနော့်ကိုမသိတဲ့သူ တော်တော်ရှားလှပါတယ်။

ကျနော့်အိမ်ကို ဖူးခက်ဒုတိယမြို့တော်ဝန်ကိုယ်တိုင် ဝင်ထွက်သွားလာဖူးပြီး စကော်ပူ သွားလည်ချင်တယ်ဆိုလို့ သူရော သူ့ရုံးအဖွဲ့ကိုပါ ကျနော့်စားရိတ်နဲ့ ပို့ခဲ့ဖူးတဲ့အထိ ကျနော့် ပေါင်းသင်း ဆက်ဆံရေး အဝန်းအဝိုင်းကျယ်ဝန်းပါတယ်။ ဒါပေမယ့် အခုဖြစ်သွားတဲ့ ကိစ္စကို ကြည့်ရင် ကျနော့် ပေါင်းသင်းဆက်ဆံရေးဟာ အရာမထင်သလိုပါပဲကလားဗျာ။

. . . . . . . . .

နောက်တနေ့ မနက်အထိ ဖိချိုင်းဆီက ဘာမှပြန်ကြားချက် မရခဲ့ပါဘူး။ ဖြစ်ချင်တော့ မနက်ရှစ်နာရီလောက်မှာ ကိုယ်တိုင် ကားမောင်းပြီး ဝထေ့ဖ်အရပ်မှာရှိတဲ့ ကျနော့်ဆိုင်ရှိရာ ကို အလာ၊ အိမ်နဲ့မလှမ်းမကမ်းအရောက် နောက်ခန်းမှာထိုင်နေတဲ့ ဇနီးသည်က ရုတ်တရက် တိုကားက မနေ့ကရှင်ပြောတဲ့ ကားနံပါတ်ပါလား ဆိုပြီး ထအော်တာကြောင့် သေချာကြည့် လိုက်တော့၊ မီးပွိုင့်နဲ့ မလှမ်းမကမ်း ဆိုင်တခုရှေ့မှာ ရပ်ထားတဲ့ အဲဒီကားကို တွေ့လိုက်ရပါ တော့တယ်။

ဒါနဲ့ ဖိချိုင်းကို . . မနေ့က ကား၊ အခု ငါတွေ့နေပြီ၊ မင်းလာခဲ့ပါဆိုပြီး ဖုန်းဆက် လိုက်တော့ ဆယ်မိနစ်အတွင်းမှာ ဖိချိုင်းဟာ ယာဉ်ထိန်းအရာရှိနဲ့ပေါက်ချလာပြီး သူ့ နောက် မှာ ရဲကားတစီးပါ၊ ပါလာပါတော့တယ်။သူ့ ကားကို အနီးကပ်သေချာကြည့်ခိုင်းပြီး ခင်ဗျား မှတ်မိတာ ဒီကားသေချာရဲ့လားဆိုလို့ ကားရဲ့ခေါင်းခန်းကို ကြည့်လိုက်တော့ ဒက်ရှ် ဘုတ်ပေါ် မှာခေါင်းတငြိမ့်ငြိမ့်လုပ်နေတဲ့ အရုပ်အဝါလေးဟာ မနေ့ကလိုပဲ ကျနော့်ကို နှုတ်ဆက်နေ လေရဲ့။

. . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

အဆက်တည်းဆိုသလို ကျနော်ငွေလိုက်ထုတ်ပေးခဲ့တဲ့ အမ်မခန်ဆဲဗင်းအလဲဗင်းက စီစီတီဗီကို ရဲခြောက်ယောက်လောက်နဲ့ သွားစစ်ကြည့်တော့လည်း ကျနော်နဲ့ ဇာတ်လိုက် အဆောက်ဟာ အဲဒီနေ့မနက် ကိုးနာရီလေးဆယ့်နှစ်မိနစ်၊ ငွေထုတ်စက်ရှေ့မှာ အလုပ်ရှုပ် နေပုံတွေကို ထင်ထင်ရှားရှား တွေ့ကြရပါတော့တယ်။ ကျနော်ပြောပြတဲ့ နံပတ်နဲ့ကားဟာ တည်း စီစီတီဗီမှာ အထင်းသားကြီး ပါလာတော့တာပေါ့ဗျာ။

ဒီတော့ ဖိချိုင်းကော ရဲအဖွဲ့ပါ ကျနော့်ထွက်ချက်ကို ယုံကြည်သွားကြပြီး ချက်ချင်းဆို သလို ကားကို ရှာဖွေပုံစံနဲ့ သိမ်းပါတော့တယ်။ အတိုချုပ်ရရင် အဲဒီညဆယ်နာရီမှာ ကျနော် ရဲစခန်းကို လိုက်သွားပြီး အမှုဖွင့်ရပါတော့တယ်။ အဲဒီမှာလည်း အမှုဖွင့်တဲ့ အသက်နှစ်ဆယ် ကျော်အရွယ် ထိုင်းရဲအရာရှိလေးဟာ ကျနော်ဗမာလူမျိုးဆိုတာ သိသွားတော့ မျက်နှာထား နည်းနည်းပြောင်းသွားတာကို သတိထားလိုက်မိပါတယ်။

စခန်းက အပြန်ကားပေါ်မှာ ကျနော့်တပည့် ကျော်ဝင်းဒွေးပြောတဲ့ စကားတခွန်း ကြောင့် ဇာတ်လမ်းဟာ ပိုရှုပ်လာပြန်ပါတယ်။ သူ့စကားအရ အဲဒီကားသိမ်းခဲ့တဲ့ အိမ်ဟာ လွန်ခဲ့တဲ့ တပတ်ကျော်လောက်က အလုပ်ထွက်သွားတဲ့ ကျနော့် ဒရိုင်ဘာ ဘလက်ဆိုတဲ့ငနဲ အမြဲဝင်ထွက်နေတဲ့ အိမ်ဆိုပဲ။

ရော. . . ။ ဒါဆို ဒီကိစ္စဟာ ကျနော့်ဒရိုင်ဘာဟောင်းဘလက်နဲ့ ဆက်စပ်နေနိုင်တာ ပေါ့။ ဘလက်ဟာ အသက်လေးဆယ့်ငါးနှစ်လောက်ရှိတဲ့ ထိုင်းလူမျိုးပါ။ လွန်ခဲ့တဲ့ငါးလ လောက်က အလုပ်အကိုင်မရှိတာကြောင့် ကျနော့်ဆိုင်နားက ဖိဝမ်ဆိုတဲ့ ကွတ်တီယိုဆိုင်က ထိုင်းအမျိုးသမီးကြီးတဦး အဆက်အသွယ်နဲ့ အလုပ်ခန့်ထားခဲ့တာပါ။

အလုပ်ခန့်စဉ်တုန်းကတော့ ဘလက်ဟာ သူသိပ်ကြိုက်တဲ့ ဆေးလိပ်ကို တခါဝယ်နှစ် လိပ်နှုန်းသာ ဝယ်သောက်နိုင်ခဲ့ပေမယ့် ကျနော့်ကားကိုမောင်းပြီး နှစ်လလောက်အကြာမှာ ဗူးလိုက်ဝယ်သောက်တဲ့ အဆင့်ရောက်လာပြီး လေသံပါ မာလာပါတော့တယ်။ အကြောင်း ရင်းကတော့ ဘလက်ဟာ ကျနော့်ကားကို အသုံးပြုပြီး ဘိန်းစာရွက် (ဘိုင်ကထောင်) ရောင်း နေတာကြောင့်လို့ နောက်ပိုင်းမှာ ကျနော်သိလာရပါတော့တယ်။

ဘိုင်ကထောင်ခေါ်တဲ့ ဘိန်းစာရွက်ဟာ ထိုင်းနိုင်ငံတောင်ပိုင်းမှာ အလေ့ကျပေါက်ပြီး မဟာမြန်မာတွေရဲ့ တီထွင်ဖန်တီးချက်နဲ့ ချောင်းဆိုးပျောက်ဆေး၊ ကော်ဖီမစ်တွေနဲ့ ရော ကျိုလိုက်ရင် အာစီယံခေါ်၊ မူးယစ်ဆေးတမျိုးဖြစ်လာတဲ့ အရွက်ပါပဲ။ ဘလက်ဆီကနေ တခဲနက်ဝယ်ယူအားပေးကြတဲ့ ဖောက်သည်တွေကလည်း မဟာမြန်မာတွေပဲပေါ့ဗျာ။

အဲဒီကိစ္စကို မလုပ်ဖို့ အကြိမ်ကြိမ်တားမြစ်ပေမယ့် ဝင်ငွေသိပ်ကောင်းနေတာကြောင့် ဘလက်ဟာ အလုပ်ကထွက်တဲ့လမ်းကို ရွေးချယ်သွားခဲ့ပြီး တပတ်အကြာမှာ ကျနော်ဒီပြဿ နာနဲ့ ရင်ဆိုင်ရတာပါပဲ။ တကယ်တော့ ဒီအမှုအကျင့်ဟာ ထိုင်းလူမျိုး တော်တော်များများ အရိုးစွဲနေတဲ့အကျင့်ပါ။ အထူးသဖြင့် နိုင်ငံခြားသား အလုပ်ရှင်တွေအပေါ်မှာ ထိုင်းတွေ လုပ်လေ့လုပ်ထရှိတဲ့ စရိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျနော်ဟာ နေ့စဉ်ဆိုသလို ရဲတွေလာပြတဲ့ မသင်္ကာသူတွေရဲ့ ဓာတ်ပုံတွေ၊ ခေါ်ပြတဲ့လူတွေကို ဟုတ်မဟုတ် လိုက်ကြည့်နေရပါတယ်။ ဒီနေ့အထိဆို ပြဿနာဖြစ်ခဲ့တာ လေးရက်မြောက်ခဲ့ပေမဲ့ တရားခံတွေကို မမိနိုင်သေးပါဘူး။ ဖိချိုင်းမျက်နှာကြောင့်လား၊ ဆောင်ရွက်နေကျ တာဝန်ပေပဲလား မဆိုနိုင်ပေမဲ့ ထိုင်းရဲတွေဟာ ကျနော့်အမှုကို နေ့ရောညပါ အပူတပြင်း လိုက်လံစုံစမ်းနေတာတော့ သေချာလှပါတယ်။ ဒီအတွက်တော့ ကျေးဇူးစကား ဆိုရပါမယ်။ ဒါပေမယ့် ကျနော့်စိတ်ထဲမှာ တဖြည်းဖြည်း ပူပင်စိတ် ဝင်လာပါတော့တယ်။ ဖူးခက်မြို့ကြီးဟာ ကမ္ဘာကျော် ခရီးသွားမြို့ကြီးဖြစ်သလို ရာဇဝတ်မှု အလွန်ထူပြောတဲ့ နေရာဒေသပါ။ ထိုင်းလူမျိုး လူမှောင်ခိုသွင်းတဲ့ ဂိုဏ်းအချင်းချင်း မသင့်မြတ်ရာကနေ ချမ်းမွန်ဆိုတဲ့ မွန်လူငယ်တယောက်ရဲ့ အိမ်ထဲဝင်ပြီး သေနတ်နဲ့ လေးငါးချက် ဝင်ပစ်သွားတာ တနှစ်ကျော်လောက်ပဲ ရှိပါဦးမယ်။ ထိုင်းရဲတချို့ဆိုရင်လည်း ဗမာဆိုရင် လမ်းမှာဖမ်းစစ်ရင်း ရွှေအပေါင်လက်မှတ်တွေ့ရင်တောင် အတင်းသိမ်းပြီး သွားရွေးယူလိုက်ကြတဲ့အထိ လက်ရဲဇက်ရဲ နိုင်ပါတယ်။ ထိုင်းတောင်ပိုင်းက ရာဘာခြံ တော်တော်များများက မြန်မာပြည်ဖွား အလုပ်သမားတွေလည်း မကြာခဏဆိုသလို ဓားမြတိုက်ခံရ မုဒိမ်းကျင့်ခံရ အသတ်ခံရဆိုတဲ့ သတင်းတွေဟာ မကြားချင်မှ အဆုံးမဟုတ်လား။

လူဆိုးတွေရဲ့ရုပ်သွင်ကို သေချာပေါက်မှတ်မိနေတဲ့ ကျနော့်ဟာ ဘယ်မှာလာ အိပ်ကောင်းခြင်း အိပ်နိုင်ပါတော့မလဲ။ နယ်မြေထိုင်းရဲတွေကတော့ ကျနော့်အိမ်ဝန်းကျင်ကို ပတ်တယောင်ချထားပေးပြီး စောင့်ကြည့်ပေးမယ်ဆိုပါတယ်။ အိမ်မှာလည်း စီစီတီဗီ ကင်မရာတပ်ထားပါလို့ ညွှန်ကြားလေရဲ့။ ကျနော့်အိမ်ဟာ ဖူးခက်မြို့ အမ်မခန်အရပ်က ဆိတ်ငြိမ်ရပ်ကွက်မှာ ရှိနေတာကြောင့် မြို့နဲ့နည်းနည်းလှမ်းပါတယ်။ ဘေးပတ်ဝန်းကျင် အိမ်တွေကလည်း လူဝင်လူထွက် အင်မတန်နည်းတာကြောင့် အရေးအကြောင်းဆို အကူအညီ လွယ်လွယ်ရဖို့ လမ်းမမြင်လှပါဘူး။

နောက်ဆုံးတော့ တရားခံမမိခင်စပ်ကြား ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဖို့သာ၊ ဗမာ့သွေးနဲ့ ရဲဆေးတင်၊ ဆုံးဖြတ်၊ နေ့ရောညပါ ခြံတံခါးကိုသော့ခတ်၊ ညဆိုတအိမ်လုံး သော့ကုန်လျှောက်ခတ်ပြီး ဓားတလက် ခေါင်းအုံးအိပ်နေရတော့တာပါပဲ။ တပည့်ကျော် ကျော်ဝင်းဌေးတတော့ ဦးလေးရယ်၊ သူတို့သာ ကိုယ့်အိမ်ထဲဝင်လာရဲလို့ကတော့ ဘာမလဲစရာရှိသလဲ။ သူတသက် ကိုယ်တသက်ပေါ့ဆိုပြီး ဗမာ့သွေးကို ကြွေးကြော်နေလေရဲ့။

... ... ...

အေးဗျာ. . .။ ကျနော်လို တရားဝင်ပတ်စပို့၊ ကိုယ်ပိုင်ကုမ္ပဏီအခိုင်အမာနဲ့ နေတဲ့သူတောင် ဒီလို ဒုက္ခကြုံရတယ် ဆိုတော့ ထိုင်းနိုင်ငံတနံတလျား၊ တော်ရာအရပ်တွေမှာ သန်းနဲ့ချီရောက်နေကြရတဲ့ ရွှေ့ပြောင်းအလုပ်သမား ကျနော်တို့လူမျိုးတွေရဲ့ နေ့စဉ်ဘဝကို စဉ်းစားသာကြည့်ပေတော့ဗျာ။ ကျနော်တို့လူမျိုးတွေအတွက် ဒီလို ကျီးလန့်စာစား



www.burmeseclassic.com

www.burmeseclassic.com

ချောက်ချောက်ခြားခြား ဘဝမျိုးကနေ ဘယ်တော့များမှ လွတ်ကြမှာပါလိမ့်။ သားစဉ်မြေး ဆက် ဒီဘဝမျိုးနဲ့ ဆက်ရှိနေကြအုံးမယ်ဆိုရင်တော့ လွတ်မြောက်ရာလမ်းကို ရှာကြရပါလိမ့် မယ်။ အဲဒီလွတ်မြောက်ရေးမှာ ဓားတို့ သေနတ်တို့ဆိုတာ ဆက်ပါနေရအုံးမယ်ဆိုရင်လည်း မှတပါးအခြားမရှိလို့သာ ထင်မိတာပါပဲ။

ဟော . . .၊ ပြောရင်းဆိုရင်း ထိုင်းတီဗီမှာ မြန်မာပြည်ကြီးရဲ့ ပြုပြင်ပြောင်းလဲရေးတွေ တို့ လွှင့်နေပါကလား။

*(စောင့်ကြည့်ဂျာနယ်။ မေ(၁၀)၊ ၂၀၁၃)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်ချော့တေး

(၁)

အနေမပျော် အခင်းဆွေး စာရင်းထုတ်၊ ရွှေနားတော်သွင်းချင်းတစ်ပုဒ်လို့သာ မှတ်ပေတော့ ကြောင်ကလေးတွေရေ့။ ဘာလိုလိုနဲ့ မင်းတို့ ငါ့အိမ်ကနေ အစအန ပျောက်သွားတာ ဆယ်ရက်တောင် ကျော်ပြီပေါ့။ မင်းတို့မောင်နှမ သုံးယောက် ပျောက်သွားတဲ့နေ့ကစပြီး တကယ့်ကို တနေ့မှမေ့မရဘူးကွာ။ ငါ့ကိုယ်ငါတောင် အံ့ဩမိပါရဲ့။ အေးလေ။ မင်းတို့လို တလသား ကြောင်ပေါက်စလေးတွေကို ငါက မမေ့စရာ ဘာအကြောင်းမှ မရှိတာ။ နောက် ငါကလည်း ခွေးချစ်သူ၊ ကြောင်ချစ်သူ စာရင်းထဲမှာ မပါပြန်ဘူး။ ဒါပေမယ့် ငါ့ကို ဒုက္ခပေးနေတာ ငါ့စိတ်ကွ။ မင်းတို့များ ငါ့ကို အထင်လွဲသွားလေသလား၊ ဝဠ်ကြွေးတုံ့ငင်၊ တင်ကျန်လေမလား၊ တွေးတွေးနေမိလို့၊ အထင်လွဲမယ်ဆိုလည်း လွဲစရာပဲကွာ။ မင်းတို့မောင်နှမတွေနဲ့ ငါ့လူတွေ ရန်းရင်းဆန်ခတ် ဖြစ်သွားတာကလည်း နည်းနည်းတော့ ပွဲကြမ်းသွားတယ်ထင်ပါရဲ့။ အဲဒါ မင်းတို့နဲ့ ငါ နောက်ဆုံးတွေ့ လိုက်တဲ့ ညပဲကွ။

မင်းတို့ထင်သလောက် ငါမရိုင်းပါဘူးကွာ။ မယုံရင် မင်းတို့အမေကိုသာ မေးကြည့်ပေတော့ကွာ။ တကယ်ဆို မင်းတို့အမေတလည်း ငါ့အိမ်မှာနေတာ မဟုတ်ပါဘူး။ ဘေးချင်းကပ် ဆို ဒင်ကြီး အိမ်ကကွ။ မင်းအဖေက ငါ့မျက်စောင်းထိုးအိမ်၊ ထိုင်း

www.burmeseclassic.com

www.burmeseclassic.com

အတုံးကြီး အတွားကြီး လင်မယားအိမ်က။ ဘယ်လိုလုပ် ငါ့အိမ်မှာလာပြီး နဖူးစာအိမ်လည်ကြသလဲ မပြောတတ်တော့ပါဘူး။

ပြီးခဲ့တဲ့နှစ်ဆန်းပိုင်းက မင်းအဖေနဲ့မင်းအမေ ညညချိန်းတွေပြီး ငါ့အိမ်မှာ ကြောင်းဆန်အောင် ပလူးခဲ့ကြတာ၊ ငါတောင် အိပ်ကောင်းခြင်း မအိပ်ရတဲ့ညတွေ အများကြီးပါ။ မင်းအမေကို မင်းအဖေက စရစ်တော့ အစပိုင်းမှာ မင်းအမေက ငြင်းပုံရတယ်။ ဝုန်းဒိုင်းကို ကြဲနေတာပဲ။ နောက်ပိုင်း မင်းအဖေကပဲ အတင်းအဓမ္မ နသားပါးရ လုပ်လေသလား။ မင်း အမေကပဲ အလိုတူကြည်ဖြူလေသလား။ ဒါတော့ ငါလည်း ရှင်းမပြတတ်တာ အမှန်။ မင်းတို့မွေးလာမှ ဪ၊ သူတို့ အဆင်ပြေသွားကြသကိုးလို့သိတာ။ အေးပါ၊ ဒါ မင်းတို့ ကလေးတွေ ကိစ္စ မဟုတ်ပါဘူး။ အခုပြောပြနေတာက မင်းတို့သိသင့်တယ်ထင်လို့ နည်းနည်းနောက် ကြောင်းပြန်ပြတာ။ ဒါမှ ငါ့ စိတ်ကို မင်းတို့ခန့်မှန်းနိုင်မယ်လေ။

အမှန်အတိုင်းပြောရရင် မင်းတို့အမေ ကိုယ်လေးလက်ဝန် ဖြစ်နေလည်း ငါမသိ လိုက်ဘူး။ ငါလည်း ငါ့အလုပ်နဲ့ငါ ရှုပ်နေတာ။ ရှုပ်နေတဲ့ငါ့ အလုပ်ဆိုတာက၊ သက်ခိုင်ဆိုတဲ့ ငါ့သူငယ်ချင်း တစ်ယောက်အကြောင်းကို အင်တာနက်မှာ ရေးရေးနေလို့။ ထားလိုက်ပါကွာ။ ဒါလည်း မင်းတို့နဲ့ မဆိုင်ပါဘူး။ လွန်ခဲ့တဲ့ တစ်လကျော်လောက်ပေါ့ကွာ။ မင်းတို့ မီးတွင်းထဲမှာရှိတုန်းပေါ့။ မီးတွင်းဆိုတာ မီးဖွားတာ တစ်ပတ်မပြည့်သေးတာကို ပြောတာကွ။ "ဆရာ၊ အိမ်မှာ ကြောင်လေးတွေ ပေါက်နေပြီ" ဆိုပြီး ငါ့အိမ်မှာနေတဲ့ မောင်ဖြိုးဆိုတဲ့ ချာတိတ်လေး၊ ငါ့ကို လာပြောမှ မင်းတို့မိသားစုကို ငါသတိပြုမိတာ။ မင်းအမေက တော်တော်လည်တာပဲကွ။ မင်းတို့မွေးဖို့ မီးနေခန်းကို ငါ့ဘုရားစင်နောက်မှာ လာရွေးသတဲ့ကွာ။ တမျိုးလည်း အန္တရာယ်ကင်းတာပဲကွ။ ဘုရားစင်နောက်ဆိုတော့ တွေ့တဲ့လူက ရှုတ်တရက် ဒေါသမထွက်နိုင်ဘူး၊ ရန်မပြုနိုင်ဘူးပေါ့။ မင်းတို့ကြောင်ဘဝရောက်တာ ငါသိတော့ မင်းတို့ဘာသာမင်းတို့နေ၊ ငါ့အလုပ်ငါလုပ်ပဲလို့အစက သဘောထားခဲ့တာလည်း အမှန်ကွ။ အပ်ကြောင်းထပ်တယ်တော့ မထင်ပါနဲ့။ ငါက ခွေးတွေ ကြောင်တွေ ချစ်တတ်တဲ့အထဲတော့ မပါဘူးကွာ၊ ဒါပေမယ့် မင်းတို့မိသားစုကို ငါ ကိုယ်ချင်းစာပါတယ်။ မင်းတို့ငါ့အိမ်ရောက်နေသလို ငါလည်း သူများနိုင်ငံ ရောက်နေတာပါပဲ။ ပိုဆိုးတာက အခု ငါ ရောက်တဲ့ ထိုင်းဆိုတာက ငါမွေးခဲ့တဲ့ မြန်မာပြည်နဲ့ ဟိုးရှေးရှေးတုန်းကတည်းက ရန်ဘက်ကွ။

(၂)

တို့မြန်မာဘုရင် အလောင်းဘုရား၊ ဘုရင့်နောင်တို့လက်ထက်တွေတုန်းက ထိုင်းတွေကို ဟိုဒင်းကို ဟိုဒင်းနိုင်သလို နိုင်ခဲ့တယ်ဆိုပဲကွာ။ ထိုင်းဆိုတာ မြန်မာတွေနိုင်ဖတ်။ ထိုင်းတွေက အမြဲတမ်းခံဖက်က။ အခုတို့နေတဲ့ ဖူးခက်မြို့အဝင်၊ လမ်းမကြီးပေါ်မှာ ကျောက်တိုင်ကြီးတခုရှိလေရဲ့။ အဲဒီကျောက်တိုင်ထိပ်က ဓားကိုင်ထားတဲ့ မိန်းမရုပ်တုနှစ်ခုဟာ မြန်မာဘုရင် ကျူးကျော်တာကို ရှုပ်ရှုပ်ချွံချွံတွန်းလှန်ခဲ့တဲ့၊ ဖူးခက်သူ ထိုင်းအမျိုးသမီး သူရဲကောင်းတွေတဲ့ကွ။ ထိုင်းလိုတော့ အနုစာဝါရီတဲ့။ တို့မြန်မာတွေကတော့ အမြင်ကတ်လေသလား





www.burmeseclassic.com

www.burmeseclassic.com

မပြောတတ်ဘူး။ အရုပ်နှစ်ကောင်လို့ ခေါ်ကြလေရဲ့။ ဖူးခက်ရောက် မြန်မာအလုပ်သမား တွေကတော့ အဲဒီမိန်းမတွေဟာ မြန်မာဘုရင် အလောင်းဘုရားကို တွန်းလှန်ခဲ့ကြတာဆိုပြီး ရမ်းတုတ်နေတာကွ။ စာတတ်တဲ့ ထိုင်းတစ်ယောက်ကို ငါ သေချာမေးတော့ ဘိုးတော်ဘုရားလို့ ပြောပါသကွာ။

အမှန်က ထိုင်းကို ရောက်တဲ့ မြန်မာတွေက မရှိတော့တဲ့ ဇာတိမာန်ကို ကျားပိန် တွယ်တွယ်ပြီး ရမ်းတုတ် မှန်းတုတ် ရာဇဝင်တွေနဲ့ အားတင်းနေကြတာပါကွာ။ တကယ်တော့ အလောင်းဘုရားက ထိုင်းကို မြန်မာသက္ကရာဇ် ၁၁၂၁ ခုနှစ်မှာ တိုက်ရုံသာ တိုက်ခဲ့တာ အောင်မသွားရှာဘူး။

ဗဒုံမင်းခေါ် ဘိုးတော်ဘုရားဟာ ကုန်းဘောင်ဆက်မှာ နန်းသက်အရှည်ဆုံးဘုရင်ဆိုပဲ။ ကုန်းဘောင်ခေတ်ဘုရင်တွေထဲမှာ အကျယ်ပြန့်ဆုံး၊ မြန်မာ့အင်ပါယာကြီးကို စိုးစံခဲ့သတဲ့ကွ။ သူ ထီးနန်းစိုးစံခဲ့တဲ့အချိန်ဟာ ကုန်းဘောင်ခေတ်ရဲ့ အထွဋ်အထိပ် နေမွန်းတည့်ချိန်မို့ သူ့ကို ကုန်းဘောင်ပရမေလို့တောင် တင်စားခဲ့ကြသတဲ့။ တကယ်တော့ အင်္ဂလိပ်တွေဟာ အဲဒီအချိန် ကတည်းက မြန်မာပြည်ကို ထိပါးလာခဲ့ပေမယ့် ဗဒုံမင်းဟာ "ကျားကဲ့သို့ ရက်စက်ကြမ်းကြုတ် သူ" လို့ ယူဆကြ တာကြောင့် အနားမကပ်ဝံ့ဘူးတဲ့ကွာ။ ဖူးခက်ကို ဘိုးတော်ဘုရားတပ်တွေ ရောက်လာတာဟာ ခရစ်သက္ကရာဇ် ၁၇၈၅ ဆိုတော့ သမိုင်းမှတ်တမ်းတချို့အရ ယိုးဒယားကို တိုက်ရာမှာ ယိုးဒယားမြောက်ပိုင်းဇင်းမယ်မြို့ကို အရင်သိမ်း၊ တောင်ပိုင်း ကို စစ်ကြောင်းတွေ ဖြာထွက်ပြီး ယိုးဒယား တပြည်လုံးကို သိမ်းပိုက်မယ့် မဟာဗျူဟာကနေ ဖူးခက်တိုက်ပွဲဖြစ် လာတယ်လို့ ဆိုသဟ။

(၃)

ခြော်။ လူမှာ လူ့သမိုင်းရှိသလို မင်းတို့ကြောင်တွေမှာလည်း ကြောင်ရာဇဝင် ရှိပါ သကွာ။ မင်းတို့ ကြောင်တွေက ဟိုတုန်းက ကျားတွေရဲ့ ဆရာတဲ့ကွ။ အေးလေ၊ ကျားဆရာ ကြောင်ဆိုတဲ့ စကားပုံတောင် ရှိသေး။ တကယ့် အကောင်ကြီးကြီး အဝါအနက် အစင်းကြား ကြီးနဲ့ မင်းတို့ခန္ဓာကိုယ် အကြီးစား၊ ကျားဆိုတဲ့ကောင်တွေလေ။ ကျားဆိုတဲ့မောင်တွေက အကောင်သာ ကြီးတယ် ပညာကျတော့ မင်းတို့ မျိုးနွယ်တွေလောက် မစွံဘူးဆိုပဲ။ အသား စားတဲ့ အကောင်ကြီးတွေ အမဲမလိုက်တတ်တော့ ငတ်ပေါက်ကြပြီး မင်းတို့ အဘိုးအဘွား တွေဆီမှာ အဲဒီကျားတွေက ပညာသင်ခဲ့ရတာတဲ့။ ခုန်ပျံကျော်လွှားတာ ခြေသံလုံအောင် လျှောက်တာတွေကအစ သင်ခန်းစာတော်တော်များများကို ပို့ချခဲ့တာတဲ့။ နောက်ဆုံးတော့ အမြီးကို ဘယ်လိုထိန်းရတယ်ဆိုတဲ့ သင်ခန်းစာကို မင်းတို့ ဘိုးဘွားတွေက ဆရာစားချန်ခဲ့လို့ ကျားတွေက ရာဇဝင်စဉ်ဆက် အခဲမကြေဘဲ၊ မင်းတို့ကို တွေ့ရာသချိုင်း ဓားမဆိုင်း လက်တုံ့ ပြန်မယ် ကြိမ်းထားခဲ့ကြသတဲ့။ မင်းတို့ဆွေစဉ် မျိုးဆက်ကလည်း ငါတို့ကို ရှာတွေ့ဖို့မပြောနဲ့ ငါတို့စွန့်တဲ့မစင်တောင် မတွေ့စေရဘူးဆိုပြီး ချဲလင့်ပြန်လုပ်ခဲ့တယ် ဆိုပဲကွာ။ အမှန်တော့

www.burmeseclassic.com

www.burmeseclassic.com

[illegible] ပြေပြေလည်လည်မညှိနှိုင်းဘဲ ရန်ကြွေးကို သားစဉ်မြေးဆက် သယ်လာ [illegible] တောင်းတဲ့အလုပ်တော့ မဟုတ်ပါဘူး။

ငါနဲ့ မင်းတို့မောင်နှမတွေ အထင်အမြင်လွဲစရာဖြစ်ရတာ မင်းတို့ကြောင်ရာဇဝင်နဲ့ ဆောင် လာဆက်စပ် နေသလို ပါပဲကွာ။ ဟုတ်တယ်ကွ။ အခုလို မင်းတို့နဲ့ငါ တို့ အကြားမှာ ပြဿနာဖြစ်ရတာက ရာဇဝင်ထဲက မစင်စွန့်နည်းနဲ့ဆိုင်တယ်၊ မင်းတို့ အမေက မင်းတို့ငယ် သေးတော့ မစင်ဘယ်လို စွန့်ရမယ်ဆိုတာ သင်မပေးသေးလို့။ ငါတို့ကလည်း သဲနည်းနည်းကို စကောလေးထဲ ထည့်ပြီး မင်းတို့ဇက်ကိုကိုင်။ မင်းတို့ဖင်နဲ့ သဲဗန်းနဲ့ဆောင့်။ ဒီမှာပါ၊ ဒီမှာ ယိုဆိုပြီး ကျင့်မပေးရသေးလို့ ဇာတ်တွေ မရှုပ်သင့်ဘဲ ရှုပ်သွားတာကွ။ ဒါကို အစက ငါ လည်းမသိပါဘူး။ မင်းတို့ဦးစွာက မခံစားနိုင်အောင် အနံ့ ဆိုးလွန်းလို့ တောင်မေးမြောက်မေးနဲ့ မေးမှသိတာ။ မင်းတို့ကလည်း အကောင်သာငယ်တာ ပါတဲ့မစင်က လေသင့်ရာမွှေး တော် တော်လေးကို နံတာပဲကွာ၊ ဒါကြောင့် လူတွေက မင်းတို့ ပါတဲ့ဟာကို သီချင်းတောင်လုပ်ဆို ကြတဲ့ အထိကွ။ ဘာတဲ့။ ကြောင်ကို ဝမ်းနှုတ်ဆေးကျွေးမိသလို ကျွေးမိသလို ပျော့ပျော့လေးနဲ့ နံမဲ့ ပုံပေါ် တယ်တဲ့။

တဖွဲ့မယ်ဆိုလည်း ဖွဲ့လောက်ပါရဲ့ကွာ။ လေတင်လေညာ ဘယ်လိုမှ မခံသာအောင် မင်းတို့က ဖင်သရမ်းထားတော့ ငါလည်း နှစ်ဦးနှစ်ဖက် ကောင်းအောင် စီစဉ်ရတော့ တာပေါ့၊ ဒါကို မင်းတို့က အကြောက်လွန်ပြီး အထင်လွဲသွားတာကွ။

တကယ်ပါကွာ။ မင်းတို့ကို ငါလိမ်စရာ မရှိပါဘူး။ ခက်တာက အဲဒီရှုန်းရင်းဆန်ခတ် ဖြစ်တဲ့ညက မင်းအမေကလည်း မင်းတို့နဲ့အတူ ရှိမနေဘူး။မင်းအမေရှိနေရင်လည်း ဒီလို ဖြစ်ချင်မှ ဖြစ်မှာပါကွာ။အမှန်က မင်းတို့ကို မစင်စွန့်နည်း သင်မလို့ကွ။ ဒဲ့ဒိုးပြောရရင် ကြောင်ချေးပါနည်း ပေါ့ကွာ။ မင်းတို့ကို သင်တန်းပေးဖို့ သဲကော ဗန်းပါ ရှာလာပြီးသား။ တလက်စတည်း မင်းတို့ တွေ့ရာ လျှောက်ပါထားတဲ့ အီအီးတွေပါ ကျုံးမလို့။

ပြဿနာဖြစ်မှ သူများလွှဲချတာတော့မဟုတ်ဘူး။ ပြည်ပန်းညို ချိုပါရက် ဆားဖျက်သလို လုပ်လိုက်တဲ့အမိက တရားခံက စံလွင်ဆိုတဲ့မောင်ကွ။ သူက ငါနဲ့ကျောင်းနေဘက် သူ ငယ်ချင်းပါကွာ။ သူလည်း သူ့ဘဝသူ့အကြောင်းနဲ့ငါ့ဆီ ဘယ်လိုလုပ် မျက်စိလည် လမ်းမှား လာသလဲ မပြောတတ်တော့ပါဘူး။ အခု သူက ငါဖွင့်ထားတဲ့ဆိုင်က မန်နေဂျာဆိုပါတော့။ သူက ငါပြောသမျှ ဟုတ်ကဲ့။ မသိဘူးဆိုတာချည်း ပြောနေတတ်တဲ့ မောင်။

အဲဒီညက ကြောင်လေးတွေကို ချေးပါနည်း သင်ရအောင်၊ ကြောင်ချေး စစ်ဆင်ရေး လုပ်ရအောင် လာခဲ့ပါဆိုတော့ ချီတက်လာလိုက်ကြတာ၊ သူကော၊ သူ့မိန်းမကော၊ အောင်ချို ဆိုတဲ့ချာတိတ်ကော၊ အိမ်က မောင်ဖြိုးနဲ့ပါဆို လေးယောက်တောင်။

နောက်တော့ ကြည့်အုံး။ စံလွင့်မိန်းမကလည်း ကြောင်ချေးဆိုတာ အသံကြားတာနဲ့ ဘီလူး သံပုရာသီး ကိုက်ထားတဲ့ရုပ်နဲ့၊ အောင်ချိုကလည်း အာဏာပါးကွက်သားပုံစံ။ စံလွင် က မင်းတို့ကို ဒိုင်ဗင်ထိုးဖမ်းတယ်။ အောင်ချိုက တံမြက်စည်းတချောင်းနဲ့ ရိုက်မယ်ရော်မယ် ဆိုတဲ့ဒီဇိုင်း။ မောင်ဖြိုးကလည်း အားပေးကူညီ၊အမှုတွဲအိုက်တင်နဲ့။ ကြောင်ချေးကျုံးပြီး

www.burmeseclassic.com

ကြောင်ကို အပေါ်ထပ်ကနေ အောက်ထပ်ကို ရွှေ့တာများကွာ တိုင်းပြည်ပျက်သလို ဟိုအတန်း ပုလိပ်ဝင်သလိုပါပဲ။ အမှန်က မင်းတို့ကုတ်ကို အသာလေးဆွဲပြီး ကိုင်လိုက်ရင် ပြီးပါတယ်။ အခုဟာက အမဲဖျက်သလို ကြောင်သတ်ပွဲလို ဖြစ်ကုန်တော့ မင်းတို့လည်း ဟိုချောင်၊ ဒီချောင် ဂျက်ဆီကျိန်းလိုက်တာ ပွဲက ဆူသထက် ဆူကုန်တော့တာပေါ့။

မင်းတို့မောင်နှမတတွေ ဘီဒိုအောက် ပြေးပုန်းတဲ့ကောင်က ပုန်း၊ အဲယားကွန်းနောက် ဝင်တဲ့ကောင်ဝင်၊ ခံကိုက်တဲ့ကောင်ကကိုက်။ စံလွင်လည်း ဒဏ်ရာရ။ မင်းတို့လည်း လန့် မသေတာ ကံကောင်း။ ဇာတ်ကတော့ တကယ့်ကို ရှုပ်ကုန်တာပဲကွာ။ နာရီဝက်လောက်နေ မှ သမ္မတလူကြမ်းတွေက မင်းတို့မောင်နှမသုံးကောင်ကို အောက်ထပ်ရွှေ့နိုင်တော့သပေါ့။

မင်းတို့ကလည်း မင်းတို့အမေ ပြန်လာတော့ တန်းစီဝိုင်းတိုင်ကြမှာပေါ့။ အမေရယ်။ ဒီလူတွေ လူယုတ်မာတွေ အမေရဲ့။ ကျနော်တို့မောင်နှမ ကြောင်ပေါက်လေး သုံးကောင်ကို သတ်မဲ့ဖြတ်မဲ့ပုံတွေနဲ့ဗျ။ ဘီလူးသဘက် စီးနေသလား မှတ်ရတယ်။ အဖွဲ့လိုက်ကို အကြမ်း ဖက်ကြတာဗျ . . . ပေါ့။ မင်းတို့ညီမလေးကလည်း၊ အမယ်လေး မာမီရယ်၊ သမီးတော့ အခုထိ ရင်တွေပန်းတွေ တုန်တုန်း။ သမီး သိပ်ကြောက်တယ် မာမီရယ်။ သမီးကို ချစ်ရင် ဒီလူရမ်းကားတွေအိမ်မှာ ဆက်မနေပါနဲ့။ လူတွေဖြစ်ပြီး လူစိတ်မရှိတဲ့သူတွေပါ မာမီရယ်၊ လုပ်မှာပဲပေါ့ကွာ။ အေးကွာ၊ တကယ်ဆို ငါ့အပြစ်လည်း ကင်းလှတယ်တော့ မဟုတ်ဘူး။ ဒီလောက် အကွပ်အကဲညံ့တဲ့ မောင်တွေကို ဒီလို စစ်ဆင်ရေးကို တာဝန်ပေးမိလို့ပေါ့ကွာ။ မင်းတို့အမေကလည်း မင်းတို့တိုင်တာတောတာ ယုံပြီး မင်းတို့ကို ကုတ်ကနေ ကိုက်ချီပြီး ညတွင်းချင်းကို ပြောင်းသွားကြ ထင်ပါရဲ့ကွာ။ မနက်မိုးလင်းတော့ ငါလိုက်ရှာပါသေးတယ်။ ငါတို့ လွန်သွားတာကို ပြန်ချော့မလို့ကွ၊ မင်းတို့က နှိုးဆီကြိုက်တတ်တယ် မဟုတ်လား။မင်း တို့ကတော့ ငါ့ကို ခြေရာလည်းပျောက်၊ ရေလည်းနောက်အောင်ကို လုပ်သွားခဲ့တာကလား။ ဆွိဒင်ကြီး အိမ်ကိုပြန်လေသလား။ ထိုင်းအဘိုးကြီး အဘွားကြီးအိမ်ကိုပဲ မြန်းလေသလား။ အစအနကို ရှာမရတော့ပါဘူးကွာ။

(၄)

ပွင့်ပွင့်လင်းလင်း ပြောရရင် ငါလည်း တစ်ယောက်တည်း နေလာတာ ကြာလို့လား မသိဘူး။ မင်းတို့ကို သံယောဇဉ် ဖြစ်သွားသလိုပဲကွ။ မှတ်မှတ်ရရ လွန်ခဲ့တဲ့ နှစ်ပါတ်ဝန်းကျင် ညတစ်နာရီထိုးလောက် ငါတရားထိုင်ပြီး ထွက်လာတော့ မင်းအမေက ငါ့ကို သူ့နှုတ်သီးနဲ့ ပွတ်သီးပွတ်သပ် လာလုပ်နေတယ်။ တရားထိုင်တယ်ဆိုတာကလည်း ကိုသက်ခိုင် ပြောလို့ ပါကွာ။ ဘာရယ်တော့ ဟုတ်တိပတ်တိ မရှိလှပါဘူး။ ကိုသက်ခိုင်ကတော့၊ သူ့နည်းနဲ့သူ ဖြစ်ပျက်ကို မြင်တယ်ဆိုလားပဲ။ ငါကတော့ နှာသီးဝက လေတောင် အနိုင်နိုင် ဖမ်းနေရတုန်း ပါ။

ထူးထူးဆန်းဆန်း မကပ်စဖူး လာကပ်တဲ့ မင်းအမေရဲ့ အမူအရာကို ငါသဘော ပေါက်တယ်ကွ။ သူက ကျမကလေးတွေ နှိမ့်ဆွဲလွန်းလို့ စားစရာလေး ဘာလေးရှိရင် ကြည့်...

www.burmeseclassic.com

အုံးလို့ပြောတာတွေ။ အစတော့ ငါလည်း မျက်နှာလွှဲလိုက်မလို့။ နောက်ပြန်စဉ်းစားကြည့်တော့ ငါတို့လူတွေဟာ ဆဲဗင်းအလဲဗင်းမှာ နှစ်ဆယ့်လေးနာရီ ထွက်ဝယ်လို့ရတာ မင်းအမေက မင်းတို့ကို ထားပြီး ဘယ်မှာ ဘာထွက်ရှာမလဲ။ ကြည့်၊ အချိန်ကလည်း ညတစ်နာရီလေ။ ဒါနဲ့ မင်းတို့အတွက် ဘာများသင့်တော်မလဲ စဉ်းစားတယ်။ နောက် ငါနဲ့မောင်ဖြိုး မနက်ဖက် လက်ဖက်ဖျော်သောက်တဲ့ နို့ဆီဗူးထဲက တဝက်လောက်ကို အချိုပန်းကန် အောက်ခံပြားထဲ ထည့်ပြီး တိုက်လိုက်တော့တာပဲကွာ။ အေးလေ။ မင်းတို့မောင်နှမသုံးကောင်က အစတော့ ခပ်လှမ်းလှမ်းက အခြေအနေ အကဲခတ်နေတယ်။ မင်းတို့အမေလည်း လေးငါးခါ လျက်ပြီးရော မင်းတို့လည်း ဘာသာနဲ့ထုထားမှတ်လို့ အတင်းဝိုင်းတွယ်ကြတယ်လေ။ နောက်ရက်တွေလည်း မင်းတို့ကလည်း ငါ့တွေ့တာနဲ့ တညောင်ညောင်နဲ့ နို့ဆီခွဲတမ်း တောင်းတော့တာပဲလေ။ တခါတခါ ငါ ချတိုက်တာများပြီး အန်ထွက်ကုန်တာတောင်ရှိသေး။ ဩော်၊ ကြံဖန်ပြီး ဂုဏ်ဖော်တာ မဟုတ်ရပါဘူး။ ငါမှာလည်း သံယောဇဉ်ဆိုတာရှိတယ်လို့ ပြောချင်တာက အဓိကပါ။

ဝဋ်မှာအမြဲ ငရဲမှာအပတဲ့။ ဝဋ်ဆိုတာတော့ ကြောက်သပေါ့။ မြန်မာရှေးဘုရင်တွေ လုပ်ချင်ရာလုပ်ခဲ့တာ ငါတို့လက်ထက်မှာ ကောင်းကောင်းကြီး ဝဋ်လည်နေတော့တာပဲ။ မြန်မာပြည်မှာ ဘယ်လိုမှ ရှာဖွေ စားသောက်လို့မရတဲ့အဆုံး နယ်စုံက မြန်မာပြည်ဖွား တိုင်းရင်းသားမျိုးစုံဟာ ထိုင်းကို ရောက်လာပြီး ထိုင်းတွေ မလုပ်ချင်တဲ့ အလုပ်ကြမ်း မှန်သမျှ လုပ်နေကြရပြီကွ။ တိုတိုပြောရရင် မြန်မာတွေက ထိုင်းတွေရဲ့ ကျွန်ပြန်ဖြစ်နေတယ် ဆိုပါတော့ကွာ။ မင်းတို့အိမ်ပြောင်းတာ တို့မြန်မာတွေနေရာရွှေ့ နိုင်ငံကူးပြီး အလုပ်လုပ်ရသလောက်တော့ မဆိုးသေးဘူးကွ။ မြန်မာအလုပ်သမားတွေက ကျွန်လာခံတယ်ဆိုတာတောင် လာရေးသွားရေးက မလွယ်လှဘူးမောင်။ နှစ်နိုင်ငံ နယ်စပ်ကိုကျော်ဖို့ နှစ်နိုင်ငံလုံးက ပိုင်ရာ ဆိုင်ရာတွေကို တံစိုးလက်ဆောင် လိုင်းကြေးလမ်းခင်းပြီး လာကြရတာ။ ပတ်စပို့လို့ ခေါ်တဲ့ နိုင်ငံကူးလက်မှတ် ထုတ်ပေးတဲ့ခေတ်မှာလည်း ထင်သာထင် မဝင်ဘူးကျောင်းအမရေ ပြောရမလို၊ ဒုက္ခမီးကတော့ လောင်နေတုန်းပါပဲ။ ပတ်စပို့စာအုပ်ရဖို့ ပွဲစားအဆင့်ဆင့်ကို ပေးရကမ်းရတာ ဗမာငွေလေးသိန်းကျော် ကုန်ကျတယ်ဆိုပဲ။ မင်းတို့မမွေးခင် တစ်နှစ်ကျော်လောက်က ရနောင်းကနေ ဖူးခက်ကို အလုံပိတ် အအေးခန်းကားထဲမှာ မြန်မာအလုပ်သမား တစ်ရာကျော် တင်လာလိုက်တာ လေအေးစက် ခလုပ်မဖွင့်မိလို့ ငါးဆယ့်လေးယောက် တောင် မချိမဆန့်အသက်ထွက် ကုန်ကြပါပကော။ မင်းတို့ကြီးရင် မြို့ထဲရောက်ရင် မြင်ပါ လိမ့်မယ်ဗျာ။ တကယ့်မိုးထိတိုက်တွေ ပြည့်နေတဲ့ မြို့ကြီးမှာ မဒမတိုင်မျောတိုင်တွေနဲ့ သွပ်ပြား ဟောင်း မိုးထားတဲ့ ယာယီတဲတွေဟာ မြန်မာအလုပ်သမား စံနန်းတော်တွေပေါ့။

(၅)

တို့မြန်မာနိုင်ငံက အစိုးရမင်းများကိုလည်း တို့က ဘယ်ဘဝကများ ဘာငွေ ငြိငြင် အောင် ဘယ်လောက်လုပ်ခဲ့မိသလဲ ဇာတိဿရ ဉာဏ်မရတော့ မပြောတတ်ဘူး။ ငါတောင်





www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်မှာ မတောင့်မတနေနိုင်ပါရက်ကနဲ့ ဖူးခက်မှာ သောင်လာတင်ပြီး သောင်ပြင်က မောင်လို ဝင့်ပြန်လည်နေလေရဲ့။ ကိုသက်ခိုင်ပြောတာတော့ သံသရာဆိုတာတကယ်ရှိကြောင်း သူယုံတယ်ဆိုပဲ။အဲဒီ သံသရာတို့ ဝဋ်တို့ဆိုတာတွေကြောင့် ငါဒီလောက် လေကြောရှည်နေတာပေါ့ ကွာ။ မင်းတို့သာ အပြီးနဲ့ဖုန်လုံးတောင် မမြင်ရတော့တာ မင်းတို့အမေတော့ ငါ့အိမ်ဘက်ကို ရံဖန်ရံခါ လာလာနေတုန်းကွ။ ငါလည်း မျက်နှာပူနေတော့ မင်းတို့သတင်းမေးရမှာ နည်းနည်းတော့ ရှိန်နေသလိုပဲ။ အေးလေ။ ဒါကြောင့် မင်းတို့မောင်နှမကို ပြောပါရစေ။ အဲဒီနေ့က အဖြစ်အပျက်နဲ့ပတ်သက်လို့မင်းတို့ မောင်နှမတွေ မလိမ္မာတခါ မိုက်တဲ့ငါတို့လူမိုက်တွေကို ဖွဲမယူပါနဲ့။ ရန်ငြိုးရန်ကြွေး၊ ဝဋ်ကြွေးဆိုတာမျိုး ဖြစ်အောင်ဘယ်ဘဝမှသယ် မသွားကြပါနဲ့။

မင်းတို့သတင်းကိုလည်း ငါ အမြဲနားစွင့်လျက်ပါ။ စကားကုန်ကုန် ပြောရရင် ငါ့အိမ်မှာပြန်မနေကြရင်တောင် အဝင်အထွက်လောက်တော့ လုပ်ကြကွာ။နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ သံသယတို့ ရန်ငြိုးတို့ဆိုတာ ဘယ်သူ့အတွက်မှ အကျိုးမပြုပါဘူးကွာ။ အခုတို့မြန်မာပြည်ဒီမိုကရေစီစနစ်ဆီကို ပြောင်းလဲနေသတဲ့။ခက်တာက ခေတ်ဟောင်းမှာ ရှိခဲ့တဲ့ကြီးမားတဲ့သံသယတွေရဲ့ အရိပ်မဲကြီးအောက်ကနေ မလွတ်နိုင်ကြသေးတာပါပဲ။အဲသလိုအချိန်မျိုးမှာ ရန်ငြိုးတွေပယ်ဖျောက်ဖို့ စံနမူနာကို မင်းတို့နဲ့ငါက၊ စပြလိုက်တာ အကောင်းဆုံးထင်ပါရဲ့။

*(စောင့်ကြည့်ဂျာနယ်၊ငွေလိုင်(၁၃)၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အကယ်ဒမီ ချစ်သူများ

(၁)

မျှော်လင့်ခြင်း ၂၀၀၈ ကား အဆိုးတည်းဟူသော အထင်အမှတ်တို့ဖြင့်သာလျှင် ပြွမ်းတီးလျက် မကြာမတင် ကုန်ဆုံးပေရှော့မည်။ အပ်ံအဝေရော၊ ဟောမိ အစချိုလျက် တစ်ကမ္ဘာလုံးမှာများသတ္တာ ချမ်းသာ ကိုယ်စိတ်မြဲပါစေ ဆုခြွေမိချိန်တည်း။

ဤအချိန်၊ အနီးအချိန်တွင် ဘလော့ဂ်လောက၌ နောက်ဆုံးပေါ် ထူးခြားဖြစ်စဉ်တစ်ရပ် သည် ကွန်ပျူတာအားလုံးပေါ်သို့ လွှမ်းမိုးဖြတ်သန်း တိုက်ခတ်လေသော နာဂစ်ကဲ့သို့ ရှိလေ၏။ ယင်းကား ဘလော့ဂ်ဂါ အကယ်ဒမီရွေးပွဲဟူသတည်း။

နိုင်ငံတကာရောက် မြန်မာခေတ်ပညာတတ်တချို့၏ အားထုတ်မှုဟု ဆိုလေသည်။ ၂၀၀၈ခုနှစ်အတွင်း လက်ကမြင်းခဲ့ကြသော ဘလော့များစွာတို့အနက်မှ ဘာသာရေး ပညာ ရေး၊ နည်းပညာ၊ နိုင်ငံရေး၊ ပရဟိတ၊ မြန်မာစာပေ၊ ရသစာပေ၊ ကဗျာနှင့် အစုအဖွဲ့ဟူ၍ ဆုအမျိုးမျိုး ရွေးချယ်အပ်နှင်းမည်ဆိုပါ၏။ မြန်မာရုပ်ရှင်အကယ်ဒမီရွေးပွဲကို အားကျနည်း မှီလျက် ဇာတ်ပို့ ဇာတ်ရဲ သရုပ်ဆောင်၊ ဓာတ်ပုံ၊ အကောင်းဆုံးဇာတ်ကား အစရှိသည်ဖြင့် ခွဲခြားပုံနှင့် ဆင်လေစွ။ ဖတ်သူတို့က ရွေးရမည်ဆိုပါ၏။ ရည်ရွယ်ချက်များကိုလည်း မြန်မာအစိုးရမင်းများ၏ ဦးတည်ချက်လေးရပ်နှင့် ခပ်ဆင်ဆင်တွေ့ရပြန်ချေသည်တမုံ့။

www.burmeseclassic.com

www.burmeseclassic.com

ဘလော့ဂ် အကယ်ဒမီမုန့်တိုင်းကား ပြည်တွင်းရုပ်ရှင် အကယ်ဒမီကိုပင် လွှမ်းမိုး ချေဖျက်တော့မည့် ဟန်ပါတကား။ ငါ့သွေး၊ ငါ့မား၊ ငါ့ရောဝတီကိုလည်း သတိမရ၊ လူမင်း၊ ကျော်သူ၊ စိုးမြတ်သူဇာ၊ မျိုးသန္တာထွန်းတို့ပင်လျှင်၊ ဟိုးဝေးဝေးက နှင်းဖြစ်လျှက် မှုန်ဝါးစွာ ကျန်ခဲ့သောင်ဘကား။

ဘမည်ကျော် ဘလော့ဂ်များကား အကယ်ဒမီအရွေးခံရလျှင် ဘလော့ပေါ်တွင် ချက် ချင်းတော်ပုံတင်နိုင်ရန် တိုက်ပုံနှင့် လိုက်ဖက်လေမည်လား။ ဥရောပဝတ်စုံဖြင့် စမတ် ကျ လေမည်လား။ အကယ်ဒမီဇန်းကို မည်သို့ကိုင်လေမည်နည်း။ ၂၀၀၈ မစ်စ်ယူနီဗာ့စ်မယ် အိရှ ပေလော။ မြန်မာဘီယာကြော်ငြာမယ်၊ ထမီရင်လျှားသနပ်ခါးပါးကွက်ကျား လေးများ ပေလော။ ကျေးဇူးဥပကာရစကား မည်သို့မြွက်ကြားသော် သင့်လေမည်နည်း၊ စိတ်ကူး အသီးသီး ယဉ်နေကြပေရော့မည်။ ထို့တမူလည်း ကိုယ်ကြိုက်ရာ အားသန်ရာ မဲပေးကြရုံမက၊ ရပ်နီးရပ်ဝေး မျက်နှာကျက်စိမ်းမှန်သမျှထံ ဖုန်းနှင့်တနည်း၊ စက်ဖြင့် တသွယ် မဲအဆွယ်ကြီး ဆွယ်နေကြသူများလည်း ဒုနှင့်ဒေးပင်ရှိကြလေမည်။

ဤသည်လည်း အပြစ်ဆိုဖွယ်ရာတော့ မဟုတ်ချေ။ အဘယ်ကြောင့်နည်းဟူမူ ကျွန်ုပ် ကဲ့သို့ ဘလော့ဂ်သက်ကြီး ပူဇော်ပွဲတွင် ကေန်မုချမသွေ ပါဝင်နိုင်ပေထသော၊ တိုက်ကြက် ကလေးသဖွယ် နုပျိုသေးလင့်ကစား။ သက္ကရာဇ်အတုာ ဆောင့်နေသူ အိုကြီးအိုမပင်လျှင် ဖူးခက်မှ ရောင်းရင်း ဘိသိက်ဆရာ၊ ဆရာလင်း၏မောင့်ကျက်သရေ ခေါင်းပေါင်း တစ်ပတ် နှမ်းနှင့် အဘိုးအမွေ ခေါက်ရိုးကြေ၊ ဘန်ကောက်ပုဆိုးကို မျက်စောင်းထိုးမိသေးသည် မဟုတ် တုံလော။ (ဤကား စကားချပ်)

(၂)

ကျွန်ုပ်ကား အဆိုပါ ဘလော့ဂ် အကယ်ဒမီရွေးပွဲကို ကြဖွံ့တို့ ရုဒ်မက်ကို ကြိုဆိုသည့် အလား လိုက်လှဲစွာ ဒိုင်ဗင်ထိုး ဝမ်းစမိုးလေ၏။ အကြောင်းမူ ကျွန်ုပ်ကား ဇာတ်ပိုးပါသော ဘုန်းကြီးသည် ဆိုင်းဝိုင်းနှင့် တည့်တည့်တိုးသကဲ့သို့သော ကိန်းကြောင့်ပေတည်း။ ကျွန်ုပ်ကိုယ် တိုင်ပင်လျှင် "မဲပေးတဲ့နေရာ ကြွကြွပါအုံး" ဆိုမိသည်ကိုလည်း ဝန်ခံရမည် ဖြစ်ချေ၏။ ဘဝတဏှာ၊ လောကီအစွဲကြီးလေစွတကား . . . ကိုယ့်ကိုယ်ကို တရားချ ရသည်အထိပင်။ သို့တစေ . . . ကျွန်ုပ်၏ ပျော်ရွှင်ဝမ်းမြောက်မှုကား ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ် ကဲ့သို့ တာရှည်မခံခဲ့ချေတကား။ သခင်မျိုး ဒို့မြန်မာတို့၏ နောက်ဆက်တွဲ ကလော်သံဆဲသံတို့ ကြောင့် ညစ်ညူးရပြန်ချေပြီတည့်။

ဤနေရာတွင် အနည်းငယ် ရှင်းပါအုံး၊ ယခုရွေးပွဲကား ဒုတိမြောက်ပေါ် ထွက်လာသော အုပ်စုဖြစ်၏။ သူ့အရင်တဖွဲ့ပေါ် လာသည်နှင့် ဘလော့ဂ်အချို့ အရွေးခံစာရင်းတွင် ပါ မလာခြင်းနှင့် စပ်လျဉ်း၍ ဇင်းစီဘောက်တွင် အယုတ္တ အနတ္တ ဝင်ဆဲကြခြင်းဖြင့် ခြေဥး တီးလုံး စလေ၏။ ရိုဟင်ဂျာသွေးဆိုသော မောင်၏ဆဲချက်၊ ယုတ်ချက်မှာ ပြင်းထန်လွန်းလှ ရကား ကျွန်ုပ်စိတ်တွင် စွဲထင်နေသော တိုင်းပြည်ပျောက်နေသည့် ရိုဟင်ဂျာတို့အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည့် ဂရုဏာတရားပင် ခန်းခြောက် မတတ်ဖြစ်ချေ၏။ ရိုဟင်ဂျာသွေး၏ ဆဲချက်မှုရင်းတို့ကား ကျွန်ုပ်ရှက်နိုးလှသည်ဖြစ်၍ ရေးမထွက်ပြီ။

အတိုက်အခံဘလော့ဂါ အချင်းချင်း အော်သံဆဲသံ ပွက်ပွက်ညံနေချိန်တွင် အစိုးရမင်းများဘက်သို့ ယိမ်းလေသော ဘလော့တခုမှာ ထိပ်ဆုံးတွင် အမှတ်အများဆုံးဖြင့် မြို့မေတ္တာကို ရနေလေချေပြီတကား။ သတိပြုစရာအချက် မဟုတ်တုံလော။

ပထမအဖွဲ့ထက်ပို၍ စည်းစနစ်ကျလေဟန်ရှိသော ဒုတိယမြောက် အကယ်ဒမီရွေးပွဲနောက်တစ်ပွဲစပြန်လေရာ ဆဲပွဲအော်သံတို့ ပိုမိုဆူလောင်လာပြန်ချေ၏။ အကောင်းဆုံး အဆဲသမားကား ညီတော်မောင်၊ ငြိမ်းဇေဦး (ခေါ်) တုတ်ကြီး (ခေါ်) မောင်မွှေးတည်း။ မဖွံ့ရရင်မနေနိုင်တာကလွဲလို့ အားလုံးကောင်းသူပေတကား။ မြန်မာ့သတင်းသမဂ္ဂမှ ဂုဏ်သရေရှိလူကြီးမင်းကိုယ်တိုင် သမားတော်ဇီဝကဘလော့မှာ ကွန်မင့်ဖြင့် ပြန်ရှင်းနေရပြန်သည်တကား။

(၃)

စိတ်သည် "နွားရိုင်းနှင့်တူသည်" ဆိုသည်မဟုတ်လော။ သတိဟူသောကြိုးဖြင့်ချည်ခြင်းငှာ အစဉ်သဖြင့် မစွမ်းသာချေ။ ဤဘလော့ဂါ အကယ်ဒမီရွေးပွဲကြောင့် ပေါ်ထွက်လာခဲ့သော ကလော်သံဆဲသံ အမူအကျင့်တို့သည်ပင် မြန်မာ့စတိုင်ပေလော။ ပြည်ပရောက် မြန်မာဦးရေတစ်ရာတွင် ရာနှုန်းကိုးဆယ်ကျော်သည် အတိုက်အခံရပ်ဝန်းမှ ဖြစ်ရကား အတိုက်အခံတို့၏စရိုက်ကိုစောကြောလိုလာပြန်ချေသည်။

ဤနေရာ၌ မိုက်မလင်းနိုင်ဘု အစချီ၊ ပျဉ်းမနားမင်းတရားကြီးနှင့် သူ၏ရဲမက်များဆေရှုပ္ပတ္တိမှာမူ ကျော်ဇောကိတ္တိ ဖြစ်ပြီးသည့်အလျောက် စောကြောလိုသည့်စာရင်းတွင်သွင်းလိုတော့ပြီ။ ကျွန်ုပ်သိလိုသည်ကား ကျွန်ုပ်မော်ကြည့် ရသောဒီမိုကရေစီသူရဲကောင်းအများစုတို့အကြောင်းသာတည်း။

ရင်ဝယ်ဖွဲ့လေသော ပဟေဠိကို ဖွင့်ဆိုနိုင်လိုငြား နီးရာ ဖန်သားမိတ်ဆွေတို့ထံ ရင်ဖွင့်မိပြန်လေ၏။ မြန်မာတို့မည်သည် ဤသို့ပေလောဟူသော အမေးစကားပင် အဆုံးမတိုင်သေး ဂျာမဏီရောက် မြန်မာလူငယ်တစ်ဦး၏ ဖွင့်ဆိုညည်းတွား ရှင်းပြသည်ကား . . . ဤသို့တည်း။

"ဒီမှာရှိတဲ့အများစုလည်း ဒီလိုပါပဲဗျာ။ ဥရောပရောက်လာတဲ့ မောင်မြန်မာတွေကအသိုက်အဝန်းကျဉ်းပြီး လုပ်စရာမရှိတာနဲ့ စားကောင်းသောက်ကောင်း ဒီမိုကရေစီအမည်ခံနေတာ။ နေ့တိုင်းပြောတာက ဒီမိုကရေစီ။ လုပ်တော့ သောက်တလွဲ ချည်းပဲဗျ။တချို့ဆိုဒီမိုကရေစီဘက်တော်သား ဖြစ်ချင်လွန်းလို့ နအဖဘက်တော်သားတွေ ဥရောပနဲ့ အမေရိကထိုးဖောက်နေတယ် ပြောလိုပြော။ သန့်စင်ရေးလုပ်ရမယ်ဆိုပြီး ဥရောပမှာ ကြံ့ဖွံ့အသင်းဝင်တွေကို လာရှာနေတဲ့သူတွေလည်း ရှိသေးတယ်ဗျာ၊ အမှန်တော့ သူများကိုလိမ်ရာက



www.burmeseclassic.com

www.burmeseclassic.com

တိုယ်တိုင်လိုက်ယုံပြီး သူတို့ကိုယ် သူတို့ ဗိုလ်ချုပ်အောင်ဆန်းထက် တော်တယ်ထင်နေကြတယ်ဗျာ။ "အံ့ရော" ဆိုလေ၏။ အကာယ်ဒမီတို့ပင်တည်း။

ဘန်ကောက်မြို့နေ အယ်ဒီတာမင်းတစ်ဦးထံ ရင်ဖွင့်ပြန်လေရာ သူ၏ဩဝါဒကားတမိုးကွဲ၏။ "မဲဆောက်က မောင်တွေက ဆူးတောင်တွေ တကားကားနဲ့ချည်းပဲဗျာ။ပြောလိုက်ရင် ပျဉ်းမနား မင်းတရားကြီး မကောင်းကြောင်းတွေချည်းပဲ။ လုပ်နေတာကလည်း မင်းတရားကြီး လက်ကွက်နဲ့တထပ်တည်းဗျ။ တကယ်တော့ လွှန်ခဲ့တဲ့ ခြောက်နှစ်ဝန်းကျင်က ကျနော် ခင်ညွှန့် မုန်းကြောင်း နေ့တိုင်းပြောနေတာ၊ ကျနော့်ဆရာတစ်ယောက် ကြားတော့ မင်းဟာ ခင်ညွှန့်ကို မုန်းနေတာမဟုတ်ဘူး။ တိတ်တခိုး အားကျနေတာ။ ဒါကြောင့် သူ့အကြောင်းတွေ မင်းခေါင်းထဲ အချိန်ပြည့် ရောက်နေတာလို့ ဝေဖန်ခဲ့တာ မှန်ချက်ကတော့ ဒက်ထိပဲဗျာ။ အမှန်က အာဆင်နယ်ဂျာစီဝတ်ပြီး မန်ယူစိတ်ဓာတ်နဲ့ ဝင်ကစားနေကြတာဗျာ။ ဆော့ ကရက္ကိ ကထာတွေကို ရွတ်နေတဲ့ မက္ခရာဗယ်လီတွေဗျ" ဟုပြန်၏။ . . . . ဩချလောက်သော အကာယ်ဒမီများပေတကား။

(၄)

သူပြောငါပြောနှင့်တော့ ကာလာမသုတ်အရ လက်မခံထိုက်ချေ။ ကျွန်ုပ်အနီးဝန်းကျင်ကို စောင်းပါးရိပ်ခြေ ကြည့်ပါဦးအံ့။

ဖူးခက် ရွှေမြို့တော်တွင် ကျွန်ုပ်ဆုံခဲ့ဘူးသော တစ်ယောက်သောမောင်ကား တမူထူး၏။ သူသည် ရဲဘော်ဗိုလ်မိုးသီး လက်မွန်မဆွ ထူထောင်အပ်သောတပ်သို့ ၁၉၉၉ ခုနှစ်ဝန်းကျင်တွင် မဲဆောက်ရောက်လာသူဖြစ်၏။ မူဟန်ကား ချေဂွေးဗားရားကဲ့သို့တည်း။ အစဉ်တဖွဖွ ရွတ်သည်ကား ကျနော်က ကိုးလေးလုံးမှာ "အပြတ်ဆော်လာခဲ့တာ" ဟူသတည်း။ သို့တစေ ထိုကာလက အစိုးရမင်းများဘက်မှ ကိုးလေးလုံးတိုက်ပွဲ အကျအဆုံးသတင်းကိုမူ ကျွန်ုပ်စိုးစဉ်းမျှ မကြားမိချေ။ မကြားချေ။ အမေရိကန် အလှူ့ဒကာတစ်ဦးနှင့် ဆုံမိလေရာ မျက်စိနောက်လောက်အောင် ပူဇာစ ပူဇနေယျာနံ လိုက်သည်မှာ သူ၏မွေးသဖခင်ကိုပင် ထိုအလှူ့ဒကာလောက် လေးစားဟန်မရှိချေ။ ထို့ထက်ဆိုးသည်ကား သူကိုယ်တိုင် ဖွင့်ဆိုရှင်းပြချက်အရ သူသည် သူ့နောက်တော်ပါတို့အပေါ် အမျက်ထွက်သည့်အခါတွင်ကား မိုက်တိုင်စန်နည်းဖြင့် ရှင်းသည်ဟူ၏။ ဤကား ကျွန်ုပ်၏ ကိုယ်တွေ့ အာဇာနည်လက်သစ်ကလေးအား မြင်သာရန် ပုံခိုင်းရလျှင် ဆက်ဒမ်ဟူစိန်က နတ်သျှင်နောင်ရတုကို ဌာန်းကရိုဏ်းမကျစွာ ရွတ်သကဲ့သို့တည်း။ အကာယ်ဒမီ ထိုက်လှပါပေ၏။

စကြိုဝဠာအကြောင်းကိုသိလိုလျှင် အက်တမ်ကို ခွဲစိတ်ရသည် မဟုတ်လေလော။ တကောင်းအဘိရာဇာအနွယ်ဝင်တို့၏ စိတ်သဘောသည် အသို့ပေနည်း။အချို့ကို ခွဲခြမ်းစိတ်ဖြာသင့်သည် မဟုတ်လော။ ကျွန်ုပ်သည် ငယ်ဘဝက ကြုံခဲ့လေသော ရန်ကုန်မြို့တော်မှ အောင်မှတ်နှင့် မအုံးမြင့် ဇာတ်လမ်းသို့ အတွေးဆက်ပြန်လေသည်။ အောင်မှတ်ကား အသက် သုံးဆယ်ဝန်းကျင်ဖြစ်၏။ လက်ငုတ်လက်ရင်းအလုပ်ကား ဖိုးမင်းတီးတည်း။



www.burmeseclassic.com

www.burmeseclassic.com

တရံတခါဆစ်မျှ အောင်မှတ် မှန်ရာလုပ်သည်ကို မကြားမသိရဘူးချေ။ သို့သော် လူပုံချောဖြစ်၏။ ကြော့၏။ သူ့ဝတ်ဟန်ဆင်ဟန်ကို ကျွန်ုပ်တို့ပင်လျှင် အားကျခဲ့သည်လည်း အမှန်ပင်။ သူကား အမျိုးပိုလ်လူ အော့ကြောလန်သူတည်း။ အော့ကြောလန်သူများ စာရင်းတွင် မအုံးမြင့်သည် တစ်နံပါတ်စွဲ၏။ အဘယ်ကြောင့်နည်းဟူမူ အနီအောင်မှတ်သည် ကလေးသုံးယောက်မိခင် မုဆိုးမအသစ်ကလေး ဒေါ်ဝင်းကြည်နှင့် ငြိနေလေရာ မအုံးမြင့်သည် ဒေါ်ဝင်းကြည်၏သမီး ဖြစ်သောကြောင့်တည်း။ မအုန်းမြင့်သည် အောင်မှတ်ကို ဖိနပ်ကြိမ်းလည်းကြိမ်း၏။ မကြားဝံ့အောင် ကလော်ဆဲသည်လည်းရှိ၏။

ပုံပြင်မမှတ်ပါလေနှင့်။နောင်သုံးနှစ်မျှအကြာ အောင်မှတ်သည် မအုန်းမြင့်နှင့် ညားလေသတည်း ဟူလို။ မုန်းပါတယ် မောင့်ကို ဆိုခဲ့လေသည့် မအုန်းမြင့်သည် အောင်မှတ်ကို အဘယ်အချိန်က တိတ်တခိုး နှစ်သက်နေခဲ့လေသနည်း။ အကယ်ဒမီမအုန်းမြင့်ပေတကား။

(၅)

တလ်မျှသော ခန္ဓာကိုယ်တွင် အမှန်တရားရှာရန် ဗုဒ္ဓဟောတော်မူသည် မဟုတ်လော။ ဆက်၍ ဆန်းစစ်ပါဦးအံ့။

ကျွန်ုပ်ကား ဒီမိုကရေစီဇော၊ စိတ္တဇရောဂါ စွဲကပ်နေသူဖြစ်ချေ၏။ တွေ့ရာမြင်ရာကိစ္စမှန်သမျှ မြန်မာ့ဒီမိုကရေစီရေး ဆွဲဆွဲတွေးတတ်လေ၏။ တော်သလင်း ရာသီခွေးတို့ဘာသာဘာဝ ဖြစ်လေ့ရှိသည့် မေထုံကိစ္စ၊ ဂရာဝါသ မြင်ကွင်းမျိုးကို မြင်လျှင်ပင် မြန်မာပြည် မလွတ်မြောက်နိုင်ခြင်းမှာ ထို့နည်းတူပေလော။ ခြံတွင်းမြေ၌ ပျိုးချအပ်သော ဘူးမျိုးစေ့တို့ အပင်ပေါက်လျှင်သော်မှ မြန်မာ့ဒီမိုကရေစီရေးသည် ဤနည်းနှင်နှင်ပေလော တွေးတောတတ်သူတည်း။ အရိယာမဖြစ်သေးရကား ရောဂါသည်းချိန် ဥရောပသူ ခြေတံပေါင်တံရှည်တို့ကို မြင်ပြန်လျှင်လည်း ဒီမိုကရေစီရတဲ့နေ့ ဒါမျိုးတွေ ဒို့မြေမှာ ရိုက်သတ်တောင် မကုန်နိုင်ဟူ၍လည်းကောင်း၊ ဖွတ်ဆွဲတွေးမိပြန်ရာ ရံဖန်ရံခါ ချောင်သလိုဂေါက်သလိုဟုပင် အထင်ခံရသည်အထိ ဖြစ်ချေ၏။

ထိုသို့လျှင် ငါ့သူတပါး၊ ယောက်ျား၊ မိန်းမစာရင်းဝင် မြန်မာ့အတိုက်အခံအပေါင်း၏ ဇာတိမာန်ကို ဆန်းစစ်မိသည်၏ တခဏ၌ ကျွန်ုပ်၏ဝသီအတိုင်း ဒီမိုကရေစီနှင့် ဆက်စပ်မိပြန်လေရာ ရုတ်ခြည်း အတွေးတစ်ခု ထွက်ပေါ်လာပြန်လေ၏။

ဤသည်ကား၊စိတ်ကူးယဉ် လံကြုပ်လမ်းညွှန်မြေပုံကို ဇာတ်အိမ်တည်လျက် ပြည်သူလူထုအမြောက်အများကို ဖမ်းဆီးထောင်ချခန်း၊ ရိုက်နှက်သတ်ဖြတ်ခန်းများ၊ သိန်းချီသော ဒုက္ခသည်များကို စတေးခန်းတို့၌ ကင်မရာထရိုက်မပါ သဘာဝအတိုင်း ကျနစွာ ထည့်သွင်းရိုက်ကူးထားလေသော၊ မြန်မာစစ်မင်းများရေးဖွဲ့ညွှန်းရိုက်ကူးလေသော နှစ်ပေါင်းနှစ်ဆယ်မျှ အခန်းဆက်ပြသကာ၊ ပြသလေရာ ရုံတော်မင်္ဂလာတိုင်း၌ ကလေးနှင့်ခွေးတို့သာ ကြိတ်ကြိတ် တိုးလေသော ရုပ်ရှင်တကား ထိပ်ခေါင် "ရွှေပြည်တော်မျှော်သထက်ဝေး" ဇာတ်ကားမဟာ၊ စူပါဘိုင်



www.burmeseclassic.com

www.burmeseclassic.com

ကျေးပါကြီးတွင် ကျွန်ုပ်တို့အားလုံး "အကယ်ဒမီ ရွှေစင်ရုပ်ထု" တပြုံတမကြီး ပိုက်နေမိကြလေသတတ်တည်း။

နိဂုံးချုပ်အားဖြင့် (နှစ်သစ်ဦးတွင် ရွှေစင်ရုပ်တုကိုယ်စီဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိကြမည့် နောင်နှစ်များတွင်လည်း ဆက်လက် ဆွတ်ခူးနိုင်စေရန် ကျွန်ုပ်မှာ သူဒိုးက လူပြန်ဟတ်ဆိုတတ်သကဲ့သို့ လက်ဦးမှုယူကာ ရှေ့ဆုံးမှ ဆုတောင်းအပ်ပေကြောင်း)။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြောင်စုန်းဝတ္ထု

(၁)

ဒီမယ်၊ ဒီမယ်၊ ခင်ဗျားကိုကြည့်ရတာ ဖမာ့ထင်ပါရဲ့။ အတော်ပဲဗျာ၊ ကျုပ်လည်း စကားပြောဖော်မရှိတာနဲ့။ ခုတလော ကျုပ်စိတ်ထဲမှာ တကြောင့်ကြကြဖြစ်နေရတဲ့ ကိစ္စလေး တခုပြောချင်လို့ပါဗျာ။ ဩော်၊ကျုပ်လည်း ဖူးခက်မှာနေတဲ့ ဖမာ့ပါပဲဗျ။ အခုပါတောင်ဘက်ကို ပစ္စည်းလေးတွေလာပို့ရင်း ပျင်းပျင်းရှိတာနဲ့ ဒီကမ်းခြေကို လျှောက်လာမိတာပါ။ ပါတောင် ကမ်းခြေကတော့ သာယာပါ့ဗျာ။ မိုးတွင်းမို့ လှိုင်းကတော့ ကြီးသေးတယ်ဗျ။

ဩော်၊ ဖမာ့ဆိုတာ မြန်မာပြည်ကလာတဲ့သူတွေကို ပြော တာပါဗျာ။ တခြားအဓိပ္ပာယ် အထွေအထူးမဟုတ်ရပါဘူး။ ခင်ဗျား ဗမာဆိုတာ ဘယ်လိုလုပ်သိသတုန်း ဟုတ်လား။ ဟ၊ ခင် ဗျား သွားတွေမှာကပ်နေတဲ့ ကွမ်းချိုးတွေကို ကြည့်ရင် တန်းသိနေ တာပဲ။

ဘာလဲ၊ ခင်ဗျားက ထိုင်းလူမျိုးတချို့လည်း ကွမ်းစားတယ် ဆိုပြီး ဆင်ခြေကန်ဖို့မလို့ လား။ ထိုင်းတွေ ကွမ်းစားတယ်ဆိုပေမဲ့ အတော်အသက်ကြီးတဲ့ရှေးခေတ်အဘိုးကြီး၊ အဘွားကြီးတွေမှ စားကြတာဗျ။ ခင်ဗျားလို အာယုသုံးဆယ်ဝန်းကျင်တွေ ကွမ်း စားတာ မရှိသလောက်ပဲဗျ။ ဒီထက်ပိုသေချာတာက ခင်ဗျာဘေး

www.burmeseclassic.com

www.burmeseclassic.com

က အမျိုးသမီးရဲ့ပါးမှာ ဖျက်ထားတဲ့ သနပ်ခါးတွေက သိပ်မပျောက်ချင်ဘူးဗျာ။

ခင်ဗျားကြည့်ရတာ ကျုပ်လိုပဲ အညာသားထင်ပါရဲ့။ ဒါကိုလည်း သိပ်အံ့ဩမသွားနဲ့အုံး။ စောစောက ခင်ဗျားပြောလိုက်တဲ့စကားသံကို ကြားရတာ အညာလေဆိုတော့ ကျုပ်နားယဉ်နေလို့ပါ။ နည်းနည်းစပ်စုရရင် ခင်ဗျားဟာ ဒီဖူးခက် ပါတောင်ကမ်းခြေမှာ နိုင်ငံခြားဧည့်သည်တွေ စီးလေ့ရှိတဲ့ အပျော်စီးလေထီးပေါ်မှာ အတူတွဲလိုက်ပါတဲ့သူ ထင်ပါရဲ့။ ဒါလည်း ခင်ဗျားရဲ့ခန္ဓာကိုယ်အချိုးအစားနဲ့ နေလောင်ထားတဲ့ အသားအရေကိုကြည့်ပြီး ပြောတာပါဗျာ။

ကျုပ်ပြောမှာက ကျုပ်အကြောင်းမဟုတ်ပါဘူး။ ခင်ဗျားအကြောင်း၊ အညာအကြောင်း၊ လေထီး အကြောင်းလည်း မဟုတ်ရပါဘူး။ ကျုပ်အိမ်က ကြောင်ကလေးတွေ အကြောင်းပါ။ အလုပ်မရှိ ကြောင်ရေချိုးတယ်လို့တော့ မထင်လိုက်ပါနဲ့ဗျာ။ နည်းနည်းသည်းခံပြီး နားထောင်လိုက်ရင် ခင်ဗျား လွှတ်စိတ်ဝင်စားသွားမှာပါ။

(၂)

ဒီလိုဗျ။ ကျုပ်အိမ်မှာကြောင်မလေးတစ်ကောင်ရှိတယ်။ သူ့နာမည်ကနက်ကျားတဲ့ ။ ကျုပ်အိမ်မှာပေါက်တဲ့ကြောင်ဆိုပါတော့။ အမှန်တော့ နက်ကျားအမေဟာ နက်ကျားတစ်ကောင်တည်းပေါက်ခဲ့တာတော့ မဟုတ်ဘူး။ ပေါက်တုန်းက စုစုပေါင်းသုံးကောင်။အဲဒီမောင်တွေကို ကြောင်ချေးပါနည်းသင်တန်းပေးရာက ကြောက်လန့်ပြီး ကျုပ်အိမ်က ပျောက်ချင်း မလှပျောက်သွားလိုက်ကြတာ တစ်လကျော်လောက်ကြာတော့ နက်ကျား တစ်ကောင်တည်း သူ့အမေနဲ့ ကျုပ်အိမ်ကို ပြန်ပေါက်ချလာတာမို့ နက်ကျားဟာ ကျုပ်အိမ်ထောင်စုစာရင်းဝင် ဖြစ်လာတော့တာပါပဲဗျာ။ ကျန်တဲ့ကြောင်ပေါက် နှစ်ကောင်သတင်းတော့ အခုထက်ထိ သတင်းအစအန မရတော့ဘူးဗျ။ တမိပေါက်တစ်ကောင်တည်း၊ အထီးကျန်မို့ ပုထုဇဉ်သဘာဝ ကျုပ်လည်း သံယောဇဉ် ဖြစ်မိတယ်ဆိုပါတော့ဗျာ။အဲဒီကြောင်လေး က အဖြူနဲ့အနက်ကျားလေးမို့ ကျုပ်လည်း နက်ကျားဆိုပြီး နာမည်လွှယ်လွှယ် ပေးထားခဲ့တာပါပဲ။

အိမ်မှာကြောင်မွေးတယ်ဆိုတော့လည်း ကြောင်စားရေးသောက်ရေးတာဝန် ပိုလာတာပေါ့ဗျာ။ အမယ်။ ထိုင်းကြောင်တွေက ကျုပ်တို့နိုင်ငံက ဗမာကြောင်တွေလို စားကြွင်းစားကျန်လေးနယ်ဖတ်ပြီး ကျွေးတာကို စားရကောင်းမှန်း မသိကြဘူးဗျ။ သူတို့အတွက် ကုန်တိုက်တွေမှာ တင်ရောင်းတဲ့ စပါယ်ရှယ် ပါကင်ထုပ် ကြောင်စာကိုမှ၊ ကြောင်စာထင် တတ်ကြတာကလား။ နက်ကျားဆိုတဲ့ မယ်မင်းကြီးမကလည်း ကုန်တိုက်ကဝယ်ကျွေးတဲ့ ကြောင်စာကိုတောင် ခွက်ထဲမှာ ကျန်နေတဲ့လက်ကျန်ကို မစားဘူးဗျ။ ဒါတင်ဘယ်ကမလဲ၊ ဝယ်နေကျတံဆိပ်မဟုတ်ရင် မစားပြန်ဘူး။ တော်တော်ကို ကိန်းခန်းကြီး တဲ့ဟာမ။ ထားလိုက်ပါဗျာ။ ကျနော့်အနေအထားနဲ့ ကြောင်တစ်ကောင် အစာဖိုးလောက်တော့ ထောင်းတာသယ် မဆိုလောက်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

လိုရင်းဆက်ကြပါစို့ဗျာ။ ဒီလိုနဲ့ နက်ကျားဟာ အပျိုဖော်ဝင်ပြီး အရွယ်ရောက်လာတော့ အိမ်ထောင်ကျ၊ သားသမီးတွေမွေးရောဆိုပါတော့။ ဩော်၊ သူနဲ့ရေစက်ဆုံတဲ့ ကြောင်ထီးကိုတော့ ကျုပ်ဘယ်သိပါ့မလဲဗျာ။ ထားလိုက်ပါ။ အဲဒါက အရေးမကြီးလှပါဘူး။ပထမဆုံးအကြိမ် နက်ကျားပေါက်တာက သူ့အမေလိုပဲ သုံးကောင် ပေါက်သဗျာ။ ပေါက်တာကလည်း ကျုပ်အိမ်ရှေ့က ပုဏ္ဏရိပ်ခြုံထဲမှာဗျ။ ကြောက်ပေါက်ကလေးတွေ ဆယ်ရက်သား လောက်ရလာတော့ နက်ကျားက သူ့ကလေးတွေကို ကုတ်ကနေကိုက်ချီပြီး အိမ်နောက်ဖက်ကို ရွှေ့သွားသဗျ။ ကျုပ်လည်း ဒါဟာ ကြောင်ဓလေ့ ကြောင်ထုံးစံ ထင်ပါရဲ့ဆိုပြီး ကြည့်နေလိုက်တာပါပဲ။ ဒီလိုနဲ့နောက်ထပ် လေးငါးရက်ကြာပြန်တော့ နက်ကျားဟာ သူ့ကလေးတွေကို ကားဂိုဒေါင်မျက်နှာကျက်ပေါ်ကို ရွှေ့ပြန်ပါရော။

သူ့အမေနဲ့သူ့သားသမီး ရွှေ့ချင်တဲ့နေရာရွှေ့ပါစေလို့ ကျုပ်သဘောထားခဲ့ပေမဲ့ နောက်သုံးရက်အကြာမှာတော့ ကြောင်ပေါက်ကလေးတွေရဲ့ ခေါင်း၊ ခြေလက်အပိုင်းအစတွေ ကျနေ့ခြံထဲမှာ ဟိုတစဒီတစ တွေ့ရပါလေရောဗျာ။ တကယ့်ကို မမြင်ရက် မရှုရက်စရာ။ ဘာတွေဘယ်လိုဖြစ်ကုန်တယ်ဆိုတာ ကျုပ်ရော၊ ကျုပ်နဲ့အတူနေတဲ့ တပည့်ကျော်၊ နိုင်စိုးရော အဖြေမရှာနိုင်ကြပါဘူး။ ကျုပ်စိတ်ထင် အိမ်ဘေးခြံက ကြောင်ကြီးတွေဝင်ပြီး နက်ကျားမရှိတုန်းကိုက်ဖဲ့စားသောက် သွားကြလေသလားပေါ့။ နိုင်စိုးကတော့ နက်ကျားကို သေချာကြည့်ပြီး ဒီကောင်မ သူ့ကလေးတွေကို သူပြန်စားတာများလား မသိဘူးတဲ့ဗျာ။ ကျုပ်လည်း အထောက်အထား မခိုင်လုံဘဲနဲ့တော့ တဖက်သတ်စွပ်စွဲလို့မဖြစ်ချေဘူးဆိုပြီး မေ့မေ့ပျောက်ပျောက်နေမြဲအတိုင်း ဆက်နေခဲ့တယ်ဆိုပါတော့။

(၃)

အင်း။ ဇာတ်လမ်းက မပြီးသေးဘူးဗျာ။ ကြောင်တို့ဓမ္မတာထင်ပါရဲ့၊ လေးငါးလလောက်အကြာ နက်ကျားသားပေါက်ပြန်ပါရော။ ဒီတခါလည်းနက်ကျားဟာ အိမ်ရှေ့က ပုဏ္ဏရိပ်ခြုံမှာ ပေါက်တာပါပဲ။ အမယ်။ ဒီတခါနက်ကျားပေါက်တာက လေးကောင်ဗျ။ ကြောင်ရေးရာကျွမ်းကျင်တဲ့ ကျုပ်သူငယ်ချင်းစံလွင့် အပြောအရ ကြောင်လေးကောင်ပေါက်တယ်ဆိုတာ ကြောင်ကုတင်လို့ ခေါ်သတဲ့။ အိမ်ရှင်တွေ လာဘ်ကောင်းတယ်ဆိုလား။ ငွေအလုံးအရင်းဝင်တတ်တယ်ဆိုလားပဲဗျာ။ ပိုဆိုးချင်တော့ စံလွင့်မိန်းမ မစန္ဒာကပါ သူတို့အိမ်ဘေးခန်းမှာကြောင်ကုတင်မွေးတုန်းက ကြောင်ကလေးတွေ အိမ်ပြောင်းသွားလို့ဆိုလား၊ မူလကြောင်ပိုင်ရှင်နဲ့၊ ကြောင်ကလေးတွေကို လက်ခံထားမိတဲ့ အိမ်ရှင်တွေ ရပ်ကျော်ရွာကျော် ရန်ဖြစ်ကြတယ်ဆိုတာလည်း ပါသေးဗျာ။

တကယ်တမ်းကျုပ်စိတ်မှာတော့ အယုံအကြည်ရှိလှတယ် မဟုတ်ပါဘူး။

ထူးခြားချက်ကတော့ တစ်နှစ်ကို တစ်ခေါက်တစ်ကျင်း ရောက်လာတတ်တဲ့ ကျုပ်ဇနီးက ကြောင်ကုတင်ဆိုတာ ကံကောင်းတယ်။ လာဘ်ရွှင်တယ်လို့ ယုံဟန်ရှိသဗျ။ ကြောင်ကလေးတွေ အေးမှာစိုးလို့ဆိုပြီး ပန်းခြုံကို တာလပတ်စတွေမိုး၊ ပန်းခြုံထဲမှာဂုန်နီအိတ်တွေခင်းပေး



www.burmeseclassic.com

www.burmeseclassic.com

ကြောင်စာတွေ ဝရုစိုက်တယ်ခြင်း လုပ်နေပါလေရောဗျာ။ သူ့ ကြောင်ကုတင်ဆိုပြီး အကဲပို
အေး ကျုပ်က ရင်ပူရလေပဲဗျာ။

အေးလေ။ နက်ကျားဇာတ်လမ်းဟောင်းက သိပ်မကောင်းလှဘူးမဟုတ်လား။ ဘယ်နေ့
ကြောင်ခေါင်းပြတ်လေးတွေ ခြံထဲတွေ့ရမလဲဆိုပြီး နေ့စဉ်နဲ့အမျှ ပူနေရတာပါပဲဗျာ။ ကျုပ်က
လည်း တခါတလေ လာလည်တဲ့ ဇနီးသည် စိတ်မကောင်း ဖြစ်မှာစိုးတာကြောင့်နက်ကျား
ဇာတ်လမ်းကို ပြောမပြဘဲ ရင့်နှုတ်ပိတ်နေလိုက်တယ်ဆိုပါတော့။ ဪ နက်ကျား ဇာတ်
လမ်းဟောင်းကို သိနေတဲ့ တပည့်ကျော် နိုင်စိုးလည်း ကျုပ်ဆီက အလုပ်ထွက်သွားပြီဗျ။
သူ့နေရာမှာ မြင်းခြံ ဆိတ်ဖြူဖက်က ကျော်ဝင်းဒွေးဆိုတဲ့ ချာတိတ်အလုပ်ဝင်နေလေရဲ့။

နက်ကျားကတော့ မီးတွင်းကအထွက် ခုနစ်ရက်မြောက်တဲ့နေ့မှာ ထုံးစံအတိုင်း ကြောင်
ပေါက်လေးတွေကို တောင်ရွှေ့မြောက်ရွှေ့လုပ်ပြန်တာပါပဲဗျာ။ ကျနော့်ဇနီးကလည်း နက်
ကျားရွှေ့ထားလေရာမှာ စက္ကူပုံးတွေ သစ်သားပုံးတွေနဲ့ မှက်၊ ခြင် ယင်မသန်းရအောင်
ဝရုစိုက်နေခဲ့တာပါပဲ။သူ့ ကြောင်မိသားစုအပေါ် အကဲပါလေ ကျုပ်မှာနေမထိထိုင်မထိ
ဖြစ်လေပဲဗျာ။

ဒီလိုနဲ့ ဆယ့်ငါးရက်လောက်ကြာတော့ ကြောင်ကလေးတွေဟာ မျက်စိပွင့်လာပြီး
တညောင်ညောင်အော်ရင်း တောင်လျှောက်မြောက်လျှောက် လုပ်လာကြပါလေရော။ ကျုပ်က
အသံပေးလိုက်ရင် ကျုပ်နောက်ကို လေးယောက်တန်းကြီးလိုက်လာကြသဗျ။ ကျုပ်စိတ်ထဲ
ပျော်သလိုလို ကြည်နူးသလိုလိုပါပဲ။ တချို့စိတ်ပညာရှင်တွေကလည်း ကြောင်မွေးရင် နှလုံး
ရောဂါသက်သာတယ်ဆိုလား၊ ဘာလား။ ကြားဖူးတာ ဟုတ်များနေရော့သလား မသိပါဘူး။
ကျုပ်ဇနီးသည်ကလည်း ကြောင်ပေါက်လေးတွေ လမ်းသလားတာကို ကြည့်ပြီး ပြုံးပြုံး၊ ပြုံးပြုံး
နဲ့ပေါ့ဗျာ။

မကြာပါဘူးဗျာ။နောက်လေးငါးရက်နေတော့ နက်ကျားဟာ ကြောင်ပေါက်လေးတွေကို
တောင်ချီမြောက်ချီ ထပ်လုပ် ပြန်ပါရော။ ဒီတော့ကြောင်ကလေးတွေရဲ့ အသံသာ ကြားနေ
တယ်။ ဘယ်နေရာကအော်နေမှန်း မသိတော့ဘူးဗျ။ ကျော်ဝင်းဒွေးအရှာကောင်းတာနဲ့
မျက်နှာကျက်ပေါ်မှာ တစ်ကောင်။ နောက်ဖေးက ထုံးပုံးတွေနောက်မှာ တစ်ကောင်၊ အိမ်
ဘေးက ဆီွဒင်ကြီးရဲ့ ခြံထဲမှာတစ်ကောင် ပြန်တွေ့ပေမဲ့ နောက်ဆုံးတစ်ကောင်ကတော့
ဘယ်မှာမှ အစရှာမရအောင် ပျောက်သွားရောဆိုပါတော့။

ကြောင်ကလေးတွေ ပြန်လိုက်စု၊ သားအမိတစ်တွေတစုတစည်းတည်း ပြန်ထားလိုက်ပြီး
တဲ့ နောက်တစ်နေ့ မနက်မှာတော့ နက်ကျားရဲ့သရုပ်မှန်ဟာ ဘွားကနဲပေါ် လာပါတော့တယ်။
ဖြစ်ပုံက၊ နက်ကျားဟာ သူ့ရင်သွေးကြောက်ပေါက်လေး တစ်ကောင်ကို ခြံဘေးဖက် ကိုက်ချီ
သွားပြီး မြောင်းဘောင်ပေါ်မှာ ငြိမ်ရည်ယှက်ရည်၊ ကိုက်ဖွဲ့စားနေတာ၊ ကျော်ဝင်းဒွေး လက်ပူး
လက်ကြပ် ပက်ပင်းတွေ့တော့တာပါပဲ။ "ဦးလေး"၊ "ဦးလေး"ဆိုတဲ့ ကျော်ဝင်းဒွေးရဲ့ အော်
ကြောင့် ကျုပ် အောက်ထပ်ဆင်းပြီး ကြည့်လိုက်တော့ ကြောင်ပေါက်လေးရဲ့ ခန္ဓာကိုယ်တစ်
ပိုင်းကို တွေ့ရပါတော့တယ်။ စက္ကူပုံးထဲမှာ ကျန်နေတဲ့ ကြောင်ပေါက်ကလေးတွေကို သွား



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်တော့လည်း ဇက်ကနေ နက်ကျားခါရမ်းထားဟန်တူပါရဲ့။ အသက်မျှော့မျှော့ပဲ ရှိကြပါတော့တယ်။

တကယ့်ကို ညဏ်နီဉာဏ်နက်များတဲ့ နက်ကျားပါပဲဗျာ။ တကယ်တော့ နက်ကျားဟာ ကျုပ်တို့ကို ရည်ရွယ်ချက်ရှိရှိနဲ့ မှင်သေသေလှည့်စားခဲ့တာကလား။ သူ့ သူ့ကလေးတွေကို စားတော့မှာမို့ တစ်ကောင်စီ လျှောက်နေရာရွှေ့နေတာကိုး။ ပျောက်သွားတဲ့ကြောင်ပေါက်လေးလည်း နက်ကျားလက်ချက်ဆိုတာ သေချာပြီပေါ့ဗျာ။ အသက်မျှော့မျှော့ကျန်တဲ့ နှစ်ကောင်ခမျာလည်း နာရီပိုင်းအတွင်း အသက်ပျောက်သွားကြရှာတာပါပဲ။

(၄)

စိတ်နာနာနဲ့ ကျုပ်၊ နက်ကျားကို နှစ်လလောက် ခပ်တန်းတန်း နေလိုက်မိတဲ့အထိပါပဲဗျာ။ကုန်တိုက်က ကြောင်စာလည်း မဝယ်တော့ဘူး။ ထမင်းဟင်းအကြွင်းအကျန် စားချင်သပ ဆိုရင်လည်း သူ့သဘောပဲဆိုပြီး ပေလယျက် ပစ်ထားလိုက်ရောဆိုပါတော့။ စံလွင်တတော့ နက်ကျားကို ဂုံနီအိတ်ထဲထည့် ကားပေါ်တင်ပြီး တနေရာရာမှာ သွားပစ်လိုက်ဖို့ အကြံပေးခဲ့ပါ သေးတယ်။ ကျော်ဝင်းဒွေးကလည်း "ဦးလေး ဒီကောင်မ သူ့သားသမီးကို သူပြန်စားတယ်ဆိုတာ ကြောင်စုန်းဗျ။ အိမ်မှာမထားကောင်းဘူး" လုပ်ပြန်ပါရော။ ဒါပေမယ့်ဗျာ။ ကျုပ်လည်း ဒီအသက်အရွယ်ရောက်မှ ကြောင်နဲ့ဖက်ရန်ဖြစ်နေလို့ မသင့်ချေဘူးဆိုပြီး ခန္တီတရား လက်ကိုင်ထားရင်း၊ ကိုယ့်စိတ်ကိုယ်ဖြေ တိတ်တိတ်ပဲ နေလိုက်ပါတော့တယ်။ ကျုပ်ဇနီးကတော့ မျက်စိပျက်မျက်နှာပျက်နဲ့ ရက်စက်လိုက်တာ၊ ရက်စက်လိုက်တာ ဆိုပြီး တဖွဖွငြီးနေတာပေါ့။

အမယ်။ နက်ကျားကလည်း ခပ်တင်းတင်းပဲဗျာ။သူ့ကိုအစားဂယ်မကျွေးပေမဲ့ ကျုပ်တို့ စားကြွင်းစားကျန်တွေကို လှည့်တောင်မကြည့်တဲ့ အိမ်မြောင်တွေ လျှောက်ဖမ်းစားနေလေရဲ့။ နောက်ပိုင်းတော့ ကျုပ်လည်း သတ္တဝါတခု ကံတခုမို့ ကိုယ့်ဖက်က စေတနာမကွက်ကောင်းပါဘူးလေလို့ နှလုံးပိုက်ပြီး ကုန်တိုက်ကအစာပြန်ဝယ် ကျွေးလိုက်ရတာပါပဲ။

ဇာတ်လမ်းက ဒီမှာတင် မရပ်ပြန်ဘူးဗျာ။ နောက်တခါလာပြန်ချည်သေး ဆိုသလို နက်ကျားဟာ နောက်ခြောက်လလောက်အကြာမှာ တတိယအကြိမ်မြောက် သားပေါက် ပြန်ပါရော။ အမယ်။ ဒီတခါ နက်ကျားပေါက်တာလည်း ကြောင်ကုတင် ဆိုတဲ့လေးကောင်ပဲဗျာ။ ဒီတော့ ကျုပ်လည်း တတိယမို့ ပူပန်ရပြန်တာပေါ့ဗျာ။ ဒီတကြိမ်လည်း ကျုပ်ဇနီးလာလည်ချိန်နဲ့ တိုက်ဆိုင်နေပြန်ရောဗျို့။ သူ့ကြောင်ကုတင်အယူအစွဲကလည်း မပြတ်သေးတာကြောင့် ကြောင်ကလေးတွေကို ရက်သားမှာတင် နက်ကျားနဲ့ခွဲ၊ နို့ဝယ်တိုက်မယ်ဆိုပြီး ဇယား ဆွဲနေလေပြန်ရဲ့ဗျား။

(၅)

ဒီတကြိမ်မှာတော့၊ တပည့်ကျော်၊ ကျော်ဝင်းဒွေးလည်း အိမ်ထောင်ကျပြီး ဆံထုံးနောက်ယောင်ပါ၊ သူ့မိန်းမအလုပ်လုပ်တဲ့ စားသောက်ဆိုင်ကို ပြောင်းသွားပြန်တာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်လင်းဆိုတဲ့ ပဲဒူးသားလေးကို ခေါ်ထားတဲ့အချိန်ပေါ့။ ကျုပ်မလည်း အတူနေတဲ့ချာတိတ်တွေသာ ပြောင်းပြောင်းသွားကြတယ်၊ ပူရပင်ရတဲ့ ဒုက္ခကတော့ မဆုံးနိုင်သေးဘူးဗျ။ ဒီတခါတော့ ကျုပ်ရင်ပူပေမဲ့နက်ကျားလုပ်သမျှ ငြိမ်ကြည့်မနေတော့ဘူးဗျာ ။

ဆယ်ရက်မြောက်နေ့မှာ နက်ကျားကို ကြောင်ပေါက်လေးတွေနဲ့ခွဲထားလိုက်တယ်။ အဲ နို့တိုက်ချိန်တော့ သားအမိတတွေကို ပေးတွေ့တယ်ပေါ့ဗျာ။ ကျော်ကျော်လင်းကတော့ ကြောင်ထိန်းအလုပ်နဲ့ တနေကုန် အလုပ်ရှုပ်နေတော့တာပါပဲ။ ကျုပ်တို့အပြင်သွားချိန်ဆို နက်ကျားကို သူ့အခန်းထဲကနေ ကြောင်ပေါက်လေးတွေနဲ့ ခွဲပြီး အပြင်ထုတ်၊ အစာခွက်ထဲမှာ အစာအပြည့်ဖြည့်။ အပြင်ကပြန်လာတော့ အခန်းတံခါးဖွင့်ပြီး ကြောင်သားအမိကို ပြန်လည်နေရာချ။ ညညဆိုလည်း နက်ကျားက အပြင်ထွက်ချင်လို့ အသံပေးရင် တံခါးထဖွင့်ပေး။ တခါတခါ နက်ကျားက အလည်လွန်ပြီး နို့တိုက်ချိန်ပြန် ရောက်မလာရင် ညဥ့်နက်သန်းခေါင်အပြင်ထွက် ရှာရတာလည်း ရှိတာပေါ့ဗျာ။နက်ကျားက ကြောင်လည်မဗျ။ လူတွေ အမြဲတမ်းစောင့်ကြည့်နေတာ သိနေပုံရလေသလားမဆိုနိုင်ဘူး။ ကြောင်ကလေးတွေကို လူတွေရှေ့မှာ အဆွှရာယ်မပေးဘူး ဗျ ။

အခုတော့ ကြောင်ကလေးတွေပေါက်တာ ရက်နှစ်ဆယ်ကျော်နေပါပြီဗျာ။ အားလုံးကျန်းမာပကတိ ချမ်းသာစွာ ရှိပါရဲ့။ ပူရပင်ရမှန်းမသိတဲ့ ရွှေကိုယ်တော်လေးတွေကတော့ ကျုပ်တခါတခါ သွားကြည့်မိရင် ဖင်ပေါ်ငွေးပေါ်နဲ့ ပိုးလိုးပက်လက် အိပ်နေလိုက်ကြတာများ။

တခါတခါတော့လည်း အခန်းထဲမှာ၊ ယိုင်ထိုးယိုင်ထိုးနဲ့ လမ်းသလားကြသဗျ။ နို့ပေသိ၊ ဘယ်နေ့ ဘယ်အချိန်ကျုပ်တို့အလစ်မှာ နက်ကျား သူ့ဇာတိပြလေမလဲ တကြောင့်ကျကျဖြစ်ရတဲ့ ဒုက္ခကတော့ ရှိနေတုန်းပါပဲဗျာ။ ကျော်ကျော်လင်းခမျာလည်း ကြောင်မီးနေခန်းစောင့်ရတဲ့ ဒုက္ခက မလွတ်သေးပါဘူး။ ကြောင်ပေါက်လေးတွေ အရွယ်ရောက်လာရင် တာဝန်ပိုကြီးအုံးမယ်။ ကြောင်စာဖိုးလေးကောင်စာ ကုန်အုံးမယ်ဆိုပေမဲ့ ကျုပ်တတ်နိုင်ပါတယ်လေ။ ဒီကောင်လေးတွေ ဟိုဟိုဒီဒီလမ်းလျှောက်တတ်လာရင်တော့နက်ကျားကို စံလွှင့်အိမ်ဘက်ပို့ထားရတော့မှာပဲ။ မတော်၊ ကျုပ်တို့ အလစ်မှာ ကိုက်သတ်လိုက်ရင်ဒုက္ခ။

(၆)

ဒေးဗျာ။ တောင်တောင်အီအီ နေရာတကာမှာ ပူပင်နေတတ်တာ၊ ထိတ်လန့်တဲ့စိတ်တမျိုးနဲ့ အမြဲလို ကျီးလန့်စာစား ဖြစ်နေရတာဟာ ကျုပ်တို့လူမျိုး အကျင့်စရိုက်လို ဖြစ်နေပြီထင်ပါရဲ့။ ဖြစ်ဆို၊ ကျုပ်တသက်မှာကြုံခဲ့ရတာတွေက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ရှစ်လေးလုံးအရေးအခင်း၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ သံဃာ့အရေးအခင်း၊ ဒီပဲယင်းအရေးအခင်း၊ ဆိုတာမျိုးတွေချည်းမဟုတ်လား။ ကောင်းလာမလား၊ ပြောင်းလာမလားစောင့်ကြည့်နေရင်း၊ ရင်ကျိုးရတဲ့ အကြိမ်မှ မနည်းတော့တာကလား။

အခုလည်း ၂၀၁၀ ဖွဲ့စည်းပုံအခြေခံဥပဒေတို့၊ ရွေးကောက်ပွဲတို့လုပ်ပြီး ဒီမိုကရေစီစနစ်သစ်နဲ့ စခန်းသွားနေပြီလို့တော့ ကြားနေရပြန်ပြီဗျ။ ၁၉၆၂ ခုနှစ်တုန်းကလည်း ဆိုရှယ်



www.burmeseclassic.com

www.burmeseclassic.com

လစ်ခေတ်ပြောင်းတော်လှန်ရေးတဲ့။ ၁၉၈၈ ကျတော့ ငြိမ်ဝပ်ပိပြားရေးတဲ့၊ နောက်တော့ အေးချမ်းသာယာရေးတဲ့။ အခု လွှတ်တော်ထဲမှာ အော်တိုမစ်တစ် ၂၅% တဲ့။ ဟင်း . . .၊ ကျုပ်စိတ်ထဲမှာတော့ ခပ်လေးလေးပါပဲဗျာ။

ဘယ်နေ့ကြောင်ခေါင်းပြတ်လေးတွေ မြင်ရမလဲ တထင့်ထင့်။ ကြောင်မကြီးကို ကြောင်တလေးတွေနဲ့ ခွဲထားတာဟာ လုပ်ထုံးလုပ်နည်း အမှန်ထင်ပါရဲ့။ ဩ၊ ခင်ဗျား တော်တော်ဒုံးဝေးတဲ့လူပဲဗျာ၊ အထီးအမဆိုတဲ့ ပညတ်ချက်ကို စိတ်မစွဲနဲ့လေ။ အမျိုးသားနိုင်ငံရေးမှာ အစဉ်အမြဲပါဝင်နေရမယ်ဆိုပြီး ကြောင်စုန်းစိတ်ဓာတ်ဝင်နေတဲ့ ကိုယ်တော်များကို ပြောနေတာ ခင်ဗျ။

ဩြော်၊ ဘယ့်နှယ်၊ ကြောင်အကြောင်းပြောနေရင်းက စကားတွေက တောင်ရောက်မြောက်ရောက် ဖြစ်ကုန်ရတာပါလိမ့်။

ညနေစောင်းချိန်မို့ထင်ပါရဲ့။ ကမ်းခြေမှာ ညှို့သည်တွေ ကျလာပြီဗျ။ ဟောဟိုက အဖြူကောင်စုံတွဲ၊ လေထီးစီးချင်လို့ ထင်တယ်။ တောင်ကြည့်မြောက်ကြည့် လုပ်နေတယ်ဗျ။ ခင်ဗျားသွားခေါ် လိုက်လေ။ စကားကောင်းနေလိုက်တာ အိမ်ပြန်အုံးမှပါဗျာ။ နက်ကျားကို အခန်းအပြင်ထုတ်ထားခဲ့တော့ ဒီအချိန်ဆို ကြောင်ပေါက်လေးတွေလည်း နို့ဆာရော့မယ်။ နက်ကျားလည်း တညောင်ညောင်နဲ့ အစာတောင်းရော့မယ်။ သွားပြီဗျို့။

*(စောင့်ကြည့်ဂျာနယ်။ဇူလိုင်(၂၀)၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မျိုးရိုးနဲ့တန်ခိုးရှိခဲ့ပေ

(၁)

အချိန်ကာလကား ရွှေမှန်ကင်းအစစ် ထင်းဖြစ်နေရဆဲ အချိန်တည်း။ ယင်းအခါသမယတွင် ကြငှန်းပြုသဒ်နှင့် တူလှစွာသော မိခင်နိုင်ငံကို ဖယ်ခွာလျက်၊ ခွေးကတက်နှင့်တူလှစွာ သောယိုးဒယားပြည်ဝယ် မပော်သဓာအိုးထိန်းသည်ဖြစ်ရသည်သို့ မထင်မရှားကိုယ်ပျောက် အတတ်ကျင့်ကာ၊ တညှိုးခွေခွေ၊ တပေလျှဉ်းလျှဉ်းခိုလှုံနေရသည့် စပ်ဖျင်းဖျင်းနေ့ရက်များ ကားလွှမ်းမောဖွယ် အတိပါတကား။ အနီကာလ ဤသမယတွင် ဆြာဒင်အဖို့ လက်ကတုံး တောင်ဝှေးအဖြစ် အားကိုးသမှုပြုရာကား အိပ်စပရာဒိတ်ဆေးဝါးနှင့် တူလှစွာသော အမျိုးသားရေးဇာတိမာန်ဖြစ်လေ၏။

ဆြာဒင်ခိုလှုံရာ ယိုးဒယားပြည်ကြီးကား၊ ပစ္စက္ခကာလ၌ ခည်သို့ပင် ဖွံ့ဖြိုးစည်ပင်သည်ဆိုစေကာမူ ဗမာပြည်ကြီး ရွှေထီးဆောင်းခဲ့စဉ်ကာလများက ပဏ္ဏာဆက်တိုင်းပြည်ငယ် အဆင့်သာရှိခဲ့ပေသည်။ ထို့ပြင်တဝ ယိုးဒယားအမျိုးကောင်းသားတို့ မှာဆြာဒင်တို့သာကီမျိုးကဲ့သို့ အိမ်ဖော်၊ အလုပ်ကြမ်းနှင့် ညစ်ပတ်ဆေးရေ အန္တရာယ်ပြွမ်းသော အလုပ်တို့ကို လုပ်နိုင် စွမ်းကြသူများမဟုတ်ယုံမျှမက တခဏချင်းထိုးထွင်းသိမြင်သော တန်ဇာပ္ပတ္တိဉာဏ်လည်း နည်းပါးကြကုန်၏ဟူသော အတွေးတို့သည် ဆြာဒင်

www.burmeseclassic.com

www.burmeseclassic.com

၏ ခေျာ့နိုင်သော အမျိုးသားရေးဇာတိမာန် မဲတင်းချက်များ ဖြစ်ကြကုန်၏။

(၂)

ဤသို့လျှင် ကျွန်ုပ်၏နိစ္စဓူဝ၊ ကြမ်ိကြရာ တွေးတောမဲတင်းချက်များသည် တာဝတိံသာ နတ်ပြည်တွင် အခန့်သား စံပယ်လျက်ရှိသော နတ်တို့သနင်း သိကြားမင်းထံသို့ ဝိုင်ဖိုင်စံနစ်မှ တဆင့် သတင်းရောက်ဟန်တူလေရာ ဘိုးတော် သိကြား၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပြင်းစွာတုန်လှုပ်ဟန်ရှိလေ၏။ သို့ကြောင့်သာ ဖြစ်ရပေမည်။ သိကြားမင်းသည် ဝိသကြုံနတ်သားအား မည်သို့လျှင် ဆက်သွယ် စီမံဖန်ဆင်းစေလိုက်သည်မသိ၊ ဆြာဒင်၏ ဇာတိမာန် ကွပ်လပ်ကို ဖြည့်ဆည်းစိမ့်သော ရောမဖြစ်ရပ်ကြီးတစ်ခုသည် ကြပ်ပြေးနေပြည်တော်တွင် အံ့ဩကုန်နိုင်ဖွယ်မရှိ ရုတ်ခြည်းပေါ် ပေါက်လာလေ၏။ ယင်းဖြစ်ရပ်ကား ကမ္ဘာ့စီးပွားရေး ဆိုင်ရာ ဖိုရမ်မည်လေသည်။

ယင်းဖိုရမ်၊အနှီဖိုရမ်ကား အခြားသူများအတွက် မည်သို့သော အကျိုးဆက်ရှိလေသည်ကို ဉာဏ်နံ့နဲ့လှသည့် ဆြာဒင် မသိသော်ငြား ယိုးဒယားအခက်၊ ဆြာဒင့်အချက်ဖြစ်သည်ကား နံရံကိုနဖူးဖြင့် စရွေးချိန်တိုက်သကဲ့သို့ ဆတ်ဆတ်ကေန် မှန်လေတော့သည်။ စာဖတ်သူ နားမထွေးစေရန် အလို့ငှာ စဉ်းငယ်ရှင်းပါအံ့။

ယိုးဒယားပြည်ကြီးကား ပြည်ပအားကိုးကာ၊ ရှုမဆုံးလေသော ခေတ်မီလမ်းမကြီးများ မိုးမျှော်တိုက်များ၊ တံတားကြီးတံတား ငယ်များသာမက၊ စိမ်းလဲ့လဲ့ လယ်ကွင်းပြင်တို့ဖြင့် ဖွံ့ဖြိုးစည်ပင်နေလင့်ကစား ကိုးဆယ့်ကိုးရာခိုင်နှုန်းသော ယိုးဒယား သကောင့်သားတို့ကား သုံးဆောင်းဘာသာခေါ် ဘိုစာဘိုစကား အညံ့ကြီးညံ့ကြလေကုန်၏။ ရှားရှားပါးပါး ဘိုစကား ပြောတတ်သူတို့သည်လည်း ဌာန်ကရိုဏ်းကျသူဟူ၍ ချစ်တီးခေါင်းမှ သန်းကဲ့သို့ အရှာခက်ပြန်၏။ နားဆင်လော့၊ စင်ထရယ်ကို စင်ထန်း ဟုဆို၏။ ဗိုင်းရပ်ကို ဗိုင်းလပ် အသံထွက်၏။ မက်ကရိုကို မက်ခိုဟူ၏။ ဆမ်ဆောင်းကို ဆမ်ဆွမ်းဟူ၏။

(၃)

ကံထူးသူဆြာဒင်ကား ပြေးရင်းလွှားရင်းပင် ရွှေစင်ပုံနှင့် ပက်ပင်းတိုးလေသည့်ကိန်းပင်တည်း။ အမေငုံ တောအုပ်ကြီးအတွင်းက လိပ်ပြာတောင်ပံခတ်သံသည် တက္ကဆက်ပြည်နယ်ကို တော်နေဒိုးမုန်တိုင်းဆင်စေသည်ဟု ဆိုရိုးရှိသည် မဟုတ်တုံလော။ ထိုင်း နိုင်ငံတောင်ပိုင်း ဖူးခက်မြို့ကြီးကို တုန်လှုပ်ချောက်ချားစေပါအံ့။

ဆြာဒင်ကား မိုးနတ်မင်းပေးသနားသော အခွင့်အရေးကို ပိုင်နိုင်စွာအသုံးချခဲ့လေသည်။ ရောမဖန်သားပြင်ပါရှိသည့် လက်မငါးဆယ် ဆမ်ဆောင်း တီဗီအသစ်စက်စက်ကြီးကို တွန့်တိုနှမြောခြင်းကင်းစွာ ဝယ်ယူ၏။ ရင်းနှီးခင်မင်သော ယိုးဒယား အမျိုးကောင်းသားတို့ ဆြာဒင်၏ အိမ်ဂေဟာသို့ တကူးတက ပင့်ဖိတ်ကျွေးမွေးကာ အဆိုပါဖိုရမ်တိုက်ရိုက် လွှင့်ထုတ်မှုအစီအစဉ်ကို စေ့ငုသေချာစွာ ကူးယူလျက် ဂုဏ်ယူဝင့်ကြွားစွာ ပြသလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော် အမ်အိုင်စီစီတွင်ကျင်းပသည့် အဆိုပါ ကမ္ဘာ့စီးပွားရေးဖိုရမ် အကြို ဆွေးနွေးပွဲ၌ လက်ရှိ ပြုပြင်ပြောင်းလဲ ရေးတို့သည် နောက်ကြောင်း ပြန်လှည့်၊ မလှည့်၊ စစ်တပ်အခန်းကဏ္ဍ၊ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး ရခိုင်ပြည်နယ် အရေးကိစ္စ၊ တရား ဥပဒေစိုးမိုးရေးကိစ္စစသည်များကို အချေအတင်ဆွေးနွေးကြပြီး ကမ္ဘာကျော် ဘီဘီစီ အသံ လွှင့်ဌာနမှ ကမကထပြုသည်ဟု ဆိုလေသည်။

တီဗီဖန်သားပြင်၏ နေပြည်တော်ဖိုရမ်တွင်ကား မြန်မာ့ဒီမိုကရေစီမိခင်ကြီးသည် နိုင်ငံ တကာအဆင့်ဖျူးသမားကို သိုးဆောင်းဘာသာစကားဖြင့် ခွန်းတုံ့ပြန်၏၊ ဘိုလိုနှက်၏။ ပြည်ထောင်စုဝန်ကြီးသည်လည်း အားကျမခံ ဘိုလိုပင်ထုချေ၏။ နိုင်ငံရေး အကျဉ်းသူပင်လျှင် နရသိန်စံကာလများ၌ မည်သို့မည်ပုံ လေ့လာထားသည် မသိ၊ ဘိုစကားကို ရွှန်းရွှန်းဝေအောင် ပြောဆိုနိုင်လေသည်။

ဆြာဒင်၏ ရှေ့ပွဲလာတို့မှာ တည်ခင်းညှော်ခံထားသော အဖိုးတန်အစားအစာတို့ကို မေ့ လျော့လျက် စကောအရွယ်ရှိသော မျက်လုံးဝိုင်းကြီးများဖြင့် ပါးစပ်အဟောင်းသားကိုယ်စီ ရှိကြလေရာ ကျွန်ုပ်မှာ "ဘယ်ဘုရားတန်ခိုး ဘယ်လောက်ကြီးကြီး ရှေ့တိဂုံစကြံန်လျှောက်နေ သလောက်သာပ" ဟူသော မျက်နှာပေးဖြင့် ဝင့်ထယ်လျက်ရှိပေ၏။

(၄)

တကိုးသွင်းထားနိုင်ကာမျှဖြင့် ကျေနပ်နိုင်ရစ်မှုံလော။ နှာတဖျားသာရုံဖြင့် တက်ကိုချနိုင် အံ့စိမ့်လော၊ ဗိုလ်ချုပ်၏ အမှာစကား ကို မြေဝယ်မကျ နာယူရပေအံ့။ ကျွန်ုပ်သည် ဖိုရမ်တွင် အချီအချပြောဆိုနေကြသော စကားတို့၏ အသေးစိတ်အဓိပ္ပာယ်ကို တစ်ခွန်းချင်း ထိုင်းစကား ထော့ကျိုးထော့ကျိုးဖြင့် ဖွင့်ဆိုရှင်းပြလျက်ရှိလေသည်တကား။

(ဒေါ်အောင်ဆန်းစုကြည် ဘော်ဝ)။ ဒေါ်အောင်ဆန်းစုကြည်ပြောတာက ဒီလိုဗျ။ **Burma** လို့ပဲ ကျမ ဆက်လက်ခေါ် ရတဲ့ အကြောင်းတွေထဲမှာ ပြည်သူတွေရဲ့ သဘောထားနဲ့ ဒီနာမည်ကို ပြင်ဆင်ခဲ့ခြင်း မဟုတ်တာကြောင့်လည်း ပါပါတယ်။ အဲ့ဒီဆုံးဖြတ်ချက်မှာ ပြည်သူတွေပါဝင်ခွင့် လုံးဝမပါခဲ့ဘူး။ နောက်တစ်ခုက ဒီလုပ်ရပ်ရဲ့ ရည်ရွယ်ချက်ထဲမှာ အတွင်းကျကျ မရိုးသားမှုတချို့ ရှိတယ်လို့ ကျမမြင်လို့ပဲ။ အဲ့ဒါဘာလဲဆိုတော့ "မြန်မာ" ဆိုတာ ပြည်ထောင်စုတွင်းမှာရှိတဲ့ လူမျိုးစုံ တိုင်းရင်းသားပေါင်းစုံကို ကိုယ်စားပြုတယ်ဆိုတဲ့ အယူအဆမှားကြီးကို ဆိုလိုချင်တာပါ။ အရိုးရှင်းဆုံးပြောရရင် "မြန်မာ" ဆိုတာ "ဗမာ" ဆိုတဲ့ တိုင်းရင်းသားတစ်စုကိုပဲ အလကားပြောက်အောင် ရေးလိုက်တဲ့ စာလုံးဖြစ်ကြောင်း ကျမ ပြတ်ပြတ်သားသား ပြောထားပါရစေ။ ဘာ့ကြောင့်လဲဆိုတော့ ပြဿနာတစ်ခုကို ပြေ လည်အောင် ဖြေရှင်းချင်တယ်ဆိုရင် အဲ့ဒီပြဿနာကို တည့်တည့်ရင်ဆိုင်ဖို့ လိုပါတယ်။ နာမည်လေး ပြောင်းလိုက်ရုံနဲ့ ပြဿနာတွေ ပြေလည်သွားမှာ မဟုတ်ဘူးလေ။

ဪ၊ သူက ပြည်ထောင်စုဝန်ကြီးလေ။ သူကဘိုလို ကောင်းကောင်းတတ်တာပေါ့။ ခင်ဗျားတို့ အခုကြားတယ် မဟုတ်လား၊ သူပြောတာက . . . (တော်နီ ခွန်ယိုင်ယိုင် ဘော်ဝ)

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့အနှစ် ၂၀ အတွင်းမှာ ဘယ်ကိုစွမဆို စစ်တပ်ကပဲ လုပ်ပါတယ်၊ စစ်တပ်ဟာ အာဏာဆိုလုပ်နိုင်တယ်လို့လည်း ထင်ကြပါတယ်။ အခုတော့ ဒီမိုကရေစီ အစိုးရလက်ထက်ကို ပြောင်းနေပါပြီ။ ပြောင်းပုံပြောင်းနည်းက၊ ဖျတ်ကနဲ ပြောင်းတာမျိုးက တိုင်းပြည်အတွက် ကောင်းပါဘူး။ ကျနော့် အမြင်ကတော့ တဖြည်းဖြည်း ပြောင်းလဲခြင်းပါ။

ထို့ပြင်တဝ နိုင်ငံရေးအကျဉ်းသူ၏ စက်ဝိုင်းအတွင်းမှာ ပတ်ပြေးနေတဲ့ လူတယောက်ကို ဥပမာပေးပြီး နောက်ပြန်လှည့်၊ မလှည့် . ဟူသော ဥပမာဥပမေယျကိုလည်း အထက်နည်း နှင်နှင်ပင် ရင်ကော့ကာ ဘာသာပြန်ဆိုရှင်းလင်းလေရာပရိသတ် မင်းတို့ကား မျက်တောင် ဝင် မခတ်နိုင်တော့။ ထိုနေ့ပွဲကား အလဲထိုးဒိုင်ပွဲရပ်ဖြင့် နိဂုံးတိုင်ခဲ့လေပြီ။

အချို့သော မဟာမြန်မာတို့ကား အွန်လိုင်းမှနေ၍ "ဒို့ဝန်ကြီး ငပိသံနဲ့ နှိပ်ရဲတာ ကြိုက်သကွာ" ဟူ၍လည်းကောင်း၊ နိုင်ငံရေးအကျဉ်းသူကို အဆင့်မမီလေဟန် အမနာပ ဆိုကြသည်များလည်း ရှိပါလေ၏။ သို့သော် ယင်းအချက်တို့သည် ပိန်းကြာရွက်တွင် ရေ မတင်သကဲ့သို့ ဆြာဒင့် ဇာတိမာန်အတွေးစဉ်ဝယ် စဉ်းငယ်သော အနှောင့်အယှက်မျှကိုပင် မပေးနိုင်ကြချေ။

(၅)

သို့ကြောင့် ထိုနေ့က ကျွန်ုပ်၏စံတော်အိမ်၌ ကျင်းပခဲ့သော ဇာတိမာန်ဖိုရမ်ကား နေပြည်တော်ဖိုရမ်ထက် အောင်မြင်ခဲ့ပြီး အောင်လံထူ စစ်သူကြီးပွဲဟုပင်ဆိုမည်ဆိုက ဆိုရ လောက်သည်။ ရှေးယခင်အချိန်များကလည်း အွန်လိုင်းစာမျက်နှာ များမှာ တွေ့ရသည့် စစ်ကြိုခေတ်၌ ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးတွင် ဒေါက်တာကျော်သက်အမည်ရှိ ဆရာ တစ်ဦးမှ လက်ချာတည်းဟူသော သင်ခန်းစာများကို သိုးဆောင်းဘာသာဖြင့် ပို့ချနေပုံကို ကြံဖန်ရှာဖွေကာ ကြွားဝါခဲ့ဖူးသော်ငြား ယခုကဲ့သို့ကား အပ်ပဒိတ်မဖြစ်လှချေ။

ယခုပစ္စုပ္ပန်တည့်တည့်၊ ဆြာဒင်ဖိတ်ကြား ညွှဲခံအပ်သော ပရိသတ်ကား မြန်မာ့ ဒီမိုကရေစီမိခင်ကြီးကို လက်ဖျားခါ၏။ သူ၏ အောက်စဖို့ဒ်ထွက်လေသံကို ထားဘိဦး။ ပြည် ထောင်စုဝန်ကြီးကိုပင် အံ့ဘနန်းချီးကျူး၏။ နိုင်ငံရေးအကျဉ်းသူကို စုတ်တသပ်သပ်ဖြင့် ဩချဟာန်ပြုရုံမက စိန်နားကပ်ရောင်ဖြင့် ပါးဝင်းဝင်းတောက်နေသည့် ကျွန်ုပ်ကိုပါ ကျော သပ်ကြလေ၏။အထူးသဖြင့် အဆိုပါဖိုရမ်ဆွေးနွေးချက်များအပေါ် ကျွန်ုပ်အနေဖြင့် သည်း ၏ မရွှေ့ အသေးစိတ်ဘာသာပြန်ဆိုနိုင်ခြင်းကို ညွှဲသည်တော်မဟာထိုင်းများမှာ အဆမတန် အထင်ကြီးကြလေဟန် ရှိလေသည်။

စင်စစ်ကား ဆြာဒင်၏ သိုးဆောင်းစာကျွမ်းကျင်မှုမှာ "I is a dog" အဆင့်မျှသာ ဖြစ်လေရာ အဘယ်မှာလျှင် အဆိုပါဖိုရမ်၏ စကားအခြေအတင်တို့ကို ပြည့်စုံစွာ သဘော ပေါက်နိုင်ပါမည်နည်း။ အဆိုပါပွဲမစမီညက ကျွန်ုပ်သည် ဆွေသဟာစာမျက်နှာ၏ ဖေ့စ် ဘွတ်တွင် ဖိုရမ်အကြောင်း မြန်မာစကားပြေသက်သက်ဖြင့် ရေးသားပြန်ဆိုချက်များကို ဖင်ကြားက ချွေးကျအောင် အပန်းတကြီးရှာဖွေလျက် တစ်လုံးမကျန် အလွတ်ကျက်မှတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ပွဲကြီးဝှဲချီးကျင်းပချိန်တွင် နှုတ်တိုက်အလွတ် ရွတ်ပြနိုင်ခြင်းကြောင့် အမှတ်ကောင်းခဲ့ခြင်းသာ ဖြစ်ချေသည်တမုံ့။

(၆)

အဆိုပါ ဉာဏ်ရည်ဉာဏ်သွေးကား ကျွန်ုပ်ဖြောဒင်၏ မျိုးရိုးစဉ်ဆက်မှ ဆင့်ကဲပေါ်ပေါက်လာဟန်ရှိလေရာ ကျွန်ုပ်၏ ဒွေးလေးတော်စပ်သူ ဒွေးလေးစိန်မေသည်လည်း ကျွန်ုပ်ကဲ့သို့ပင် ဉာဏ်ရည်မြင့်သည်ဟု ဆိုသော်ရကောင်း၏။ဒွေးလေး စိန်မေသည် စာရေးစာဖတ်ဖြောင့်သူ တစ်ယောက်မဟုတ်ချေ။သို့သော် သူ့ခေတ်သူ့အခါက တန်းမြင့်ကျောင်းထွက်လက်မှတ်ရ ဦးကြီးတင်နှင့်အိမ်ထောင်ကျခဲ့ရာ ဒွေးလေးစိန်မေသည် သူ့ခင်ပွန်းဖြစ်သူ အခါအားလျော်စွာ ပြောဆို သုံးစွဲသည့် **thank you, come in, go out, weak, fine, ok, ready,** နှင့် **enough** ဟူသော သိုးဆောင်း စကားတို့ကို ကောင်းစွာ ရေလဲသုံးနိုင်စွမ်းလေသည်။

သူ့အိမ်ဝမှာလာရပ်ပြီး "ဒွေးလေးရှိလား" မေးလာခဲ့လျှင် "ကန်းအင်" ဟု ချက်ချင်းခေါ်နိုင်စွမ်း၏။ သူ့အိမ်လည်ရာမှ ပြန်လေတိုင်း အိမ်ရှင်ဖြစ်သူကို "ဂိုးအောက်"ဟု နှုတ်ဆက်တတ်၏။သူ့အိမ်နီးချင်းတစ်စုံတစ်ယောက် မအီမသာ ပုံစံတွေ့လေတိုင်း . . . "ညည်းဝိဖြစ်နေတာ" ဟု ဆိုလေ့ရှိ၏။ဒွေးလေးနေကောင်းလားဟု ပဋိသန္ဓာရစကားဖြင့် နှုတ်ဆက်လာသူမည်သူ့ကိုမဆို၊ "ဖိုင်းဖိုင်း"ဟု တုန့်ပြန်၏။ဦးကြီးတင်က. . "ဟော့ စိန်မေ ထမင်းစားတော့မယ်" ဟု ဆိုလာသည့်အခါ "လယ်ဒီ"ဟု ချက်ချင်းဖြေနိုင်၏။ သိုင်းကျူးသိုင်းကျူးဟူသောစကားသံကား တစ်အိမ်လုံးတွင် တရုံမလတ်သောသောည်း၏။

ထိုမျှသာမကသေး၊ ဦးကြီးတင် ကွယ်လွန်ဆုံးပါးသွားချိန်တိုင်အောင် ဒွေးလေးသည် သူ့ခင်ပွန်းထံမှ နှုတ်တက်ရွရွ သင်ယူခဲ့ရသည့် သိုးဆောင်းစာတို့ကို မမေ့သေးသည်မှာ သက်သေအခိုင်အမာပြနိုင်ဆဲဖြစ်လေသည်။ မကြာမတင်အချိန်က သူ့သမီးဖြစ်သူသည် ထမင်းဝိုင်းတွင် ထမင်းစားနည်းနေသည့် ဒွေးလေးကို ဂရုဏာအပြည့်ဖြင့် "အမေ၊ ထမင်းထပ်ယူ အုံးမလား၊ ထမင်းစားနည်းတယ်" ဟု မေးမြန်းသမှုပြုသည်ကို ဒွေးလေးက . . . "သိုင်းကျူး၊ အိုကေ၊ ဖိုင်း ဖိုင်း၊ အနတ်" ဟု ဒက်ကနဲ ပြန်ဖြေနိုင်ဆဲ ဟူသတည်း။

တိုင်းပြည်စည်ပင်ဖွံ့ဖြိုးကာမျှနှင့် သွေးနထင်ရောက်နေသော ယိုးဒယားတို့ကား ကျွန်ုပ်ကို မဆိုထားနှင့်၊ ကျွန်ုပ်၏ကြီးဒေါ် ဒွေးလေးစိန်မေ၏ခြေဖျားကိုပင် မှီအုံမထင်ချေ။ မျိုးရိုးနှင့် တန်ခိုးရှိခဲ့ကြသည်မှာ ဧကန်ပါတကား။ ။

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ၊ဂွန်(၁၀) ၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မျက်ဝန်းထဲမှာ မိုးရွာပြီ ခင်

လွမ်းတာချင်းတူရင် “ခင်ခင်” တို့ အရှုံးပေးလိုက်မယ် ဟူ၍သာ ကျွန်ုပ် ဥဒါန်းကျူးရင့် ရပေခြိမ့်တော့မည်။ လွမ်းသူတကာတို့၏ ထိပ်ဖြစ်သော နတ်သျှင်နောင်၊ ပြည်နဝဒေးတို့မှ အစ ကိုတင်လှိုင်၊ ကိုသန်းလှိုင်နှင့်တကွ အလွမ်းသီချင်းရေးသော မောင်ကျော်ဇောတို့ပင် ကျွန်ုပ်၏အလွမ်းကို မီအောင်စာဖွဲ့ သီကျူးနိုင်လေမည် မထင်ချေ။ ကြားမြင်တွေးသမျှ အလွမ်းတို့သာတည်း။ နေရာတကာ အလွမ်းတို့ချည်းပါတကား။ လွမ်းလို့ရယ် ဘယ်မကုန် ဝသုန်ဌာမြေ အသိသက်သေ တင်သည့် တိုင် ဘယ်ပန်းချီရေးမမီနိုင်လေ။

• • •  • • •  • • •

နံနက်စောစော အိမ့်အနောက်ဖက်တောအုပ်ငယ်ဆီမှ ငှက်မြည်သံတချို့သည် ညက ကျွန်ုပ်မက်ခဲ့သောအလွမ်းအိပ်မက်ကို တိုးရီးယားဇာတ်လမ်းတွဲကဲ့သို့ အခန်းဆက်ဖြစ်စေလေ၏။ အာကာရာဇာနေမင်းကြီးကား ရောင်ခြည်တထောင် အလင်းဆောင်လျက် အရှေ့ဗြူဟာမှ ထွက်ပြူလာနေလင့်တစေ ကျွန်ုပ်စိတ်အစဉ်သည် ညက အိပ်မက်ထဲတွင် ရောက်ရှိနေခဲ့သော မွေးရပ်မြေတွင် မြူးတူးခုန်ပေါက်နေဆဲပင်။ ကျွန်ုပ်၏ အလွမ်းကား

www.burmeseclassic.com

www.burmeseclassic.com

ကြီးကောင့်ကြီး မားဘျမှ ပေါက်သော အလွမ်းဝက်သက်မဟုတ်၊ တောင်တောင်အီအီ အလွမ်းမဟုတ်၊ မွေးရပ်မြေအလွမ်းဖြစ်သတည်း။ ဆီဆုံနံ့ကိုလွမ်းသလိုလို၊ ထန်းတောထဲက ထန်းတဲမှာ ထွက်ပေါ်သည့် ထန်းရွက်ခြောက်နံ့ကို သတိရသလိုလို၊ နောက်ချေးပုံနံ့ကို တမ်းတသလိုလို။ ထိုမှသည် ရန်ကုန်အလွမ်း၊ ဝက်သားဒုတ်ထိုးအလွမ်း၊ ဟိုအလွမ်း ဒီအလွမ်း၊ အလွမ်း သောင်းခြောက်ထောင်မက အလွမ်းကုဋေကုဋာဟု ဆိုရမယောင်တကား။

ခပ်ငေးငေးက သဲ့သဲ့ကြားရသော ထိုင်းရိုးရာသီချင်းသံသည် ကျွန်ုပ်၏နားဝယ် စွဲမိစွဲရာ ထွက်ပေါ်လာသည်ကား . . . မယ်တို့ရွာသာစခန်း အလည်လာစမ်းပါကွယ်၊ မြရောင်ခြယ် လယ်ကွင်းနဲ့ ကန်သင်ရိုးတလျှောက်မယ် . . . ။ ပင်ထနောင်းနဲ့ ဇီးပင်တွေရယ် မကျည်း၊ ဝါးပင် ပေါပါတယ်ဗျာ . . . ဟူလို။

ကျွန်ုပ်ကား တိုင်းခြားပြည်ရွာတွင် အခြေချရန် စဉ်းငယ်မျှ အိပ်မက်တွင်ပင် မရှိခဲ့လင့်ကစား ပစ္စုပ္ပန်အချိန်တွင် ဖူးခက်မည်သော ဤသောင်ဤကမ်း၌ ရေတွင်မျောသော ကမ်းတင် ဇေဒါ၊ သောင်ပြင်လွတ်သည့် ဟသာ်ဖြစ်မှန်းမသိ ဖြစ်နေခဲ့လေသည်မှာ ကာလအားဖြင့် ရာသီစက်ဝန်း ခုနှစ်နှစ်ပင် စွန်းပေရော့မည်။ တကိုယ်ထီးတည်းဖြစ်သော ကျွန်ုပ်၏ နိစ္စဓူဝ၊ ကျင်လည်လှုပ်ရှားမှုမှာ ဖြစ်ဒဏ်ကျ အကျဉ်းသားနှင့် တူလှလေ၏။ ထူးခြားသည်ကား အကျဉ်းကျစေသည့်အမိန့်ကို ချသူမှာလည်း ကျွန်ုပ်ကိုယ်တိုင်ပင် ဖြစ်နေလေ၏။ မိုးသောက်လျှင်အိပ်ယာထမည်။ ဘာမှ ဟုတ်တိပတ်တိ မချက်ပြုတ်တတ်သော၊ ဟင်းနုနွယ်နှင့် မုန်ညင်းရွက်ကို ရံဖန်ရံခါ မှားတတ်သော တပည့်ကျော် ကျော်ဝင်းဌေး၏ လက်ရာကိုစားမည်။ ပြီးလျှင် အချုပ်ခန်းနှင့် မယိုးရင်းစွဲ တူလှစွာသော အခန်းငယ်ထဲသို့ မည်သည့် ထောင်ပိုင် ထောင်ကြပ် ထောင်ဝါဒါကမျှ အတင်းအဓမ္မသွင်းရပါဘဲ ကိုယ့်သဘောနှင့်ကိုယ် ပြန်ဝင်ကာ ကိုးရိုးယားကား ဇာတ်လမ်းတွဲများကြည့်မည်။ ကျွန်ုပ်ကား အွန်စော၊ ဂျွန်စောနှင့် ကင်ဆိုယိုတို့သာမက ဂျာမြောင် မင်းသမီးလေးနှင့်လည်း မျက်မှန်းတန်းမိပြီ။ ကိုးရီးယားနတ်ဝင်သည်တို့နှင့်လည်း ရင်းနှီးခဲ့ပြီ။ အန္တိုင်းမဲ့သစ္စာရှင်၊ ရာဇဝင်ထဲက သူရဲကောင်းကြီး လီဆွန်ရှင်းနှင့် သွေးသောက် ဖြစ်ရုံမက မြောင်နိုင်ငံ၊ ဂျိုဆွန်း၊ ဂျောင်းလား၊ ဖျောင်ယန်း၊ ဂယောင်ဆာန်း၊ ဂုံယန်းစသည့် နယ်မြေဒေသတို့ကို အကျွမ်းတဝင် ရှိခဲ့ပြီ။ ထိုထိုသော ပြမြ အလုပ်တို့ဖြင့်သာ သည်နွေမိုးဆောင်း ပြောင်းခဲ့ပြန်ချေသည် တမုံ့။

သုံးလောကထွတ်ထား မြတ်ဘုရားသော်မှ မွေးရပ်ဇာတိ ကပ္ပိလဝတ်သို့ ပြန်ကြွဖူးလေကြောင်း နိပါတ်တော်တွင် လာလေရကား ကျွန်ုပ်လို ငပါမွှား လူ့အန္ဓအဖို့ မွေးရပ်မြေကို သတိရခြင်းမှာ ဆန်းလှသည်တော့ မဟုတ်ချေ။ လွမ်းဖော် လွမ်းဖက်တို့လည်း အနမတဂ္ဂပင် တဂ္ဂဆပ်ပြည်နယ်ရောက်၊ တောင်ငူချက်မြှုပ် ရန်ကုန် စက္ကောမ ကျောင်းဆင်းကလေး မောင်ဝင်းခိုင်ကား ငွေထက် အဓိကကျတာတွေ အများကြီးရှိပါသေးကလား။ ကိုယ့်အမိအဖ ကိုယ့်မွေးရပ်မြေနဲ့ ခွဲခွာရသည်မှာ ရောမဝင်္ဂဆင်းရဲ၊ အကြီးစား ငရဲပါတကားဟု အံ့ဝင စကား ဆိုပါ၏။ ဗိုက်ကင်းတို့မြေ၊ နော်ဝေရောက် ကိုခင်ဦးကမူ ထောင်ထဲနေရတာကမှ ခြူးတံဆိပ် နွားတံဆိပ် ဆေးပေါ့လိပ်ကလေးကမ်းရင် နင်းပေး နှိပ်ပေးသူနဲ့ဗျာ။ ဒီကာ



www.burmeseclassic.com

www.burmeseclassic.com

ယဉ်ကျေးမှုတွေကို သိပ်စိတ်ကုန်တယ်။ ထောင်ထဲ ပြန်ဝင်နေရတာကမှ ကောင်းသေးဟူ၍ ထောင်မကြောက် တန်းမကြောက် ဆို့နင့်နင့် ကြွေးကြော်လေ၏။အဖြစ်သည်းနေသော ကျွန်ုပ်တို့ မြင်ပြင်းကပ်လှစွာဖြင့် သဟာလောကဲ လွမ်းနေလျှင်ဖြင့် ခဲတပစ်၊ ဒုတ်တထောက် ရှိသမင့်တာ ပြန်လိုက်ပါတော့လား စကားအလွယ် ဆိုကြပေမည်။ သို့တမူလည်း ဉာဏ်တည်းဟူသော မျက်စိထဲတွင် အုတ်နံရံနှင့် သံတိုင်တို့သာ မြင်နေလေရာ လွမ်းသူတို့ လျှောက်သော လမ်းတလေး မဟုတ်ပြန်ချေ။

. . . . . . . . .

အလွမ်းနာသည် ဤရက်ပိုင်းတွင် ပို၍ သည်းလာသည် ထင်ရ၏။ လွမ်းလှချေပြီ။ အဖော်ဆွေမွန် ရှိမှတော်ချေရော့မည်။ ရန်ကုန်ပြို့နေဇနီးသည် ခင်အိမ်စည်ကို ခေါ် လေမှ။ သူကား အကျွန်ုပ်၏ အနီးကပ်ဆုံး မိတ်ဆွေမဟုတ်တုံလော။ ခင်အိမ်စည်ကား ကျွန်ုပ်ရှိရာသို့ လုံးလုံးလျားလျား မလာမရောက်သည်တော့ မဟုတ်၊ တနေ့ချစ်ခွင့် ကြင်ရနိုး လာသည်ဆိုရုံ တနှစ်လျှင် သုံးလတကြိမ် တခေါက်တကျင်းတော့ လာတတ်ပေသည်။ တခေါက်တခါ အရောက်လာသည့် ကိစ္စမှာလည်း ဗီဇာရရေးအတွက် ဖိတ်စာခေါ် စာ၊ ဘဏ်စာရင်း၊ သန်းခေါင်စာရင်း၊ လက်ထပ်စာချုပ်သာမက မွေးစာရင်း ရက်ချုပ်ဇာတာပါ ပြရသော ဒုက္ခကမသေးလှချေ။ မည်သို့ဆိုစေ ဒီတောင်ကို မောင်ကျော်မယ် မြင့်မိုရ်မို့လား။

ခေါ် ဆိုခ အဖိုးစား နားကြီးမြင့်သော်ငြား ကျွန်ုပ် မမှုအားပြီ။ အိုဗာဆီးလ်ကောကို စောလျှင်စွာနှိပ်လျက် လွန်စွာ ချိုသာလှသော အသံဖြင့် . . .

"ဟယ်လို၊ ခင်အိမ်စည်ငဲ့၊ အိမ်စည် ခပါခလှည့်၊ ကျွန်ုပ် ပျင်းလှပေပြီ၊ ခွဲခွာခြင်းဟူသည် ကိုယ်တို့နှစ်ဦးအတွက် ဘယ်သောအခါမှ မမျှော်လင့်ခဲ့သော ဝေါဟာရပါကွယ်"

သို့တစေ ခင်အိမ်စည်အသံကား အကဲဆတ်လွန်းလှချေ၏။

"အံမယ်၊ စွတ်ကနဲ စွတ်ကနဲ လာဖို့ခေါ် နေရအောင် ရှင့်ကိုယ်ရှင် နိုင်ယုတ် (ဝန်ကြီးချုပ်) အောက်မေ့နေသလား"

ခင်အိမ်စည်ကား စ စချင်း ဆောက်ကော လွန်ပူနဲ့ပါ ထွင်းချေပြီကော။

"ဟုတ်သေးဘူးလကွယ်၊ ညည်းပြန်တာ ခြောက်လကျော် ကြာကမင့်ပြီပဲ"

"တော်ခေါ် တိုင်း လာလို့ မရဘူးရှင့်၊ သံရုံးက ဗီဇာပေးမှ လာလို့ရတာ သိသိကြီးနဲ့"

ရော။ ခက်ကပြီ။ နည်းလမ်းရှာလေမှ ။

"အနို့၊ မင့်အာယုက ငါးဆယ် မပြည့်သေးဘူးလား၊ ငါးဆယ်စွန်းလျှင်ဖြင့် ပင်စင်ဗီဇာ ရနိုင်မည် မဟုတ်တုံလော"

"ရှင်စိတ်မှ မှန်သေးရဲ့လား၊ ကျုပ်အသက်က ငါးဆယ်ပြည့်ဖို့ အဝေးကြီးလိုသေးတယ်။ အရေးထဲ ဘာတွေ လာပြောနေမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဤတွင်မှ နှဲကြီး တက်နင်းမိသည့် ကိန်းကြကာ၊ ထင်သာထင် မဝင်ဘူး ကျောင်းအမရေ ဆိုရပေတော့မည်။ ဆိုးချေပြီတည့်။ ဣတ္ထိယတို့ လျှို့ဝှက်အပ်သော အာယုအကြောင်း ထည့်ပြောမိသည်ကိုး ဒါသည်ပင် ဒင့် အမှား ဖြစ်ချေသည်။ ချစ်၍ ချစ်ကာ လာသည်မှကွယ်၊ နှမလတ်လေး နေလေတော့။

. . . . . . . . .

ကျွန်ုပ်ကား ဘုတ်အုပ် ဖတ်ချင်စိတ်လည်း မရှိ။ အင်တာနက် တက်ချင်ဆင်းချင် စိတ်လည်း မရှိရကား အလွမ်းပြေစေခြင်းငှာ တမိုးတဖုံ ကြံစည်မိပြန်လေသည်။ မဲဆောက် နှင့် မွေးရပ်မြေကား ခဲပစ်သာ ကွာလေသောကြောင့် မဲဆောက်မှ မိတ်ဆွေတွေကို အလွမ်း ဖြေ ဖုန်းဆက်ပေအံ့။ ဦးစွာသတိရမိသူကား မဲဆောက်တော်လှန်ရေးနယ်မြေ၏ သားကောင်း အနည် ကိုရင်ကျော်ထက်တည်း။

"ဟိုင်း ကိုရင်ထက်၊ မာပါ၏လော၊ မိတ်လာ (မိတ္တိလာ) က အရီးလေးတို့နဲ့ အဆက်ရ သေးလား ကိုရင်တို့ အရပ်မိုးလေကော မှန်ပါစ"

"ဟား၊ မောင်ပဥ္စင်း၊ ကောင်းဗျား၊ အနို့ပေမဲ့ . . . "

တိုက်ရှားလဘတ်။ ကြီးကောင်ကြီးမားကျမှ နဖူးစာရှာလည်လေသော မောင်မင်းကြီး သားကား ရှေ့ဆင့် နောက်ဆင့်မွေးသော သမီးနှစ်ကောင်ကို ထိန်းရင်း ပြည်တွင်းလှုပ်ရှားမှု လုပ်နေလေရာ စကားနှစ်ခွန်း မပြည့်မီမှာပင် ကလေးငိုသံကြားရပြန်သည်။ သူလည်း ယခုမှ ပင် နိုင်ငံရေးစစ်စစ်ကို လုပ်နိုင်တော့သည်တကား။ လူစွမ်းလက်စွမ်း ပြောင်လေစွ။ အလိုက် သိလေမှ။

ဘဇာ အကြောင်းနည်း။ သူ့အပြင်မဲဆောက်တွင် ဖုန်းဆက်ရမည့် မိတ်ဆွေရင်းချာတို့ နေ့ရောညပါ မနားတမ်းရိုက်သတ်၍ပင် ကုန်နိုင်ဖွယ်ရာမရှိ။ ဆရာဝန်မလုပ်သော ဘလော့ ဂါကလေး မောင်လွင်းဆွေထံ ဆက်လေဦးမှ။ သူကား အကြပ်အတည်းကြားမှ လွတ်မြောက် ရန် နည်းလမ်းကောင်း ရှာနိုင်သူဖြစ်နိုင်ပေ၏။ ယခု ကျွန်ုပ်အလွမ်းဟူသော ရန်သူ၏ အမိဖမ်းခြင်းကို ကြုံတွေ့နေရပြီ မဟုတ်တုံလော။ အနီဘလော့ဂါကလေး တင်ထားသော အမျိုးသား ခေါင်းဆောင်ကြီး၏ လမ်းညွှန်မိန့်ခွန်းဖြစ်သော သူ၏ ဘလော့မှတ်ချက်ကို ရှုလော့။

"ဟေ့ သေလည်း မြန်မာပီပီ ဇာတိမာန်နဲ့ သေကြပါ။ ရန်သူကမိရင် လက်အားရင် လက်နဲ့ထိုး ခြေအားရင် ခြေနဲ့ကန်ပါ။ နောက်ဆုံး ပါးစပ်အားရင် ပါးစပ်နဲ့ကိုက်ပြီးမှ အသေ ခံလိုက်ပေ့" ဟူလေရာ ကျားရိုးကိုသွေး၍လျက်ကာ အခွင့်ကောင်းကိုရှာရမည် မဟုတ်ပေ လော။ ဖုန်းခေါ်သံ နှစ်တီအဆုံးတွင် သူ့အသံပေါ်လာသည်။

"ဟယ်လို ဆရာဒင်လော"

"မှန်ပေသည်။ အတို့ကျွန် မာပါစံ့။ စကားစမြည်ပြောကြပါအံ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုဟို ဆရာဒင်၊ ဟိုဟို . . ."

သူ့အသံကား ချွတ်နင်းသံတည်း။ အညာအရပ်မှာ လူပျိုသိုးတို့ အပျိုအိမ်လှည့်စဉ် လူမိသောအသံနှင့် ဆင်လေစွ။ အကြောင်းတစုံတရာရှိပေမည်။ ဘလော့ အကျော်အမော် တလေး မည်သည့် အလုပ်များနှင့် ရှုပ်နေဘိသနည်း။

"ဆရာဒင်ရေ၊ ကျွန်တော် ဖုန်းမော်မွေးနေ့ ရောက်နေလို့ခင်ဗျ။ ဒီမှာ ဆရာမန်းနဲ့ ပြောလိုက်နော်"

သမားတော် ဖြစ်လောက်သော ပါးလှပ်သည့် တစ်ဏုပ္ပတ္တိညဏ်ကြီးသူ ပီသပါပေ၏။ ဘောလီဘောကစားခြင်းအတတ်ကို အထူးတလည် ကျွမ်းကျင်ဟန် ရှိလေရာ တယ်လီဖုန်းသည် မဲဆောက်ရွာဆော်ကြီး ရွှေမန်းတင်မောင်ခရေဇီ ဆရာမန်းမိုးမြင့်ထံ ခုန်ကူးသွားဟန် ရှိလေသည်။

"ဆရာကြီးဒင်လား၊ ခေတ္တငုံ့ပါလင့်၊ မင်းပရိသတ်တို့ စုံညီနေပြီဖြစ်၍ ဓာတ်ပုံ မှတ်တမ်းတင်ခြင်းအမှု ပြုရပေဦးမည်"

ကျွန်ုပ်ကား အလိုက်မသိသူပေတကား။ ကိုဖုန်းမော် ကွယ်လွန်သည်မှာ အနှစ်နှစ်ဆယ် ကျော်လင့်ကစား သူတို့ မမေ့ကြသေးရုံမျှမက ဦးဝင်းတင်၊ ဦးတင်ဦးမွေးနေ့လည်း ကျင်းပရန် ရှိကြပေဦးမည်။ ကျေးဇူးဥပကာရ တင်အပ်ပေသည်။

မွေးနေ့သေနေ့တို့တွင်ပင် တော်လှန်ရေးကို ဆင်နွှဲနေဆဲပါတကား။ သာခုခေါ် ထိုက် ပေစွ။ မည်သို့ပင် ဆိုစေကာမူ အိမ်တွင်မွေးထားသော ကြွက်ခုတ်တတ်သည့် ကြောင်မလေး နာရေးရက်လည်တွင်ပင် ဇာတ်ပွဲသွင်းလေသော ဒီကေဘီအေလူကြီးမင်း ကိုချစ်သူနှင့် နှိုင်းစာ လျှင် တော်ပေသေး၏။ မဖြစ်ချေသေး။ အရိပ်သုံးပါး နားလည်အပ်ပေသည်။

. . . . . . . . .

မဟာဇနက္ကမင်းသားသည် အပြောကျယ်လှသော မဟာသမုဒ္ဒရာကို ခုနှစ်ရက်တိုင်တိုင် ကူးခတ်ခဲ့သည် မဟုတ်လော။ မလျော့သောဇွဲဖြင့် မဲဆောက်နေ ကဗျာ့ဝိဒူ ကိုတက်တူသို့ ဆက်ပြန်လေသည်။

"ဟယ်လို၊ မာလကာပင် မင်္ဂလာပါခင်ဗျ၊ ဆရာတက်၊ မာရဲ့နော"

"မာပါပေ၏။ သို့တစေ ကဗျာရွတ်ဆိုလျက် ကမ္ဘာ့ကဗျာနေ့ကို ဖွဲ့ခြီးကျင်းပရန် ရှိသဖြင့် မအားမလပ် ဖြစ်နေချေသည်"

ကျွန်ုပ်သည် အချိန်ကို အကျိုးရှိစွာ မသုံးတတ်ယောင်တကား။ သူသည်လည်း ကဗျာရွတ်ရင်း လွတ်မြောက်ရေးတိုက်ပွဲကို ဆက်လက် ဆင်နွှဲနေသူပါတကား၊ ဆက်၍ ဆက်ကာ ရွတ်ပါလေလော့။ ပုံသာပုံပါ ခွပ်ဒေါင်းနီ မုန်တိုင်းမိုးထက်ဆီ။ ရရာလက်နက် စွဲကိုင်လျက် တော်လှန်ရေးကို အားဖြည့်လျက်ရှိကြလေရာ တော်လှန်ရေး အဓွန့်ရှည်ပါစေကြောင်း ဆုမွန် တောင်းရပေမည်။



www.burmeseclassic.com

www.burmeseclassic.com

နှုတ်မစောင့်စည်းသော လိပ်၏ ဥပမာအတိုင်း စကားဆက်ရှည်နေလျှင် ပက်လက်လှန်လျက် တံတွေးတွေးသကဲ့သို့ ရှိရော့မည်ဖြစ်၍ ဤနေရာတွင် တောစကား တောပျောက်ပါအံ့။ ဖော်ကွာဝေးသူအဖို့ ပျင်းရိဆွေးလျချိန် မိတ်ဆွေအပေါင်းထံ ဇီးရွက်ခန့်မျက်နှာဖြင့် ဖုန်းဆက်ရသော အလုပ်ကား အငိုလွယ်လျက် အရှိုက်ခက်လေသည် တကား။ ခွတ္တိတရား လက်ကိုင်ထားလေမှ။

ဩော်. . ကဗျာဆိုကာမှ ရွာအကြောင်း အမှတ်ရဖွယ် ကဗျာတပုဒ်သည် နှုတ်မှ အလိုလို ထွက်ပေါ်လာတော့သည်။ ဘာတဲ့၊ ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က လွမ်းအောင်ကူချွဲ၊ ပန်းတော်ဖြူ ပင်မြက်မြေဇာထူလှ ဖိုးတောင်သူ့တဲ တဲ့။

မှုန်းမှုန်းမှေ့မှေ့ မတွေ့လိုသူ ရှောင်ရှားရပေမည်။ မရွာသောမိုးကို မမျှော်ကိုးတော့ပြီ။ မပွင့်သောပန်း မမှန်းဝံ့ချေပြီ။ အလွမ်းဖြေနည်းတို့ အနမတဂ္ဂ ရှိလေသေးသည်။ ဖူးခက်မြို့တော်ရှိ ဂျန်စီလွန်း၊ စင်ထရယ်၊ ရော်ဘင်ဆင် အစရှိသော နာမည်ကျော် ကုန်တိုက်ကြီးများဆီသို့ ဝင်ထွက် လှည့်လည်ပေအံ့။ ဈေးဝယ်ထွက်ခြင်း သည်လည်း စိတ်အပန်းဖြေခြင်း တမျိုးပင် မဟုတ်တုံလော။ ဝယ်စရာ ခြမ်းစရာကား စုံလှပါဘိတောင်း။ အတွင်းခံဘောင်းဘီ တထည်ကို အရဲစွန့် ဈေးမေးလိုက်ရာ ဘတ်ခြောက်ရာဆိုလေ၏။ ဤကား ငတို့ရပ်ရွာတွင် ဒုံးခြောက်တပိသာဖိုးနှင့် ညီပေသည်တကား ဟူသော အသိသည် ခေါင်းကို ပြေးဆောင့်ပြန်ပါလေ၏။

အသင့်ချိတ်ထားသော ဈေးနှုန်းကဒ်ပြားများကို ကြည့်မိပြန်သည့် တခဏတွင်လည်း ရေမွှေး ဒါဇင်ဝက်ဖိုးသည် သုံးမခံ၊ အရှာခက် မြန်မာအသပြာနှင့် ယှဉ်ထိုး ချိန်စက် သည့်အခါ နွားတရှဉ်းဖိုး၊ ယာတကွက်ဖိုးပါတကား။ လှည်းလမ်းကြောင်း တလျှောက်ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်တာ မြင်ယောင်လာပြန်ချေပြီ။ သည်အလွမ်းက တမျောင့်။ ကုန်တိုက်တို့ကို ကျောခိုင်းပြီးသကာလ ကျန်းမာခြင်းသည် လာဘ်တပါးဟူသော ဆိုရိုးနှင့်အညီ ညနေချိန်ကို တန်ဖိုးရှိရှိ အသုံးချရန် စတုတ္ထရာမမင်း၏ ပန်းခြံသို့ ခြေဦးလှည့်ပြန်သည် ဤတခဏ၌လည်း ဘယ်အရပ်ကနေ ရှာဖွေစိုက်ပျိုးလေသည် မသိသော ထန်းပင်စုစုကို တွေ့ရပြန်သောကြောင့် ရွာက ထန်းတောကို အောက်မေ့ပြန် လေသည်။ အလွမ်းရယ် တည့်မကုန်နိုင်လေ။

••• ••• •••

လေလွှမ်းနေသော စိတ်များဖြင့် ထိုမှသည် အရောက်သွားရာက ပါတောင်ကမ်းခြေဆီ ရောက်ခဲ့ပြန်ပြီ။ ခုနှစ်ပြည်ထောင် ညွှန့်သည်တို့အဖို့မူကား ပါတောင်ကမ်းခြေသည် တာဝတိံသာ က နန္ဒာလော၊ တုစ္စဟုတ္တာ ဆိုကြပေမည်။ အပျော်လွန်နေသော မျက်နှာဖြူလုံမငယ်တို့ကား ရင်စီးလွှာပင် မကပ်နိုင်ကြလေတော့။ ကြည့်၍မှုကောင်းပါ၏။ ဟီရိဩတ္တပ္ပ ရှုထောင့်ခြင့်ကား မတင့်တယ်လေ။ ကျွန်ုပ်စိတ်တွင်ကား ရင်စီးမဲ့ အနီအရာကို မြင်ရလေ၊ ကိုယ့်တော ကိုယ့်ရွာမှ သနပ်ခါးပါးကွက်ကြားကို လွမ်းလေလေတည်း။ သနပ်ခါး ပါးကွက်ကြား၊ ခပ်ပါးပါး

www.burmeseclassic.com

လေး လိပ်းကာခြယ်၊ မြင်ရသူနှုတ်ဖျားက "ဟင်. . . လှပါကလား" ရယ်လို့ တဖွဖွပြော လောက်အောင်ကွယ်၊ အရေးထဲ ဟသ်ာတထွန်းရင်က ရင်ဝသို့ ငွတ်တိုး ဝင်လာပြန်ချေသည် တမုံ့။

တနေကုန် လွမ်းလျက်ရှိသော စိတ်အစဉ်သည် သူငယ်အိပ်ဆိတ်မှုသည်၊ သက်ကြီး ခေါင်းချ၊ ထိုမှသည် လုလင်ပြန် ချိန်တိုင်အောင် မဆုံးနိုင်ချေ။ အိပ်၍မပျော်သောညများ ပါတကား။ ညဥ့်ယံကား တာရှည်လှပေ၏။ ဘယ်ညာစောင်းရင်း ကပင် ကြာခြည်ယံနာရီသံ ဗဟိုရ်ငြိမ့်ပါပေ့၊ စက်လည်းပျော်ပါနိုင်။ တခုခု ကြလေမှ၊ ထိုစဉ်တခဏ၌ပင် အကြောင်း သုံးပါးမရွေးသော ဖူးခက်မိုးသည် ရုတ်ခြည်း ရွာချလာပါလေ၏။ မိုးကား ပုလဲလုံး ရွှဲအလှ မဟုတ်ချေ။ မိုးလုံးမဲအမျှ ချေတည်း။

ထိုခဏ၌ပင် ကျွန်ုပ်၏ ဦးခေါင်းအတွင်းပိုင်းတွင် လင်းတနဲ ဖြစ်သွားကာ အလွမ်းဖြေ နည်း နိသျှည်းတခုသည် ပြုံးပြက် ပေါ်ထွက်လာလေတော့သည်။ ကျွန်ုပ်သည် ရုတ်ခြည်းပင် ကွာတားဘောင်းဘီနှင့် သကြံန်အကျီ ကြောင်ကြောင်တူးတူးတစ်ထည်ကို ကောက်စွပ် လိုက်လေ၏။ ဂိုဒေါင်တွင်းမှ ကားကိုစက်နှိုးကာ အိမ်နှင့် အတန်ငယ်ဝေးသည့် စဖန်ဟင်း ကမ်းခြေသို့ တကိုယ်တည်း ကားမောင်းထွက်ခဲ့တော့သည်။ စဖန်ဟင်းကမ်းခြေကား ည အမှောင်တွင် တိတ်ဆိတ်ငြိမ်သက်စွာ ရှိချေသည်။ ကျွန်ုပ်၏ရှေ့တွင် သဲသောင်ပြင်ကြီးနှင့် ရှုမဆုံးသော ပင်လယ်ပြင်ကြီးသာရှိတော့သည်။ လွတ်လပ်ပေစွ၊ အချိန်ကား သန်းခေါင်ယံ နာရီပြန် ဗဟိုစည်တချက် ထိုးပေတော့မည်။

ထိုတွင် ဒက်ရှ်ဘုတ်အတွင်းမှ ကက်ဆက်ခွေများကို ထုတ်ယူရင်း စိတ်ကြိုက် မြန်မာ သံစဉ်တစ်ခွေကို ကားကက်ဆက်အတွင်းသို့ ထိုးထည့်လိုက်လေ၏။ ကျွန်ုပ်၏ အကြံအစည်ကို အကောင်အထည်ဖော်ရန် မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် မြို့မငြိမ်းမြို့မအဖွဲ့ဆိုလျှင် လုံလောက်ပေ ပြီ။ အခါမဟုတ် မိုးကား အငြိုးဖြင့် ဆက်၍ ဆက်ခါ ရွာလှုတ်ပေတည်း။ ကျွန်ုပ်သည်ကား အပြင်ထွက်ကာ အသင့်အနေအထား နေရာယူလိုက်သည်။ ကျွန်ုပ်မိုးကိုမမှု။ ငယ်စဉ်က မိုးရွာလျှင် လုံးတီးမိုးရေချိုးခဲ့သည် မဟုတ်တုံလော။

ထိုစဉ်ခဏ၌ပင် ကွယ်လွန်သူ မြန်မာသံအဆိုတော်၊ သုမောင်၏ အသံဝါကြီးက ကား ကက်ဆက်အတွင်းမှ အောင်မြင်ထည်ဝါစွာ ထွက်ပေါ်လာ ပါတော့သည် ။

"မြို့မစိန်ရတုမှီ မြို့မသီချင်းတွေနဲ့ပဲ ကျနော်တို့ သီဆိုဂုဏ်ပြုပါ့မယ်။ အလင်္ကာကျော် စွာ ဆရာမြို့မငြိမ်း ရေးစပ်သီကုံးခဲ့တဲ့ စစ်ကိုင်းတောင် ဆိုတဲ့တေးနဲ့ ဖျော်ဖြေပါ့မယ်။ နားဆင် ကြည့်ကြပါခင်ဗျာ"

"ပုညရှင် စေတီအပါး၊ စစ်ကိုင်းတောင်၊ အထက်နားဆီက အရှေ့တလွှား၊ ရှုလိုက် ရင်လေ၊"

ကျွန်ုပ်ကား တရုတ်ဘုန်းကြီး ဘုရားရှိခိုးဟန်၊ တံတောင်ဆစ်ကို ကိုးဆယ်ဒီဂရီကွေးလျက် နဖူးတွင်ထိရင်း ရှေ့ခြေတလှမ်းတိုး နောက်ခြေတလှမ်းဆုတ်ကာ ကိုယ်ကို အနည်းငယ် ယိမ်း လိုက်လေ၏။ အိုး . . ဘာတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

"ဧရာဝတီ၊ ဒုဋ္ဌဝတီ နတ်ပန်းချီဆေးစုံတွေ ကွန့်ရော့လေသလား၊ ဝဲလက်ယာ အတွန့်တွန့်နဲ့ အလွန့်အလွန် သာယာပါပေသည်"

ဤအပိုဒ်တွင်ကား နတ်ကတော်ယိမ်းကသလို လက်အုပ်ချီထားသော လက်နှစ်ဖက်နှင့် နဖူးကို ခပ်ဆတ်ဆတ် လေးငါးကြိမ် ရိုက်လိုက်လေ၏။ အလွမ်းတို့ ပျောက်စေသတည်း။

တစ်နှစ်ကူးလို့ တစ်နှစ်ကျူးပြန်တော့ . . . ၊ အသစ်အဖူး ဖြစ်ရပြန်ချေ၊ တောတောင် ရေ မြေ၊ ကုန်းနေ ရေနေ သက်ရှိသက်မဲ့ သတ္တဝါတွေ၊ လောကဓာတ်ကြီးတခုလုံး သစ်လို့မို့၊ သည်နှစ်တွင်လည်း၊ ချစ်ချစ်ခင်ခင် ရွှင်ရွှင်ပျော်ပျော်နေ။ သမိုင်းပြောင်မည့်ျိုး စစ်ကိုင်း တောင်တော်ရိုးမှာလေ မြူခိုးယှက်ဆိုင်း အုံ့မှိုင်းပြာရီဝေ၊ စေတီပုထိုးဘုရား မိုးဖျားမြင့် သီ ခေါင်ငွေ၊ တောင်တွေစိမ့်စမ်း ချောင်တွေသိန်းသန်း ခေမာသောင်ကမ်း၊ တက်လှမ်းအောင် မြင်မြေ၊ တိန်၊ တိန်၊ တိန် တီးလုံးနှင့်အညီ ကျွန်ုပ်ကား မင်းကြီးမင်းလေး နတ်ပူးသလို ကိုယ်ကို ခပ်ကြမ်းကြမ်း ယိမ်းလိုက်ပြန်သည်။ ကက်ဆက် အတွင်းမှ အတွဲလိုက် အတောတီးလုံး ငီး . . . ရော . . . ၊ ရော့ ဟူသောအသံ ပေါ်လာချိန်နှင့် အကိုက်ပင် ကျွန်ုပ်သည် ခေါင်းကို စဉ်းငယ်ငုံ့လိုက်ပြန်ပါသည်။ အလွမ်းတို့ပြယ်စေသတည်း။

မေဓာဝီကလေး တောမှီထုံးတဲ့ ယောဂီသုံးရှာပေ၊ ရောက်ကြဖူးသလား ဧယျာရွှေမြေ၊ မြစ်ရေခွေဝန်းလျှမ်း ရှုစမ်းဖြာဝေ၊ စစ်ကိုင်းတောင်ခြေ အရောက်သွား တရားရှာဖွေ ပုဒ္ဓဘာ သာမြန်မာတွေ အတာကျူးတဲ့ နှစ်ဦးဂိမာန်နွေ၊

ထိုခဏတွင်ပင် ငယ်စဉ်က အလှူပွဲများတွင် မြိုင်မြိုင်ကြီး တီးလေ့၊ ကလေ့ရှိကြသည့် အယိုင်ဒိုးနှင့် အယိုင်အကကို သတိရမိပြန်ရာ လက်နှစ်ဖက်ကို တလှည့်စီ အပေါ်တင် အောက် ချလုပ်ရင်း ကိုယ်ကို လှည့်ကာ၊ ယိမ်းကာ ကာကိုး ဆက်ပြန်ပါသည်။ သီချင်းသံကား ဆက်၍ ထွက်ပေါ် လျက် ပင်တည့်။ အလွမ်းတို့ ကွယ်စေသတည်း။

ထိုတွင်ကား **ROCK SHOW** များတွင်ကသည့် **HEAD BANGER** အကဟု ဆိုရမည်လောမသိ။ မကြီးမငယ်နှင့် ကင်းမြီးကောက် ထောင်ကာ၊ မြေကြီးကို ခေါင်းနှင့် ဆိုကြိတ်သလိုကြိတ်ကာ နှစ်ပတ်သုံးပတ်လှည့်လျက် ဘိုဆန်ဆန်က ပစ်လိုက်ပြန်သည်။ ကကြ စမ်းဗျာ တို့ လွတ်လပ်တယ်ဟုပင် ဥဒါန်းကျူးမိတော့သည်။ အလွမ်းတို့ ဝေးစေသတည်း။

မြစ်မင်းရော ခွေကာဝိုင်းလို့ စစ်ကိုင်းအောင်ချာမြေ၊ ရေလှိုင်းလေးတွေ သွင်သွင်မြူး တော့ ငွေရောင်ဖြူးကာနေ ရွှေတောင်ဦးမော် ရှုမျှော်ခင်းနဲ့၊ မြစ်တွင်းသာယာပေ၊ ချစ်ခြင်း သာယာနေ၊ ဟင်္သာစင်ရော် ကြင်ဖော်တွဲလို့ သဲကမ်းပါးယံ ဝဲပျံကာနေ။ (ရောက်ကြဖူးသလား ဧယျာရွှေမြေ မြစ်ရေခွေဝန်းလျှမ်း ရှုစမ်းဖြာဝေ၊ စစ်ကိုင်း တောင်ခြေအရောက်သွား တရား ရှာဖွေ ပုဒ္ဓဘာသာမြန်မာတွေ အတာကျူးတဲ့ နှစ်ဦးဂိမာန်နွေ )

တယ်၊ တယ်၊ တဲ့တယ်၊ တဲ့တယ်၊ တူနယ် . . ။ မြန်မာ့ဆိုင်းဝိုင်းကြီး၏ တေးသံစုံကား နားဝင်ပီယံ ရှိလှပါဘိတောင်း။ ဤတွင်ကျွန်ုပ်သည် ဦးရွှေရိုးအကဖြင့် နောက်တမျိုး ပြောင်းရ လေအောင် ကကွက်ပြောင်းရပြန်ပါသည်။ ကာကိုး၊ ကကွက်ကား ခုနှစ်ထွေမကဆယ့်နှစ် ထွေမျှ ရှိရော့မည်။ တတ်သမျှ ပညာကုန် ထုတ်သုံးရလေ၏။ **STREET BREAK**



www.burmeseclassic.com

www.burmeseclassic.com

**DANCE, FREE STYLE** ဟု ဆိုအပ်သော တရုတ်သိုင်းချသလို ကကွက်လည်း မလွတ်တမ်း ပါပြန်ပါ၏။ အလွမ်းတို့ လွင့်စေသတည်း။

... ... ...

စိတ်တွင် ထင်တိုင်းကြဲခဲ့ရသည့် အလျှောက် ထိုညက အလွမ်းမှု ပြေခဲ့ပါ၏။ သို့တစေ တျွန်ုပ်၏ မျက်ဝန်းတို့တွင်မူ မိုးတွေညှို့ယောင် ပြန်ပါတတား။


*(စောင့်ကြည့်ရှာနယ် (၂၅) ၊ ၄နံလ ၊ ၂၀၁၃ )*

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မီးလျှံမှတ်တမ်း

(၁)

၂၀၀၇ ခုနှစ်၊ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့။

ဤစာကိုရေးနေချိန်၌ ကျနော့်အိမ်နောက်ဖက်က မြေကွက်လပ်တွင် မီးပုံကြီးတစ်ခု မီးညွန့်မီးတောက်များဖြင့် အရှိန်ပြင်းစွာ တောက်လောင်လျှက်ရှိလေ၏။

(၂)

စက်တင်ဘာတော်လှန်ရေး ကာလအတွင်းက ဒီတချီတော့ ပွဲပြတ်ပြီဟု ထင်ခဲ့သူများထဲ တွင် ကျနော် ထိပ်ဆုံးကပါသည်။ "အနှစ်နှစ်ဆယ်တောင်စောင့်ခဲ့ရတာဗျ။ ပြတ်မှဖြစ်မယ်။ မပြတ်ပြတ်အောင်ကို ဖြတ်ရမယ်ဗျာ" အားတက်သရော အသံမျိုးစုံသည် နံရံအနှံ့မှ ပေါ်ထွက်ခဲ့၏။ သို့သော် မှန်းချက်သည် နှမ်းထွက်နှင့် လွဲရပြန်ချေပြီ။ ပသို့ကြောင့်နည်း။

ကျနော့်စိတ်ဝယ် ကိုယ့်ကိုယ်ကို အားမရသလို ဟိုလူဒီလူကို အပြစ်တင်ရမလို ဖြစ်လာလေ၏။ ကျနော်သည် ထိုင်းနိုင်ငံ၊ ဖူးခက်မြို့မှ မြန်မာပစ္စည်းမျိုးစုံရောင်းသော ကျူလီယာ ဆိုင်ပိုင်ရှင်ဖြစ်၏။

မနေ့က ထုံးပုံးတွေတင်လာသောကား ရနောင်းက ရောက်လာသည်။ ဟိုင်းလပ်တစ်စီးစာနီးပါး ထုံးပုံးတွေကို ပလပ်စတစ်

www.burmeseclassic.com

www.burmeseclassic.com

တိုင်ကီများထဲသို့ ပြောင်းထည့်သည်။ သည်လောက်များသော ထုံးများမှာ ဖူးခက်က မဟာ ဗဓာ အလုပ်သမားများအတွက် မရှိမဖြစ်။ အရည်မရ အဖတ်မရကိစ္စမှာ ကျနော်တို့လူမျိုးကို တစ္ဆာမှာ ယှဉ်နိုင်သူ ရှားအံ့ထင်သည်။

လတ်တလောပြဿနာမှာ ထုံးပုံးအခွံတို့ဖြစ်၏။ ကျနော်နေသော ဖူးခက်ကအိမ်မှာ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်ပြီး ကိုယ်စီ ခြံဝန်းနှင့်ဖြစ်သည်။ အဆမတန်များလှသော ထုပ်ပိုးအခွံများကို ခြံရှေ့ထွက်ပုံရန်မသင့်၍ မကြာခဏ မီးရှို့ရသည်။

အမှန်တော့ ပုံမှန် မီးရှို့သည့်အလုပ်ကို ကျနော့်လက်စွဲတော် မိုးကျော်လုပ်နေကျ။ သည်မနက် အိပ်ရာအထမှာ ခြံနောက်က ဧရာမ ထုံးပုံးအခွံပုံကြီးကိုတွေ့တော့ ကျနော့်စိတ်မှာ ယားကျိကျိ ဖြစ်လာသည်။

"ကိုယ်တိုင်ရှို့ကြည့်ဦးမှ၊ မိုးကျော်နားပါစေ"

မီးမွှေးခြင်း၊ မီးရှို့ခြင်းအလုပ်များကို ကျနော် ကြိမ်ဖန်များစွာ လုပ်ဖူးပါ၏။ ထင်းရှူးဆီချောင်းကလေးများနှင့် မီးသွေး မီးဖို၊ ရေနံဆီစိမ်ထားသော ဆေးလိပ်ဖင်ဆီခံနှင့် ထင်းမီးဖို၊ ထင်းချောင်းကို ရေနံဆီဆွတ်ပြီး မီးမွှေးသောအလုပ်၊ ပြာပုံအဟောင်းပေါ် ရေနံဆီလောင်းချ ပြီး မီးတောက်ပေါ် ထင်းစီသောပုံစံ၊ အဝတ်စုတ်အစကို ဒီဇယ်၊ ရေနံဆွတ်သော ဒီဇိုင်းကောက်ရိုးတစ်ပွေ့နှင့် စတိုင် စသည်ဖြင့် အမျိုးစုံလုပ်ဖူး၏။

ထုံးပုံးအခွံအမှိုက်ပုံကို ကျနော်ကြည့်လိုက်သည်။ ထုံးပုံခွံပုံစံမှာ တောသစ်နှင့်လုပ်ထားသော အလျားအနံ တစ်ပေခန့်၊ အမြင့်တစ်ပေခွဲခန့်ဖြစ်၏။အတွင်းဖက်မှာ ဝါးပိုးဝါးမျှစ်ခွံဖတ်ကြီးတွေ ခံထားသည်။ထုံးထဲကရေ အပြင်သို့အလွယ်တကူ မစိမ့်ရန်တည်း။

မျှစ်ခြောက်ဖတ်ကြီးတစ်ခုကို ဆွဲယူ၍ မီးခြစ်နှင့်တော့ခြစ်ကာ ထုံးပုံးခွံပုံကြီးအောက်မှာ ကပ်လိုက်ပါသည်။ တဖျစ်ဖျစ် မြည်သံနှင့်အတူ မီးစွဲလောင်တော့၏။ မီးတောက်သည် နီးရာမျှစ်ဖတ်များကို ထပ်စွဲပြန်သည်။ တခဏအကြာ မျှစ်ဖတ်တချို့အကုန်တွင် မီးတောက်ရပ်လေသည်။ မီးခိုးအူလာသည်။ ထိုနည်းအတိုင်း ဒုတိယအကြိမ် လုံးပမ်းပြန်၏။ ထိုနည်းဖြင့်ပင် မီးငြိမ်းပြန်သည်။ ပုံစံပြောင်းမှဖြစ်မည်။

မျှစ်ဖတ်၊ သင်အူကြီးနှင့် ဝါးခြမ်းငယ်အချို့ကို ထပ်မံစုစည်းသည်။ ပုံးခွံတို့၏ အောက်မှာ စုပုံပြီး လှုံ့လပြုပြန်၏။ လောင်ပြန်ပါလေပြီ၊ သို့သော် ခဏသာ။

ကျနော် ထုံးပုံး ခွံတစ်ခုကို ဆွဲထုတ်ပြန်၏။ ပုံးခွံအတွင်းသို့ ဆိုခဲ့သော လောင်စာများကို ထိုးသွင်းကာ မဟာဇနက္က ထုံးကို နှလုံးမူပြန်၏။ ခဏသော်ကား တောက်ပါ၏။ မီးတောက်သည် အူလာသော မီးခိုးငွေ့အောက်ဝယ် ပျောက်ပြန်လေပြီ။

(၃)

ထိုအခိုက် ပုံးခွံအပုံကြီး၏ အပေါ်ဖက်တနေရာမှ မီးတောက်တစ်ခု အမှန်မထင်ထွက်လာ၏။ ဒီတခါ ဟန်ကျပြီ ထင်ရဲ့ဟု ငံ့လင့်လျှက် စောင့်ကြည့်သည်။ လောင်လွယ်စရာ အချို့ကုန်သည်နှင့် ဗုံရင်းသာ။


www.burmeseclassic.com

www.burmeseclassic.com

ကျနော် စိတ်တိုလာသည်။ ဒီအပုံကြီးကို မြန်မြန်ကိစ္စတုံးချင်ကာမှ. . .။ ကားထဲက ဓာတ်ဆီကို ထုတ်လောင်းရင် ကောင်းမလား။ အမှန်တော့ ကားထဲက ဓာတ်ဆီကို ထုတ်လောင်းဖို့ဆိုတာ လက်ရှိမော်ဒယ် မော်တော်ကားတွေမှာ မလွယ်လှ။ ဆီစစ်ပိုက်ခံထား၍ ဓာတ်ဆီစုတ်ပိုက်ထည့်ရန် မဖြစ်နိုင်။ နောက်တစ်ချက် သတိချပ်ရန်မှာ ဓာတ်ဆီကိုသုံး၍ ထိမ်းမရသိမ်းမရ လောင်လာလျှင် ထိုင်းရဲနှင့် ကျနော် ပြဿနာရှင်းရမည်။ မဖြစ်ချေသေး။

တိုနေသော စိတ်တို့သည် ဒေါသဖြစ်လာ၏။

"ဟေ့ကောင် မိုးကျော် လာစမ်းကွာ"

"ဟုတ်ကဲ့ ဦးလေး"

မိုးကျော်က ဘုမသိဘမသိ ဘေးမှာ လာရပ်သည်။

"ဒီမှာ မီးရှို့မရဖူးကွာ မင်း ဘာတွေလုပ်ထားလဲ"

မိုးကျော်ကား ကြောင်စီစီ ငေးကြည့်၍နေ၏။ ကျနော် ရုတ်ခြည်း သတိပြန်ဝင်လာသည်။ ငါလုပ်နေတာ ဘလိုင်းထိုးဆိုင်ဒီဂိုင်းပါလား။ ရှက်ရှက်နှင့် လေသံကိုပြန်ပျော့လိုက်ရသည်။

"အေးကွ၊ ရှို့လိုက်ငြိမ်းလိုက်နဲ့ အဆင်မပြေဘူးကွာ၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"မြန်တိုင်းသတင်းစာ အဟောင်းတွေရှိတယ် ဦးလေး ယူမလား"

"ဟကောင် . . ဒီမှာ မျှစ်ခွံခြောက်တွေနဲ့ လုပ်ကြည့်ပြီးပြီကွ ခုထဲပဲ အဆင်မပြေဘူး"

မိုးကျော်သည် ယောင်ပေပေနှင့် မလှမ်းမကမ်းက တဲထဲမှာရှိသော မြန်မာတိုင်းသတင်းစာအဟောင်းတစ်ထပ်ကို ဘေးမှာလာချ၏။ ကျနော်လည်း ဘာရယ်မဟုတ်၊ မြန်မာတိုင်း သတင်းစာတစ်စောင်ကို ယူ၍ လိပ်လျှက် ထိမ်လိုက်သည်။ လက်တဖက်မှာ မီးခြစ်။

(၄)

စက်တင်ဘာနောက်ပိုင်းကာလများဝယ် အများစု ငြိမ်နေကြသည်။ စိတ်ပျက်သည်လော၊ အားလျော့သည်လော၊ အားမွေးနေကြသည်လော ကျနော် မဝေခွဲနိုင်။

"အေးဗျာ ကျနော်တို့လည်း တတ်နိုင်သလောက် လုပ်ခဲ့ပြီးပြီဗျာ၊ ဒီစစ်အုပ်စုကိုက မိုက်ရိုင်းလွန်းပါတယ်ဗျာ။ ကမ်းကုန်အောင် ရက်စက်တယ်ဗျ။ လူမဆန်တာ"

သည်သို့လျှင် လက်မှိုင်ချတေးမဟာတဟ ဆိုသူက ဆိုသည်။

လက်နက်ကိုင်တိုက်ပွဲကလွဲရင် တခြားနည်းလမ်းမရှိဘူး။ ABSDF ရဲ့လမ်းကြောင်းဟာ အမှန်ပဲ၊ သူ့ကိုဝန်းရံဖို့ နည်းလမ်းရှာရမယ်။

လူမျိုးပေါင်းစုံပါဝင်တဲ့ တပ်မဟာကြီးတစ်ခု ဖြစ်လာအောင် ညီညွတ်ကြရမယ်၊ မီးကို မီးနဲ့တိုက်ဖို့အပြင် အခြားနည်း လမ်းမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဩချနည်းတို့ကြိုးစာကြတဲ့သူတွေကလည်း ဒုနှင့်ဒေး။ တချို့မှာ အဖြစ်နိုင်ဆုံးက စကြစ္စ ထူသော ရည်ရွယ်ချက်ဖြင့် လက်နက်ပစ်နည်း၊ ပုလင်းဗုံးလုပ်နည်း၊ လက်ပစ်ဗုံး ပစ်နည်းတွေ ထို့ဝတ်တိုက်တွေထဲမှာ အားကြိုးမာန်တက် ဖော်ပြလာကြသည်။

"ထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ အကျိုးစီးပွား၊ အသက်အိုးအိမ် စည်းစိမ်တွေကို ပစ်မှတ်ထားရမယ်၊ မလွှဲမရှောင်သာတဲ့အဆုံး မလုပ်ထိုက်ဘူးဆိုတာတွေကိုလည်း မဖြစ်မနေ လုပ်ကြရမှာပဲ"

မထိမ်းနိုင် မသိမ်းနိုင် ပေါက်ကွဲကြသူများသည်လည်း အနမတဂ္ဂ။

စစ်ရေးအရ ဝင်ရောက်စွက်ဖက်ဖို့ နိုင်ငံတကာကို တောင်းဆိုရမယ်၊ ယူအန်မှာ ဆုံးဖြတ်လာအောင် တွန်းအားပေးရမယ်၊ ပစ်မှတ်ကို အကန့်အသတ်ထားပြီး လစ်ဗျားက ကဒါဖီကို ဆုံးမသလို နည်းလမ်းဟာ အကောင်းဆုံးပဲ။

ရောဝတီမှ ကိုအောင်ဇော်၏ "နေပြည်တော်ကို မှန်အောင်ပစ်" လမ်းစဉ်ကို ကြိုက်သူများလည်း မရေတွက်နိုင်။

ဩော် . . . အဖြစ်ခြင်းတူလေစွ၊ ဆင်လေစွ၊ ထို့အတူ . . . ကွာလေစွ။

ကျနော်ကား ထုံးပုံးခွံအမိုက်ပုံကို မီးရှို့ရန် လုံးပမ်းနေ၏။ အခြားသော အများအပြားကား တော်လှန်ရေး မီးတောက်ကို အားကောင်းအောင် ကြဆောင်လျှက် ရှိနေကြသည် တကား။

(၅)

တော်လှန်ရေးဆီသို့ လည်ထွက်သွားသောစိတ်သည် အမှိုက်ပုံသို့ ပြန်ရောက်လာပြန်၏။ ကျနော်စိတ်ကို ပြန်လည်စုစည်းလိုက်သည်။ "မြင့်မိုရ်ကို ဖျက်ခြေ၊ ပျက်ကြွေမဲ့ ယောက်ျားတဲ့ လားကွာ၊ ဒီလောက်လေးတောင် အဖြစ်မရှိ ဘဲနဲ့" အားနှင့်မာန်ကို ကျကျနန တင်းလိုက်၏။

"မိုးကျော်ရေ"

"ဗျာ ဦးလေး"

"အပုံကို ဖြစမ်းကွာ"

ပြောပြောဆိုဆို ကျနော်ကိုယ်တိုင် ထုံးပုံးခွံတချို့ကို ဆွဲဖယ် မလိုက်ပါသည်။ မိုးကျော်လည်း ဝင်ဖယ်နေပြီ။ နှစ်ပုံးသုံးပုံးဖယ်အပြီး ကျနော့်လက်အမမှာ မျှော်မှန်းသည်ထက် ပိုလေးနေတာကို သတိပြုမိသည်။ မိုးကျော်က ရိပ်မိဟန်ဖြင့် . . .

"ညက မိုးရွာထားတယ် ဦးလေး"

ဩော် . . . ပြဿနာ၏လက်သည်တစ ထွက်လာခဲ့ပြီ။ သဲကြီးမဲကြီးရွာသော မိုးမဟုတ်၍ သစ်သားပုံးခွံတို့သည် ရွှတ်တရက်သော် ရေစိုနေသည်မထင်ရ။ သေချာကိုင်မကြည့်မှ ပိုလေးနေပြီး အချို့အတွင်းပိုင်းတွေမှာ ရေဝင်နေသည်။

"ရေတွေလျှောက်သွန်ကွာ၊ မိုးကျော်၊ ပြီးရင် ခါးသွားယူပြီး အခြောက်ဆုံးတစ်လုံးတို့ ခွဲကွာ၊ အဲဒီအထဲက အခြောက်ဆုံး သစ်စတွေကို ခပ်သေးသေးစိတ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com

လက်သုံးတော်ကြီးကိုင် မိုးကျော်ကား အမိန့်တော်အတိုင်း အခြောက်ကိုရှာ၊ အမာကို ခွဲလေ၏။ သစ်မာပြား အခြောက်မှ ခွဲဖြာထွက်လာအပ်သော အပိုင်းအစများကို စနစ်တကျ ကျနော် စီဖွဲ့လိုက်ပါသည်။ လေဝင်လေထွက် လင်းကိုပါ သတိပြု၍ အကောင်းဆုံး မီးစွဲလောင်စေမည့် စီနည်းမျိုးဖြင့် သစ်ထင်းစများကို ထောင်လျှက် လှဲလျှက် ထောက်လျှက် ပုံစံ ဖွဲ့ဆင်ပါသည်။

လက်တစ်ဖက်မှ မီးခြစ်ဖြင့်၊ အခြားတစ်ဖက်မှာ မြန်မာတိုင်းသတင်းစာလိပ်အလိပ်ကို စတင်ရှို့သည်။ မီးကူးသည်နှင့် သစ်စထင်းချောင်းငယ်ထဲသို့ သတိဖြင့် ထိုးသွင်းကူးငြိစေ၏။ အမာကို မီးစွဲမှ ဖြစ်မည်။

သတင်းစာတစ်ဝက်မကုန်မီ ထင်းစတို့ကို မီးစွဲပြီး . . .၊ ဖျစ်ဖျစ်မြည်လျှက် မီးတောက်လာသည်။ သစ်စဖြစ်၍ မျှစ်ခြောက်ဖတ်လောက် မြန်မြန်မငြိမ်း၊ ပုံးခွံတို့ကို ကူးစက်စပြုပြီ။ အမာကို မီးစွဲပြီတည်း။ စင်စစ် အစောပိုင်းအားထုတ်မှုတို့ သည်လည်း အချည်းနှီးမဖြစ်ခဲ့၊ ငြိမ်းလိုက် တောက်လိုက်ဖြစ်ခဲ့သော အခြေအနေတို့ကြောင့် အချို့ပုံးခွံတို့ ဒီတစ်ကြိမ်တွင် မီးအစွဲမြန်သည်။

မီးတောက်သည် သစ်စငယ်တို့မှ အနီးဆုံးပုံးသို့ ကူး၏။ ထို့နောက် အခြားပုံးသို့ ကူး၍ လောင်ပြန်သည်။ အဆိုပါ မီးတောက်အရှိန်သည် ပုံးခွံပုံကြီးအတွင်းမှ ပုံးတချို့ကို ကြို၍ ခြောက်စေ၏။ မီးဆက်ကူးဖို့ လွယ်လေသည်။

မီးပုံကြီးကား တဟုန်းဟုန်း လောင်လျှက်ရှိပြီ။ ရေစိုသော၊ မစိုသော၊ ခြောက်သော၊ မခြောက်သော အရာအားလုံး ကို သိမ်းကြုံးဝါးမျိုနေတော့သည်။

"ဦးလေးကို ဒီလိုလာစမ်းလို့ဘယ်ရမလဲ၊ မီးခိုးတွေ အူဦးလေကွာ။"

မိုးကျော်က ပြုံးဖြီးဖြီးနှင့် ကျနော်ကို နောက်နေလေသည်။

(၆)

၂၀၁၃ခုနှစ်။

အမိမြေတွင် တိုးတက်သော အခြေအနေတချို့ ဖြစ်ပေါ်ပြောင်းလဲနေပြီဆိုသည်ကို ကျနော်အငြင်းမပွားပါ။ သို့သော် လက်ပံတောင်းအရေးဦးပိုင်အရေး၊ သိမ်းဆည်းခံလယ်မြေ အရေး၊ စက်ရုံပေါင်းမြောက်များစွာမှ အလုပ်သမား အခွင့်အရေးစသည်ဖြင့် တိုက်ပွဲပေါင်း များစွာကား ရှေ့ဆက်ရမည့်ခရီး၊ မနီးသေးကြောင်း သက်သေအခိုင်အမာပြလျှက်ရှိနေပေ သေးသည်။

ကျနော်သည် အင်္ဂလိပ်စာ အားနည်းပါသည်။ နိုင်ငံရေးသိပ္ပံ၊ စစ်ရေးသိပ္ပံ၊ စစ်ရေး ပထဝီဝင်၊ စစ်ရေးသေနင်္ဂဗျူဟာ၊ စီးပွားရေး မဟာဗျူဟာ အစရှိသော ခေတ်မီပညာရပ်များကို ဆည်းပူးတတ်မြောက်ခဲ့သူလည်း မဟုတ်ပါ။ ပိုဆိုးသည်ကား ကျနော်သည် ဒီမိုကရေစီအရေး တိုင်းရေးပြည်ရေးကို ထဲထဲဝင်ဝင် လုပ်ခဲ့သူမဟုတ်။ ထို့အတူ လုပ်တတ်သူမဟုတ်။ သို့တစေ ယနေ့ ကျနော်၏ ထုံးပုံးခွံအမှိုက်မီးရှို့ခြင်း ဖြစ်စဉ်မှတ်တမ်းကိုမူ ကျနော် လေးစားမြတ်နိုးသော ခေတ်စနစ်ဆိုးကို တွန်းလှန်နေကြသူအားလုံးသို့ မဝံ့မရဲ မျှဝေလိုစိတ် တဖွားဖွားမှာမူရှက်ခြင်း ထွက်ပြူလာပါ၏။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိုးခါးပုံပြင်

(၁)

ပြည်တပြည်တွင် မင်းနှင့်ပုဏ္ဏားအကျွမ်းဝင်ကြ၏။ အခါတပါးသော် မင်းကြီးကို ပုဏ္ဏားဆို၏။ "အရှင်မင်းကြီး၊ ရှေ့ ၇ ရက်၌ ၇ ရက်ပတ်လုံး မိုးကြီးစွာရွာလတ္တံ့သတည်း။ ထိုမိုးကို ပြည်သူပြည်သားတို့ သောက်ကြကုန်သော် ပြည်လုံးရူးအံ့သတည်း" ဟု ဆို၏။

မင်းကြီးလည်းပုဏ္ဏား၏ ဉာဏ်အမြော်အမြင်ကို ယုံမှတ်၏။ မိုးကြီးရွာလတ်သော် မိုးရေမှအပဖြစ်သောရေကိုသာ၊ မင်းနှင့်ပုဏ္ဏားမှီဝဲ၍နေ၏။ မိုးရေကိုသောက်မိသော ပြည်သူ အားလုံးလည်း ရူးသွပ်ခြင်းသို့ရောက်၏။ ရူးသူတို့က မင်းကို ပမာမခန့် ပြုသည်ဖြစ်၍ ပြည်အဝှမ်း၌ အုတ်အောသရဲ ရှိလေ၏။

(၂)

**Nobody above The Law** "ဥပဒေအထက်တွင် ရည်သူမျှမရှိစေရ" (ပြည်ထောင်စု လွှတ်တော်ဥက္ကဋ္ဌ)။

. . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com

သမ္မတက ခိမ်၏ သက်တမ်းကာလအတွင်း တည်ဆောက်မှု များ ရပ်ဆိုင်းထားမည်ဟု ဆိုသော ရေပတေီ မြစ်ဆုံဆည်အား မဖြစ်မနေ ပြန်လည်စတင်တည်ဆောက်သွားရမည် ဖြစ်ကြောင်း အာဏာရ USDP ပါတီ ဗဟိုအလုပ်အမှုဆောင်က တရုတ်နိုင်ငံထုတ် Southern Weekend သတင်းစာနှင့် တွေ့ဆုံ မေးမြန်းခန်းတွင် ဖြေကြားပြောဆိုသွားခဲ့ပါသည်။

မြန်မာနိုင်ငံတွင်းမှ နိုင်ငံရေးအဖွဲ့အစည်းများ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာရှင်များနှင့် လူထုလူတန်းစားအဖွဲ့အစည်းများ မီဒီယာများနှင့် ပြည်သူအများအပြားက ဆန့်ကျင်ဝေဖန်မှုများ ပြုလုပ်အပြီး ပြည်သူ့အသံကို နားထောင်ကာ သမ္မတက ၎င်းစီမံကိန်း ရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့သော သမ္မတ၏ ဆုံးဖြတ်ချက်အား ယခင် ရန်ကုန်မြို့တော်ဝန်ဟောင်း အငြိမ်းစားဗိုလ်မှူးချုပ်က တွေ့ဆုံမေးမြန်းရာတွင် စိန်ခေါ်သွားခဲ့ခြင်း ဖြစ်ပါ သည်။

"ဒါဟာ သူ (သမ္မတ) ရဲ့ ကိုယ်ပိုင်အတွေးအခေါ်ပါ၊ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက် မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒါကို ဆန့်ကျင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အမျိုးသားရေး မူဝါဒမဟုတ်ပါဘူး။ သမ္မတဟာ တရုတ်-မြန်မာ ဆက်ဆံရေးကို ပျက်ပြားအောင်လုပ်ခဲ့ပါတယ်" ဟု ဖြေကြားသွားပြီးယခု မြစ်ဆုံဆည်အား ပြန်တည်ဆောက် သင့်သလားဟု မေးမြန်းရာတွင် "ဆောက်ကိုဆောက်ရမှာပေါ့၊ ကျွန်တော်တို့ လျှပ်စစ်ဓာတ်အားလိုတယ်။ အနောက်နိုင်ငံတွေက ဒါကိုရပ်ဆိုင်းဖို့နဲ့ တရုတ်-မြန်မာ ဆက်ဆံရေး ပျက်ပြားအောင် လုပ်ခဲ့တာပါ" ဟု ဖြေကြားခဲ့သည်။

USDPပါတီ၏ အဓိကအလုပ်အမှုဆောင်တစ်ဦးဖြစ်သူသည် NLD ပါတီနှင့် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ပြင်းပြင်းထန်ထန်ဝေဖန်သွားခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်အားလည်း "ကျွန်တော် သူ့ကိုမယုံဘူး။ ကုလသမဂ္ဂ ကိုလည်း မယုံဘူး" ဟု ဖြေကြားသွားခဲ့သည်။ (သောကြာ၊ ဇူလိုင် ၂၀။ ၂၀၁၂)။ *Burma Development Net*

... ... ...

၂၀၁၃၊ ဇန်နဝါရီ ၂၈ ရက်နေ့က ပြုလုပ်တဲ့ လယ်သမားတွေနဲ့တွေ့ဆုံပွဲမှာ လယ်ဆည်ဝန်ကြီးက "အကြွေးမကျေရင်တောင်သူတွေအနေနဲ့ ထမင်းတစ်နပ် လျှော့ စားသင့်ကြောင်း၊ ဥပုသ်စောင့်တဲ့ သဘောမျိုး ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမှာဖြစ်ကြောင်း၊ အကြွေးမကျေရင် သံသရာက မလွတ်နိုင်ဘူး နောင်ဘဝမှာ ကျွန်ဖြစ်လိမ့်မယ်" လို့ ပြောခဲ့ပါတယ်။

... ... ...

၂၀၁၂ မေလ နောက်ဆုံးပတ်လောက်က အကြံပေးအဖွဲ့ခေါင်းဆောင်က လျှပ်စစ်မီး ပြဿနာနဲ့ ပတ်သက်ပြီးပြည်သူလူထု ကြီးကို "ဖယောင်းတိုင် မီးထွန်းပြီး ချွေချွေတာတာ နေကြပါ" ဆိုတဲ့သဘော တိုက်တွန်းပြောဆို အကြံပေးလိုက်ပါတယ်။ ပြည်သူလူထုကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

တဲ့ပြန်ဝေဖန်သံ၊ ဆဲသံဆိုသံတွေက ဖုံးလွှမ်းသွားလိုက်တာ ဘဝင်ထိတိုင်အောင် ပွက်ပွက်ညံ သွားပါရောလား။ (သမိုင်းက ဒဏ်ခတ်လိမ့်မယ်)။ *မောင်သွေးချွန်*

(၃)

သမ္မတရုံး ပြည်ထောင်စုဝန်ကြီး၏ စက်ဘုန်းနိုင်ငံခရီးစဉ်တွင် ပြောကြားခဲ့သော မိမိတို့သည် စစ်အစိုးရမှ ပေါက်ဖွားလာခြင်း ဖြစ်ပြီး ဘာမှမတတ်ဟူသည့် ပြောကြားချက် အသံဖိုင်မှာ လူမှုကွန်ယက်စာမျက်နှာ (facebook) တွင် ပျံ့နှံ့နေပြီး လူကြိုက်များလျှက်ရှိသည်။ ဝန်ကြီးက "ကျနော်တို့ဟာ စစ်အစိုးရက ပေါက်ဖွားလာတာဖြစ်တယ်၊ စနစ်သစ်ရောက်လို့ တံခါးဖွင့်ကြည့်လိုက်တဲ့အခါ ဘာမှမတတ်ဘူးဆိုတာ သွားတွေ့ရတယ်" ဟု ဆို သည်။ သူသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်းက လက်ပံတောင်းကြေးနီစီမံကိန်းကိစ္စနှင့် ပတ်သက်၍ ဒေသခံများအား မိမိတို့သည် တရုတ်ကိုကြောက်နေရကြောင်းနှင့် တရုတ်ကို တေးဒူးတင်ရမည်ဖြစ်ကြောင်းပြောကြားသည့်စကားကြောင့်လည်း ပြည်သူလူထုအကြား စိတ်ဝင်စားမှုခံခဲ့ရဖူးသည်။ *(အမှတ် (၉) မေ ၁၁-၁၇၊ ၂၀၁၃ရက်စွဲပါ **The Myanmar Herald**)*

"နောက်ကြောင်းပြန်မလှည့်ရေးအတွက် ကြံ့ခိုင်ရေးပါတီမှာသာ တာဝန်ရှိပြီး နောက်ကြောင်းပြန်လှည့်စေဖို့ ပြောသူ၊ လုပ်သူတွေကို ချေမှုန်းမယ်" *(ပြည်ထောင်စုလွှတ်တော် ဥက္ကဌ)*

(၄)

တင်ဒါအောင်မြင်ကာ ရွေးချယ်ပြီးဖြစ်သည့် ဆက်သွယ်ရေး အော်ပရေတာ နှစ်ခုအမည်ကို ယနေ့ ဇွန်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ခါ ရက်ရွှေ့ဆိုင်းရန်မရှိကြောင်း ဆက်သွယ်ရေး အော်ပရေတာ တင်ဒါအကဲဖြတ် စိစစ် ရွေးချယ်ရေးအဖွဲ့ ဥက္ကဌက မြန်မာတိုင်း (မ်) ကို ပြောသည်။ "လွှတ်တော်မှာ တင်သွင်း အဆိုပြု ဖြစ်တာတော့ မကြားရသေးဘူး။ လွှတ်တော်က ဒါမျိုးရပ်ခိုင်းလို့မရဘူး။ နိုင်ငံရေးပိုင်းအရ ပြည်ထောင်စုအစိုးရနဲ့ လွှတ်တော် ဘယ်လိုရှိမလဲမသိဘူး။ သမ္မတရုံးဆီက ဘာမှ ညွှန်ကြားချက်မလာရင် လုပ်ရိုးလုပ်စဉ်အတိုင်း ဆက်လုပ်ရမှာပဲ။ နည်းပညာအဖွဲ့ဖြစ်လို့ လွှတ်တော်မှာ ဘာဖြစ်လဲ ဆိုတာကျွန် တော်တို့ မသိဘူး" ဟု ဦးဆက်အောင်က ပြောသည်။ *(မြန်မာတိုင်းမ်၊ ဇွန် ၂၇၊ ၂၀၁၃)*

... ... ...

မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးအော်ပရေတာ လုပ်ပိုင်ခွင့်ရမယ့် ကုမ္ပဏီတွေအနေနဲ့ ထွက်ရှိလာမယ့် ဆက်သွယ်ရေးဥပဒေအတိုင်းပဲ လုပ်ကိုင်ဆောင်ရွက်ရမယ်လို့ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက်နည်းပညာဌာန ပြည်ထောင်စုဝန်ကြီးက ပြည်သူ့လွှတ်တော်မှာ သတင်းထောက်များကိုပြောကြားလိုက်ပါတယ်။ "တင်ဒါအောင်တာပဲ ရှိမယ်။ လုပ်မယ်ဆိုရင် နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေရင်းနှီးမြှုပ်နှံမှုဥပဒေ၊ တယ်လီဖုန်းအော်ပရေတာဥပဒေ



www.burmeseclassic.com

www.burmeseclassic.com

**တွေ အများကြီးရှိသေးတယ်။ အဲဒီဥပဒေလုပ်ထုံးလုပ်နည်းနဲ့ မှတ်ပုံတင်သင့်တင်မယ်၊ စာချုပ်ချုပ်စရာရှိချုပ်ရမယ်"** *ဇွန် ၂၈၊ ၂၀၁၃အာအက်ဖ်အေ။*

(၅)

ဗုဒ္ဓဘာသာနဲ့ အမျိုးဘာသာ စောင့်ရှောက်ရေး လှုပ်ရှားမှုတွေကြောင့် ထင်ရှားလာသူ **မန္တလေး မစိုးရိမ်တိုက်သစ်** ကျောင်းတိုက်က ဆရာတော် အရှင်ဝီရသူကို ကမ္ဘာကျော် တိုင်းမ် **မဂ္ဂဇင်းကြီး**က ဗုဒ္ဓဘာသာ အကြမ်းဖက်မှုပြယုဂ်အဖြစ် ဇူလိုင်လဆန်းထုတ် မဂ္ဂဇင်းမျက်နှာဖုံးမှာ ဖော်ပြလိုက်ပါတယ်။

••• ••• •••

အမျိုး၊ ဘာသာ၊သာသနာ ထိန်းသိမ်း စောင့်ရှောက်ရေးဥပဒေ ပေါ်ပေါက်ရေး ကြိုးပမ်းမှုသည် ရည်ရွယ်ချက်ကောင်းကြောင်း၊ သံဃာ ၁၀၀၀ ကျော်တက်ရောက်သည့် အမျိုးဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး ဩဝါဒခံယူပွဲနှင့် ဦးဆောင်ဆရာတော်များတွေ့ဆုံညှိနှိုင်းပွဲ၌ သီတဂူဆရာတော်ကြီးက တစ်နာရီကျော်ကြာ မိန့်ကြားသော ဩဝါဒတွင် ထည့်သွင်းမိန့်ကြားခဲ့သည်။

ထို့အပြင် သီတဂူဆရာတော်ကြီးက အမျိုးဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့တစ်ရပ်ပေါ်ပေါက်က အစိုးရ၊ နိုင်ငံတော်သံဃမဟာနာယက၊ သံဃာထုတစ်ရပ်လုံး စည်းစည်းစည်းလုံးလုံး လုပ်ဆောင်ကြရန်လည်း တိုက်တွန်းခဲ့သည်။

အမျိုးစောင့်ဥပဒေပေါ်ပေါက်ရေး အကြံပေးဆွေးနွေးသူ ဦးရဲခေါင်ညွန့်ကလည်း ယင်းဥပဒေသည် လူ့အခွင့်အအရေးနှင့်ညီကြောင်း၊ အခြားနိုင်ငံများတွင် ၎င်းတို့ ဘာသာများအတွက်ခတ်ထားသော ခြံစည်းရိုးကို လူ့အခွင့်အရေးနှင့်မညီဟု မပြောကြောင်းစသည်ဖြင့် ဥပဒေကြောင်းရာများဆွေးနွေးခဲ့သည်။

(၆)

ပုဏ္ဏားလည်းဆိုပြန်၏။ "မြတ်သောမင်းကြီး. . . ကျွန်ုပ်တို့ ရှုံးသည်ထက် ပြည် မပျက်အောင် နှလုံးစေ့ဆော်ပါလော့" ဟုဆိုကာ မိုးခါးရေကို မင်းအားဆက်၏ ။ ကိုယ် တိုင်လည်း သောက်၏။ထိုအခါတွင်မှ အမျိုးလေးပါးသောပြည်သူတို့ကမင်းနှင့်ပုဏ္ဏား ကို ဖျပ်ဝပ်ကြသည် တဖန်ဖြစ်၍ တိုင်းကားပြည်ရွာ ငြိမ်သက်ခြင်းသို့ရောက်၏။

(မဏိရတနာပုံကျမ်း)

*(ဆဲဝင်းဒေးနေ့စဉ်သတင်းစာ။ဇူလိုင်(၂)၊၂၀၁၃)*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဟာနိဒါန်း

အချိန်ကာလကား လွန်ခဲ့သော နှစ်ပေါင်း ရှေးပဝေသဏီ ဟူ၍ပင်ဆိုရပါမည်။ ကျောက်ဂူနံရံတို့တွင် ကျောက်ချွန်ဖြင့် ထိုး ခြစ်၍လည်းကောင်း၊ ရောမသစ်ပင်ကြီးတို့တွင် သံ၊ ကြေး၊ ကျောက်သွားဖြင့်ထစ်၍ အချိန်ကာလကို မှတ်သားကြချိန်ဖြစ်၍ ခုနှစ်၊ လ၊ ရက်ကို ပစ္စုပ္ပန် လူသားတို့ အတိအကျသိရှိနိုင်ရန် အတွက် ဖော်ပြခြင်းငှာ မစွမ်းသာချေ။ အလွန်ကြီးမားသော လူ အုပ်ကြီးသည် တောတောင် မြစ်ချောင်းတို့ကို ဖြတ်ကာခရီးနှင် လျက်ရှိ၏။

ဤသို့သောခရီးမျိုးကို သူတို့နှင်ခဲ့သော အကြိမ်ပေါင်းလည်း မနည်းတော့။ မကြာခဏနှင်နေခဲ့သော ခရီးကား မိုင်ပေါင်းသိန်း ချီ၍ပင် ရှိနေပေရော့မည်။ အချို့နေရာတို့တွင်ကား မိုးသုံးခါ မြန်ရွာ၊ အသီးအနှံတို့ သုံးကြိမ်သီးသည့်အထိ စတည်းချခဲ့ဖူး ကြပါ၏။ သို့သော် ကြာရှည်စွဲမြဲစွာ နေထိုင်နိုင်သောနေရာဟူ၍ သတ်သတ်မှတ်မှတ် တွေ့နိုင်ရန်ကား ခဲယဉ်းလှချေ၏။ တစ်ခုပြည့် သော် တစ်ခုလို၏။ အချို့ပြည့်ပြန်သော်ကား အချို့လိုပြန်လေသည်။

တစ်နေရာတည်းတွင် အခိုင်အမာ ခြေချနေထိုင်နိုင်ရေး အတွက် ပြဿနာကား ပေါင်းစုံလှ၏။ သီးနှံရိက္ခာအတွက် မပူမပင်ရသော အပင်တို့ပေါက်ရာအရပ်။ သားငါးပေါလှသည့်

www.burmeseclassic.com

www.burmeseclassic.com

မြစ်ချောင်းတို့ရှိရာအရပ်။ ရောမ လူ့အုပ်ကြီးတစ်ချက်တည်း မျိုးတုန်းသွားလောက်သည့် ပြင်းထန်ဆိုးရွားသော ရာသီဥတု၊ ရောဂါကပ်ဘေးတို့မှ ကင်းသည့်အရပ်၊ ကိုယ်တွင် လွှမ်းမည့် အဝတ်အထည်ရက်နိုင်သည့် လျှော်ချည်ပင် တို့ပေါရာအရပ် လူမျိုးစုအချင်းချင်းရန်ပွဲတို့ ကင်းရာအရပ်၊ ရင့်သောအသီးအနှံမှ အစေ့ကို လွယ်လွယ်ကြွပက်ရုံဖြင့် နောက်သီးနှံသစ်တို့ နတ်ဘုရားဖန်ဆင်းသကဲ့သို့ ပေါက်ရောက် ရှင်သန်မည့်မြေ။

အုပ်စုတိုက်ပွဲ လယ်လုပ်ကိရိယာ၊အိမ်အသုံးအဆောင်ကအစ ပြုလုပ်နိုင်သည့် မာသော၊ ကြံ့ခိုင်သော သံကြေးထွက်မြေမာမျိုးတို့ရှိရာအရပ်။ မီးထွန်းဆီမဲ၊ ကျောက်မဲတို့ ထွက်ရာအရပ်။ လူဦးရေအားဖြင့် သောင်းသိန်းချီသော လူအုပ်၊ လူဖွဲ့ကြီး လိုလေသေးမရှိ ပြည့်စုံစေမည့်နေရာကို ရှာတော့ရှာနေလေခဲ့သည်သာ။

ယခု ခရီးသည်လည်း ထိုဆိုခဲ့သောအချက်များ ပြည့်စုံရာအရပ်ကို မျှော်မှန်းကာ အရှာအဖွေ ထွက်လာခဲ့သော ခရီးတစ်ခုပါတည်း။သူတို့သည် မြစ်ကြီးတစ်ခု၏ ဘေးအတိုင်း ခရီးနှင်လျက်ရှိ၏။ ဤမြစ်၏ ထိပ်ပိုင်းကား နှစ်ခွဖြစ်သော်လည်း အတန်ငယ် ခရီးနှင်သည်နှင့် မြစ်သည် တစ်ကြောင်းတည်း ဖြစ်လာသည်။ ပို၍လည်း ကြီးမား ကျယ်ပြန့်လာသည်။ ဤမြစ်ဘယ်တွင် ဆုံးသနည်းဟူမူ မြစ်မဆုံးသေး၍ မသိနိုင်ကြချေ။ အုပ်စုခေါင်းဆောင်သည် နီညိုရောင် မြင်းကြီးထက်တွင် သောင်း၊ သိန်းချီသော လူအုပ်ကြီး၏ရှေ့ဆုံးမှ နေရာယူကာ ခရီးနှင်လျက်ရှိ၏။ အုပ်စုငယ်ကလေးများအလိုက် ခေါင်းဆောင်ငယ်များခန့်ကာ၊ အန္တရာယ် ပြဿနာတစ်စုံတစ်ရာအတွက် အသင့်ရှိကြစေရန်၊ အဖွဲ့ငယ်များမှပြဿနာကို အဖွဲ့ငယ် ခေါင်းဆောင်ကပင် တာဝန်ယူဖြေရှင်းရန်။ လူအုပ်ကြီးတစ်စုလုံးနှင့် သက်ဆိုင်လာမှသာ ထိပ်ဆုံးမှ အုပ်စုခေါင်းဆောင်သို့ ကြံ့ဦးချိုတံပိုးမှုတ်၍ သတင်းပို့ရန် ညွှန်ကြားထားပြီးဖြစ်သည်။

လူအုပ်ကြီးကား အသားညို၊ အသားလတ်၊ အသားဝါ၊ ပုသူကောရှည်သူပါ အသားရောင် ရောနှောလျက်ရှိချေ၏။ လူချည်းသက်သက်မဟုတ်။ ရောမ နွား၊ ခွေး၊ သိုး၊ မြင်း၊ ဆိတ်အုပ်ကြီးတို့ကိုပါ အတူမောင်းနှင် သယ်ဆောင်လာနေကြခြင်းဖြစ်သည်။

အိမ်မွေးလင်းယုန်ငှက်၊သိမ်းငှက်တို့သည်လည်း လူတစ်ချို့ ပုခုံးထက်တွင် နားလျက် အချို့ပျံလျက် ပါလာနေကြသည်။ ကိုယ်ဝန်ဆောင်မိန်းမ၊ ရင်ခွင်ပိုက်အရွယ် ကလေး၊ တောက်တောက်ပြေးနိုင်နေသည့် အရွယ်၊ လူငယ်၊ လူရွယ်၊ လူလတ် လူကြီး၊ အဖိုးအဖွား အိုမင်းမစွမ်းသူတို့ပါ ပါလာကြသည်။ အချို့လမ်းမလျှောက်နိုင်လောက်သော လူအို၊ လူမင်း၊ လူနာတို့လည်း သန်မာသူလူရွယ်များ အလှည့်ကျ ထမ်းပိုးသည့် လျှော်ဖြင့်ယက်ထားသည့် ထမ်းစင်များဖြင့် ပါလာကြသည်။

အချို့လေးလံသော ဝန်စည်စလယ်များကို သစ်ပင်မာတစ်မျိုးမှပြုလုပ်ထားသည့် သစ်သားပြား အဝိုင်းကြီးများကို ဘီးလုပ်တပ်ထားသော လှည်းလို ယာဉ်တစ်မျိုးပေါ် မှာ ဆောင်လာကြသည်။ အချို့ကိုမူ စွတ်ဖားဆွဲသလို ဆွဲလာကြသည်။ တိရစ္ဆာန်တို့၏ အစာအိမ်ကို



www.burmeseclassic.com

www.burmeseclassic.com

အခြောက်ခံထားသော ရေထည့်အိတ်ကြီးများမှာ အရွယ်ရောက်သူတိုင်း လူတစ်ကိုယ် ရေတစ်အိတ် ပါလာကြသည်။

လူအုပ်ကြီးကား ယောက်ျား၊ မိန်းမတို့၏ လူသံ၊ လှည်းသံ၊ ကလေးငိုသံ၊ နွား၊ ကျွဲ၊ မြင်း၊ သိုးဆိတ်အော်သံတို့ဖြင့် လွှမ်းနေလေတော့၏။ သို့ကြောင့်ပင် ခရီးကား ထင်သလောက် မတွင်ခဲ့ချေ။ မြစ်နှစ်မွှာထိပ် ခရီးထွက်သည့်အချိန်မှ ရေတွက်လျှင် ရက်ပေါင်းများစွာ မိုးဆက်ရွာသော ကာလကိုကျော်၍ နေရောင်ဆတ်တိုက် မြင်ရသောကာလသို့ ရောက်ခဲ့ပြီ။ အချို့နေရာများတွင် ယာယီစခန်းချခဲ့ကြရသည်လည်းရှိသည်။

လူအုပ်ကြီးသည် ဤသို့လျှင် ရက်များမှ လသို့တိုင် တရွေ့ရွေ့ ခရီးနှင်လျက် ရှိနေလေသည်။ တစ်ခုသောရက်တွင်မူ မြစ်ကြီးနှင့် မဝေးလှသော အလွန်ကြီးမား ကျယ်ပြန့်လှသည့် လွင်ပြင်နေရာတစ်ခုသို့ ရောက်လာလေသည်။ ထိုနေရာကား ထူးခြားလှ၏။အတွေ့အကြုံရင့်ကျက်လှသော အုပ်စုခေါင်းဆောင်သည် လူအုပ်ကြီးကို ရုတ်ခြည်း ရပ်တန့်စေရန် သူ့အားမှ ခရာတံပိုးကိုင်ကို တံပိုးအဆက်မပြတ် မှုတ်စေလေသည်။ ဤတံပိုးမှုတ်သံကား ရောမ လူအုပ်တန်းကြီးအတွက် ရပ်မိန့်ဖြစ်သည့်အပြင် အဖွဲ့ငယ်ခေါင်းဆောင်တို့ကိုပါ ဆင့်ခေါ် သည့် အဓိပ္ပာယ်တည်း။ မကြာမတင်အချိန်မှာပင် အဖွဲ့ငယ် ခေါင်းဆောင်ငါးရာခန့်မှာ အုပ်စုအကြီးအကဲဘေးတွင် အသင့်ဝန်းရံပြီး ဖြစ်နေလေ၏။ အုပ်စုခေါင်းဆောင်၏ အမိန့်ကို ငံ့လင့်နေကြသည်။

"အားလုံးနားထောင်"

အုပ်စုခေါင်းဆောင်၏ အသံသြဇာကား အောင်မြင်ခန့်ညားလှပေ၏။ခေါင်းဆောင်ငယ်အားလုံးသည် အုပ်စုခေါင်းဆောင်ကို အရိုအသေပေးဟန် ဦးခေါင်းတို့ကို စဉ်းငယ်ငုံ့လျက် အမိန့်ကိုနားစွင့်လျက် ရှိနေကြသည်။ ငါ့စိတ်ထဲမှာ ဒီနေရာဟာ ထူးခြားနေတယ်လို့ထင်တယ်။ ငါတို့ အတည်တကျနေဖို့ ရှာဖွေနေခဲ့တဲ့ နေရာဟာ ဒီနေရာလို့ငါယုံကြည်နေတယ်။ ဒို့အားလုံး ဒီမှာယာယီစခန်းချမယ်။ တကယ်တမ်း အမြဲနေလို့ရတဲ့နေရာ ဟုတ်မဟုတ်တော့ လိုအပ်တဲ့ စူးစမ်းမှုတွေ လုပ်ကြရမယ်။ မင်းတို့ ခေါင်းဆောင်ငယ်အားလုံးကို နှစ်ဖွဲ့ခွဲလိုက်ကြ။တစ်ဝက်ဟာ ဒီစခန်းမှာ ချန်နေခဲ့။ မူလကတစ်ဖွဲ့ကို ခေါင်းဆောင်တဲ့သူက နှစ်ဖွဲ့ကို ယာယီခေါင်းဆောင်ထား။ ကျန်တစ်ဝက်က ငါတို့လာရာလမ်းကလွဲလို့ ကျန်တဲ့အရပ်မျက်နှာအားလုံးကို ခရီးနှင်ရမယ်။ တောတောင်၊ ချောင်းမြောင်း၊ သစ်ပင်၊ မြေကြီးကအစ ဘာမှ မကျန်အောင်စူးစမ်းခဲ့ကြ၊ လေ့လာခဲ့ကြ။

အလင်းရောင်ပျောက်တဲ့ အချိန်တိုင်း သစ်သားစတစ်စကို ချိုးပြီးသိမ်းပါ။ ဆယ်ခုခြောက်ခါပြည့်တဲ့နေ့ ဒီနေရာကို ရောက်အောင်ပြန်လာခဲ့ကြ။ ဒို့လူအုပ်ကြီး ဒီနေရာမှာ နှစ်ရှည်လများ အတည်တကျ အခြေချဖို့ လိုအပ်ချက်မှန်သမျှ ရနိုင်တဲ့နေရာဝန်းကျင် ဒေသဟုတ်မဟုတ် နည်းပေါင်းစုံနဲ့ စူးစမ်းကြ။ ရန်ဘက်အုပ်စုတွေ ရှိမရှိ။ ဒီမြေဒီရေရဲ့ ဆက်စပ်နေတဲ့ နေရာမှန်ရဲ့အကြောင်းကို ငါ့ကိုမချွင်းမချန် ပြန်ပြောကြ။မနက် နေရောင်လာတာနဲ့ ခရီးစကြ။ အုပ်စုခေါင်းဆောင်သည် စကားဆုံးသည်နှင့် သူ့လက်ကကျောက်သွား



www.burmeseclassic.com

www.burmeseclassic.com

လက်နက်ဖြင့် မြေပြင်တွင်ခြစ်ကာ မည်သူသည် မည်သည့်အရပ်သွားရန် ချက်ချင်းပင် ဒေသစူးစမ်းရေး စေလွှတ်မည့်လူဦးရေနှင့် ထွက်ခွာရမည့် အရပ်မျက်နှာ ခွဲခြားသတ်မှတ်လေ၏။ ရေ မြေ၊ တောတောင်အကြောင်း ကျွမ်းကျင်သူ။ မြစ်ချောင်း၊ သားငါးရေးရာ ကျွမ်းကျင်သူ။ နေလနက္ခတ် ကျွမ်းကျင်သူတို့ အဖွဲ့တိုင်းတွင် ပါဝင်ရန် တာဝန်ခွဲဝေ၏။ နောက်တစ်နေ့ နေရောင်လာသည့် အချိန်တွင်ကား ဒေသစူးစမ်းရေး တာဝန်ကျသည့် အဖွဲ့ခေါင်းဆောင် နှစ်ရာကျော်သည် အဖွဲ့သုံးဆယ်ခန့်ခွဲလျက် ခရီးနှင်ကြပြီတည်း။

သစ်ချောင်းတို့ ဆယ်ချိုးခြောက်ကြိမ်ပြည့်သည့်နေ့တွင်ကား ဒေသစူးစမ်းရေးအဖွဲ့ အများ စုမှာ ဘေးမသီရန်မခ ပြန်လည်ရောက်ရှိလာကြသည်။ အချို့အဖွဲ့ကား သွားစဉ်က လူတစ်ချို့ပြန်ပါမလာတော့။ သားကောင်ကြီးအချို့အန္တရာယ်ကြောင့် သေဆုံးကျန်ရစ်ခဲ့ကြပြီ။ အဖွဲ့ခေါင်းဆောင်၏ ယာယီတဲကြီးရှေ့တွင် လူစုလိုက်ကြသည်။ ထို့နောက် သူတို့စူးစမ်းတွေ့ရှိချက်များကို အုပ်စုခေါင်းဆောင်အား အသီးသီး ပြောကြားကြလေတော့သည်။။

ဤမြစ်ကြီးကား ကျွန်ုပ်တို့ ခရီးနှင်ခဲ့သမျှ၊ ခရီးတစ်လျှောက် တွေ့ခဲ့ဘူးသမျှ မြစ်တို့ထဲတွင် အရှည်ဆုံးနှင့် အဖြောင့်ဆုံး မြစ်ကြီးပင်တည်း။

မြစ်ကြီး၏ တောင်ဘက်အဆုံးကား မဆုံးနိုင်သော ရေပြင်ကြီးဖြင့် ကာရံထားသတည်း။ စားပြီးသီးနှံစေ့တို့၊ ရင့်သော သစ်စေ့တို့ မြေတွင်ချကာ၊ ကျကာမျှဖြင့် ကြီးထွားရှင်သန် တဖန်ရိတ်သိမ်းနိုင်သော မြေမျိုးတည်း။ မြစ်တလျှောက် ချောင်းမြောင်းတို့ပေါလျက် သားငါး စားရေး ရိက္ခာအတွက် အပူအပင်မဲ့ နေရာတို့တည်း။ တောတောင်တို့ ထူထပ်သကဲ့သို့ ချောမြေသော မြေပြန့်တို့ ပေါလှသတည်း။ အခြားနေရာတို့နှင့် ကွဲလှစွာသော မာသော၊ အနံ့ကောင်းသော၊ ရှည်လျားမြင့်မားသော သစ်ပင်မျိုးစုံပေါက်ရာအရပ်တို့ ပြည့်နေလေသော အရပ်တည်း။ မီးထွန်းနိုင်သော အဆီမဲ၊ အရည်မဲ၊ ကျောက်အမဲတို့ အလျှံပယ်ရနိုင်သော အရပ်တည်း။ မိန်းမ၊ ယောကျ်ား။ အလှတရားအလို့ငှာ သီကုံးဝတ်ဆင်နိုင်သော ရောင်စုံပြိုး ပြက်သောကျောက်မျိုးတို့ တူးဖော်၍မကုန်နိုင်သော အရပ်တည်း။ လက်နက်အလို့ငှာ အိမ်အသုံးအဆောင်အလို့ငှာ မီးပြင်းဖြင့်သွန်းနိုင်သော မြေမာတွင်းထွက်မျိုးတို့ ပေါကြွယ်ရာ အရပ်တည်း။ အခြားရန်ဖက်၊ မူလနေထိုင်အခြေကျသူ အုပ်စုတို့ကင်းသော အရပ်တည်း။ ကျွန်ုပ်တို့ ရဲစွမ်းသတ္တိအလို့ငှာ လေ့ကျင့်ဖက်။ ရိက္ခာ၊ ဝမ်းရေးအလို့ငှာ ဖြည့်နိုင်သည့် သား ရဲမျိုးစုံသာမက လူတို့ မမှီသောဂီတကို ဖွဲ့သီနိုင်သော ကျေးငှက်တို့ ကျက်စားရာတည်း။

လူတို့စိတ်ကို ညှတ်နူးစေသော အလှဆုံးပန်းတို့ပွင့်ရာ ဒေသတည်း။မိုးရွာသော၊ နေပူသော။ နေမပူ၊ မိုးမရွာ၊ အေးမြသော အခြေအနေသုံးမျိုး ပြည်စုံသည့်အရပ်တည်း။ထန်လွန်းသောလေပြင်း။ မိုးသက်၊ သဲမုန်တိုင်းတို့မှ ကင်းရာဒေသတည်း။

ရောဂါဘယ အနည်းဆုံးနှင့် ထိုထိုသော ရောဂါဘယတို့အတွက် ဆေးဖက်ဝင် အပင် ပေါင်းစုံတို့ အမျိုးအမည်မရေမတွက်နိုင်အောင်ပင် ပေါက်ရောက်ရာ အရပ်တည်း။ တစ်ပါး အသွားအလာများအတွက် ကုန်းလမ်း၊ ရေကြောင်း လွယ်ကူချောမွေ့လှသည့် အရပ် ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

. . . . . . . . . ဖြစ်သတည်း။

. . . . . . . . . ဖြစ်သတည်း။

. . . . . . . . . ဖြစ်သတည်း။

. . . . . . . . . ဖြစ်သတည်း။

စူးစမ်းခဲ့သူတို့ ပြောပြချက်များကား ပြောသူတော နှားဆောင်သူ အကြီးအကဲအတွက် ပါ အားတက်ဖွယ်၊ နှစ်ခြိုက်ဖွယ်ရာတို့နှင့် ပြည့်နှက်လျှက် ရှိလေတော့သည်။ စင်စစ် နေရာပေါင်းများစွာသို့ ရွှေ့လိုက်၊ ပြောင်းလိုက်၊ အခြေမကျလိုက် ဖြစ်ခဲ့သောကာလများကို အားလုံးငြီးငွေ့ခဲ့ကြပြီ။ အသိုက်မပျက် အမြုံမပျက် အေးချမ်းသော အတည်တကျဘဝကို အားလုံးတောင့်တနေကြပြီ။ ယခုမူ ကာလရှည်စွာဖွေရှာခဲ့သော ရေလည်းကြည် မြက်လည်းနု လေသည့် ရေမြေဒေသအသစ်ကား အကယ်ပင် ရှာဖွေတွေ့ရှိခဲ့လေပြီတကား။

အုပ်စုခေါင်းဆောင်သည် အားရဝမ်းသာရှိလှသဖြင့် လက်မှတ်ကျောက်သွားပုဆိန်ကို အနီးရှိ လူတစ်ဖက်ခန့်ရှိသော သစ်ပင်ကို လက်နှစ်ဖက်တွင်စုံကိုင်လျှက် အသားကုန် ခုတ်သွင်း လိုက်ရာ တစ်ထွာကျော်ကျောက်သွားမှာ သစ်ပင်တွင် အဆုံးနစ်ဝင်လေတော့ရာ အုပ်စုငယ် ခေါင်းဆောင်တို့ပင် ရုတ်ခြည်းမှင်တက်မိနေလေသည်။

အုပ်စုအကြီးအကဲသည် အလွန်တည်ကြည် ခန့်ညားသောအပြုံး ဝမ်းမြောက်ပျော်ရွှင်သောအမူအရာဖြင့် အဖွဲ့ငယ်ခေါင်းဆောင်တို့ကို စကားဆိုလေ၏။

"ဩော် ဒီကမ္ဘာမြေပြင်မှာ ဒီထက် ပြည့်စုံတဲ့နေရာဆိုတာရှိနိုင်မယ်မဟုတ်တော့ပါလား။ မြေနတ်မိနတ်တွေ တို့ကိုကောင်းချီးပေးခဲ့ပြီ။ စောင်မကြည့်ရှုခဲ့ပြီ။ တို့နဲ့ထိုက်တန်တဲ့နေရာကို တို့ရှာဖွေနိုင်ခဲ့ပြီ။ တို့အားလုံး ရွှေ့လိုက်ပြောင်းလိုက် စွန့်ခွာလိုက်၊ အခြေချလိုက် ဘဝကနေ လွတ်မြောက်ပြီလို့ မှတ်လိုက်ကြပေတော့။ ဒီရေဒီမြေ ဒီတောတောင်၊ မြစ်ချောင်းတွေဟာ ဒီနေ့ဒီအချိန်ကစပြီး တို့ပိုင်ဆိုင်သွားပြီ။ တို့အားလုံးဒီမှာအတည်တကျ အခြေချကြစို့။ တို့ရဲ့ မြေး၊ မြစ်၊ တီကျွတ်ရွှေ့ လျှောက် မွေးဖွားလာလတ္တံ့သော ဒို့အမျိုးဆွေစဉ်မျိုးဆက် အားလုံးအတွက်ဒီဒေသဟာ၊ တို့ပိုင်တဲ့မြေအဖြစ်သတ်မှတ်ကြပါစို့။ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ ဉမကွဲသိုက်မပျက် ကမ္ဘာတည်သရွေ့ ချစ်ကြည်စွာ အတူတကွ အခြေချ နေထိုင်သွားကြပါစို့"

"တရားမျှတခြင်း လွတ်လပ်ခြင်းတို့နဲ့ ပြည့်စုံတဲ့လူမျိုးနွယ်ကြီးတစ်ခုအဖြစ် အစွန့်ရှည်အောင် ပြုမူနေထိုင်သွားကြပါစို့။ ကြီးနိုင်ငယ်ညှင်း၊ အချင်းချင်း မတရားမှုတွေ ရှောင်ကြဉ်ကြပါစို့။ ဒီနေ့ကစပြီး ဒီမြေဒေသ မပျောက်ပျက် မဆုံးရှုံးရလေအောင် ဝိုင်းဝန်းအားထုတ် ကာကွယ်ကြပါစို့။ မိုးနှင့်မြေသည်လည်းကောင်း မီးနတ်မင်းသည်လည်းကောင်း သက်သေအရာတည်စေသတည်းလို့ တိုင်တည်သစ္စာဆိုကြပါစို့"

ဒီမြေကို ငါတို့ပိုင်ဆိုင်ခဲ့ပြီ။

ဒီမြေဟာ ငါတို့မြေဖြစ်ခဲ့ပြီ။

ဒီတိုင်းပြည်ဟာ ငါတို့တိုင်းပြည်ဖြစ်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုခဏမှာပင် အုပ်စုငယ်ခေါင်းဆောင်တို့သည်လည်း ဝမ်းသာအားရ ဟစ်အော် ကြွေးကြော်ကြလေတော့သည်။

ဒါတို့မြေ၊ ဒါတို့မြေ၊တို့ပိုင်တဲ့မြေ။

ဒါတို့မြေ၊ဒါတို့မြေ၊တို့ပိုင်တဲ့မြေ။

ဒါတို့မြေ၊ဒါတို့မြေ၊တို့ပိုင်တဲ့မြေ။


အုပ်စုငယ်ခေါင်းဆောင်များနှင့် အုပ်စုအကြီးအကဲတို့၏အားတက် စိတ်တက်ကြွဖွယ် ပြိုင်တူဟစ်ကြွေးသံသည် လူအုပ်စုကြီးသို့ ရုတ်ခြည်း ကူးစက်လေ၏။ ပထမသော် တစ်အုပ်၊ တစ်ဖွဲ့ဆက်၍သော် နောက်တစ်ဖွဲ့၊ ခဏချင်းပင် လူအုပ်ကြီး လူအဖွဲ့ကြီး တစ်ခုလုံးသို့ ဆက်တိုက်ကူးစက်ကာ၊

"ဒါတို့ပြည်၊ဒါတို့မြေ၊ တို့ပိုင်တဲ့မြေ" ဟူသော သံပြိုင် အော်ဟစ်ကြွေးကြော်သံမှာ ဘဝင်တိုင် ညံလေတော့၏။ လူ့ ဘာသာကိုမသိရှာသော ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ မြင်းတို့ပင် ရောယောင် ဟစ်ကြွေးနေသည့်အလား အသံမျိုးစုံဖြင့် ဆူညံစွာမြည်သံပေးနေလေတော့သည်။ အိမ်မွေးသိမ်းငှက်နှင့် လင်းယုန်တို့ကား ကောင်းကင်ယံသို့ ဝဲပျံတက်ကာ အသံစုံမြည်ကျူးလေတော့၏။ ကြွေးကြော်သံတို့ကား နေ့နှင့်ညနှင့်ပင်ဆက်ခါ မရပ်မနား ကြားနေရဆဲဖြစ်သတည်း။ ယခုထက်၊ ယနေ့ထက်တိုင် ပဲ့တင်နေဆဲပင် ထင်နေစေအံ့တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဗိုလ်၊ ကျား၊ သေနတ်နှင့် နိုင်ငံ့သံသရာ

(၁)

ကျနော်ဖြတ်သန်းခဲ့သော ကလေးဘဝကာလများ၌ ကျနော့်စိတ်ဝယ် "မမေ့တဲ့နိုင်၊ ယနေ့ထက်တိုင်" စွဲမြဲထင်ဟပ်နေသောအရာမှာ "ဗိုလ်၊ ကျား၊ သေနတ်" ဖြစ်၏။ ကလေးဘဝ တလျှောက်လုံး၊ အနိုင်အရှုံးအဆုံးအဖြတ်ကို "ဗိုလ်၊ ကျား၊ သေနတ်" ဖြင့် ကျနော်ကျော်ဖြတ်ခဲ့ရသည်။ ထိုစဉ်က နေ့တဓူဝ ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် ယင်းနည်းလမ်းသည် ကစားနည်းတခု မဟုတ်ချေ။ အဆုံးအဖြတ်ပေးသော နည်းလမ်းတခု ဖြစ်ချေ၏။

စင်စစ် "ဗိုလ်၊ ကျား၊ သေနတ်" ဆုံးဖြတ်နည်းသည် ကျနော်တို့မွေးရပ်ဇာတိ၊ ရွာမှာမရှိ။ ရွာ၏ အစဉ်အလာသည်ပင် ဗိုလ်၊ ကျားနှင့် သေနတ်ကို စာရင်းမသွင်းကြသည်လော၊ ဗိုလ်၊ ကျား၊ သေနတ်နည်းလမ်းကို လက်မခံကြ၍လော ဗိုလ်၊ ကျားနှင့် သေနတ်တို့ ကျနော့်ဇာတိမှာ မရှိကြပေ၍လော ကျနော်မဝေခွဲနိုင်။

ရန်ကုန်မြို့၏တခုသော ဆင်ခြေဖုံးတွင် ကျနော်တို့မိသားစု အခြေချခဲ့ချိန်၊ ကျနော် ကလေးဘဝတွင် ဗိုလ်ကျားသေနတ် ဆုံးဖြတ်နည်းကို အကျွမ်းဝင်ခဲ့ခြင်းဖြစ်သည်။

(၂)

ကလေးအရွယ်တွင် "ကျားဗိုလ်ဆွဲမယ်" အလွယ်ဆိုသော် ငြား အပြည့်အစုံမှာ ဗိုလ်ကျားသေနတ် ဖြစ်၏။ ထုတ်စည်းတိုး

www.burmeseclassic.com

www.burmeseclassic.com

ရန်သော်လည်းကောင်း၊ စိန်ပြေးတမ်းကစားရာတွင်လည်းကောင်း နောက်ဆုံးလူရွေးရန်၊ အဆုံးအဖြတ်တခုခုပေးရန်အတွက် ဗိုလ်၊ ကျား၊ သေနတ် ယှဉ်ပြိုင်သော နည်းဖြင့် ရွေးလေ့ရှိသည်။

ယင်းအဆုံးအဖြတ်အတွက် ကလေးငယ်နှစ်ဦး မျက်နှာချင်းဆိုင် မတ်တပ်ရပ်ကာ မိမိနှစ်သက်ရာ အပြုအမူတခုကို ရွေးချယ်လုပ်ဆောင်ရသည်။ ဗိုလ်၏သင်္ကေတကား လက်နှစ်ဖက်ကို ခါးထောက်ကာ ခန့်ခန့်ကြီးရပ်နေပုံဖြစ်၏။ ကျား၏ ဟန်ပန်ကား လက်နှစ်ဖက်ကို လက်ဝါးဖြန့်၍၊ စုံမြှောက်လျက် ကျားအုပ်သည့်ပုံစံ။ သေနတ်ကား လက်ညှိုးနှင့်လက်မကို သေနတ်ပုံစံပြုလျက် ရှေ့မှ ယှဉ်ဖက်ကို ထိုးချိန်ထားခြင်းဖြစ်၏။

ဗိုလ်သည် သေနတ်ကိုနိုင်၏။ ကျားကိုကားမနိုင်။

ကျားသည် ဗိုလ်ကိုနိုင်၏။ သို့သော် သေနတ်ကို ရှုံးသည်။

သေနတ်သည်ကျားကိုနိုင်၏။ ဗိုလ်ကိုကား မနိုင်။

အဆော့မက်သော ကျနော်တို့မှာ မနက်ဗိုလ်ကျားသေနတ်၊ နေ့လည် ဗိုလ်ကျားသေနတ်၊ ညဖက် ဗိုလ်ကျားသေနတ်နှင့် ဗိုလ်ကျားသေနတ်သံသရာမှာ ပျော်ပျော်ကြီးလည်ခဲ့ကြပါ၏။

(၃)

ကျနော်အရွယ်ရောက်လာချိန် တိုင်းရေးပြည်ရာအဖြာဖြာတို့ကို စူးစမ်းတတ်လာသည့်အခါ "ဗိုလ်၊ ကျား၊ သေနတ် နည်းလမ်းသည် ခေတ်စားဆဲဖြစ်သည်ကို အမှတ်မထင် အလန့်တကြား စောကြောမိခဲ့လေသည်။ ကျနော့်စိတ်အစဉ်တွင် ဗိုလ်ကား မြန်မာစစ်တပ်၊ ကျားကား စီးပွားရေးလုပ်ငန်းရှင်၊ သေနတ်ကား သောင်းကျန်းသူနှင့် ပြည်ပအတိုက်အခံများဟု အတွေးဝင်မိသည်။

လွန်ခဲ့သော အနှစ်လေးဆယ်ကျော်က မြန်မာတပြည်လုံး၏ အရေးအရာကို အဆုံးအဖြတ်ပေးသူများမှာ ဗိုလ်ကျားသေနတ်တို့ပင် ဖြစ်သည်ဟု ဆိုချင်သည်။

ဗိုလ်သည် ကျားနှင့်ပေါင်း၍ ပလဲနံပသင့်နေကြသည်။ ကျားသည် သောင်းကျန်းသူကို ညှိရသည်။ သေနတ်ကိုင် သောင်းကျန်းသူ၊ ပြည်ပအတိုက်အခံသည် လူထုကို ခုတုံးလုပ်၊ ဒုက္ခပေးကာ ပုဂ္ဂိုလ်ရေးဩဇာထူထောင်သည်၊ ကိုယ်ကျိုးရှာသည်၊ စစ်တပ်ကြီးအကြောင်းကို အများသိပြီးဖြစ်၍ အသေးစိတ် အကျယ်မရေးလိုတော့ပြီ။

အကျဉ်းချုပ်ဆိုရသော်

ဗိုလ်သည် ကျားကို မနိုင်။ သေနတ်ကိုနိုင်သည်။

ကျားသည် သေနတ်ကို ရှုံး၏။ ဗိုလ်ကိုနိုင်သည်။

သေနတ်သည် ဗိုလ်ကိုရှုံး၏။ ကျားကိုနိုင်သည်။

နိုင်ငံတော်ပြည်အရေးကို မျှော်တွေးလိုက်လေတိုင်း ကျနော့်ရင်ဘတ်သို့ ထိုးချိန်ထားသော သေနတ်ကို ကျနော်မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com

လက်နှစ်ဖက်စုံမြှောက်လျက် ကျားရဲတကောင်လို ခုန်အုပ်ဟန်ကို သတိရသည်။မျက်နှာ ကြောတင်းတင်းဖြင့် လက်နှစ်ဖက်ကို ခါးထောက်ကာ ဆိုက်ကြီးဂိုက်ကြီးပေးနေသော ပိုလ်တို့ ကိုသာ အဖန်တလဲလဲ မြင်ယောင်သည်။

**For the people , By the people , Of the people** သည် ပိုလ်ကျားသေနတ်တို့ ပေးရာတွင် ကိုယ်ပျောက်အတတ် ကျင့်နေရဟန်ရှိ၏။

(၄)

အသေအချာ စေ့ငုလေ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ပိုလ်ကျားသေနတ်တို့သည် အစဉ် ရှိနေသည်ကို တွေ့ရလေ ဖြစ်ပေလိမ့်မည်။

၁၉၆၂ ခုနှစ် ရှေ့ပိုင်းက၊ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပိုလ်ကျားသေနတ်တို့ သာ ပါလီမန်အမတ်၊ သွင်းကုန် ထုတ်ကုန်လိုင်စင်ရလုပ်ငန်းရှင်များ၊ ရဲဘော်ဖြူရဲဘော်နီ အသွင်သဏ္ဌာန်မျိုးစုံဖြင့် ကြီးစိုးချယ်လှယ်ခဲ့ကြသည်။

လက်ရှိ ဒီမိုကရေစီခေတ်တွင်လည်း ပိုလ်တချို့ အမတ်ဖြစ်၊ ပိုလ်တချို့ လုပ်ငန်းရှင်ကြီး များဖြစ်၊ ထို့အတူ ကျားတို့ အမတ်ဖြစ်၊ သေနတ်တို့ခေတ်ကောင်းကာ အမည်သာပြောင်း သည်။ အနှစ်သာရကား ပိုလ်၊ ကျား၊ သေနတ်။ ပိုဆိုးသည်ကား နိုင်ငံရေးကျားများပါ ခါတော် ပေါ် ဝင်လာကြပြန်ရာ မဂ္ဂါအေးကို သူ့အမေရိုက်လေ၏။

ခရီးဆက်၍ နှင်ရန် ရှိပေသေးသည်။ ဤနည်းနှင်နှင် ပိုလ်၊ ကျား၊ သေနတ် အဆုံး အဖြတ် လှေကွဲကြီးဖြင့် ခရီးဆက်ကြလေမည်လော။

(၅)

မျက်မှောက် ပစ္စုပ္ပန်တည့်တည့်အချိန်၌ လမ်းပေါ်ထွက် ဆန္ဒထုတ်ဖော်ပွဲများ၊ထိုထို့ဤဤ အကြောင်းခြင်းရာတို့အတွက် တောင်းဆိုပွဲများ မြင်တွေ့နေရသော်ငြား နောက်ဆုံးအဆုံး အဖြတ်ကား ပိုလ်ကျားသေနတ်ဖြစ်နေဆဲပင်။ နိုင်ငံတကာမှ အလုံးအရင်း ဝင်ရောက်လာ သော ရင်းနှီးမြှုပ်နှံမှုများ၊ ဆက်ဆံရေးမူများ၊နည်းပညာများမှ အစ၊ အပြောင်းအလဲကို တရေး ထသူပြုလျက် ကြွရောက်တော်မူကြသော နိုင်ငံတကာ ခေါင်းဆောင်များအဆုံး ပိုလ်ကျား သေနတ်တို့ကို အလေးဂရုပြုနေရဆဲ။ လျော့မတွက်ရဲသေးသည်ကို ထင်ထင်ရှားရှား မြင်တွေ့ ရသည်။ အထူးသဖြင့် ပိုလ်တကာ့ အထွဋ်အချုပ်၏ မျက်နှာရိပ်မျက်နှာကဲအား၊ ကျိုးလန့် စားဖြစ်နေရဆဲအခြေအနေမို့ ငြင်းနိုင်သူမရှိ။ ဘုန်းကြီးပေစွ။

ထို့အတူ ပိုလ်တို့နှင့် စည်းဝါးကိုက်နေသည့်ကျားများ၊ အတွင်းခြေတလှမ်း၊ အပြင် ခြေတလှမ်းဖြင့် သာရာကူမည့်ကျားများ၊ တိုင်းရင်းသားလူမျိုးစုအခွင့်အရေး၊ ငြိမ်းချမ်းရေး အသံကုန်ဟစ်ကာ၊ ကိုယ်ကျိုးရှာမဆုံးနိုင်သူတို့ကလည်းတမျှော့။ ပိုလ် ကျားနှင့် သေနတ် ကြား လွှမ်းတေးကို မဆုံးစေချင်ကြ။



www.burmeseclassic.com

www.burmeseclassic.com

(၆)


မိုးဟုတ်ဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ် စက်ဝန်းကြီးတွင် အဝိဇ္ဇာပစ္စယာ တဏှာ ဟုဆိုသည်။ မြန်မာ့ဒုက္ခ ပစ္စယာ၊ ဗိုလ်ကျား သေနတ်ဟု ဆိုသော် ရအံ့ထင်သည်။ နိုင်ငံနှင့် လူမျိုး၏ အမြိုက်နိဗ္ဗာန်အလို့ငှာ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးအား ရိုက်ချိုးဖျက်ဆီးရသကဲ့သို့ မြန်မာ့ဒုက္ခပစ္စယာမှ လွတ်မြောက်စေခြင်းငှာ အဝိဇ္ဇာတည်းဟူသော ဗိုလ်ကျားသေနတ် သံသရာကို ကျနော်ရိုက်ချိုးဖျက်ဆီးချင်လှသည်။

*(စောင့်ကြည့်ဂျာနယ်။ မေ(၂၄) ၂၀၁၃)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပသီပုံပြင်ထဲက ဒိုတ့ကိုင်းဗျာနီ

(၁)

၂၀၀၆ ခုနှစ် မတ်လ၊ ထိုင်းနိုင်ငံ

ကိုယ့်တိုင်း ကိုယ့်ဌာနီမှာ အင်ဂျင်နီယာဖြစ်ခဲ့လေသော မင်းဒင်သည် အတိတ်က ရန်ဘက်နိုင်ငံ၌ ကာဗူလီးဝါလား ဖြစ်နေလေသည်။ ကာဗူလီးဝါးလားဟူသည် စုံစီနဖာ ရောင်း သော ဈေးသည်ကို ကုလားလိုခေါ်ခြင်းဖြစ်သည်။

ကာဗူလီးဝါးလားလုပ်ရင်း တစ်ဘက်က နိုင်ငံတကာ ကုန်သွယ်ခြင်းအတတ်ကိုလည်း ဆည်းပူးနေစဉ် ထိုင်းမိတ်ဆွေတစ်ဦး၏ မိတ်ဆက်ပေးမှုဖြင့် ဂျပန်-တရုတ်ကပြား **Mr Woo** နှင့် သိကျွမ်းခဲ့လေသည်။ **Mr Woo** ကား အဖေဂျပန်စစ်သား အမေ တရုတ်ပြည်ကြီးပေါက် ဒုတိယကမ္ဘာစစ်အတွင်း တရုတ်စစ်မြေပြင်မှဖူးစာဆုံ သားသမီးသုံးယောက်ရပြီး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကုန်သည်။ **Woo** ကား အစ်မနှစ်ယောက်၏ အငယ်ဆုံးမောင်၊ ဂျပန်နိုင်ငံ ယိုကိုဟားမားတက္ကသိုလ်က စက်မှုအင်ဂျင်နီယာဖြင့်ဘွဲ့ရပြီး ထိုင်းမှာ သဘော်အင်ဂျင်တွေ အရောင်းအဝယ်လုပ်နေသူ၊ အသက် ၅၅ နှစ်ခန့်ရှိ၍ မင်းဒင်ထက် ၆ နှစ်ခန့်ကြီးလေသည်။

ဗမာလူလည်မင်းဒင်ကား ဘယ်ကိစ္စမဆို **Woo** တိုချည်းနားပူရလေသည်။ သူကား မိတ်ဆွေကောင်း ပီသပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အပတ်စဉ် ကြာသပတေးနေ့တိုင်း ညစာခေါ် ကျွေးရုံမက မကောင်းမြစ်ထာ ကောင်းရာ ညွှန်လတ်တတ်လေ၏။

(၂)

ယခုလည်း ဖူးခက်မှဘန်ကောက်သို့သွားရန် အရေးပေါ် ကိစ္စကြုံလာသဖြင့် သူ့ကားဖြင့် လမ်းကြုံတင်ခေါ် လာသည်။ သူကား ကျွန်တော်တွေ့ဖူးသမျှ ကားမောင်းအလွန်ကျွမ်းကျင်လှသူဖြစ်လေသည်။ တစ်နာရီ ကီလို ၁၃၀ ကို စကားပြောမပျက် မောင်းနေသည်။ လမ်းတွေကလည်း ကောင်းသည်ကိုး။

Woo မောင်းနှင်နေသော Toyota Vigoသည် ထိုင်းတောင်မြောက်ကို ဆက်သွယ်ထားသည့် National High Way လမ်းမကြီးပေါ် တွင် ဇောင်းကလွှတ်သော မြင်းလို ပြေးနေသည်။ အမိမြေကို အလွမ်းမပြေသေးသော မင်းဒင်ကား Nokia 7610 အကူအညီဖြင့် ဗမာပြည်က လုပ်ဖော်ကိုင်ဖက်တွေရဲ့ ဖုန်းနံပါတ်တွေ လျှောက်နှိပ်နေသည်။

"ဟဲလို . . . မင်းဒင်ပါ။ အာကာ မင်းဘာတွေလုပ်နေလဲ။ ကြီးပွားပြီးရင်း ကြီးပွားရင်းပဲလား"

"တော်ပါကွာ။ ဒီမှာ ဘာမှလုပ်မရတော့ဘူး။ ဆိုးသထက် ဆိုးနေပြီ"

ဗမာပြည် စီးပွားရေးလူစွမ်းကောင်း အာကာက၊ ဆိုးတာတွေဆက်ပြော၊ နားထောင်ရင်း ၁၀မိနစ်လောက်ကြာတော့ ဟာ. . . တစ်မိနစ် ၂၄ ဘတ်ဆို၊ ဘတ် ၂၄၀၊ နားဦးမှ။

"အေး၊ နောက်မှ ထပ်ဆက်ဦးမယ်ကွာ။ အခု ဘန်ကောက်ကိုသွားနေတာ။ လမ်းပေါ်ရောက်နေလို့"

စကားစဖြတ်လိုက်ရသည်။

သို့သော် စိတ်ကမပြတ်။ အာကာ အဆင်မပြေရင် မိုးကျော်ကော အဆင်ပြေသလား။ ဆက်ကြည့်ဦးမှ . . .

"ဟဲလို မိုးကျော်လား။ မင်းဒင်ပါ။ ဘယ်လိုလဲ၊ ကျန်းမာပကတိ ချမ်းသာစွာရှိရဲ့လား"

"ဟ. . . မင်းဒင်လား။ ဒီမှာတော့ သပ္ပါယ မမျှဘူးဟေ့၊ ဆူးလှည်းပေါ် အိပ်ရသလိုပဲကွ"

ဆူးလှည်းပေါ်က မိုးကျော်ကလည်း နေရကျပ် လုပ်ရကျပ်သည့်အကြောင်း အကျပ်ငိုကာ ဖွင့်နေပြန်ပေသည်။ နောက် ၁၂ မိနစ် ကုန်ပြန်ပြီ။ ရပ်မှ။

"ဒီမှာ ငါလည်း ဘောင်းဘီတိုနဲ့ ကုန်စုံဆိုင် တရုတ်လိုလို၊ ကွမ်းယာဆိုင်က ကာစင်ဘိုင်လိုလိုပါပဲကွာ။ ဒီမှာ အခြေအနေကောင်းရင် လှမ်းပြောမယ်။ ပြန်ဆက်ပါဦးမယ်ကွာ"ဟု စကားဖြတ်ရပြန်သည်။

မင်းဒင်ပြောနေသော စကားတွေမှာ အင်္ဂလိပ်စကားတချို့ ညှပ်ပါနေတော့ Woo က အလုပ်အကိုင် အခြေအနေအကြောင်း ဗမာပြည်နဲ့ လှမ်းဆက်နေမှန်း ရိပ်မိသွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းဒင် ဗမာပြည်မှာ Mobile Phone ရှိလား"

"ရှိပါတယ်ဗျ"

"ထိုင်းမှာလို SIM Card နဲ့ပဲလား"

"တယ်လီဖုန်းတွေကို လိုင်းဖုန်းကော Mobile ဖုန်းကော အစိုးရက ကိုင်ထားတာဗျို့၊ ဖုန်းတစ်လုံးကို ထိုင်းဘတ်တစ်သိန်းလောက် တန်တယ်ဗျ"

"မင်းတကယ်ပြောတာလား၊ ဟုတ်ရဲ့လားကွာ၊ မော်တော်ကားဈေးကော"

"ဗမာပြည်မှာ ကားအကောင်းစား Land Cruiser ဆို ထိုင်းဘတ် ဆယ်သိန်းဝန်းကျင် ရှိတယ်"

"တကယ်ပြောတာလား၊ သေချာရဲ့လား၊ ဓာတ်ဆီဈေးကကော"

"ဓာတ်ဆီက အစိုးရကကိုင်ထားတာ၊ လိုချင်သလောက် ဝယ်မရဘူး"

"ဟုတ်ရဲ့လားကွာ၊ ခရီးဝေးဝေးသွားချင်ရင် ဘယ်နှယ့်လုပ်မလဲ"

Woo က သွေးရိုးသားရိုး မေးနေပုံရသော်လည်း "ဟုတ်ရဲ့လား၊ သေချာရဲ့လား" ဟု အမေးထပ်လျက် မင်းဒင်ကို စိတ်မနှံ့သူလို ကြည့်လာသည့်အခါ ဗမာပီပီ စိတ်အချဉ်ပေါက်လာသည်။

"ခင်ဗျားကိုယ်တိုင်သာ သွားကြည့်ပေတော့။ လေယာဉ်ခ အသွားအပြန် ဘတ် ၆၀၀၀ ထက် ပိုမကုန်ဘူး။ ခင်ဗျားကို လိမ်ပြောနေလို့ ဘာအကျိုးရှိမှာလဲ"

Woo ကား မင်းဒင်ထက် ယဉ်ကျေးလေသည်။

"အေးပါ။ မင်းပြောထားတော့ ငါသွားတဲ့အခါ ကြိုသိရတာပေါ့။ ဗမာပြည်က ချမ်းသာတယ်။ သဘာဝအရင်းအမြစ်တွေ ပေါတယ်လို့သာ ကြားဖူးတာ။ မရောက်ဖူးတော့ ဘာမှ မသိဘူး။ ဒါနဲ့ မင်းက ဘာဖြစ်လို့ ဒီဘက်ထွက်လာတာလဲ"

ရော. . ဝဋ်ကြွေးကားမကုန်။ ထွက်ပေါက်ရပြီဆိုပြီး "ဟင်း" ချမလို့ရှိသေး။ နောက်တချီ။ ဒီတလုံးက ဖုံးလိုက်ပြန်ပြီ။ ပြည့်ပြည့်စုံစုံကို ဖြေချင်ပါသည်။ ဖုန်း၊ကားနှင့် ဓာတ်ဆီ ကိစ္စကိုပင် "ဟုတ်ရဲ့လား" နေသော Woo ကို ရေရာသော အဖြေပေးနိုင်ရန် မင်းဒင်အတွက် မြင့်မိုရ်ကို ချေရမလောက်ခက်ပါသည်။

သို့သော် မင်းဒင် ရုတ်ခြည်းပေါ်လာသော စိတ်ကူးတခုဖြင့် ချက်ချင်းပြန်ဖြေလိုက်ပါသည်။

"ဘုရင်ကြီးကြောင့် ကျွန်တော် အဲဒီနိုင်ငံက ထွက်လာတာဗျ"

"မင်းတို့နိုင်ငံက ဘုရင်အုပ်ချုပ်တာလား"

"ကဲ. . ခင်ဗျားနားလည်အောင် ကျွန်တော်ဖြည်းဖြည်းပြောမယ်။ ခင်ဗျားလည်း ကားဖြည်းဖြည်းမောင်း။ ကျွန်တော်ပြောတဲ့ ဘုရင်ကြီးကြောင့်ဆိုတာ ရှင်းသွားအောင် အခု ပြောပြမယ့် ပုံပြင်ကို အရင်နားထောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com

(၃)

ခင်စစ် ဤပုံပြင်သည် မင်းဒင်၏ မူပိုင်မဟုတ်ပါ။ စင်ကာပူက ကျွန်တော့်မိတ်ဆွေ ဖြစ်သော ဆေးဘာသာဝင် ဒေါက်တာ အောင်ကျော်ထွန်း၏ ပုံပြင်သာဖြစ်ပါသည်။ ထိုပုံပြင် ကို ကျွန်တော့်ကိုပြောပြခဲ့ခြင်းမှာလည်း "ဒေါက်တာ ဘာလို့ ဗမာပြည်က ထွက်လာရတာလဲဗျာ" ဟူသော မင်းဒင်မေးခွန်းကြောင့် "ကိုမင်းဒင် မနေအပ်တဲ့တိုင်းပြည်ဆိုတာ ကျွန်တော်တို့ တရားတော်ရဲ့ နိပါတ်တွေထဲမှာ ရှိတယ်ဗျ" အစချီပြောပြခဲ့ဖူးသော ပသီပုံပြင်ဖြစ်ပါသည်။ ယခု ကျွန်တော် Woo ကို ဖောက်သည်ဈေးနှင့် အခမဲ့ပြန်ပေး (သို့) ပြန်ပြောနေခြင်းဖြစ်ပါ သည်။

ကျွန်တော်ပြောမယ့်ပုံပြင်က ဒီလိုဗျ **Mr Woo . . .**

တစ်ခါတုန်းက ဆော်ဒီအာရေဗျကျွန်းဆွယ်ဒေသအနှံ့ကို ဗဟုသုတရှာရင်း ကြွသလို အသက်မွေးဝမ်းကျောင်းရင်း ခရီးလှည့်လည်နေတဲ့ ပညာရှိတစ်ဦးနဲ့ သူ့အဖော်တပည့် တစ်ယောက် ရှိသတဲ့ဗျာ။ ဆရာလုပ်သူ ပညာရှိဟာ ဗဟုသုတအလို့ငှာ လှည့်လည်နေပေမယ့် တပည့်လုပ်သူတော့ အနေချောင်တဲ့ အရပ်ဒေသ၊ နိုင်ငံတခုခုမှာ အခြေချနေလိုက်မယ်လို့ စိတ်ကူးထားသတဲ့။

ဒီလိုနဲ့ ခရီးလှည့်လည်နေလိုက်ကြတာ (၅) နှစ်လောက်ကြာတော့ နိုင်ငံတစ်ခုကို ရောက်လာပါသတဲ့။ အဲဒီနိုင်ငံကို ရောက်ရောက်ချင်း ဆရာတပည့်နှစ်ယောက် ဈေးတစ်ခု ကိုသွားပြီး ရိက္ခာသွားဝယ်ကြတဲ့အခါ ကန်စွန်းရွက် တစ်စည်း တစ်ကျပ်၊ အမဲသားတပိဿာ တစ်ကျပ်၊ ဆန်တစ်တင်း တစ်ကျပ်၊ ဘာမဆို တစ်ကျပ်ဈေးချည်း ဖြစ်နေတာ တွေ့ရပါသတဲ့။ အဲဒီအခါ တပည့်လုပ်သူ "ဆရာသခင် ကျွန်တော်ရှာနေတဲ့ နိုင်ငံတွေ့ပြီ။ ဒီမှာပဲ ကျွန်တော် အခြေချနေတော့မယ်ဆရာ" လို့ဆိုတော့ ဆရာလုပ်သူ ပညာရှိက ဘာကြောင့် ဈေးတွေတူနေ ရသလဲ။ ဘာကြောင့် သူ့ဈေးနဲ့သူ မရောင်းကြသလဲဆိုတာ စုံစမ်းတဲ့အခါ အဲဒီနိုင်ငံရဲ့ ဘုရင်ကြီးအမိန့်ကြောင့်လို့ ပြန်ဖြေကြသတဲ့။

ဒီတော့ ဆရာလုပ်သူ "တပည့် ဒီဒေသဟာ မနေအပ်တဲ့အရပ်ဖြစ်တယ်။ ဒီနိုင်ငံက ဘုရင်ကြီးဟာ ဘာမှ နားလည်ပုံမရဘူး။ မင်းမနေပါနဲ့။ ဒုက္ခရောက်လိမ့်မယ်" လို့ အတန် တန်နားချပေမယ့် တပည့်လုပ်သူက နားမထောင်ဘဲ ဇွတ်နေရစ်ဖို့ လုပ်နေတာကြောင့် "ကဲ . . . ပြောမရရင်လည်း မင်းနေခဲ့ပါ။ အလ္လာဟ်အရှင်မြတ် အလိုတော်ရှိခဲ့ရင်တော့ မင်းဒုက္ခ ရောက်တဲ့အချိန် ငါကယ်တင်နိုင်ပါလိမ့်မယ်" ဆိုပြီး တစ်ယောက်တည်း ခရီးဆက်ထွက်သွား သတဲ့။

ဒီလိုနဲ့တပည့်လုပ်သူဟာ အဲဒီနိုင်ငံမှာ နေလာခဲ့တာ တစ်လလောက်ကြာလာတဲ့အခါ အဲဒီနိုင်ငံမှာ လူသေမှုတစ်ခု ဖြစ်ပါသတဲ့။ ဖြစ်ပုံက သူခိုးတစ်ယောက်ဟာ ညအချိန်အိမ်တစ် အိမ်က ပစ္စည်းခိုးဖို့အတွက် အုတ်နံရံစည်းရိုးကို ကျော်တက်ရာက အုတ်နံရံပြိုကျပြီး သူ့ကို နံရံပိသေတာ ဖြစ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအမှုဟာ ဘုရင်ကြီးဆီရောက်လာတဲ့အခါ "အုတ်နံ့ရုံကို ခိုင်မာအောင်မလုပ်တဲ့ အိမ်ပိုင်ရှင်မှာ အပြစ်ရှိတယ်။ အိမ်ပိုင်ရှင်ကို သတ်စေ" လို့ အမိန့်ချသတဲ့။

အဲဒီအခါ အိမ်ပိုင်ရှင်က "ဘုရင်ကြီးခင်ဗျား ဒီအုတ်နံ့ရုံဟာ ပန်းရံသမားလုပ်တဲ့ နံရံပါ" ဆိုတော့ ဘုရင်ကြီးက "ဒီလိုဆို ပန်းရံသမားအပြစ်ပေါ့။ အိမ်ရှင်ကို လွှတ်၊ ပန်းရံ သမားကို သတ်စေ" လို့ အမိန့်ချပြန်ပါသတဲ့။

အဲဒီအခါ ပန်းရံသမားက "ဘုရင်ကြီးခင်ဗျား ဒီနံရံကိုလုပ်ဖို့ ဖျော်ထားတဲ့ အင်္ဂတေ မဆလာပုံးနားမှာ ထားတဲ့ ရေပုံးကို နွားတစ်ကောင်တန်သွားလို့ အင်္ဂတေမှာ ရေတွေများပြီး နံရံပြိုရတာပါ။ နွားမှာအပြစ်ရှိပါတယ်" လို့လျှောက်ထားပြန်တော့ ဘုရင်ကြီးက "ဟာ. . ဒါဆို အဲဒီနွားကို သတ်စေ။ ပန်းရံသမား လွှတ်စေ" ဆိုပြီး အမိန့်ချပြန်ပါသတဲ့။

အဲဒီနွားကို ရှာတဲ့အခါ နွားက နွားသတ်ရုံရောက်ပြီး သတ်ပြီးသား ဖြစ်နေတဲ့အခါ "နွားသတ်ရုံပိုင်ရှင်ကို သတ်စေ" လို့ အမိန့်ချပြန်ပါသတဲ့။ နွားသတ်ရုံပိုင်ရှင်ကို လည်ပင်း ကြိုးကွင်းစွပ်ပြီး သေဒဏ်ပေးတဲ့အခါ ပုံပန်းမကျဘဲ လည်ပင်းနဲ့ခေါင်း တဆက်တည်းဖြစ်နေ တော့ ကြိုးကွင်းက လျှောလျှောထွက်နေပြီး ကြိုးပေးမရဖြစ်နေသတဲ့။ အဲဒီအကြောင်း ဘုရင်ကြီးကို လျှောက်တဲ့အခါ "ဟ၊ ဒီလိုဆို အဲဒီကြိုးကွင်းနဲ့တော်တဲ့ တွေ့တဲ့လူ တစ်ယောက် ယောက်ကို ကြိုးပေးကွာ" လို့အမိန့်ချပြန်သတဲ့။

အဲဒီအချိန်မှာ အာဏာပါးကွက်သားတွေက နီးရာလူကိုရှာတဲ့အခါ ဒီကိစ္စဘယ်လို ရှင်းမလဲ သိချင်လို့ လိုက်ကြည့်နေတဲ့ ညေ့နိုင်ငံသား တပည့်ဖြစ်သူကိုတွေ့ပြီး လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ကြပါသတဲ့။

အဲဒီအခါ တပည့်ဖြစ်သူဟာ "ဆရာသခင်စကားကို နားမထောင်မိတာတော့ မှားပြီ။ အလ္လာဟ်အရှင်မြတ် ကယ်တော်မူပါ" ဆိုပြီး ရှုန်းကန်အော်ဟစ်နေသတဲ့။ တိုက်တိုက်ဆိုင် ဆိုင်ပဲ အဲဒီအချိန်မှာ ဆရာလုပ်သူဟာ လူအုပ်ထဲကထွက်လာပြီး "မင်းကို ငါကယ်မယ်၊ မင်းစိတ်ကို ငြိမ်ငြိမ်ထား။ ငါပြောတာ တသွေမတိမ်းနားထောင်ပါ။ အခု မင်းလည်ပင်းက ကြိုးကွင်းကို ငါကလုပြီး ငါ့လည်ပင်းမှာစွပ်မယ်။ မင်းက ပြန်လုပြီး မင်းလည်ပင်းမှာစွပ်ပါ" လို့ သင်ပေးပြီး ဆရာတပည့်နှစ်ယောက် ကြိုးကွင်းကို အပြန်အလှန်လုပြီး စွပ်နေကြပါသတဲ့။

အဲဒီသတင်းကို ဘုရင်ကြီးကြားတဲ့အခါ "ဟ၊ ဒွန္တယားကြီးဟာ ထူးဆန်းလှချည်လား" ဆိုပြီး ကိုယ်တိုင် လူသတ်ကုန်းကိုဆင်းလာပြီး အကျိုးအကြောင်းမေးတဲ့အခါ ဆရာ လုပ်သူပညာ ရှိက "ဘုရင်ကြီးခင်ဗျား ဒီအချိန်ဟာ ကောင်းကင်ဘုံ ဂျန္နတ်တံခါး ဖွင့်ချိန် ဖြစ်ပါတယ်။ ဒီကြိုးနဲ့ ဒီအချိန်သေတဲ့သူဟာ ဂျန္နတ်ကို တန်းရောက်မှာပါ။ သူက ကျွန်တော့်တပည့်ပါ။ ကျွန်တော်က ဆရာဆိုတော့ ဂျန္နတ်ကို သူ့ထက်ပိုရောက်သင့်လို့ လုရတာပါ" လို့ဖြေသတဲ့။

အဲဒီအခါ ဘုရင်ကြီးက တချက်တွေကနဲ စဉ်းစားပြီး "ဟ . . . ဒီနိုင်ငံဟာ ငါ့နိုင်ငံကွ . . . ဂျန္နတ်ကိုသွားဖို့ ငါ့ထက် သင့်တော်တဲ့သူမရှိဘူး။ ပေးစမ်းဟ မင်းလည်ပင်းက ကြိုး ကွင်း" ဆိုပြီး သူ့လည်ပင်းသူ ကြိုးကွင်းစွပ်၊ အာဏာပါးကွက်သား တွေကို "မြန်မြန်ဆွဲတင်ကြ



www.burmeseclassic.com

www.burmeseclassic.com

နိုက်ကိုက်ဖြစ်မှ" လို့ အမိန့်ပေးတော့ အာဏာပါးကွက်သားတွေက ကြောက်ကြောက်နဲ့ ကိုဆွဲတင်လိုက်တာ ဘုရင်ကြီး အသက်ပျောက်ပါရောတဲ့ဗျာ. . .။

(၄)

"တဲ . . . ပုံပြင်ကတော့ ဒါပါပဲဗျာ၊ ခင်ဗျားမေးခွန်းကိုလည်း ကျုပ်ဖြေပြီးပြီ။ ဘယ်နှယ့်လဲ" ဆိုတော့ Mr. Woo က

"အိုး အိုင်ဆီး . . . အိုင်ဆီး အိုင်ဆီး၊ ဒွီး ဒွီး" ဆိုပြီး တံတွေးတွေ သီးအောင် ရယ်မောနေလေ၏။

Mr Woo ဟာ ဘုရင်ကြီးရဲ့ ဇာတ်သိမ်းကိုသဘောကျ၍ ရယ်မောလေသလော၊ ကျွန်တော်ဖြေပုံဥပမာကို သဘောကျလို့ ရယ်မောလေသလော၊ မင်းဒင်မဝေခွဲနိုင်ပါ။ မင်းဒင်ရင်ထဲတွင်မူ ပြည်သူပြည်သားတွေအတွက် ရင်ဆို့နေပါသည်။

*(စောင့်ကြည့်ဂျာနယ်။ ၄နှ်(၇) ၊ ၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တို့ဗမာသာကီမျိုးဟာမို့၊ မညှိုးဂုဏ်တေဇာ

(၁)

သေချာစဉ်းစားကြည့်လေ လူမျိုးတစ်မျိုးအတွက် ဇာတိမာန်ဟာ သိပ်အရေးကြီးတယ်ဆိုတာ ပေါ်လွင်လေပဲဗျ။ လူတစ်ဦးချင်းစီအတွက်တော့ ဇာတိပုညဂုဏ်မာနဆိုပါတော့ဗျာ။

(၂)

ဒါကြောင့်ဖြစ်မယ်ဗျ။ အမေရိကန်ပြည်ထောင်စုကြီးက အမေရိကန်နိုင်ငံသား တစ်ယောက်ကိုထိပါးရင် သူ့တိုင်းပြည်ကို ရန်စတာလို့ ယူဆတယ်ဆိုသကိုး။ အံမယ်၊ အခု ဆို တရုတ်တွေတောင် အမေရိကန်လေသံလိုက်လာတာ ခင်ဗျားသတိပြုမိမှာပါ။ ထို့နည်းတူ ကျုပ်တို့အစိုးရမင်းများလည်း မညံ့ကြပေဘူးဗျ။ အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေး ဘာညာဘာညာဆိုပြီး ပုံနှိပ်စာအုပ်တိုင်းရဲ့ ရှေ့ဆုံးစာမျက်နှာတွေမှာ ဝေဝေဆာဆာ ဖော်ပြပေးနေတာပါပဲ။ အမှန်တော့ အစိုးရမင်းများရဲ့ စေတနာဟာ ပရမတ်ဆိုက်အောင် စဉ်းစားနိုင်လေ ပေါ်လွင်လေလို့ ဆိုရမယ်ဗျ။

ကြည့်လေ၊ ဖယောင်းတိုင်ထွန်းပြီးနေခိုင်းတာတို့၊ ထမင်းတစ်နပ်လျှော့စားခိုင်းတာတို့ဟာ ရှုတတ်၊ မြင်တတ်၊ ခံစားကျင့်ကြံတတ်ရင် ဂုဏ်တက်စရာပဲဗျ။ အနောက်နိုင်ငံတွေမှာ ဖယောင်းတိုင်ထွန်းပြီး ညစာစားဖို့ဆိုတာ တကူးတကစီစဉ်ကြရတာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com

လား၊ ဟော၊ ကျုပ်တို့ဆီမှာ အဆင်သင့်ဗျာ။ ခင်ဗျား ရှစ်ပါး၊ ကိုးပါးသီလလေး ခံယူစောင့်ထိန်းလိုက်ရင် ညစာကိစ္စဟာလည်း ဘာဝနာတစ်မျိုးပေပဲလေ။ အိမ်တိုင်းဖယောင်းတိုင်ထိုးပြီးနဲ့ ညစာစားနိုင်တဲ့လူမျိုး၊ သီလကို တိုင်းခြားသား၊ ဘာသာခြားတွေထက် ထူးထူးကဲကဲ စောင့်ထိန်းနိုင်တဲ့ လူမျိုးဖြစ်လာရင် ခင်ဗျားတို့ ကျုပ်တို့ အမျိုးဂုဏ်ဇာတိဂုဏ် မတက်ပေဘူးလားဗျာ။

(၃)

ကျုပ်ကိုယ်တိုင်လည်း ယိုးဒယားပြည်ဖူးခက်မြို့ကို ရောက်လာတော့ အမျိုးသားရေးဇာတိမာန်ကတော့ မညှိုးပန်းပမာ တမိုးလန်းကာ နေလျက်ပါပဲဗျာ။ အမှန်တော့ ကျုပ်တိုင်းပြည်မှာ ကျုပ်နေလည်း မြေတူ၊ရေထမ်းစားရင်တောင် ထမင်းမငတ်ပါဘူးဗျ။

ဝတ်ရေး၊ နေရေး၊ လျှုရေး၊ တန်းရေးတွေ ဆက်စဥ်းစားရင်တော့ တစ်မျိုးပေါ့။ ဒါပေမယ့် ဇာတိမာန်က အရေးကြီးပါတယ်လေ။ အမှန်တော့ ဖူးခက်ကို သာကီနွယ်တွေ အစုလိုက် အပြုံလိုက် ရောက်လာတာဟာ အရင်းစစ်ရင် ဒင်းတို့အပြစ်ပဲဗျ။ တဲလေးကနေ သွပ်မိုးပျဉ်ကာ လေးများဖြစ်မလားလို့ လောဘတက်မိကြတယ်ထင်ပါရဲ့။

အေးဗျာ၊ လူတွေကလည်း လူတွေပဲဗျ။ ကိုယ့်တိုင်းပြည်ထဲမှာ ထမင်းကြမ်းကို ကန်ဇွန်းရွက်ရေလုံပြုတ်နဲ့ လေလာရာ၊ ဖင်ပေး၊ အေးအေး၊ စားနေနိုင်ကြပါရက်ကယ်နဲ့ ဒုက္ခရှာကြသကိုး။ ပြည်တွင်းမှာ စားဝတ်နေရေးကြပ်တည်းလို့ အမျိုးကောင်း သမီးတွေ ကေတီဗီ ရောက်တာကို ခင်ဗျား ရေးကြီးခွင်ကျယ်လုပ်အုံးမယ်။ ရှာတည်ရင် အတ္တသည်ရှိရတယ်တဲ့ဗျ။ ဘုရားရှင် လက်ထက်မှာတောင် အမ္ဗပါလီဆိုလား ရှိခဲ့သေးတာပဲဗျာ။ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်စမ်းပါ။

ဘာဘဲဖြစ်ဖြစ်၊ ဗမာ့ဂုဏ်ကိုအထင်အရှားမြင်နိုင်တာဟာ ဖူးခက်မြို့ဗျ။ တစ်မြို့လုံးလိုလို ခေတ်မီအဆောက်အဦးတွေ၊ လမ်းတံတားတွေနဲ့ ရှုမငြီးနေမဝ၊ နတ်ထီးနတ်နန်း ထင်ရအောင် တည်ဆောက်ဖန်တီးပေးနေတဲ့သူတွေဟာ တစ်သိန်းကျော် လောက်ရှိတဲ့ ကျုပ်တို့မဟာမြန်မာတွေပေါ့။ ဘိုလိုပြောရရင် **Builders of Phuket** ဆိုပါတော့ဗျာ။ ကဲ၊ ဒါဟာ အမျိုးဂုဏ် တက်စရာ မဟုတ်ရင် ဘယ်အရာကို ဇာတိမာန်လို့ ခင်ဗျားပြောမတုန်းဗျ။

အော်၊ ခင်ဗျားက ထိုင်းနိုင်ငံသားအပါအဝင် ဘယ်နိုင်ငံခြားသားမှ နေဖို့စိတ်မကူးတဲ့ မဒမတိုင်ထူ၊ သွပ်ပြားကာတဲ့ ယာယီတဲစုတ်လေးတွေနဲ့နေရတာကို ထောက်ချင်တာလား။ သေချာမှတ်ပေတော့ဗျာ။ တဲစုတ်တွေထဲကနေ ဘုံပြသာဒ်ကြီးတွေ ဆောက်လုပ်ပေးနိုင်တာကိုက ကျုပ်တို့လူမျိုးရဲ့ဂုဏ်။

(၄)

အမယ်၊ ကျုပ်ရောက်ကာစကဆို ကျုပ်ကို ထိုင်းခွေးတစ်ကောင်ကတောင် ဇာတိမာန်နဲ့ ပတ်သက်လို့ အကဲစမ်းဖူးသေးသဗျ။ ဒီလိုဗျ။ ကျုပ်က ထိုင်းကိုရောက်ကာစမှာ ထိုင်းစားစရာ



www.burmeseclassic.com

www.burmeseclassic.com

တွေ နာမည်တပ်ပြီးမခေါ် တတ်တာကြောင့် လွယ်လွယ်ရရာ လမ်းဘေးက ဆယ့်ငါးဘတ်တန် ကြက်ကြော်တစ်တုံးဝယ်စားမိပါလေရော ။

စားနေရင်းတန်းလန်း ဘေးဘီကိုကြည့်မိတော့ ၊ အံမယ်၊ ထိုင်းခွေးတစ်ကောင်က အစား တောင်းသလိုလို၊ ကျုပ်ကို အကဲခတ်သလိုလို ရစ်သီရစ်သီလာလုပ်နေသဗျ။ ကျုပ်တို့ခင်ဗျားတို့ လူမျိုးက အလှူရေစက်လက်နဲ့မကွာတဲ့ လူမျိုးမဟုတ်လား။ ကျုပ်လည်း ကြက်ရိုးမှာ ကပ်နေတဲ့ အသားတချို့ကို ကုန်အောင်ကိုက်ဖဲ့မနေတော့ပဲ မောင်မင်းကြီး သားခွေးဆီကို ပစ်ပေးလိုက် တာပေါ့။ ဖြစ်ရပုံက ရွှေကိုယ်တော်ဟာ ကြက်ကြော်ရိုးကို နမ်းရှုံတင်၊ နမ်းကြည့်ပြီး မစားဘဲ ချာကနဲ လှည့်ထွက်သွားပါလေရော။

စေတနာဟာ အကုသိုလ်ဖြစ်ရတယ်ဆိုတာ ဒါမျိုးဖြစ်မယ်ဗျ။ တွေ့ရော ဒီကောင်ကျုပ်ကို စောင့်ကြည့်နေခဲ့တာဟာ လမ်းဘေးက ကြက်ကြော်ကို အငမ်းမရစားနေတဲ့ ကျုပ်ကို ဘယ် လိုသတ္တဝါမျိုးပါလိမ့်ဆိုပြီး ကြည့်နေခဲ့တာလားဗျာ။ ခင်ဗျားတို့ ဗမာခွေးသာ ဒီကြက်ကြော် အရိုးကိုစားမယ်၊ ကျုပ်တို့လို ထိုင်းခွေးတွေက ဒါမျိုးမမက်ဘူးဗျလို့ ဆိုချင်ပုံလည်း ပေါက်နေ တယ်။

ကျုပ်ခဏငြိမ်ပြီး သေချာစဉ်းစားတယ်။ ဒီထိုင်းခွေးနဲ့ကျုပ်မှ ဇာတိမာန်ကို အထိခိုက်ခံ လို့တော့မဖြစ်ချေဘူး။ ကျုပ်မှာသာ ရှေးဘဝ၊ နောက်ဘဝ သိမြင်နိုင်တဲ့ ဇာတိဿရဉာဏ်ရ ခဲ့ရင် ဒီခွေးနဲ့ကျုပ်ဟာ ဘယ်ဘဝတွေမှာဘယ်လိုများဆုံခဲ့ပါလိမ့်ဆိုတာ သိချင်စမ်းပါဘိ။

ယိုးဒယားနဲ့ဗမာဆိုတာ ဟိုရာဇဝင်စဉ်ဆက် ရန်ငြိုးရန်ဖက်အနေနဲ့ တိုက်ပွဲပေါင်းများ စွာ တိုက်ခဲ့ကြတယ်လို့ သမိုင်းမှာ ဖော်ပြထားလေတော့၊ ဗုဒ္ဓအယူဝါဒအရ ဘဝများစွာ သံသရာမှာ ဒီခွေးနဲ့ကျုပ် တစ်နေရာရာမှာ ဆုံခဲ့ဖူးမှာတော့ သေချာတယ်။

ဖြစ်နိုင်ချေကတော့ ဒီခွေးနဲ့ကျုပ်ဟာ ယိုးဒယားမြန်မာတိုက်ပွဲဟောင်းတစ်ခုခုမှာ လူ့ ဘဝ၊ လူရဲမက်တွေအဖြစ်နဲ့ ဆုံဖူးတယ် ထင်ပါရဲ့။ အဲဒီတိုက်ပွဲမှာ ကျုပ်ကနိုင်တဲ့ဖက် သူကရှုံး တဲ့ဖက်ဖြစ်မယ်။ ဒါကို ဒီကောင်အခဲမကျေဖြစ်ပြီး အခုဘဝမှာပါ ကျုပ်ဇာတိမာန်ကို ထိပါး ဖို့ ကြိုးစားတာဖြစ်မယ်ဗျ။

ဘယ်ရမလဲဗျာ။ သူ့နိုင်ငံကြီးဘယ်လောက်တိုးတက်တိုးတက် ၊ကျုပ်တို့ကို ကွန်လာခံတာ လို့ စကားနာထိုးချင်ထိုး၊ ဟော၊ မျက်မှောက်အခြေအနေမှာ သူကခွေး ကျုပ်ကလူ၊ သေချာစာရင်း ချုပ်ရင် ကျုပ်တို့သာကီမျိုးတွေက အထက်စည်းကပါပဲလေ။

(၇)

ခွေးပြဿနာပြီးတော့ စာကလေးပြဿနာလာသေးတယ်ဗျ။ အဲဒီစာကလေးပြဿနာ က ထိုင်းဆန်နဲ့ပတ်သက်တယ်။ ခင်ဗျားသိတယ်မဟုတ်လား၊ ကမ္ဘာကျော်ထိပ်တန်းစပါးမျိုးစပ် နည်းကို ထိုင်းနိုင်ငံက ရှာဖွေတွေ့ရှိထားလေတော့ ထိုင်းဆန်တွေဟာ ကမ္ဘာ့ဈေးကွက်မှာ ချော်နှာပန်းပွင့်တယ်ဆိုပဲ။ ထိုင်းဆန်ဟာ အနံ့ရော အရသာပါပြောစရာမရှိအောင် ကောင်း တာလည်း အမှန်ပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော ခြောက်ထိခြောက်ချက် ဗမာဈေးဆိုင်လေးဖွင့်ထားတော့ ထိုင်းဆန်ကော ဗမာဆန်ပါ ရောင်းတင်ထားရပေသပေါ့။ ဖူးခက်ရောက်မြန်မာတွေက ထိုင်းဆန်အချောဟာ လျှောအနဲ လျှောတနဲဝင်သွားလို့ စားမရဘူးဆိုပဲ။ ဆန်ကြမ်းလေးနဲ့ အဆင်ပြေတယ်ဆိုပြီး မျိုးချစ်စိတ်ငယ်ထိပ် တက်ကပ်နေကြတယ်ထင်ပါ့ဗျာ။

နေ့လည်ဖက်၊ ဝယ်သူရှင်းချိန်ဆိုရင် ကျုပ်ဆိုင်ထဲကို စာကလေးတအုပ်၊ လူအလစ်ချောင်းပြီး ဆန်အိတ်ထဲက ဆန်တွေကို လာလာစားကြသဗျာ။ ကျုပ်လည်း စာကလေးတွေ စားပါစေဆိုပြီး မမောင်းမနှင်ဘဲ အသာကြည့်နေလိုက်တာ ၊ အမယ်မင်း ကိုယ်ရွှေစာကလေးတွေက ဗမာ့ဆန်ကို ဆန်လို့တောင် မှတ်ဟန်မတူဘူးဗျာ။ ထိုင်းဆန်အိတ်မှာသာ တရုန်းရုန်းနဲ့ ဖြစ်နေကြတာကလား။

ဒီမှာတင် ကျုပ်ရဲ့ အမျိုးသားရေးစိတ်ဓာတ်ဟာ ဟုန်းကနဲထလာပြန်ပါရောဗျာ။ ဘယ့်နယ်၊ နှံပြည်စုပ်ဦးနှောက်သာသာရှိတဲ့ ထိုင်းစာကလေးတွေက ဗမာ့ဆန်ကိုစော်ကားရတယ်လို့ပေါ့။ ဒါနဲ့ သေချာငြိမ်ပြီး စဉ်းစားပြန်တော့ ဦးနှောက်ကျပ်မပြည့်တဲ့ ထိုင်းစာကလေးတွေဟာ ဓာတုဗေဒနည်းတွေနဲ့ စိုက်ပျိုးထုတ်လုပ်ထားတဲ့ ထိုင်းဆန်ကို အကောင်းမှတ် နေကြတာဗျ။ တကယ်တမ်းကျတော့ မီးရောင်ကို ရွှေတောင်မှတ်နေကြတာပဲဖြစ်မယ်။

နောက်တနည်းတွေးကြည့်ရင် ဒီစာကလေးတွေဟာ လွန်ခဲ့တဲ့ငါးနှစ်လောက်က ဗမာပြည်ကို ဝင်နှောင့်သွားတဲ့ နာဂစ်မုန်တိုင်းကြောင့် ဗမာပြည်ကနေ ရေကြည်ရာမြက်နုရာရှာရင်း ယိုးဒယားပြည်ဖက်ကို မျက်စိလည်လမ်းမှားပြီး ရောက်လာတဲ့ ဗမာစာကလေးတွေပဲ ဖြစ်ရမယ်။ စာကလေးချင်းတူပေမဲ့ အရသာနဲ့အနံ့ကို ခွဲခြားနိုင်တဲ့ ဦးနှောက်ဉာဏ်ရည်မှာတော့ ထိုင်းစာကလေးတွေဟာ ဗမာစာကလေးတွေနဲ့ ဘယ်နည်းနဲ့မှ မသာနိုင်ဘူး။ အဲသလို အတွေးဝင်မိပြန်တော့ ကျုပ်ရင်ထဲမှာ အပူလျော့သွားတယ်ဗျ။ မတူရင်မတုလေနဲ့၊ လူလူချင်း မဆိုထားနဲ့ စာကလေးချင်းယှဉ်ရင်တောင် ကျုပ်တို့က ပထမနေရာ ကနေတပြားသားမှ မလျော့ဘူး၊ ဒီမှာတင် ကျုပ်ရဲ့ အမျိုးဂုဏ်ဇာတိဂုဏ်ဟာ သပြေညိုရွှေဘိုပန်းလို လန်းလျက်ပါကို ဆိုပါတော့။

(၆)

ကျုပ်အကြောင်းချည်းပြောနေတော့ အမျိုးသားရေးစိတ်ဓာတ်နဲ့ ဇာတိမာန်မြင့်မားရေးကို ကျုပ်တစ်ယောက်တည်း ကြိုးပမ်းနေတယ်လို့ ခင်ဗျားထင်နေအုံးမယ်။ မဟုတ်ဘူးဗျ။ ဖူးခက်ရောက်ထိုင်းနိုင်ငံရောက် အမျိုးကောင်းသား၊ အမျိုးကောင်းသမီး မြန်မာ တိုင်းရင်းသားတိုင်းလိုလို ကိုယ်တတ်နိုင်တဲ့ဖက်က ကြိုးပမ်းနေကြတာပါ။

ကြည့်လေ၊ ထိုင်းမတွေ အဖြူကောင်တွေနဲ့ စည်းမရှိကမ်းမရှိတွဲပြီး မိုးလင်းမိုးချုပ်ဘီယာတမြမြလုပ်နေတာကို ကျုပ်တို့ မွန်၊ ထားဝယ်၊ ကရင်၊ ဗမာမလေးတွေက အညွှန့်မခံဘဲ တန်းတူလိုက်သောက်နိုင်ကြတယ်။ ယောက်ျားဆို ပေါတစ်ယောက်၊ ပေါတစ်ယောက်ပြောင်းယူနိုင်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

အမျိုးကောင်းသားတွေလည်း မညံ့ပါဘူးဗျာ။ အာရှသာတူညီမျှရေး အထိမ်းအမှတ် အနေနဲ့ ဘိန်းစာရွက်ကနေ ဖန်တီးထားတဲ့ အာစီယံခေါ် ဘဝင်မြင့်ဆေးကို ၉၅ ရာခိုင်နှုန်းသော မြန်မာများက တာဝန်ယူသောက်သုံးရင်း ဇာတိသွေးပြလျှက်ရှိပါသဗျ။ ဒါတင် ဘယ်တဦးမလဲ။ ထိုင်းအလုပ်ရှင်တွေက ဗမာအလုပ်သမ မြန်မာအမျိုးသမီးတွေကို ခြေတော်တင်ကြ၊ မုဒိန်းကျင့်ကြတာတွေရှိသလို၊ အားကျမခံ ဖူးခက်မှာ တိုင်းရင်းသား အချင်းချင်းဖြစ်တဲ့ မုဒိန်းလူသတ်မှုတွေ ကြိုကြားကြိုကြားရှိပါ့ဗျာ။

(၇)


အေးလေ၊ ကျုပ်ပြောခဲ့ပါပြီကော၊

သေချာစဉ်းစားကြည့်လေ၊ ဇာတိမာန်ဆိုတာလူမျိုးတစ်မျိုးအတွက် အရေးကြီးလေဆိုတာ။ လူတစ်ဦးချင်းစီအတွက်တော့ ဇာတိပုညဂုဏ်မာနဆိုပါတော့ဗျာ။

*(ဆဲဝင်းအေးနေ့စဉ်သတင်းစာ၊ မေ(၁၄) ၂၀၁၃၊)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ညိုတို့အမေ

ကျနော်ကြည့်ခဲ့ဖူးသမျှ ရုပ်သံဇာတ်လမ်းတို့တွင် ပါဝင်ကြသော ဇာတ်ကောင်များ အနက် "ကြိုင်ဝင်းရီ" ကို ကျနော့် စိတ်မှာ မှတ်မှတ်ထင်ထင် ရှိနေခဲ့သည်။

ကြိုင်ဝင်းရီကား မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည့် "ပြည်သူ့တရားရှင် ဇာတ်လမ်းတွဲ" တစ်ခုတွင် ပါဝင်သော ဇာတ်ကောင်ဖြစ်သည်။ ကြိုင်ဝင်းရီသည် ရက်စက်ယုတ်မာရာတွင် ပြိုင်စံရှားစာရင်းဝင်သည်။ မုဒိန်းကျင့်သည်။ လူသတ်သည်။ မတရားမှုမှန်သမျှ အကုန်လုပ်သည်။ ကောက်ကျစ်သော နည်းလမ်းမှန်သမျှ အကုန်သုံးသည်။ နောက်ဆုံး သူ့ကောင်းစားရေးအတွက် အဖေအရင်းကိုပင် စတေးခဲ့သည်။ ကြိုင်ဝင်းရီ လှည့်ကွက်၊ လိမ်လည်လှည့်ဖြားချက်တို့မှာ ပြည်သူ့တရားရှင် "ပေါင်ချိန်" ပင် လက်မြှောက်အရှုံးပေးရသည်။ ဇာတ်လမ်းအဆုံး မိုးကြိုးပစ်မှ ကြိုင်ဝင်းရီ ဇာတ်သိမ်းသည်။

... ... ...

လူထုကြိုက်ပါတီက အပြတ်အသတ်အနိုင်ရခဲ့သော် ရွေးကောက်ပွဲမှာ အာဏာလွှဲရန်မဟုတ်ဘဲ လွှတ်တော်ခေါ်ယူရန် ဖြစ်သည်ဟု မြန်မာအစိုးရမင်းများက ဆိုခဲ့ပြန်ပါသည်။ လွှတ်တော်

www.burmeseclassic.com

www.burmeseclassic.com

ခေါ် ယူနိုင်ရန်အတွက် အမျိုးသားညီလာခံကို ကျင်းပခဲ့ရာ ဆယ်နှစ်ကျော် ကြာမြင့်ပါသည်။ အတိုက်အခံခေါင်းဆောင်ကို လက်စတုံး အပြီးအပြတ်ရှင်းရန် ဒီပဲယင်းတွင်ကြံစည်ရာ မအောင်သည့်အဆုံးတွင် နိုင်ငံတော် လုံခြုံရေးအတွက်ဆိုကာ ၁၄ မိုးနီးပါး နေအိမ်တွင် အကျယ်ချုပ်ထားရှိသည်။

အာဏာတည်မြဲရေးအတွက် စိုးရိမ်သည်ဟု ယူဆရသည့် ၈၈ မျိုးဆက်တို့ကို ထောင်ဒဏ် ၆၅ နှစ်အထိချသည်။ ဗိုလ်ချုပ်ဆေထင်၊ ဦးခွန်ထွန်းဦးအပါအဝင် တိုင်းရင်းသားခေါင်းဆောင်တို့လည်း အနှစ် ၁၀၀ နီးပါး ထောင်ဒဏ်တွေ တသီကြီးနှင့် ထောင်တွင်းမှာပင် ရှိနေသည်၊ မြန်မာ့အရေးလှုပ်ရှားသူမှန်သမျှအတွက် ထောင်တံခါးအားလုံးကို အသင့်ဖွင့်ထားသည်။ လူထုကား ဖွတ်ကျောပြာစုံ ခရုဆံကျွတ်၊ ဖွတ်ဘိုးအေဘဝမှာပင် ကူကယ်သူ ဝေးနေဆဲ။

မြန်မာအစိုးရမင်းများ၏ ခြေလှမ်းနှင့် ပြုမူဆောင်ရွက်တို့ကို မြင်ရတိုင်း ကျနော် "ကြိုင်ဝင်းရီ" ကို သတိရမိသည်။

... ... ...

ဤရက်ပိုင်းမှာပင် ငချစ်ညိုတို့အမေ ဒေါ်ဇံကလားကို ဆရာအိုးဝေညိုမြ၏ ကုန်းဘောင်ရှာပုံတော်မှာ အမှတ်မထင် တွေ့ရသည်။

... ... ...

ဦးချစ်ညိုကား မြင်းစီး၊ လှံထိုး၊ ကြိုးပစ် စသော သူရဲကောင်းအတတ်တို့၌ ကျွမ်းကျင်၏။ သူ့မိခင် ဒေါ်ဇံကလားက (ငါ့သား . . . မင်းဖြစ်လိုလျှင် မုဆိုးဘိုသား အောင်ဇေယျကို ဦးစွာသုတ်သင်ရမည်။ အောင်ဇေယျကား ကိန်းခန်းကြီးလှသည်။ အောင်ဇေယျကို စောစောကပင် မသုတ်သင်နိုင်သော်၊ သင့်အဖို့ အခက်ကြုံချိမ့်မည်။ သူ့ကို မရလျှင် အင်းဝသို့ဝင်၍ ကျွန်ခံလေ) ဟုဆို၏။

ဒေါ်ဇံကလားကား ဗေဒင်အခါပေးကောင်း၍ တစ်နေ့သဌ် (ယနေ့သည် အခါကောင်းသောနေ့ဖြစ်၍ မုဆိုးဘိုသားကို အဖမ်းအယူထွက်လော့) ဟု ဆို၏။

... ... ...

ထိုနေ့၌ပင် ဦးအောင်ဇေယျလည်း ဦးချစ်ညိုကို ဖြားယောင်းသွေးဆောင် သိမ်းသွင်းရန် မြင်းစီး၍ ခင်ဦးမြို့ဆီသို့ ထွက်ခဲ့၏။ ဦးချစ်ညိုက စစ်မှုစစ်ရေးကျွမ်းကျင်၍ ဗိုလ်ခြေတပ် သိန်းသော်လည်း တစ်ယောက်နှင့်ခံနိုင်သူဟု ယူဆသဖြင့် အသာတကြည်ဆွေးနွေးစည်းရုံး လိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com

လမ်းတွင် သူတို့နှစ်ဦး ရင်ဆိုင်မိရာ ဦးချစ်ညိုက ကြိုးကွင်းပစ်ကာ ဦးအောင်ဇေယျ၏ လည်ပင်းကို ရစ်ပတ်လေသည်။ ထိုသို့ ရစ်ပတ်ဆွဲငင်ရာတွင် ဦးအောင်ဇေယျနှင့်တကွ မြင်းလည်း လဲလေသည်။ ဦးအောင်ဇေယျသည် လဲရာမှထ၍ ကြိုးကို ဓားနှင့်ဖြတ်နေခိုက် ဦးချစ်ညိုက လှံနှင့်ပစ်သည်။ ဦးအောင်ဇေယျက ဓားနှင့်ကာသဖြင့် လွဲလေသည်။

ဦးချစ်ညို၏ညီ ဦးချစ်မြက အစ်ကိုဘက်မှကူညီရန် လိုက်လာ၏။ သို့သော် ထန်းပင်ထက်မှ ထန်းသမားက (တစ်ဦးချင်း ရန်ဖြစ်နေသည်ကို ဘာလို့ ကူညီရမည်လဲ) ဆိုကာ ထန်းပင်မှဆင်း၍ ချစ်မြ၏ လည်ပင်းကိုညှစ်၏။ ဤတွင် ချစ်မြက (ကယ်ပါ) ဟု အော်သည်ကို သူ့အစ်ကို ဦးချစ်ညိုကြားသော် ဦးအောင်ဇေယျကိုလွှတ်ခဲ့၍ ညီနှင့်ထန်းသမားတို့ လုံးထွေးသတ်ပုတ်ရာသို့ ပြေးလာ၏။ သို့မှ ထန်းသမားလည်း ချစ်မြကိုလွှတ်ကာ ပြေးလေသည်။ ဦးအောင်ဇေယျသည် တစ်ဦးနှင့် နှစ်ဦးဖြစ်၍ မြင်းစီးကာ အပြင်းဆုတ်ခွာလေသည်။ ခင်ဦးသို့ ဦးချစ်ညိုတို့ ညီအစ်ကိုရောက်သော် မိခင်ကမေးသည်။

မိခင် ။ ။ အောင်ခဲ့၏လော။

ချစ်ညို ။ ။ ကျနော် အောင်ဇေယျနှင့် အထွေးထွေးရှိသည်တွင် ချေစ်မြသည် ထန်းသမားနှင့်အချင်းဖြစ်၍ ကူညီရန်သွားရပါသည်။ထိုအတောအတွင်း အောင်ဇေယျက မြင်းစီးပြီး ခွာလေသောကြောင့် မအောင်မြင်လေ။

မိခင် ။ ။ (ထမီကို ခါ၍) ဟယ် . . . သားမောင် များပြီ။ ရှင်ဘုရင်လုပ်မည့်သူမှာ ညီဟူ၍ အမှတ်ထားရာသလော။ ညီဆိုသည်မှာ ဟောဒီမိခင် ဝမ်းဗိုက်ရှိသမျှ ရနိုင်သည်။ (မူရင်းသတ်ပုံအတိုင်း)

. . . . . . . . .

ပရမတ္တမ အမြင်အရမူ လောကသည် အချည်းနှီးတည်းဟု ဆိုပါသော်ငြား ပညတ်ထဲက ခွဲမထွက်နိုင်လေသေးသော ကျနော့်စိတ်သည် ကုန်းဘောင်ခေတ်ဦးမှသည် မျက်မှောက်ခေတ်ဆီသို့ ရောက်လာပြန်ပါသည်။ အစိုးရမင်းများသည် သက္ကရာဇ် ၂၀၁၀ တွင် ပါတီစုံ ဒီမိုကရေစီစနစ်အတွက် ရွေးကောက်ပွဲများ ကျင်းပတော့မည်ဟု ဆိုပါသည်။ အပစ်ရပ်အဖွဲ့များအားလုံးကို နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းရန် အားထုတ်နေလေရာ အများညီညီ၊ မညီညီ 'ဤ' ကို 'ကွဲ' ဟုဖတ်ခိုင်းရင်း ကိုယ့်ရှူးကိုယ်ပတ်လျက်ရှိပြီ။ ကနဦးမီးပွားမှာ လောက်ကိုင်နယ်မြေ ကိုးကန့်တပ်ဖွဲ့တွေကစသည်။ လက်နက်စက်ရုံထောင်ခြင်း၊ မူးယစ်ဆေးဝါး အကြီးအကျယ် ရောင်းဝယ်ဖောက်ကားခြင်းဟူသော စွဲချက်များဖြင့် တပ်ရင်း၊ တပ်မ အင်အား အလုံးအရင်းနှင့်ဝင်တိုက်ရာ ဖုန်ကြားရှင် တောပုန်းဘဝ ပြန်ရောက်သွားသည်။

ဖုန်ကြားရှင်အဖြစ်ကိုကြည့်ကာ ကျန်အပစ်ရပ်များ မျက်ကလဲဆန်ပြာ ဖြစ်ကုန်သည်။နောက်ထပ်ဖွင့်မည့် စစ်မျက်နှာသည် UWSA လော၊ ကချင်တို့ပေလော စောင့်မျှော်နေရလေပြီ။ လူထုအုံကြွမှုကိုသာ နှိမ်နင်းတတ်သော မြန်မာစစ်တပ် ရှေ့တန်းပြန်ရောက်တော့ မည့်အချိန်။ နယ်စပ်ဒေသတည်ငြိမ်မှု ပျက်ပြားနေသောအချိန်တည်း။

. . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံတွင် မတရားသောစစ်အစိုးရကို အံတုဖက်ပြိုင်အံ့ဟု ဖွဲ့စည်းခဲ့လေသော အဖွဲ့ချုပ်ကြီးတစ်ခုသည်ရှိ၏။ အဆိုပါ အဖွဲ့ကြီးသည် ရွေးကောက်ပွဲဝင်ရေး၊မဝင်ရေးကို အဖြေမပေးသေးချေ။ မပေးနိုင်သေးသည်လော၊ ဝေခွဲရခက်နေသည်လော မဆိုနိုင်။ လက်ရှိ တိုက်တွက် မှန်သမျှသည်လည်း မဲပြာပုဆိုးထဲက မထွက်နိုင်သေး။ အစိုးရမင်းများကို ကြိုင် ဝင်းရီက အဖေခေါ်ရလောက်အောင် နိုင်ရင်ပြီးစတမ်း၊ ခါးတောင်းကျိုက် မဖြုတ်တမ်း ရုတ်စက်မှုအပေါင်း သရုပ်ဆောင်နေချိန်တွင်၊ ယင်းအဖွဲ့ကြီးကား နစ်လုဆဲဆဲ လှေပျက်ကြီး ကို ဖက်တွယ်ထားနေဆဲ။ ခါးချိနားထိုင်း ဇရာပိုင်းလွန်နေသည့် ခေါင်းဆောင်များနှင့်ပင် နယ်ဘက်မှာသုံးနေဆဲ လော်ကယ်ရထားကြီးနှယ် အရွေ့နှုန်း နှေးနေသည်။ လူထု၏ဒုက္ခ အပေါင်းကို ကယ်တင်မည့်အဖွဲ့ကြီးကား မည်သည်ကို တွေးတောနေပါသနည်း။

••• ••• •••

အစိုးရမင်းတို့ဘက်တွင်လည်း ကိုယ့်ကတိနှင့်ကိုယ် ကိုယ့်ကြိုးကွင်းကိုယ်စွပ်ကာ ရွေး ကောက်ပွဲအရေး၊ အပစ်ရပ်အရေး၊ နိုင်ငံတကာဖိအားမျိုးစုံ ရင်ဆိုင်နေရချိန်သည် စစ်ဦးကို ဟူးဟူးလျှင်လျှင် ဖွင့်ရမည့်အချိန် မဟုတ်လေသလော။ စစ်မင်းများ အကျပ်ရိုက်နေမည့် ဤအချိန်သည် စစ်ဦးကို ဟူးဟူးလျှင်လျှင် ဖွင့်ရမည့်အချိန်ပေတကား။ ငချစ်ညိုတို့ အမေ ဒေါ်ဇကလားသာရှိပါမူ ဤအချိန်ကို ထွက်တိုက်ကြရမည့်အချိန်ဟု အခါတော်ပေးပေလိမ့် မည်။

အရှည်ကို တွေးတောကြံဆခြင်း၊ အစေ့အစပ် ဆင်ခြင်သုံးသပ်ခြင်းတို့သည် ကောင်းမွန် လှပါ၏။ သို့သော် ယင်းတို့သည် တွေဝေတွန့်ဆုတ်ခြင်းနှင့် အလွန်ပါးလွှာသောနံရံတချပ်သာ ကွာနေကြောင်း သတိချပ်သင့်သည်။ တွန့်ဆုတ်တွေဝေခြင်း၊ စိတ်ကူးယဉ်နေခြင်း၊ ထောက် ထားညှာတာနေခြင်းတို့ဖြင့် အချိန်ကုန်မည်ဆိုပါမူ လူထုကိုကယ်တင်နိုင်မည့် အခြေအနေ သည် ရွေ့လျောသွားပေလိမ့်မည်။ ယခု လတ်တလောအခြေအနေ၌ ငချစ်ညိုတို့ အမေကို မြန်မာ့အရေးအတွက် သဘောထားမှတ်ချက် တစ်စုံတစ်ခုပေးရန် ပြောဖြစ်ခဲ့သည် ဆိုငြားအံ့။ အဖွဲ့ချုပ်ကြီး မရှိသည့်တိုင် သူရဲကောင်းဟူသည် လူထုရှိသမျှ မွေးဖွားလာနိုင်ကြောင်း ဒေါ်ဇ ကလားက ထမိကိုပုတ်၍ပြောမည်ဟု ကျနော်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချိုတကူးနှင့် ဂုဏ်ရည်တူသူများ

ဆရာအောင်သင်း၏ "ချိုတကူးနှင့် ဂုဏ်ရည်မတူ" ကို ကျနော် အထက်တန်း ကျောင်းသားဘဝက ဖတ်ခဲ့ရဘူးသည်။ သည့်ထက်အရွယ်ရောက်သောအခါ ဆရာအောင်သင်း၏ စာပေဟောပြောပွဲများတွင်လည်း ချိုတကူးကို ပြန်ဆုံရပြန်ပါသည်။ ဖတ်ဖန် ဆုံဖန်များသော် ချိုတကူးသည် ကျနော်နှင့် ရင်းနှီးလာသည်။ အပြည့်အစုံမဟုတ်သည့်တိုင် ကျနော်မှတ်မိသမျှ ချိုတကူး၏ အကြောင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

• • •  • • •  • • •

ချိုတကူးမှာ မြေလတ်မြို့လေးတစ်မြို့မှ ဆယ်သုံးနှစ်ဝန်းကျင် အရွယ်ကုလားလေး ဖြစ်ပါသည်။ ချိုတကူးသည် ထိုမြို့သားမဟုတ်ပါ။ ဒုတိယကမ္ဘာစစ် အတွင်းတွင် ချိုတကူးတို့ မိသားစု အိန္ဒိယပြည်သို့ ပြန်မည့် သင်္ဘောတစင်း အဆိုပါမြေလတ်မြို့ ဆိပ်ကမ်းတွင် ကပ်နေစဉ် ချိုတကူးတို့ သားအဖသုံးယောက် အစားအသောက်ဝယ်ရန် ဆိပ်ကမ်းသို့အဆင်း၊ ရုတ်တရက် လေကြောင်းရန် အချက်ပေးဥသြသံကြောင့် ကမ်းမှ အရေးပေါ် ထွက်ခွာသွားခဲ့ရာ အဆိုပါ သားအဖသုံးယောက်မှာ မိသားစုနှင့် ကွဲလျက်ကျန်ခဲ့ရရှာသည်ဟုဆိုပါသည်။ မကြာမတင်မှာပင် ချိုတကူး၏ အဖေ

www.burmeseclassic.com

www.burmeseclassic.com

နှင်းအကြီးမှာ တာလဝမ်းရောဂါကြောင့် ရှေ့ဆင့်နောက် ဆင့် ဆုံးပါးကုန်ကြရာ တမြို့တရွာတွင် တကောင်ကြွက်တမျက်နှာ ကျန်နေခဲ့ရှာသော ချို တကူးမှာ တမြို့လုံး၏ ခိုင်းဖတ်ဘဝသို့ ရောက်ရရှာသည်။ တဝမ်းတခါးအတွက် ရေခပ်ထင်းခွဲ မှအစ အောက်ခြေသိမ်း အမှိုက်သိမ်း လူတကာ မလုပ်ချင်သည့် အလုပ်မျိုးစုံဖြင့် အသက်ဆက် ခဲ့ရသူ ဖြစ်ပါသည်။

လူတကာ၏ အောက်သို့ကျို့ကာ ဘဝကို ဖြစ်သည့်နည်းဖြင့် ရုန်းကန်နေရသည့် မိမရှိ ဘမရှိ ဆွေမျိုးညာတကာနတ္ထိ ချိုတကူးကို တမြို့လုံးက ဂရုဏာသက်ကြသည်ဟုဆို၏။ သို့သော် ချိုတကူးကား သူ့ဘဝကို ပျော်ပျော်ပင် ဖြတ်ကျော်နေခဲ့သည်ဆို၏။

... ... ...

အနှီ ချိုတကူးသည် တနေ့သောအခါ ဒါရိုက်တာဦးသုခ ရိုက်ကူးသော ရုပ်ရှင်မင်းသမီးကြီး မေသစ်ပါဝင်သည့် ဂုဏ်ရည်မတူအမည်ရှိ အလွမ်းဇာတ် ဘိုင်စကုပ်ကို ကြည့်နေစဉ် မေသစ်ကြီး၏ ပိုင်နိုင်လှသော သရုပ်ဆောင်ချက်ကြောင့် ရှိုက်ကြီးတငင်ငင် ငိုသည်ဟု ဆိုပါသည်။ ရုပ်ရှင်ရုံအပြင်ရောက်သည့်တိုင် မေသစ်ကို သနားမဆုံးနိုင် တဖွဖွဖြစ်ရသည် ဆို၏။ တမြို့လုံးက ပိုင်းသနားကြသော ဒုက္ခသည်အစစ် ချိုတကူးသည် ဘိုင်စကုပ်ထဲက ဒုက္ခသည်အတု မေသစ်ကို ကြည့်ကာ သနားခဲ့လေသောကြောင့် ဆရာအောင်သင်းသည် သူ့ဇာတ်အဆုံးတွင် လူတို့၏ သဘောသည် အစစ်ထက် အတုကို ပိုမိုမြတ်နိုးတတ်ကြောင်း ကောက်ချက်ဖြင့် နိဂုံးချုပ်ခဲ့ပါသည်။

... ... ...

ရေဖွဲ့မှုပင် သဘာဝကျနပိုင်နိုင်လေသလော။ ကျနော်ပင်လျှင် ခံစားတတ်သူပေလော မဝေခွဲနိုင်လင့်ကစား ချိုတကူး၏ ဇာတ်လမ်းသည် ကျနော့်စိတ်အစဉ်တွင် အဆုံးမသတ်နိုင်သေးချေ။ သဘော်ကြီး ကမ်းကခွာသွားရုံမျှဖြင့် ချိုတကူးသည် ဘဝကို စုံစုံအမြုပ်ခံလိုက်လေသလော။ အောင်လံမြို့တွင်ပင် အရွယ်ရောက်ကာ အိမ်ထောင်ရက်သားကျ သွားလေသလော။ ချိုတကူး၏ သားစဉ်မြေးဆက်တို့သည် အောင်လံမြို့တွင် ယခုတိုင် ရှိနေသေးသလော။ သို့တည်းမဟုတ် မဟာဇနက္ကထုံး နှလုံးမူလျက် ရရာအလုပ်ကို လုပ်ကိုင်လျက် ငွေကြေးစု ဆောင်းကာ လုံလောက်သည့်တနေ့တွင် မိသားစုရှိရာ အိန္ဒိယပြည်ကြီးသို့ တမူးမိုးရေ လမ်းမှ ဖြတ်သန်းပြန် သွားနိုင်ခဲ့လေသလော။

... ... ...

ချိုတကူးသာ သက်ရှိထင်ရှား ရှိအုံးမည်ဆိုပါက ယခုအချိန်တွင် အသက် (၇၀)ကျော်ဝန်းကျင် ဦးချိုတကူး ဖြစ်ပေရော့မည်။ ဦးချိုတကူးသည် မြေလတ်မြို့ကလေးတွင်ပင်



www.burmeseclassic.com

www.burmeseclassic.com

အောင်မြင်ထွန်းပေါက်သော ဘဝကို တည်ဆောက်နိုင်ခဲ့သည် ဆိုပါက ချီတကူးနေထိုင်ရာ မြေလတ်မြို့သားတို့ကလည်း နိုင်ငံကျော်ချီတကူး၏ ဇာတ်လမ်းနောက်ဆက်တွဲကို စကားလက်ဆင့် ကမ်းကြပေလိမ့်မည်။ ထိုသို့သော အသံကိုလည်း ဆက်လက် ကြားရခြင်း မရှိချေ။ သို့တည်းမဟုတ် ချီတကူးသည် တမူး မိုးရေးလမ်းမှတဆင့် ပြည်တော်ဝင်၍ အိန္ဒိယတိုက်ကြီး၏ တနေရာတွင် အောင်မြင်သော ဘဝတခုကို ထူထောင်နိုင်ခဲ့ပါကလည်း မြန်မာပြည် အထက်တန်း ကျောင်းသုံးမြန်မာစာ စာအုပ်တွင် ရေးဖွဲ့ထားခဲ့သည်အထိ ကျော်ကြား ခဲ့လေသော သူ့ဘဝ၏ အခန်းဆက်ကို သူသည်လည်းကောင်း သူ့အနီးဝန်းကျင်မှ သူတို့သည်ကောင်း စာတစောင်ပေတဖွဲ့ ရေးပြပေလိမ့်မည်။

. . . . . . . . .

ယခုမူ ချီတကူးနှင့်ပတ်သက်၍ သတင်းနောက်ထပ်အစအန မရသည်တို ထောက်ရှုပါက ဤဇာတ်လမ်းတွင် အစပိုင်းက ရေးဖွဲ့ ခဲ့သကဲ့သို့ ချီတကူးသည် သာမန်ဒုက္ခသည် တစ်ဦးကဲ့သို့ပင် ဘဝကို အဆုံးသတ်သွားဟန်ရှိလေသည်။ မေသစ်၏ ဂုဏ်ရည်မတုကို ကြည့်၍ ငိုသည့်နည်းတူ ရွှေဘ၊ တင်ညွန့်တို့၏ ဘိုင်စကုတ်များကိုကြည့်ကာ လက်သီးတိုးခန်းတို့ကို အားကျနေခဲ့ပေလိမ့်မည်။ သာဂေါင်၊ သာဆန်း၊ အေးကိုတို့၏ ဟာသကားများကို ကြည့်ကာ ရယ်မောပျော်ရွှင်နေခဲ့သည်ဟုပင် တွေးစရာရှိပေတော့သည်။ ချီတကူးတယောက် ဘိုင်စကုပ်ကြည့်လိုက်၊ ငိုလိုက်ရီလိုက်၊ အားတက်လိုက်၊ စိတ်ဓာတ်ကျလိုက်ပုံစံနှင့် ဘဝကို ဖြတ်ကျော်နေသည်ဆိုလျှင်မူကား ချီတကူးကား အတုကို ဖြတ်နိုးရင်း ငိုလိုက် ရီလိုက်နှင့်ပင် ဘဝကို အဆုံးသတ်သွားသူပေတည်း။

. . . . . . . . .

အတွေးစဤနေရာသို့ ရောက်သောအခါ ကျနော်သည် ချီတကူးဖြစ်နေသည်ကို အလန့်တကြားတွေ့ရှိရလေသည်။ ကျနော်သည် ဆွေမျိုးမျိုးမရှိသော ဖူးခက်မြို့သို့ အိတ်တလုံးဆွဲကာ တကောင်ကြွက်တမျက်နှာ ရောက်ခဲ့သူတည်း ။ ထမင်းတလုပ်အတွက် ရေခပ်ထင်းခွဲ တောက်တိုမယ်ရအလုပ်မျိုး၊ မလုပ်ရသည့်တိုင် ကျနော့်ဘဝ မျက်နှာငယ်ရသော အခြေအနေတွင် ချီတကူးသည် ကျနော့်ထက်မသာချေ။ မြေလတ်မြို့လေးနှင့် ဖူးခက်သာ ကွာမည်။ မျက်နှာငယ်ရ၊ တကြောင့်ကြကြဘဝကား ထပ်တူပင်။

ရောက်စကသော် ဉပြသံကြောင့် ဆိပ်ကမ်းမှ သင်္ဘော်ခွာလေသည်တွင် ချီတကူးတို့ သားအဖ မြေလတ်မြို့ကလေး၌ ယောင်နနကျန်ခဲ့သည်ခံစားမှုနှင့် တူတန်ကောင်း၏။ စာဖြည်းဖြည်း လမှ နှစ်သို့တိုင်သော်၊ ကျနော်သည် ထိုင်းရဲနှင့် ပလဲနံပသင့်အောင် ပေါင်းရသင်းရသည်။ ထိုင်းကွတ်တီယိုလေးနှင့် ရင်းနှီးခဲ့ပြီ။ စူပါမားကက်တကာ၊ ကုန်တိုက်မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com

အနံ့မှာ ဈေးသည်ရှင်း စိတ်ဖြေသည်။ ကွန်ပျူတာတစ်လုံးနှင့် စာတိုပေစလေးတွေ ရေးသည်။ ဖိနပ်ဟောင်း တစ်ရံ၊ ကရွှန်၊ ကတကမ်းခြေအလှတွေမှာ ယစ်မူးသည်။

... ... ...

ဖူးခက်မြို့မှာနေရင်း အင်တာနက်မှလည်းကောင်း ရေဒီယိုမှလည်းကောင်း မြန်မာပြည်ကြီး အဖြစ်သနစ်စုံကို ကျနော် နားထောင်မြဲဖြစ်သည်။

လွန်ခဲ့သောကာလများက ဒေါ်အောင်ဆန်းစုကြည် ချောင်းမြောင်း ရိုက်နှက်ခံရသည်ကို ကြားသော် ကျနော့်အမျိုးအတွက်ရှက်သည်။ နာဂစ်မုန်တိုင်းကြောင့် အလောင်းတို့ပင် မြေမမြှုပ်နိုင်သော အဖြစ်တို့ကြောင့် မျက်ရည်ပေါက်ပေါက် ကျရလောက်အောင် ဝမ်းနည်းသည်။ ကျောင်းသား ခေါင်းဆောင်များ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများကို ဥပဒေလက်လွတ် မတရားထောင်ချမှုများ၊ နယ်ဝေးထောင်များသို့ပို့ရုံမက မိသားစုနှင့်ပင် တွေ့ခွင့် မပေးသည် အထိ ရက်စက် ယုတ်မာမှုများကို ကြားရသိရသည့်အခါ ဝမ်းနည်းပက်လက် ဒေါသထွက်ကာ ပေါက်ကွဲရသည်။ ဘန်ကီမွန်းကိုလည်း အားကိုးတကြီးမျှော်လင့်၏။ ဂန်ဘာရီကိုလည်း တိတ်တခိုး မှီခိုသည်။ အမေရိကန်၊ အာစီယံ၊ ဥရောပသမဂ္ဂ တို့ကိုလည်း ထိုနည်းနှင်နှင်။ ရိုဟင်ဂျာ သတင်းကြောင့် တထိတ်တလန့် ဖြစ်ရသည်။ အိုဗားမား သတင်းကြောင့် အားတက်သည်။

ထို့အတူ ဤအခါသမယ၌ ပြောင်းလဲလာသော ကျနော့်အမိမြေ၏ အခြေအနေ အရပ်ရပ်တွင် သမတကြီး၏ မိန့်ခွန်းများကြောင့် ပျော်ရွှင်လိုက်၊ ထူးမခြားနားသော အဖြစ်သနစ်တို့အတွက် စိတ်ညစ်လိုက်၊ နိုင်ငံတကာအသိုင်းအဝိုင်းမှာ ဒေါ်အောင်ဆန်းစုကြည် အရေးပါလာသော အခါ တက်ကြွလိုက်နှင့်ကျနော်သည် ချိုတကူးနှင့် ဘာထူးပါသနည်း။

... ... ...

တဖြည်းဖြည်း ဖူးခက်မြို့အနံ့မှ ရွှေ့ပြောင်းအလုပ်သမားတွေနှင့် ရင်းနှီးကျွမ်းဝင်လာသည့်အခါ အချို့မှာ ခဏတဖြုတ်ဟူ၍သာ လာလိုက်ကြသည်မှာ အနှစ်နှစ်ဆယ်ဝန်းကျင်ပင် ရှိခဲ့ကြပြီ။ ထိုင်းရဲများနှင့် ဆုံသော် ပြေရာပြေကြောင်း ဘတ်ထိုး၊ လာဘ်ထိုးညှိကြသည်။ များသောအားဖြင့်မူ မတွေ့အောင် ရှောင်ကြတိမ်းကြ၊ ဂျက်ဆီကိုဂျိန်းကြသည်။ ဘဝတဝမ်းတခါး ငွေစတချို့ စုမိလေပြား နေဝင်နေထွက် ရုန်းကြကန်ကြသည်။ ချမ်း (ဆင်တံဆိပ်) ဘီယာလေးနှင့် မွေ့သည်။ ခရုန်ထစ်စီးကရက်ကို လက်ကြားကမချ။ ထိုင်းအစားအစာ ချဉ်စပ်စပ်ကို ခုံမင်နေတတ်ပြီ။ တခါတခါ အကြာကြီး သတိမေ့မျောနေရာမှ သတိပြန်လည်လာသော လူမမာလို ဗမာပြည်သတင်း ဘာထူးသေးလဲဟု နှုတ်ခွန်းဟဟ မေးတတ်ကြသည်။ အသက်ကိုပင် ရဲရဲမရှူံ့ကြသော်ငြား ဆက်၍ဆက်ခါ ပျော်ကာနေမြဲဖြစ်၏။ မြန်မာပြည်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သာကြောင်းကိုကြားလျှင် လွမ်းမောရ၍ ချာကြောင်းကိုကြားလျှင် အမျက်ထွက်သည်။ နောင်သော် မေ့မေ့ပျောက်ပျောက် အပျော်မပျက်ကြပြန်။ ချီတကူး ပုံနှယ်သာတည်း။

... ... ...

ထိုမူတဝ အင်္ဂလန် အမေရိကန်နှင့် ဥရောပနိုင်ငံအနှံ့ အပြားသို့ ရောက်ရှိနေကြလေတုန်သော မြန်မာပြည်ဖွားတို့လည်း ကျနော်လက်လှမ်းမီသမျှ ကြားသိသမျှ ဤနည်းနှင်နှင်သာတည်း။ မြန်မာ့ရေးရာ စေတဒဂ်များ အာဇာနည်တို့၏ လေပတန်အပြည့်ဖြင့် ပြည်တော်ဝင်၊ ပြည်ထောင်ခန်းတို့ကို အပြည့်အစုံရေးရသော အကျိုးထက် အပြစ်သာမြင်၍ မရေးမဖွဲ့လိုတော့ပြီ။ ဒုက္ခသည် ချီတကူးသည် ဒုက္ခတောထဲမှနေ၍ အတုကို မြတ်နိုးငိုကြွေးနေသူ။ ဒုက္ခနွံကို မေ့လျော့နေသူ။ ကျနော်တို့ကား ချီတကူး၏ ခြေရာကို နင်းသူများဖြစ်ကြ၏။

... ... ...

အတုကြောင့် ဖြစ်စေ၊ အစစ်ကြောင့် ဖြစ်စေ၊ ဝိုကာ၊ ရယ်ကာမျှဖြင့်တော့ အောင်ပွဲသို့ချီနိုင်မည်မဟုတ်ချေ။ ငိုခြင်းရယ်ခြင်း၊ ပူဆွေးခြင်း၊ ပြုံးခြင်းမဲ့ခြင်း အားငယ်ခြင်း တက်ကြွခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းကား သဘာဝတရားမျှသာဖြစ်၍ ထူးဆန်းလှသည် မဟုတ်ချေ။ လောကတံထွာ ဓမ္မတာဖြစ်၍ အလုံးစုံသော လွတ်မြောက်ခြင်းကို မဆောင်ကြဉ်းချေ။

သို့ကြောင့် ထိုသည် လမ်းဆုံး မဟုတ်တန်ချေ။ ချီတကူးကို ကျနော် ခြေရာခံသည့်နည်းတူ နောင်လာလတ္တံ့သော ကျနော်တို့ မျိုးဆက်တို့သည် ကျနော့်တို့ကို ခြေရာခံကြ ပေလိမ့်မည်၊ ထိုနံရောအခါတွင် ကျနော်တို့သည် ချီတကူးနှင့် ဂုဏ်ရည်တူသူ စာရင်းတွင် အပါအဝင်ဖြစ်နေပေလိမ့်မည်။

... ... ...

အလျှဉ်းသင့်သည် ဖြစ်သောကြောင့် စတုတ္ထတန်းဖတ်စာပါ သားတယောက်ကိုသာမြင်သည်ဟူသော ပုံပြင်ကို ဤနေရာ၌ ဖော်ပြလိုသည်၊ဇရပ်အို တခုပေါ်တွင် အဘိုးအိုတစ်ဦးထိုင်လျက်နားနေသည်။ မလှမ်းမကမ်းရှိ ရေတွင်းတခုတွင် မိန်းမကြီးသုံးဦး ရေအိုးကိုယ်စီဖြင့်ရောင်လျက်ရှိကြစဉ် ပထမ မိန်းမကြီးက သူ၏သားသည် သီချင်းဆိုရာ၌ အသံ အလွန်ကောင်းသူဟုဆို၏။ ဒုတိယ မိန်းမကြီးကမူ သူ၏ သားသည် အပြေးအလွန်သန်သည် ဟုဆိုပြန်သည်။ တတိယ မိန်းမကြီးကမူ သားဖြစ်သူအကြောင်းတခွန်းမျှ မပြောချေ။ ထိုစဉ်ကလေးငယ်သုံးဦးသည် ရေတွင်းရှိရာသို့ လာနေကြ၏။ တဦးသော ကလေးမှာ အလွန်သာယာသော တေးသီချင်းတပုဒ်ကို သီဆိုရင်း လာနေ၏။ အခြားကလေးတဦးမှာမူ



www.burmeseclassic.com

www.burmeseclassic.com

သံချေးတခုကို လှိမ့်လျက် အပြေးလာနေ၏။ ထိုကလေး နှစ်ဦးစလုံးမှာ ရေတွင်းဘက်သို့လှည့်၍ ပင် မကြည့်ချေ။ နောက်ဆုံး ခပ်မှန်မှန် လျှောက်လာနေသော ကလေးငယ်မှာ ရေတွင်းရှိရာသို့ တန်းတန်းမတ်မတ် ရောက်လာကာ တတိယမိန်းမကြီး၏ ရေအိုးကိုထမ်းလျက် ထွက်ခွာ သွားလေသည်။

... ... ...

ထိုအခါ ပထမနှင့် ဒုတိယမိန်းမကြီးတို့က ဇရပ်ပေါ်ရှိ အဘိုးအိုအား မိမိတို့၏ သား များကို မြင်လိုက်ပါသလော? ဟုမေး၏။ ဤတွင်အဘိုးအိုက "ကျွန်ုပ် သားတယောက်တို့ သာ မြင်ပါသည်" ဟု ဆိုသည်။ သည်လိုပုံနှင့် မိုးကြီးချုပ်ပေရော့မည်။

ပြည်ပသို့ ရောက်နေကြသော မြန်မာအားလုံးကို စောင့်ကြည့်နေသည့် အဘိုးအို တစ် ယောက်သာ ရှိပါမူ . .

"မြန်မာပြည်သားများကို မြင်မိပါသလော" မေးသူရှိသည် ဟူငြားအံ့။ "ကျွန်ုပ် ချိုတကူး တို့ကိုသာမြင်သည်" ဟု ဆိုအံ့ထင်၏။ ကမ္ဘာ့အတန်းအစား ဝိဇ္ဇာဥ်များတွင် ပုံပန်းချီရေးခြင်း ဌာ စာရင်းမဝင်သော ချိုတကူး၏ပုံတူစာရင်း၌ ပါဝင်နေကြသည့် အဖြစ်ကား ဧကန်စင်စစ် မနိပ်လှချေ။ ။

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ။ မေ(၁၁)၊ ၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ချစ်ခြင်းငယ်ပြိုင်

(၁)

မြေကမ္ဘာတွင် သူသူငါငါမကင်းနိုင်လေသော ၊ လူ့ကမ္ဘာလူ့ရွာကို တည်ဆောက်ထား လေသည့် "အချစ်" ဟူသော ဝေါဟာရနှင့် စကားချီးလိုက်သဖြင့် ထိတ်ကနဲရင်ဖို ကြပေလိမ့်မည်။ ဆန္ဒမစောကြပါလေနှင့်။ ခေတ္တငုံ့စေလိုပါသည်။ ကျွန်ုပ်ဆို လတ္တံ့သော အချစ်အကြောင်းကား အပြာစာမျက်နှာကဲ့သို့ ညစ်ညမ်းသော တဏှာပေမအချစ်နှင့် လားလားမျှမဆိုင်ချေ။ ထို့အတူ အဖိုးနှင့် အဖွား အဖေနှင့် အမေ၊ ကျွန်ုပ်တို့နှင့် မော်ဒယ်များအကြား တောင်တောင်အီအီ အချစ်တို့ကိုလည်း ဆိုလိုမည် မဟုတ်ချေ။ ကျွန်ုပ် ယခုညွှန်းဆိုမည့် အချစ်သည်ကား သကျသာကီနွယ်ဟု ဆိုအပ်သော မြန်မာပြည်သားတို့၏ တိုင်းချစ်ပြည်ချစ်၊ နိုင်ငံကိုချစ်သော အချစ်ကိုဆိုသတည်း။

(၂)

ဤတွင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများတို့ကဲ့သို့သော သမိုင်းအမှုမော်ကွန်း ထုအပ်သော တိုင်းပြည်ချစ်သူများ၏ အချစ်ကိုကား အဦးအစ မူလကပင် ဝိဝါဒကွဲပြားရန်မရှိ၍ အထူးတလည် စောကြောရန်လိုမည် မထင်ချေ။ မှန်ပေ၏။ သူတို့ကား "ဂန္ထဝင်ချစ်သူ" များပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

ထို့ပြင်တာဝ ဘဝကိုရင်းလျက်၊ ထောင်နံ့ရုံကို ရင်မြေကတုတ်လုပ်၊ နောက်မဆုတ်စတမ်း တိုက်ပွဲဝင် နေသူများ၏ အချစ်ကိုလည်း အများလက်ခံသိရှိပြီး ဖြစ်သည့်အလျောက် ထပ်မံ ခြွဲခြမ်း စိတ်ဖြာရန် လိုမည်မဟုတ်ချေ။ ထိုသူတို့၏ ရေမရောသည့် နိုင်ငံချစ်သူတို့၏ အချစ် များကိုမူ "အချစ်စစ်စစ်များ" ဟု အထင်ကရ သညာပြုလိုသည်။

ထို့တမူလည်း ဆိုဖွယ်ဆုံလည်၊ ပလ္လင်ငယ်ထက်၌ စံတော်မူလျက်၊ လူတကာသေပေ့စေ၊ ငတေမာလျှင်ပြီးစတမ်း၊ သဗ္ဗညုတ ဉာဏ်ရှင်ဘုရားပင်သော်မှ မလွန်ဆန်နိုင်လေသော သံယာ့ အားကို လက်ရုံးလူမိုက် စွမ်းအားရှင်တသိုက်၏ မဟာစွမ်းပကားဖြင့် အောင်တော်မူခဲ့ပေထ သော မြန်မာစစ်မင်းများ၏ တိုင်းပြည်ချစ်နည်း နိဿရည်းတို့သည်လည်း၊ ကျမ်းထူထူ အစောင်စောင် ဖြစ်နိုင်လောက်သော်ငြား နောက်လာနောက်သားတို့ အတုခိုး မများစေခြင်းငှာ ဖော်ပြရေးသားရန် မသင့်မြန်ချေ။ သံခိပ်အားဖြင့် မှတ်ရန်မှာ" ဓာလနံအချစ်" ဟူလို။

ယခု ကျွန်ုပ် အထူးဝိဂြိုဟ်ပြုညွှန်းဆိုချင်သည်ကား အထက်ဖော်ပြပါ အာဇာနည်တို့၏ အချစ်မျိုးကို အားကျအတုယူနည်းမှီလေသလော၊ ကိုယ်တိုင်ပင် ဖန်တီးလေသလော၊ ဝေခွဲခြင်း ငှာ မစွမ်းသာသည့် အမေနှင့်ရွာကိုခွဲကာ တရပ်တကျေးနယ်အဝေးသို့ ရောက်နေသည့် ကျွန်ုပ်အနေဖြင့်၊ မျက်မြင်ဒိဋ္ဌ ကြုံနေရသည့် အဝေးရောက် ပုန်စားသူတို့၏ အချစ်များ အကြောင်းပင်တည်း ။ထို့အတူ ပြည်တွင်းနေသူအချို့၏ အချစ်တည်း။ ချစ်ခြင်းပြိုင်ကြ လေဟန်တကား။

(၃)

ချစ်သူများသည့်နည်းတူ၊ ချစ်ပုံချစ်နည်း ချစ်နိဿရည်းတို့သည်လည်း များလှပါဘိ တောင်း။ အချို့ကား ပရိုပိုဆယ်အလို့ငှာချစ်ရ၏။ အချို့ကား ကိုယ့်ကိုယ်ကို မျိုးချစ်စိတ် ပုဂ္ဂိုလ် စာရင်းသွင်းလျက်၊ စိတ်အဆာပြေအောင် ချစ်ရ၏။ အချို့ကား ဗိုနာ စိတ်မညှိုးငြင် စေရန် ချစ်ရ၏။ ချစ်မျိုးစုံလင်လှပေစွ။

အဦးအစ ဖော်ပြလိုသည်ကား မဲဆောက်စစ်ဌာနချုပ်မှ အတိုက်အခံတဦး၏ ချစ်ခြင်း တည်း။ အနီ့ပုဂ္ဂိုလ်သည် လွန်ခဲ့သောကာလများက ပြည်တွင်းမှာ ဖြစ်ပွားခဲ့သည့် ပြောက်အိုး၊ ရေထမ်းပုံး၊ ကားတာယာ၊ စက်ဘီးတာယာ၊ ဆပ်ပြာပူဖောင်း၊ အားလုံးသော ပေါက်ကွဲမှုမှန် သမျှ တယောက်တည်း ဗိုင်ခံကန်ထရိုက်ဆွဲကာ "ငါလုပ်တာ" ချည်း ဆိုတတ်လေသောကြောင့် ကျွန်ုပ်က "ဖုံးဗိုလ်ချုပ်" ဟုချစ်စနိုးအမည်ပေးမိလေ၏။ ကျွန်ုပ်နှင့် ဖုံးဗိုလ်ချုပ်တို့ အွန်လိုင်း တွင်ဆုံလေတိုင်း၊ "ကျုပ်ကအာဇာနည်ဗျ၊ ဒါဟာအမှန်တရားပဲ" ဟု အတည်ပေါက်ကြီး ဆိုတတ်လေရာ ကျွန်ုပ်မှာ ငိုရခက်၊ ရယ်ရခက်ဖြစ်လျက် နောင်သော် ဒီမိုကရေစီခေတ်လှိုင် ကာလ၌၊ အများပြည်သူ အလေးပြုနိုင်ရေးအတွက်၊ ရုပ်တုထုရန်အလို့ငှာ လေးဘက်လေး တန်မှ ရိုက်ကူးအပ်သော ဓာတ်ပုံများကို ပို့ပေးထားပါရန် မေတ္တာရပ်ခံလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သင်းအတိုက်အခံ ဗိုးဝိုလ်ချုပ်၏အချစ်ကို "ရမ်ဘိုအချစ်" ဟု အမည်ပေးရသော် သင့်နိုး ထင်မိ၏။

နိုင်ငံရေးတက်ကြွလှုပ်ရှားသူ၊ အကျဉ်းသမားများအား "ညာလက်ရောဘယ်လက်ဖြင့်ပါ စောင်မကြည့်ရှုပါအံ့" ဟူ၍ အဖွဲ့အမည်တပ် ကြွေးကြော်လေသော အဖွဲ့ကား မည်သည့် လုပ်ငန်းဆောင်တာများကို လုပ်လေသည် မသိ။ မည်သို့ ကူညီစောင့်ရှောက်သည် မသိရချေ။ လွန်ခဲ့သောနှစ်များက ကုန်စျေးနှုန်းကျဆင်းရေးအတွက် စစ်မင်းတို့ကို အံတုဖက်ပြိုင်လေ သဖြင့် အထင်ကရ ဖြစ်ခဲ့လေသော ကိုထင်ကျော် ဘယ်ထောင်ရောက်နေသည်ဟူသည့် အမေးပုစ္ဆာကိုပင် အတိအကျ အကြောင်းမပြန်နိုင်ချေ။ "အဲဒီအသင်းက ဘယ်အကျဉ်းသား တွေကို ဘယ်လိုကူညီနေတာလဲဗျ" ဟူသော ပြည်တွင်းမှ လူငယ်တဦး၏ ခပ်ငေါ့ငေါ့ အမေး ကို မည်သို့မျှ ပြန်လည် မဖြေဆိုနိုင်သည်နှင့် ကျွန်ုပ်မှာ ပဲလှော်ကြား ဆားညှပ်တော့မည်ဖြစ်ရ ကား ဟိုလိုဒီလိုလို အရှူးကွက် နင်းလိုက်ရဖူးလေသည်။ ထိုအဖွဲ့ကို ဦးစီးကြီးကိုင်သူတို့ နိုင်ငံအပေါ် ထားရှိသော အချစ်ကား "ရွှေမှုန်ကြဲအချစ်" ဟု ဆိုထိုက်ပေမည်။

အပတ်စဉ် အလှည့်ကျ အမေရိကတိုက်ကြီးမှ လွှင့်ထုတ်အပ်သော အသံလွှင့်ဌာန ရေဒီယိုမှနေ၍၊ မောင်နှင့် အောင်များ တင်ဆက်သော "အများ" အမည်ရှိ အစီအစဉ်တခု တွင် . . . "လွယ်တာကို လွယ်လွယ်နဲ့ ခက်သွားအောင် ခပ်ခက်ခက်လုပ်သင့်သည်"၊ "ယုံကြည်တာကို မယုံကြည်ခြင်းဟာ၊ မယုံတဝက်ယုံတဝက်ဖြစ်၍ ချင့်ယုံရန်လိုသည်" စသော လွန်စွာ ဆန်းပြားလှသည့် ဘာသာဗေဒတမျိုးကို ကြားရလေရာ၊ ကျွန်ုပ်မှာ အံ့သြတွေဝေလျက် "ငါသည် မြန်မာစာ၊ မြန်မာစကားကိုပင် နားလည်တတ်ကျွမ်းခြင်း မရှိတော့ယောင်တကား" ဟု အားငယ်ခြင်းကြီးစွာ ဖြစ်မိပြန်လေသည်။ အကြောင်းကား နားထောင်လေ ပိုရှုပ်လေဖြစ် ၍ ငါသည် အများမဟုတ်လေတကားဟု တွေးတောမိခြင်းကြောင့်တည်း။ ထိုသူတို့၏ ချစ် ခြင်းကို အမည်နာမညွှန်းဆိုရလျှင် "ဗဟုအချစ်" မည်ထိုက်ပေသည်။

(၄)

ဆက်၍ဆိုဦးအံ့။ လေလှိုင်းကြားတွင် အရေးမှန်သမျှ ကျွမ်းကျင်လှပေသော ပုဂ္ဂိုလ်တဦး ကလည်း "ဒါကတော့ နှစ်ပိုင်းရှိတာပေါ့နော်၊ တပိုင်းက ပထမပေါ့နော်၊ နောက်တပိုင်းက ဒုတိယပေါ့နော် "၊ အစရှိသဖြင့် ပေါ့နော်ခြင်းထပ်နေသည့် "ပေါ့နော် အချစ်"ကိုလည်း နားကြားပြင်းကပ်စွာ ကြားရပြန်ချေသည်တမုံ့။

အခြားတနည်းကား စစ်မင်းဗိုလ်ချုပ် ဖုတ်ထဲတွင်လဲ၍ ဒူးပြဲခြင်း၊ ကောက်ညှင်းစား၍ ဝမ်းချုပ်ခြင်း၊ ဦးချိန်တီကြောင့် တပ်ချုပ်လေလည်ခြင်းမှ အစ၊ ကြပ်ပြေးအိမ်တော်တွင် သောရထားဆိုက်နေပြီ တပ်ချုပ်ကြီး၏ ရက်လည်အသုဘ အလွန်တရာစည်ကား အစရှိသဖြင့် ဖတုတ်တမ်းတရား၊ လေဖမ်းဝါးတမ်းချည်၊ သတင်းမျိုးစုံကို တင်လေသည့် ဝီရိုက်၊ ဝီမိုက် ဘောက်ပေါင်းကြီးသည်လည်း ရှိလေသေးချေ၏။ သူ့အချစ်ကား "ရမ်းတုတ်အချစ်" ဆိုနိုင် သေမည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တမူလည်း သတိ၊ ညာညီ၊ သက်သာ၊အေးစေ၊ နေမြဲဟူသော အခြေခံစစ်ပညာမျှ တိုပင် သင်ယူခဲ့ခြင်း ရှိဟန်မတူသော စစ်ရေးတေဒင်္ဂတဦးကလည်း . . "ဒါကဒီလို ရှိပါတယ်။ တပ်ချုပ်ကြီးဆိုတော့သူက အကြီးဆုံးပေါ့။ တိုက်ပွဲဖြစ်တဲ့အခါ သေနတ်တွေ တဗိုင်းဗိုင်း ပစ်ကြတာပေါ့" ဟူ၍ တည်တည်ကြီးလိုမ့်တတ်သော" ဗိုင်းညှောင့်အချစ်" သည်လည်း ရှိလေသေး၏။

ထို့အတူ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီဖြစ်သော ကိုးမီးဖဲပိုင်းတွင် ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ့်အိမ်ကိုးကျ၊ ကိုယ့်မဲကိုယ်ထွင်၊ ကလိန်စေ့ငြမ်းဆင်လေသော ကမ္ဘာတည်သရွေ့ ဝန်ကြီးချုပ်အဖြစ်မှ တပြုးသားမှ မလျှော့သည့် "ကော်ဇောအချစ်" ဖြင့်ချစ်သူတို့သည်လည်း တခုံရောအခါက ရှိခဲ့လေသေးသည်တမှောင့် ။

သို့တပြီးကား တိုက်ပွဲဝင်ရဲဘော်ဟောင်း မောင်ငြိမ်း၏ အဆိုအရ အောဘီစီဒီ အက္ခရာမျိုးစုံအမည်တပ်လျက် ကွန်မြူနစ်အလံကိုအမြင့်ဆုံးလွှင့်ထူ ကာဘိလပ်သူဂါဝန်အောက် ခေါင်းလျှိုဝင်လျက် . . . Arr.. yea... ohh.. I love my country ဆိုတတ်သော "ဘိလပ်အချစ်" ဟူသည် ရှိသေးပေရာ ချန်လှပ်ထား၍ မရစကောင်းဟု မှတ်သားရပြန်၏။

(၅)

ဤအချစ်အနှီအချစ်တို့အကြောင်းကား ထူးထွေသည့်အံ့ရာသော်၊ သမုဒ်မှင်ဖျော်ရေးသော်မှတည့် ဆုံးအံ့မထင်ချေ။

ဘလော့တကာ စီဘောက်တကာတွင် မောင်နှင့်နှမ သားနှင့်အမိ ဖတ်ရှု၍ပင် မသင့်လျော်သော ကြမ်းတမ်းရိုင်းစိုင်းလှစွာ ရေးတတ်ကြသော "ဖရုသဝါစာအချစ်"၊ ၂၀အေတွင် ရရာနေရာဝင်ထိုင်ခဲ့ကြသည့် "ဖျာအချစ်၊ဘလော့တကာ စီဘောက်တကာတွင် မောင်နှင့်နှမ သားနှင့်အမိ ဖတ်ရှု၍ပင် မသင့်လျော်သော ကြမ်းတမ်းရိုင်းစိုင်းလှစွာ ရေးတတ်ကြသော "ဖရုသဝါစာအချစ်"၊ ရေဒီယိုအစီအစဉ်တွင် ပဓာန၊ နာယက၊ ကမကထ ရင်း၊ အငိုက်အလစ် ဂိုးဝင်ဝင်သွင်းတတ်သည့် "ချွန်တွန်းအချစ်"၊ ကွန်မြူနစ်ကြီးကို စတေး မွေးဖွားရာနိုင်ငံကြီးတွင်၊ ဘုမသိဘမသိ ရောက်နေကြလျက်၊ အမိန့်ဟူသမျှ နာခံနေကြသည်၊ ကိုယ်စီးသည့်မြင်း အထီးမှန်းအမမှန်း မသိရှာကြလေသော ၊ အာဂရဲမက်တော်တို့၏ "ကျား ကျားမီးယပ်၊ ကိုတော့စကီး အချစ်"၊ တကြိမ်တလေမျှ နားထောင်ခဲ့ခြင်းမရှိသော်လည်း ထပ်ခါထပ်ခါ တောင်းဆိုမေတ္တာရပ်ခံနေသည့် ယူအန်၏ "ခွဲ့ဆိုးအချစ်"၊ အိုဘားမားနှင့် ရိုဟင်ဂျာစာလုံးပါလျှင် ပြီးစတမ်း ပွဲမဆူဆူအောင် ဖွတ်သတင်းဖန်တီး နေကြသည့် သတင်းဌာန၊ သတင်းစာဂျာနယ်များ၏ "အော်လန်အချစ်"၊ မုန်တိုင်း၊ လောင်မီး၊ မင်းသမီးလင်ထွက် နေသည်မှအစ ခပ်ကြမ်းကြမ်းဖွကြလေသော တက်သက်စသတင်းထောက်တို့၏ "ပါလေ အချစ်" အစရှိသည်ဖြင့် များပြောင်လှပေရာ စာလေးမည်ဖြစ်လေ၍ ဆက်လက် ဖော်ပြ လိုတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဆိုစေ ချစ်ခြင်းအတွက်ကား မည်သူကိုမျှ အပြစ်ဆိုရန် အကြောင်းမရှိချေ။ မည်သို့ပင် ချစ်ကြသည်ဖြစ်စေ ချစ်နည်းမှန်ဖို့တော့ လိုပေလိမ့်မည်။အဝေးရောက်တို့အချစ်သည် အချစ်စစ် အချစ်မှန်ပေလော။ အိပ်ယာဝင် ပုံတိုပတ်စ ဘို့ဖြင့် ငယ်ဘဝကို ဖြတ်သန်းခဲ့လေသောကျွန်ုပ်မှာ ဖတ်ခဲ့ဘူးသော ပူရမ်ကျမ်းတခုကို သတိရမိလေပြန်၏။ အဆိုပါ ပူရမ်၏ သုတ္တံတခုတွင် ဆာဒူးတပါး၏ ကျောင်းသင်္ခန်းသည် ပြည့်တန်ဆာအိမ်အနီး ရှိခဲ့သည် ဆိုလေ၏။ ဆာဒူးကား သူ၏ မူလကမ္မဋ္ဌာန်းကိုမပြုမူဘဲ ပြည့်တန်ဆာအိမ် လူဝင်လူထွက်စာရင်းကို ကျောက်ခဲတို့ဖြင့် တာလီမှတ်သည်ဟူ၏။ သေလွန်သော် ပြည့်တန်ဆာမှာ နတ်ပြည်ရောက်၍ ဆာဒူးမှာ ငရဲသို့ ဒိုင်ဗင်ထိုးသလို ကျသွားကြောင်း ဖတ်ဘူးလေရာ၊ မြန်မာပြည်ချစ်သူများ ချစ်ခြင်းပြိုင်နေသူများအားလုံး၏ အချစ်သည် အဆိုပါ သုတ္တံမှ ဆာဒူး၏ "တာလီအချစ်" ကဲ့သို့ ဖြစ်နေသည်ကို အလန့်တကြား တွေ့ရှိရလေသည်။

(၆)

ဆိုရေးရှိ၍ ဆိုရပါလျှင် မြေကြီးလက်အပ်၊ မုချဆတ်ဆတ်မှတ်ထိုက်သောအချက်မှာ "ဂုဏ္ဍဝင်အချစ်"၊ "အချစ်စစ်စစ်" တို့မှလွဲ၍ အခြားအခြား သော ချစ်ခြင်းတို့ကား သံသယပွားဖွယ်ရာ အတိပေတည်း။ ဤပုံဤနည်း ချစ်ခရီးဆက်ကြလျှင်ကား၊ အချစ်ခံ မြန်မာပြည်ကြီးသည် အထက် ဘဝင်နှင့် ဝေးသည်ထက်ဝေးလျက် ၊ဒုံရင်းဒုံရင်း၊ အောက်ဖက် အဝီစိတွင်သာ သံသရာရှည်သမျှ ကာလပတ်လုံး အဖန်ဖန်တလဲလဲ ကျင်လည်ပေရော့ မည်ကို အပူပင်ကြီး ပူမိလေသောကြောင့် လက်ဆော့ခြေဆော့၊ ကီးဘုတ်နှင့်ဆော့ကာ၊ ဤကလော်စာ စာစုကို ရေးမိပြန်လေတော့သည်။

နိဂုံးအားဖြင့်မူ အထက်စာပိုဒ်တို့ကို ဖတ်ရှုမိသည့် စာရှုသူများအနက်၊ အနာရှိသူအချို့အချို့အနေဖြင့် အနူဆားပက်၊ အနာပေါ် ဒုတ်ကျဖြစ်ကြမည်ကိုလည်း ကြိုတင်သိပြီးဖြစ်သည့်အလျောက် "မင်းဒင်သည် သစ္စာဖောက် ဒလှို့ဒလန် စစ်စစ်ဖြစ်ပေသည်" ဟူ၍ မီဒီယာကို မီဒီယာနှင့်ပြန်ရှင်း ၊ စာရင်းအသွင်းခံရမည်ကို သိသိကြီးနှင့် ဒွတ်တိုး မိုက်မဲစွာ ဤစာမျိုးကို ရေးလေသော ကျွန်ုပ်သည်၊ တန်ပြန်လှည့်လာမည့် ရန်သူများဦးတို့ကို တန့်စေခြင်းငှာ၊ ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းမွန်သည်ဟူသော ဆိုရိုးနှင့်အညီ "အာဖျံကွီးချစ်သူ" စာရင်းတွင် မိမိကိုယ်မိမိ ကြိုတင်ထည့်သွင်းထားပါကြောင်းလည်း၊ တပြည်တည်းသား၊ ဝေးရပ်နီးနေများဆွေသဟာတို့၊ သိသာရန်အလို့ငှာ မောင်းခတ်၊ အသိပေးလက်တို့ အပ်ပေသတည်း။

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ၊မေ(၁၈) ၊ ၂၀၁၃၊)*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခင်နက်ကျားရဲ့ ချစ်ပုံပြင်

(၁)

နက်ကျားကား အပျိုဖြန်းလေးဖြစ်လာပြီ။ နက်ကျားမှာ ကျနော့်အိမ်က ကြောင်မကလေး ဖြစ်၏။ သူအပျိုဖြစ်လာကြောင်း သူ၏ မွေးစာရင်း၊ ဇာတာရက်ချုပ် အရသော်လည်းကောင်း၊ ကြောင်မပျိုတို့၏ ဓမ္မတာသဘောကို စစ်ကြောမိ၍သော်လည်း ကောင်း၊ သိရသည်တော့ မဟုတ်ပါ။ အကြောင်းကား သူ့မွေးနေ့ မွေးလနှင့် နေ့နံကို ကျနော်အမှတ်အသား မပြုခဲ့မိသည့်အပြင် နက်ကျား၏ မီးယပ်ဓမ္မတာကိစ္စမှာ ကျနော့်အရေးအရာ မဟုတ် သောကြောင့် ဖြစ်ပါသည်။ ထို့အတူ ကြောင်အပျိုဘော်ဝင်သည့် နှစ်အပိုင်းအခြားနှင့် အသက်အရွယ်ကိုလည်း သတ္တဗေဒပညာကို အလေ့အလာအားနည်းသဖြင့် ကျနော်မပြောနိုင်ပြန်ပါ။ မည်သို့ ပင်ဆိုစေကာမူ နက်ကျား၏ ကိုယ်လုံးကိုယ်ဖန်နှင့် သူ၏ ရှုပ်ထွေး လှသော အချစ်ရေးကြောင့် သူ ကြောင်ပျိုကြီးဖားဖား ဖြစ်ပြီဆို သည်ကိုမူ ကျနော် တထစ်ချ သေချာပေါက်ပြောနိုင်ပါသည်။

နက်ကျား ကြောင်ပေါက်စအရွယ် ငယ်စဉ်ကသော် နက် ကျား၏ဘဝသည် အထီးကျန်ဖြစ်ကာ ကျနော့်အိမ်မှလွဲ၍ ခိုကိုးရာ မရှိခဲ့ပါပေ။ အနီးနားအိမ်အသီးသီးမှ ကြောင်ခွေးတို့၏ ဘေးရန် ကြောင့် နက်ကျားသည် ခြံထဲက ခြံပြင်လည်းမထွက်ရဲခဲ့ချေ။ နက် ကျား အိမ်တွင်းပုန်းနေသည့်တိုင် ရံခါ နယ်ကျော် ခြံကျော် ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာတတ်သော ကြောင်အကြီးစားများရန်ကြောင့် နက်ကျားခမျာ ရှောင်ရတိမ်းရ ပြေးရလွှားရသည့် အကြိမ်ပေါင်းလည်း မနည်းခဲ့။ တခါတရံ ဒဏ်ရာပင်ရတတ်၍ ကျနော်တတ်သမျှ ဆန္ဒင်းသိပ် ဆေးကုပေးရသည်လည်း ရှိခဲ့ပါ၏။

တစ်နှစ်ကျော်တည်းဟူသော အချိန်သည် နက်ကျားကိုဘဝပြောင်းစေခဲ့လေပြီ။ ကြောင်အပျိုဖြန်းကလေး ဖြစ်လာလေ၍ မျက်နှာပန်းပွင့်ခဲ့လေပြီတည်း။ ဟိုစဉ်က ခြံတွင်းသို့ နက်ကျားကို ရန်မူရန် လာတတ်လေ့ရှိသော ကြောင်ဝါကြီးပင် နက်ကျားကို မျက်နှာပေး တမျိုး ပြောင်းကာ ရစ်သီရစ်သီဖြင့် မြူတခါချော့တလှည့်၊ ကိုနောက်ပိုး ဇာတ်ခင်းတတ်နေလေပြီ။

(၂)

မကြာပါချေ။ နက်ကျားသည် ကြောင်ဝါကြီးနှင့် ကြောင်တို့ဘာဝ မေတ္တာမျှကြလေသတည်း။ နက်ကျားနှင့် ကြောင်ဝါကြီး တို့ကား ကျနော့် ရှေ့တွင်ပင် ရှက်ရကောင်းမှန်း မသိချေ။ နက်ကျားက နေရောင်အောက်က အုတ်ခုံပေါ်တွင် နေပူစာလှုံသယောင် ဟန်ဆောင်ပြချိန်၌ ကြောင်ဝါကြီးကလည်း နက်ကျား၏ လက်တကမ်းတွင် ရစ်ကာဝဲကာ ချစ်ရည်ရွှန်းလဲ့သော မျက်လုံးအစုံတို့ဖြင့် ကလူတုန့်တင် ချစ်ခြင်း၏ အနက်ကို ဖွင့်ခဲ့ကြဘူးသည်မှာ ကျနော့်မျက်မြင်ဖြစ်လေသည်။

အနှီကြောင်ဝါကြီးနှင့် နက်ကျား၏ အချစ်ဇာတ်လမ်းကား ကျနော့်မျက်စောင်းထိုးအိမ်မှ ကြောင်နက်ကြီး ဝင်မလာစဉ်ကသော် သာယာဖြောင့်ဖြူးဟန်ရှိခဲ့ပါ၏။ ပြည်ပန်းညှိခဲ့ပါ လျက်ဟူ၍ပင် ဆိုရလေမည်လောမသိ။ အဆိုပါ ကြောင်နက်ကြီးသည် နက်ကျားနှင့် ကြောင်ဝါကြီးတို့၏ အချစ်ရေးကို မင်းဒဿထုံး နှလုံးမူလျက် ကြားဝင်ဖျက်လေတော့သည်။ ချုပ်၍ဆိုရသော် ကြောင်ဝါကြီးနှင့် ကြောင်နက်ကြီးတို့ အချစ်စစ်ပွဲ ပြင်းထန်စွာ စတင်ဖြစ်ပွားလေတော့၏။ တခုသော နေ့လည်တွင် နက်ကျားနှင့် ကြောင်ဝါကြီးတို့ ပလူးနေချိန်၌ ကြောင်နက်ကြီး ရုတ်ခြည်းဝင်လာကာ အချစ်အတွက် စိန်ခေါ် အားစမ်းခဲ့ကြလေသည်။ကြောင်ဝါကြီးကား ခင်နက်ကျားအတွက် အသက်ပင်သေသေဟူသော ချစ်ဇောဟုန်ဖြင့် ကြောင်နက်ကြီးကို ရင်ဆိုင်၏။ ကြောင်နက်ကြီးကား မေနက်ကျားမရှိရင် အသက်မရှင်ချင်တော့ ဟူသော ချစ်စိတ်မွှန်လျက် ကြောင်ဝါကြီးကို အသေဖွဲ့လေ၏။ တိုက်ပွဲကား သူသေကိုယ်သေ ဖြစ်လေသောကြောင့် ပြင်းထန်လှလေသည်။ စိန်ခေါ်ပွဲ၏ ရလာဒ်ကား ကြောင်ဝါကြီး ဘယ်ခြေတွင် သည်းစွာသော ဒဏ်ရာရခြင်းပေတည်း။ ဤသည်မှသည် နက်ကျားတကောင် အနိုင်ရ ကြောင်နက်ကြီးဖက်သို့ လေယူရာတိမ်းကာ ယိမ်းခဲ့တော့၏။ နက်ကျား၏ နှလုံးသားတွင်းသို့ ကြောင်နက်ကြီးဝင်လာချိန်မှ အစပြု၍ နက်ကျားနှင့် ကြောင်ဝါကြီးတို့ ညောင်ညိုပင် လမ်းခွဲ စလေသတည်း ။

နက်ကျားကား သစ္စာမဲ့သူတည်း။ မျက်နှာများသူတည်း၊ အားကြီးသူကို ကိုးကွယ်သူတည်း။ ကြောင်ဝါကြီးကို မသိမသာ တမျိုး ပြောင်ပြောင်တသွယ် ရှောင်ဖယ်ရှောင်ဖယ် လုပ်လျှက် ကြောင်နက်ကြီးကိုသာ စိတ်ညွှတ်နေလေတော့ရကား ပြေးသူကပြေး၍ လိုက်သူက



www.burmeseclassic.com

www.burmeseclassic.com

လိုက် ဖြစ်ကုန်ပေတော့သည်။ မကြာသေးမီကသော် နက်ကျားသည် သူ့အတွက် ချကျွေးသည့် သူ့အစာကိုပင် အကုန်မြိုကျပဟန်မတူ၊ ချစ်ရလွန်းသူ ကိုကိုဝါအတွက် ဆိုလေဟန် ချန်ထားလေ့ ရှိပါ၏။ ယခုသော် ကြောင်ဝါကြီးအနားကပ်သည်ကိုပင် မနှစ်မြို့ဟန်ပါတကား။ မကြင်ဘယ့် အတွက် စိမ်းလေသည်မသိ။ ကြောင်ဝါကြီးကို အတွေ့မခံတော့ချေ။ ထိုမျှသာမဟုတ်သေး၊ တခါတခါ နက်ကျားတကောင် အိမ်အနီးဝန်းကျင် ခပ်လှမ်းလှမ်းသို့ပါ လှစ်ကနဲ လှစ်ကနဲ ထွက်သွားတတ်ပြန်ပေရာ သူပြန်လာသည့် အမြီးတနန့်တနန့် ခပ်ကြော့ကြော့ မူဟန်သည် လည်း အခြားတပါးသော ကြောင်ဖိုတို့နှင့် အချိန်းအချက်တိစ္စ ဖြစ်နိုင်ပေသေး၏။

ကြောင်ဝါကြီးကား အချစ်ကို လက်လွှတ်ဆုံးရှုံးရသူတို့၏ ဓမ္မတာအတိုင်း ကြီးစွာသော ချစ်ဒုက္ခကို ခံစားရလေတော့သည်။ ကြောင်ဝါကြီးကား ကျနော့် ထမင်းစားပွဲနားအထိပင် ရောက်လာကာ ချစ်သူပျောက်ကို ရှာလေတော့သည်။ စင်စစ် မှန်အချိန်၌ ထိုကြောင်ဝါကြီး သည် ကျနော့်အနားသို့ချည်းကပ်ရန် မဆိုထားဘိ အဝေးမှ မြင်လျှင်ပင် လှစ်တနဲ ပျောက်သွား တတ်လင့်ကစား ယခုသော် ကျနော့်အနားအထိ စွန့်စွန့်စားစား ရောက်လာခြင်းမှာ အချစ်က စေ့ဆော်လိုက်သော သတ္တိစွမ်းပကားကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ကျနော့်လက်စွဲတော် ရန်ကုန်သားသန်းမောင်ကား လူရိုးလူကောင်းပီပီ နက်ကျားတို့၏ သုံးပွင့်ဆိုင်အချစ်ရေးတွင် နက်ကျား၏ ချစ်ဦးသူ ကြောင်ဝါကြီးဖက်မှ ပြောင်ပြောင်ရပ်တည်ထောက်ခံလျက် ကြောင် နက်ကြီးကို ခြံထဲအဝင်မခံဘဲ တွေ့ရာခဲ၊ ဒုတ်တို့ဖြင့် ပစ်ပေါက် ခြောက်လှန့်နှင်ထုတ်လေ သည်။ ကျနော်မူကား လူကြီးအရာဖြစ်၍ ကြောင်တို့၏ချစ်ခြင်းကို ကြားဝင်ခြင်းငှာ မသင့် တော်လေသည်နှင့် မသိကျိုးကျွံပင် ခပ်မဆိတ်နေရလေ၏။

(၃)

စင်စစ် ကြောင်မလေး နက်ကျား၏ အမူအကျင့်သည် ရေမြေလိုက်သည်ဟုပင် ဆိုရမည် ထင်ပါသည်။ ကျနော်နေထိုင်ရာ ဖူးခက်မြို့ကား ခရီးသွားမြို့ ဖြစ်သည့်အားလျော်စွာ မျက်နှာ ဖြူတို့ အဝင်အထွက် ပျားပန်းခတ်များပြားလေရာ ဖူးခက်မြို့ ရောက်မျက်နှာဖြူ အတော်များ များမှာ ထိုင်းဖိုဖြူတို့နှင့် ဒွိယံဒွိယံ ဖြစ်လေ့ရှိကြကုန်၏။ ထိုင်းမလေးမောင်းသော ဆိုင်ကယ် နောက်က ခါးဖက်လိုက်နေသော မျက်နှာဖြူတို့ရှိသလို မျက်နှာဖြူမောင်းသော ဆိုင်ကယ် နောက်က ခါးဖက်လိုက်နေသော ထိုင်းမလေးတို့လည်း အနမတဂ္ဂပင်။ စတိုးဆိုင်ကြီးများ အတွင်း ပစ္စည်းတင်လှည်းပေါ် တွင် ထိုင်းမျက်နှာဖြူ ကပြားကလေးပေါက်စလေးများကို ထည့် ကာတွန်းလာကြလေသော ထိုင်းမနှင့် မျက်နှာဖြူပုရိသအတွဲတို့သည်လည်း ရိုးအီနေသော မြင်ကွင်းပင်။ မြို့အနှံ့နေရာအနှံ့ တွေ့ရသော ထိုင်းမနှင့် မျက်နှာဖြူထီး စုံတွဲတို့ကား ဖူးခက် မြို့၏ သင်္ကေတပေတည်း။ လင်များသော မယား၊ မယားများသောလင် ဟူသည်ကား ဤ လူမျိုးတို့အတွက် အဆန်းတကြယ်မဟုတ်ပြီ။ ဖူးခက်ရှိမော်တော်ကား အချို့နှင့် နေအိမ် အချို့တွင် ကဗ္ဗည်းတင်ရေးထိုး ချိတ်ဆွဲထားတတ်ကြသည့် ထူးဆန်းလှသော စာတမ်းကား

www.burmeseclassic.com

We Love Flaung !!! We Love Money !!! (မျက်နှာဖြူကို တို့ချစ်သည်၊ အသပြာကို တို့ချစ်သည်) ဟူသတည်း ။

ဝေါဏောနဝေါဏော သမဏောန သမဏောဏော ဟူ၍ပင် ဆိုရလေမည်လော။ ရာဇဝင် ပြောင်းပြန်ဖြစ်ကာ ပြည်တွင်းတွင် စားရေးနေရေး အလို့ငှာ ပူပြင်းခြောက်သွေ့လေသောကြောင့် ဖူးခက်သို့တဝမ်းတခါး အလို့ငှာ ရောက်ရှိလာကြသည့် မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည်လည်း တလွဲဆံပင်ကောင်းကာ နက်ကျား၏ စရိုက်၊ ထိုင်းပျို့ဖြူတို့၏ အကျင့်စာဂနှင့် မရိုးရင်းစွဲဖြစ်ကုန်ကြလေပြီ။ နက်ကျားသည် ထိုင်းပျို့ဖြူတို့၏ အကျင့်စာဂ အတိုင်း၊ ရှိသည့်နည်းတူ မြန်မာအလုပ်သမား ကျားမအချို့တို့သည်လည်း သူတို့၏ ထိုင်းအရှင်သခင်များ စရိုက်ကို အလွဲကူးချနေကြလေကုန်ပြီ။

မြန်မာနိုင်ငံတနံတလျား မည်သည့်တိုင်းရင်းသားမဆို အရှက်အကြောက်ကြီးလှပါသည် ဆိုသော်ငြား ဖူးခက်ရောက် မြန်မာတချို့အတွက် Living together နှင့် လင်ကွာမယားကွာကိစ္စတို့သည် အဆန်းမဟုတ်တော့ပြီ။ အချို့သော ကော်ဆန်း (ဆောက်လုပ်ရေး) လုပ်ငန်းခွင်တို့တွင် ခေတ္တလင်မယား၊ အပျော်လင်မယားစံနစ်ကို လက်ခံကျင့်သုံး နေကြပေပြီ။ အတူနေအမျိုးသားရ အပ်သော ဝင်ငွေလုပ်အားခ၏ လေးဆယ်ရာခိုင်နှုန်းဖြင့် ခေတ္တယာယီဇနီးမယားအဖြစ် ပေါင်းသင်းနေကြသည်ဟူ၍ပင် ကြားသိလာရပြီ။ တလင်တမယား ရိုးမြေကျပေါင်းသောအလေ့ကိုပင် ရယ်စရာလှောင်စရာ ထင်မြင်ကုန်ကြလေပြီတည်း။

အချို့သော ထိုင်းနိုင်ငံရောက် မြန်မာပြည်ဖွား မိန်းမပျိုများကား ထိုင်းတို့နှင့် ပျော်ပျော်ကြီးလက်ဆက်ကြကာ ထိုင်း၏ ဇနီးဖြစ်ရသည်ကိုပင် လောကအလယ် ဂုဏ်တင့်ဖွယ်ရာ အဖြစ် ခံယူနေကြရုံမျှမက မြန်မာအချင်းချင်းကြားတွင် ကျမ ယောကျ်ားက "ထိုင်း" ဆိုကာ ရင်ကော့ ဖန်းတင်စကား ဆိုနေကြလေပြီ။ ထို့အတူ ရှားရှားပါးပါး ထိုင်းမကို လက်ဆက်ခွင့်ရသော မြန်မာယောကျ်ားကလည်း "ကျနော့်မိန်းမက ထိုင်း" ဟု ဂုဏ်ယူ ဝင့်ဝါနေကြပြီတကား။ ထီးနှင့်နန်းနှင့် စံမြန်းလာရုံမျှမက မျိုးနှင့်ရိုးနှင့်တန်ခိုးရှိခဲ့သည် ဆိုသော မြန်မာတို့သည် အဘယ်တွင်နည်း။

(၄)

ထိုင်းပျို့ဖြူတို့ကဲ့သို့ လမ်းမအလယ်တွင် မသလားနိုင်လေသော ဖူးခက်ရောက် အိမ်တွင်းပုန်း မြန်မာမလေး တစ်ယောက်၏ ရင်နာစရာ အဖြစ်တစ်ခုပင် မကြာမတင်က ဖြစ်ပွားခဲ့ပါသေး၏။ ဤအဖြစ်ကားမြန်မာရွှေ့ပြောင်း အလုပ်သမားများအကြား ရေပန်းစားလှသော တယ်လီဖုန်း ချစ်သူထားခြင်း အလေ့မှ မြစ်ဖျားခံလေသည်။ လူချင်းတရံတခါဆုံမှု မမြင်ဖူးကြဘဲလျက် တယ်လီဖုန်းဖြင့် ချစ်တင်းနှောခြင်းအလေ့ကား ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားတို့ မွေ့လျော်မြဲအကျင့်ဟု ဆိုပါသည်။

အနီ အသက်တစ်ဆယ့်ကိုးနှစ်အရွယ် မြန်မာမိန်းမပျိုသည် ဖူးခက်ရောက်သည်မှာ ရက်ပေါင်း ခြောက်ဆယ်ပင် မပြည့်သေးသော်ငြား အတုမြင်အတတ်သင်လျက် မမြင်ဖူး



www.burmeseclassic.com

www.burmeseclassic.com

သော မြန်မာပုရိသတယောက်ကို တယ်လီဖုန်းဖြင့် လေလှိုင်းမှ ချစ်တင်းနှောခဲ့သည်ဟု ဆိုပါသည်။ ထိုမှသည် တဆင့်တက်ကာ သူနေထိုင်ရာ အိမ်ခန်းသို့ သူ့အိမ်မှ အတူနေသူများ အလုပ်ဆင်းချိန်ဖြစ်သည့် အချိန်မတော် ညသန်းခေါင်သုံးနာရီတွင် လူချင်းတွေ့ဆုံကြရန် အချိန်းအချက်ပြုကြသည်ဆိုပါ၏။ ဤသို့လျှင် တွေ့ကြသည့် ချိန်းဆိုရာသို့ရောက် လာသော မြန်မာယောက်ျားသည် အဆိုပါမိန်းမပျို မျှော်မှန်းထားသကဲ့သို့ လူရွယ်၊ လူပုံချောမဟုတ်ဘဲ အသက်လေးဆယ်ဝန်းကျင်၊ ပုံဆိုးပန်းဆိုး ဖြစ်နေလေရာ၊ ထိုအချိန်းအချက် ဇာတ်လမ်းကား လူသတ်မှုဒိန်းမှုဖြင့် အကျည်းတန်စွာ နိဂုံးချုပ်ခဲ့ရလေသည်။ ထိုသတင်းသည် တောမီးကဲ့သို့ ပျံ့နှံ့ခဲ့လေရာ ဖူးခက်ရောက်မြန်မာတို့ကား အမျိုးဂုဏ်တေဇာညှိုးရသည့်အထဲ နုရာဝဲစွဲကာ၊ လူကြားထဲတွင်ပင် မျက်နှာမပြဝံ့သည့်ဘဝ ရောက်ကုန်ကြရရှာလေ၏။

(၅)

ကမ္ဘာမိုးမြေတွင် တေဇာတော်ဖြိုးဝေကာ ရွှေမှန်ကင်းအဆင်းကဲ့သို့ ဝင်းဝင်းတောက်ခဲ့သော ခေတ်ကာလ များကား ကုန်လွန်ခဲ့လေပြီ။ မည်သူတို့သည် မြန်မာများကို ဤပုံဤဘဝ ရောက်အောင် တွန်းပို့ခဲ့ကြပါသနည်း။ အဘယ်အရာတို့သည် မြန်မာတို့၏ ကောင်းမြတ်သော လူမှုအကျင့်စရိုက်တို့ကို ဖျက်ဆီး ဝါးမြိုခဲ့ကြပါသနည်း။

ကျနော့်အနေဖြင့် နက်ကျား၏ ချစ်ပုံပြင်မှသည် ဖူးခက်ရောက်မြန်မာများ၏ သနစ်ပုံ အဖြစ်စုံအား ဇာတ်စုံခင်းကာ ဤပုံ ဤဘဝ ရောက်ကြရခြင်းအတွက် လက်သည်တရားခံကို ရှာဖွေချင်ပါသေးသည်။

သို့သော် ကျနော့်မွေးရပ်မြေတွင် ဒီမိုကရေစီစံနစ်သို့ ကူးပြောင်းနေပြီဟု ဆိုပါ၏။ အမျိုးသားရေး စိတ်ဓာတ်နှင့် ဇာတိမာန် မြင့်မားရေးတည်းဟူသော ဦးတည်ချက်များကို အကောင်အထည် ဖော်လျက်ရှိကြပါကုန်၏။ မြန်မာမျိုးတတွေ ခေတ်ကောင်းရောက်ပြီလေ ဟုလည်း အော်ဟစ်ကြွေးကြော် နေကြပါ၏။ ထို့ကြောင့် ခင်နက်ကျား၏ချစ်ပုံပြင်ကို ဤနေရာ တွင် ခေတ္တရပ်နားလျှင် သင့်လျော်မည်ဟု ယူဆပါသည်။

*(ပေါ်ပြူလာဂျာနယ်၊ ၄န်(၉)၊ ၂၀၁၃၊)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်၊ ဟန်သစ်ငြိမ်၊ မောင်သင်ကာနှင့် ဖိုးသူတော် နှမပျောက်မှု

တနေ့သ၌ ကျွန်ုပ်သည် ဖူးခက်မြို့ အမ်မခန်အရပ်ရှိ အလွန်ကျယ်ဝန်းလှသော ခြံဝင်းကြီးတခုအတွင်းမှ အိမ်အိုကြီးတလုံးပေါ်တွင် အလုပ်အကိုင်ဟူ၍ မည်မည်ရရမရှိဘဲ၊ လွန်စွာအဖိုးတန်လှသော အချိန်တို့ကို အလဟဿဖြုန်းတီးပစ်ရင်း ပျင်းရိခြောက်ကပ်ဖွယ် ကောင်းလှစွာ ကျော်ဖြတ်နေရချိန်ဖြစ်လေ၏။ ကျွန်ုပ်အနေဖြင့် ပျင်းရိငြီးငွေ့ဖွယ် အချိန်တို့ကို ကျော်ဖြတ်နိုင်ရန် ကျွန်ုပ်နှင့်အတူနေ တပည့်ကျော်လည်းဖြစ်၊ ဇာတိရပ်ရွာအားဖြင့် ရွာနီးချုပ်စပ်သားချင်းလည်းဖြစ်သူ နိုင်စိုးအမည်ရှိ လူငယ်နှင့် မွေးရပ်ဇာတိအကြောင်း စကားစမြည် ပြောလိုလှသော်လည်း နိုင်စိုးမှာ လူပျိုဘဝမှ မလွတ်သေးသည်ဖြစ်၍ ထိုင်းနိုင်ငံတနံတလျားရှိ တယ်လီဖုန်းချစ်သူများနှင့် လေလှိုင်းမှတဆင့် စြင်သူရှာသည့်အလုပ်ဖြင့် အချိန်ပြည့် အလုပ် ရှုပ်နေရကားငှင်းနှင့် စကားစမြည်ပြောနိုင်ရန်မှာ ဗြဟ္မာပြည်မှအပ်တစင်းနှင့် လူ့ပြည်မှ အပ်တစင်းဆုံမည့် နေ့ရက်အခါသမယကို စောင့်မျှော်ရသကဲ့သို့ ရှိလေ၏။

ယခင်အချိန်များကသော် ယခုကဲ့သို့ ပျင်းရိငြီးငွေ့ဖွယ် အချိန်များတွင် လွန်စွာပေါင်း နှမ်းလျက်ရှိသော အမေရိကန်ပြည်လုပ် ဒဲလ်တံဆိပ်ကွန်ပျူတာတလုံးကို အသုံးပြုလျက် ခင်းဒင်အမည်ရှိ ဘလော့စာမျက်နှာတခု ဖန်တီးလျှက် စာတိုပေစ

www.burmeseclassic.com

များ ရေးသားနေလေ့ရှိလင့်ကစား လွန်ခဲ့သော သုံးလခန့်က ကျွန်ုပ်၏စာများကို ဖတ်ရှုဖူးသော (ဒိုင်) အမည်ရှိ စကော်ပူနိုင်ငံနေ မိန်းမပျိုတဦးက ကျွန်ုပ်ရေးသားသော စာများမှာ လူပြိန်းကြိုက်များသော ဖြစ်ပေသည်ဟူသော မှတ်ချက်ကို ကြားသိရသည့်အခါမှစ၍ ကျွန်ုပ်၏စိတ်တွင် စာပေရေးသားလိုစိတ် အလျဉ်းမရှိတော့ချေ။ ထိုသို့ ဖြစ်ရခြင်းကား အဆိုပါ မိန်းကလေး အပေါ် ခံပြင်းနာကြည်းမှုကြောင့် လုံးဝမဟုတ်မူဘဲ ယခင်ကပင် ကျွန်ုပ်၏ စာရေးသားနည်းနှင့် ပတ်သက်၍ ကျွန်ုပ်ကိုယ်တိုင် ဘဝင်မကျရှိနေသည်က တကြောင်း၊ မြန်မာစာကို နိုင်နင်းစွာ ရေးသားနိုင်ရန် အတွက် မြန်မာစာပေဗဟု သုတမျိုးစုံကို ထပ်မံလေ့လာလိုက်စားရန် လိုအပ် နေသေးသည်ဟု ကိုယ်တိုင်ခံယူသည်ကတကြောင်းကြောင့်ဟု ဆိုရပေမည်။

သို့လျှင် ကျွန်ုပ်သည် ကိုယ်တိုင်ကျွမ်းကျင် တတ်မြောက်ခြင်းမရှိဘဲ အစမ်းသဘော လေ့ကျင့်သည့် သဘော စာပေရေးသားနေခြင်းကို ရပ်တန့်ကာ မြန်မာစာပေကို ပြန်လည် လေ့လာနိုင်ရန် ကျွန်ုပ်၏ စာအုပ်စင်ကြီးပေါ်မှ စာအုပ်ထူကြီးများကို မွှေနှောက်လျက် ရှိလေ ၏။ ပျင်းရိငြီးငွေ့ဖွယ် ကောင်းသည်ကတကြောင်း၊ ကျွန်ုပ်၏ မူလစိတ်ကပင် တောင်တောင် အီအီ လွင့်ပါးနေသည်ကတကြောင်း တို့ကြောင့် ထူထဲလှစွာသော ကျမ်းကြီးကျမ်းခိုင်တို့ကို ဖတ်ရှုလိုစိတ် အလျဉ်းမရှိသည်နှင့် အပျင်းလည်းပြေစေ၊ ဗဟုသုတလည်းတိုးစေသော ပေါ့ပေါ့ ပါးပါး စာမျိုးကိုသာ ရှာဖွေနေမိချိန်တွင် စာအုပ်စင်၏ ဒေါင့်တနေရာရှိ ဖုန်တက်နေသော စာအုပ်ငယ်တအုပ်ကို အမှတ်မထင်တွေ့ရှိရလေသည်။

ထိုစာအုပ်ကား လူထုကြီးပွားရေးစာအုပ်တိုက် လက်ဆည်ကန် မန္တလေးမြို့မှ ထုတ်ဝေ သော နိုင်ငံကျော်သတင်းစာ ဆရာကြီး၊ စာရေးဆရာကြီးဖြစ်သော လူထုဦးလှ၏ ကျောင်း ကန်အနီးမှပုံပြင်များ အမည်ရှိစာအုပ်ဖြစ်ပေရာ၊ ၎င်းစာအုပ်ကား ၁၉၆၅ ခုနှစ်တွင် စတင် ရိုက် နှိပ်ပြီး ၁၉၉၃ ခုနှစ်အထိ စုစုပေါင်းလေးကြိမ်ရိုက်နှိပ်ခဲ့ရကြောင်း အဆိုပါ စာအုပ်၏ ရှေ့မျက်နှာ မှတ်တမ်းအရ သိရှိရလေသည်။ ငယ်စဉ်အခါက ဘုန်းကြီးကျောင်းသားဘဝဖြင့် နေခဲ့ဖူးသော ကျွန်ုပ်သည် ကျောင်းနားကန်နားဟူသော စကားလုံးတို့ကို စတင်ဖတ်ရှုမိသည် နှင့် တပြိုင်နက် ကျွန်ုပ်၏ မသိစိတ်သည် မည်သို့လှုံ့ဆော်လှုပ်ရှားလိုက်သည်မသိ၊ အဆိုပါ စာအုပ်၏ ပထမဆုံးပုံပြင်တပုဒ်ကို ဖတ်ရှုပြီးလျက်သား ဖြစ်သွားလေ၏။

အဆိုပါပုံပြင်မှာ "ဖိုးသူတော်စာ၊ ဖိုးသူတော်ဖတ်တတ်" အမည်ရှိပြီး ထိုပုံပြင်ကို ဖတ်ပြီးသည်၏ တခဏမှာပင် ကျွန်ုပ်၏ စိတ်ထဲတွင် နားသယ်ကို တူဖြင့် နှက်လိုက်သကဲ့သို့ ဒိုင်းကနဲ အသံမြည်ဟီးသယောင်ခံစားရကာ ချင်းမိုင်မြို့နေ ဟန်သစ်ငြိမ်အမည်ရှိ လူငယ် အား ရုတ်ခြည်းသတိရမိလေသည်။ ထိုသို့ဖြစ်ရခြင်းကား လွန်ခဲ့သော သုံးလကျော်ခန့်က ချင်းမိုင်မြို့တွင်ကျင်းပသော သတင်းသမဂ္ဂ အစည်းအဝေးသို့ ကျွန်ုပ်ယောင်လယ်လယ် ရောက်ခဲ့စဉ်က အဆိုပါ ဟန်သစ်ငြိမ်အမည်ရှိ ခေတ်ပညာတတ်လူငယ်သည် ကျွန်ုပ်ကို စတင်တွေ့သည်နှင့်ပင် မှတ်သားဖွယ်လည်းဖြစ်၊ ရယ်ဖွယ်လည်းဖြစ်သော ရှေးစာ ရှေးဟော များကို နားထောင်လိုပါသဖြင့် ပြောပြစေလိုပါကြောင်း အပူကပ်ခဲ့ဖူးသောကြောင့် ဖြစ်ပေ ၏။ ထိုစဉ်က ကျွန်ုပ်မှာရုတ်တရက်အမေးခံလိုက်ရသောကြောင့် ကြောင်အအန်းနှင့်တ



www.burmeseclassic.com

www.burmeseclassic.com

. . . အင်းဝခေတ်တွင် (လ) ဟူသော စကားလုံးကို ထိုခေတ် စာဆိုတော်များအနေဖြင့် ထပ်ချည်းတလဲလဲ သုံးကြသည်ကို မြင်ပြင်းကပ်ဟန်ရှိသော ရှင်ဥတ္တမကျော်က အရွဲ့တိုက် စပ်ဆိုခဲ့ဟန်ရှိသော. . မုဆိုးခြုံမှာ လချောင်းတည်း။ ဘီလူးသွားမှာ လဖြဲတည်း၊ မိုးမှာ ငွေကြယ် လဥတည်း၊ ဟူသော ကဗျာစာသားမျှလောက်ကိုသာ ရွတ်ဆိုပြနိုင်ခဲ့ပြီး နောင် အလျဉ်းသင့်သော် ထို့ထက် ပြည့်ပြည့်စုံစုံ ပြောပြလိုသောစိတ်ဖြစ်ပေါ်ခဲ့ဖူးလေသောကြောင့် ဤပုံပြင်ကို ဖတ်မိသည့်အခါ၌ ပုံပြင်ပါ အကြောင်းအရာကို မောင်ဟန်သစ်ငြိမ်အား ပြောပြ လိုစိတ်သည် ပြင်းထန်စွာဖြစ်ပေါ်လာလေရာ အဆိုပါပုံပြင်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

. . . . . . . . .

## "ဖိုးသူတော်စာ ဖိုးသူတော်ဖတ်တတ်"

ရှေးအခါက တောရွာ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဖိုးသူတော်ကြီးတစ်ပါး ပျံလွန်တော်မူသဖြင့် ၎င်း၏ အိပ်ရာနေရာများကို ရှင်းလင်းကြသောအခါ ၎င်းဖိုးသူတော်ကြီး ၏ ခေါင်းအုံးနှစ်လုံးအကြားတွင် သူကျန်းမာစဉ်က ရေးထားခဲ့သော စာကလေးတစောင်ကို တွေ့ရှိကြလေသည်။ ထိုစာမှာ . . . "ထရာဇာသော သုဉ်ဒသကို မုနိသုဒ္ဓါ ဒဒေယျာသိ" ဟူ၍ဖြစ်သည်။ ထိုစာကို ဘုန်းတော်ကြီးနှင့်တကွ ရပ်ရွာထဲမှ အတော်အတန် စာပေဗဟုသုတ ရှိသူတို့ အခေါက်ခေါက်အခါခါ ဖတ်ကြပါသော်လည်း အဓိပ္ပာယ်အမှန်ကို မှန်အောင်မပြန်ဆို နိုင်ကြပေ။ တစ်နေ့သ၌ ၎င်းကျောင်းသို့ ဧည့်သည် ဖိုးသူတော်ကြီးတစ်ပါး ရောက်လာလေ သည်။ သို့နှင့် ဘုန်းတော်ကြီးနှင့် ဖိုးသူတော်တို့ စကားစမြည် ပြောဆိုကြရင်း ပျံလွန်သွားသော ဖိုးသူတော်ကြီးအကြောင်း စကားစပ်မိသွားကြသဖြင့် ဘုန်းတော်ကြီးက စာကို ဖတ်ပြမေးမြန်း သောအခါ ဧည့်သည်ဖိုးသူတော်ကြီးသည် စာကို စူးစိုက်စွာဖတ်လျက် အတန်ကြာ စဉ်းစား နေပြီး . . .

ဖိုးသူတော် ။ ။ "ထ ကတော့ ထ ပဲ ဆရာတော်၊ ရာဇာက မင်း၊ သောဆိုတာ ခြောက်ဆိုတော့ ထမင်းခြောက် ဖြစ်ရမယ်။ သုဉ်ဒသ ဆိုတာကတော့ ကိုးကြောင်းအခေါ် ငွေတဆယ်ကို ခေါ်တယ်။ မုနိက မိနု၊ သုဒ္ဓါက သာဒုတ် ဖြစ်ရမယ်။ ဒဒေယျာသိ ဆိုတာက ပေးလိုက်ပါလို့ အဓိပ္ပာယ်ထွက်တယ်။ ဖိုးသူတော်ကြီးမှာ မိနုဆိုတဲ့နှမ မရှိဘူးလား"

ဘုန်းတော်ကြီး ။ ။ "အဲ ရှိတယ် ဦးသူတော်ရေ့၊ဆွေမျိုးဆိုလို့ သူ့မှာ ဒီနှမ တယောက်ပဲ ရှိရှာတယ်

ဖိုးသူတော် ။ ။ ဖိုးသူတော်ကြီးဟာ ထမင်းခြောက်ကော မလှန်းဘူးလား ဆရာတော်

ဘုန်းတော်ကြီး ။ ။ မလှန်းလားဦးသူတော်ရဲ့၊ ဘုန်းကြီးတို့ကျောင်းက ထမင်းဟင်း များ ပေါ်လွှမ်းလို့ကိုရင်ကျောင်းသားတွေအပြင် ခွေးငှက်တိရိစ္ဆာန်တွေတောင် စားမကုန်လို့ ဆားဖိုးရအောင်ဆိုပြီး ဘုန်းကြီးကပဲ ထမင်းခြောက်လှန်းဖို့ အကြံပေးရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသူတော် ။ ။ "ရွာထဲမှာ သာဒုတ်ဆိုတဲ့ ဒကာကော ရှိသလား "

ဆရာတော် ။ ။ "အင်း သာဒုတ်လည်းရှိတယ်။ ဦးသူတော်ကြီး ထမင်းခြောက်တွေ တစ်ဆင့် ရောင်းပေးတဲ့သူပေါ့"

ဖိုးသူတော် ။ ။ "ဒီလိုဆိုရင် သာဒုတ်ကို ထမင်းခြောက်ရောင်းခိုင်းထားလို့ သူ့ငွေတဆယ်ရစရာရှိလိမ့်မယ်။ အဲဒီငွေတဆယ်ကို သာဒုတ်က မိနုကိုပေးလိုက်ပါလို့ ရေးထားခဲ့တာ ဖြစ်ရမယ်။" ထိုအခါမှ ဘုန်းတော်ကြီးမှာ ဇဟာင်းစွာသဘောပေါက်ပြီး သာဒုတ်ကိုခေါ်၍မေးရာ ညွှန်သည် ဖိုးသူတော်ကြီးပြောသည့်အတိုင်း မှန်ကန်နေသဖြင့် သာဒုတ်ထံမှ ငွေတဆယ် တောင်းယူပြီး ဖိုးသူတော်ကြီး၏နှမမိနု ကို ပေးလိုက်ရလေသည်။ ထိုအခါမှစ၍ "ဖိုးသူတော်စာ၊ ဖိုးသူတော်ဖတ်တတ်" ဟူသော စကားပုံပေါ်ခဲ့သည်ဟု လူကြီးသူမတို့ ပြောစမှတ်ပြုခဲ့ကြသည်။

ရှေးသူဟောင်းတို့နှင့် ပညာရှင်များ၏ အဆိုအမိန့်အရ စိတ်ဟူသည့်အရာမှာ ဆန်းပြားလှရကား အဆိုပါ လူထုဦးလှ၏ ကျောင်းကန်အတွင်းမှ ပုံပြင်များစာအုပ်ကို နောက်ထပ်စာမျက်နှာသုံးဆယ်ခန့် ထပ်မံလှန်လှောမိချိန်တွင် စိတ်ဝင်စားဖွယ် ပုံပြင်တပုဒ်ကို ထပ်မံတွေ့ရှိရပြန်လေရာ ထိုပုံပြင်မှာ ကဗျာစပ် စာချိုး ဝါသနာအိုး ဒကာတယောက်အကြောင်းဖြစ်၍ ထိုင်းနိုင်ငံရှပ်နီ အရေးတော်ပုံအတွင်း၊ ကာဖျူးကာလက အရက်သမားဘဝကို စာစပ်ခဲ့ဖူးသော ချင်းမိုင်မြို့နေမောင်သင်ကာအား သတိရမိလျက် ပြောပြလိုစိတ်ဖြစ်ပေါ် လာပြန်လေရာ အပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်လေ၏။

• • •  • • •  • • •

## "ဝါ တဲ့ဗျာ၊ ဝါ တဲ့"

တခါက တောရွာတရွာ၏ အလှူတလှူတွင်ဖြစ်သည်။ တောရွာများ၏ထုံးစံမှာ ရွာတရွာတွင် သာမှုနာမှုရှိပါက မိမိရွာနှင့် ဂေါစရဂါမ်ဖြစ်သော အနီးအနားမှ ရွာဘုန်းကြီးကျောင်းများကိုလည်း ပင့်ရရိုးထုံးစံရှိရာ ထိုရွာကလေး၏ အလှူတွင်လည်း ထုံးထမ်းအစဉ်အလာအတိုင်း ရွာနီးနားဘုန်းတော်ကြီးများအား ပင့်ထားပြီးဖြစ်လေသည်။အလှူရေစက်ချမည့်နေ့ခင်း အချိန်တွင် ရွာတွင်းရှိ ယောက်ျားကြီး မိန်းမကြီးများသည် ပရိတ်တရားနာရန် မဏ္ဍပ်အတွင်းသို့ ရောက်ရှိနေကြလေသည်။ သံဃာစင်ပေါ်တွင်လည်း ဘုန်းကြီးများ သီတင်းသုံးရန် အဆင်သင့်ခင်းထားကြသည်။ ထိုအထဲတွင် သက်ရွယ်ကြီးမားသော ဆရာတော်ကြီးများပါဝင်ပါက ချမ်းသာစွာ သီတင်းသုံးနိုင်ရန် ပက်လက်ကုလားထိုင်ကြီးတလုံးကိုလည်း အဆင့်သင့် ထားရှိလေသည်။

မကြာမီပင် ဝါတော်လေးဆယ်ခန့် ရှိမည်ထင်ရသော ဘုန်းတော်ကြီးတပါးသည် ရွာတွင်းသို့ကြွရောက်လာပေသည်။ ပရိသတ်အတွင်းမှ ဒကာတယောက်သည် ထိုတော်ကြီးအား ခရီးဦးကြိုဆို၍ သံဃာစင်ရှိရာသို့ ပင့်သွားပြီး စောစောကတည်းက မထေရ်ကြီး သီတင်း



www.burmeseclassic.com

www.burmeseclassic.com

ရန် စီစဉ်ထားသော ကုလားထိုင်ကြီးပေါ်တွင် သီတင်းသုံးရန် လျှောက်သည်။ ဘုန်းကြီးလည်း ဒကာလျှောက်ထားသောနေရာတွင် ဣန္ဒြေကိုတည်ငြိမ်စွာ ကြည်ညိုဖွယ် ဆောင်လျက် နေထိုင်လေသည်။ ဒကာဒကာမများလည်း ဆရာတော်ကြီးဟု အောက်မေ့လျက် ကန်တော့ကြလေသည်။ ထိုဘုန်းကြီး ရောက်ပြီး၍ မကြာမီမှာပင် ဘုန်းကြီးတပါးကြွရောက် လာပြန်ပါသည်။ ဘုန်းကြီးလည်း သံဃာစင်ရှိရာသို့ တန်းကြွသွားလေသည်။ ကုလားထိုင်ကြီးအနီးသို့ ရောက်သည့်အခါ အရင်ထိုင်နှင့်နေသော ဘုန်းကြီးသည် ကုလားထိုင်ပေါ်မှဆင်းကာ အောက်တွင်ခင်းထားသော နေရာ၌ထိုင်လေသည်။ သို့နှင့်ပင့်ထားသော သံဃာတော်များ စုံစုံလင်လင်ဖြစ်သွားချိန်တွင် ဒကာဒကာမများက စောစောက မထေရ်ကြီးဟု အောက်မေ့သော ဘုန်းကြီးသည် သံဃာစင်ပေါ်တွင် နောက်ဆုံးမှ ဖြစ်နေလေသည်။ ဒကာဒကာမများလည်း ထိုမြင်ကွင်းကို ကြည့်ပြီး အတွေးမျိုးစုံနှင့်သာ ပရိတ်တရားကို နာကြသည်။ ပရိတ်ရွတ် ရေစက်ချပြီး၍ သံဃာတော်များပြန်ကြွသည့်အခါ စောစောက ခရီးဦးကြိုပြီး ပင့်ထားသော ဒကာသည် သူ့ဘုန်းကြီးအဖြစ်ကို သိလိုလှသဖြင့် ဘုန်းကြီးထိုင်နေရာဆီသို့ ထသွားပြီး မေးမြန်း လျှောက်ထားလေသည်။

"အရှင်ဘုရား စောစောက ကုလားထိုင်ကြီးပေါ်မှာ ထိုင်နေတာကို မြင်ရပါတယ်ဘုရား။ အဲဒီနေရာနဲ့ အရှင်ဘုရားနဲ့လဲ လိုက်ပါတယ်ဘုရား။ အခုဘယ်လိုကြောင့် ဒီနေရာကို ရောက်ရပါသလဲဘုရား"

ထိုသို့လျှောက်ထားမေးမြန်းသောအခါ ဘုန်းကြီးမှာ ရှက်လည်းရှက်၊ စိတ်လည်းတိုလာသဖြင့်

"ဝါတဲ့ဗျာ၊ ဝါတဲ့၊ အသက်ကတော့ သူတို့သားအဖပေါင်းဦးတော့ ငါ့မမီပါဘူး။

ထိုအခါ ဒကာက

"ဝါတော်က ဘယ်လောက်ရှိပြီလဲဘုရား"

ဘုန်းကြီး - "တလခွဲ"

ဒကာ - "သက်တော်ကကော ဘုရား"

ဘုန်းကြီး - "ခြောက်ဆယ် "

ဒကာ - "ဒါဖြင့် စာဝါကကော ဘုရား"

ဘုန်းကြီး - "ကကြီးလုံးတင် တသတ်ကိတ်"

အကြောင်းစုံကို သိရသောအခါ စာပေကဗျာ ဝါသနာရင်းစွဲရှိသော ဒကာသည် ထိုအနားမှာပင် ကဗျာလက်တန်း စပ်ဆိုလိုက်သည်မှာ . . .

"သက်တော်ကခြောက်ဆယ်၊ ဝါတော်က တလခွဲ၊ တို့ဘုန်းမော် စာတော်ကိတ်ရယ်၊ မှန်းစိတ်နှင့်လွဲ "ဟူ၍ ဖြစ်သတည်း။

. . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com


ဤသို့လျှင် ကျွန်ုပ်သည် လူပြိန်းစာများရေးသားသည်ဟု မှတ်ချက်ပြုခဲ့ဘူးသော စက်ာပူနိုင်ငံနေ တူမတော်အား အယူခံရာလည်းရောက်စေ၊ အခြားလူငယ်များ အပျင်းလည်းပြေစေ၊ ဗဟုသုတလည်းဖြစ်စေဟူသော ရည်ရွယ်ချက်ဖြင့် လတ်တလော ကျွန်ုပ်တွေးတော ခံစားမိသည်များကို စာတိုတပိုဒ် တပါဒအဖြစ် ရေးသားဖော်ပြလိုက်ရပေသတည်း။

*(စောင့်ကြည့်ဂျာနယ်။ မေ(၃၀) ၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကိုမြဟန်တို့ခေတ်တွေ လွန်ပါစေ

(၁)

ကိုမြဟန်ဟူသော အမည်နာမသည် လူတချို့၏အမည်နှင့် တိုက်ဆိုင်နေနိုင်သည်။ ယခုဆိုအံ့သော ကိုမြဟန် အနီမြဟန် ထို ကိုမြဟန်သည် အခြားအခြားသော ကိုမြဟန်များကို ရည်ညွှန်း ခြင်းမဟုတ်မူဘဲ ကျနော့်မူပိုင် ကိုမြဟန်ကိုသာဆိုလိုကြောင်း ရှေ့ဦးစွာ ပြောလိုပါသည်။

(၂)

ကိုမြဟန်ကို ကျနော်လူပျိုပေါက်အရွယ်၊ လွန်ခဲ့သော အနှစ်လေးဆယ်ခန့်က ကျနော် ကြီးပြင်းခဲ့ရာ ပစ္ဆန္တရစ်အရပ်မှာ ဆုံခဲ့ရသည်။ ကိုမြဟန်သည် ကျနော်နှင့်တလမ်းတည်းသား ဖြစ်သော်ငြား သက်တူရွယ်တူကားမဟုတ်။ ကျနော့်အသက် တဆယ့်ခြောက်နှစ်အရွယ်တွင် ကိုမြဟန်သည် အသက်လေးဆယ်ခန့် ရှိခဲ့ပြီ။ ထိုကိုမြဟန်ကား အရပ်ငါးပေငါးလက်မခန့်ရှိပြီး အသားညိုသည်။ မျက်နှာပုံပန်းမှာ လေးထောင့်ပုံစံဖြစ်သော်ငြား ရုပ်ဆိုးသည်ဟုမဆိုသာ။ ကြည့်ပျော်ရှုပျော်ဖြစ်သည်။ ကျနော်၏ လေ့လာမှု အားနည်းသည်ကြောင့်လော မဆိုနိုင်။ ကျနော်နှင့်ကိုမြဟန် ထိတွေ့ဆက်စပ်ခဲ့စဉ်က ကိုမြဟန်သည် နေ့စဉ်စားဝတ်နေရေး အတွက် မည်သည့် အသက်မွေးဝမ်းကျောင်းမှု ပြုသည်ကို ကျနော်

www.burmeseclassic.com

www.burmeseclassic.com

မစေ့ငုနိုင်ခဲ့။ သူ့ကို အများဆုံးတွေ့ရ သောနေရာမှာ ကျနော်တို့ လမ်းထဲတွင် နာရေးကိစ္စပေါ်လေတိုင်း စည်တားမြဲဖြစ်သည့် အရပ်မသာဖဲဝိုင်းများတွင်သာဖြစ်၏။ ထို့ထက် ပြည့်စုံအောင်ပြောရလျှင် ကိုမြဟန်သည် သူ့ငယ်ပေါင်းကြီးဖက် ကိုစံမြင့် ကွယ်လွန်ပြီး တစ်လတည်းတူသော ကာလတိုအတွင်း ကိုစံမြင့်၏မယား မစန်းမြကို သိမ်းပိုက်နိုင်သူဖြစ်၏။

ထို့ပြင်တဝ လမ်းထဲရှိသာရေးနာရေး ကိစ္စတိုင်းလိုလိုတွင် သူ့ကို လတ်လျားလတ်လျားတွေ့ရတတ်ပြန်သည်။ ဤနေရာတွင် လတ်လျားလတ်လျားဟူသော စကားလုံးကို ရွေးခြယ်သုံးရခြင်းမှာ သူသည် အဆိုပါကိစ္စရပ်များ၌ တာဝန်တခုခု နေရာတခုခုတွင် ပီပီပြင်ပြင် တာဝန်ယူသည်ကို မတွေ့ခဲ့ရဖူးဘဲ နေရာတကာတွင် သူသာ တမိုးလုံး ဖျောက်ဆိပ်ဖြစ်နေသောကြောင့်။ သို့သော် သူပီပြင်စွာတာဝန်ယူသော ကိစ္စရပ်ကား အလှူသို့မဟုတ် နာရေးရက်လည်တို့မှ စားကောင်းသောက်ဖွယ်များကို ဘုန်းကြီးရဟန်းတို့အရင် ဦးစွာမြည်းဟန်ပြလျက် အဝကြိတ်သောအလုပ်ဖြစ်၏။ ထို့နောက် ခပ်ကြီးကြီးဂျိုင့်တစ်လုံးဖြင့် မိသားစုဝမ်းရေးအတွက် သယ်ဆောင်တတ်ခြင်းသည်လည်း သူ၏ပြုမြဲအလုပ်ဖြစ်၏။

ထူးခြားသည်ကား ကိုမြဟန်သည် အရပ်ထဲရှိ လူပျိုပေါက်အတော်များများကို ဩဇာညောင်းသော အချက်ဖြစ်၏။ နောင်ကျနော်အရွယ်ရောက်လာသည့်အခါ ယင်းအချက်သည် တစ်ရပ်ကွက်တည်း၊ တစ်လမ်း တည်းနေ၊ လူပျိုပေါက်တို့၏ အချစ်ရေးကိစ္စများတွင် ဒိုးကန်ဒေါက်ကန် အကြံပေးတတ်သည့် ကိုမြဟန်၏ ထက်မြက်လှသော ရွှေဉာဏ်တော်ကြောင့်ဟု ကျနော်သတိပြုမိလာသည်။ ထို့အပြင် ကျနော်တို့လမ်းထဲက သမဝါယမဆိုင်မန်နေဂျာအပေါ်တွင်လည်းကောင်း၊ အရောင်းစာရေးများအပေါ်တွင်လည်းကောင်း၊ လမ်းလူကြီး (ရလက) များအပေါ်တွင်လည်းကောင်း သူ့ဩဇာသက်ရောက်မှုအချို့ ရှိသည်ကိုလည်း ကျနော်သတိပြုမိသည်။ အကြောင်းမှာ ထိုသူတို့သည် ကိုမြဟန်နှင့် ဖဲဝိုင်းမှာ လက်ရည်တပြင်တည်းကြသောကြောင့် ဖြစ်တန်ရာ၏။ ထို့အတူကိုမြဟန်သည် ဖဲရိုက်ရာတွင် ကျွမ်းကျင်စွာ လိမ်တတ်သည်ဟူသော အချက်သည်လည်း သူ၏ နောက်ဆက်တွဲ ဂုဏ်ပုဒ်ဖြစ်၏။ အထက်ပါအချက်တို့သည် ထိုအချိန်ကာလများကသော် ကျနော်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိခဲ့။ ထို့အတူ ကိုမြဟန်နှင့် ထိပ်တိုက်တိုးရန် အကြောင်းတစုံတရာမရှိခဲ့။ သို့သော် . . .။

(၃)

ကျနော်ငယ်စဉ်က နေထိုင်ခဲ့ရာရပ်ကွက်၊ လမ်းသည် ဆင်းရဲသားပျံကျများ စုဝေးနေထိုင်ရာ အရပ်ဖြစ်လေရာ ရာသီအလိုက် ပျော်ပွဲရွှင်ပွဲမှအစ၊ ဘာသာရေးဆိုင်ရာ နေ့ကြီးရက်ကြီးများအလယ်၊ သီတင်းကျွတ်၊ တန်ဆောင်တိုင် အရပ်စင်တင်ပြဇာတ်တို့အတွက်အဆုံး အမာခံအလှူရှင် (ယခုခေတ်အခေါ် စပွန်ဆာ) ဟူသည် ချစ်တီးခေါင်းမှ သန်းကဲ့သို့ အရ ရခက်၏။ နေ့စာညစာ ကြက်ယက်သလို ရှာဖွေနေကြရသော ဘဝများဖြစ်သောကြောင့် ဝိုင်းစိုက်စံနစ်သည်လည်း တာမစားလှ။ ထိုအခြေအနေတွင်၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်၊ မည်သူမည်သို့ အကြံပြုလိုက်သည်မသိ။ အဆိုပါ ရံပုံငွေအရပ်ရန်ကို ရှာဖွေဖြည့်



www.burmeseclassic.com

www.burmeseclassic.com

ဆည်းရန်အလို့ငှာ အရပ်ပိုင် ဒိုးဝိုင်းတခုဖြင့် အနီးဝန်းကျင်ရပ်ကွက်များနှင့် လမ်းတကာသို့ လှည့်ကာ ခွက်ထိုးအလှူခံခြင်း အမှုကို ပြုခဲ့ကြရလေသည်။

လမ်းထဲက လူပျိုပေါက်တို့ ဒိုးဝိုင်းဖြစ်မြောက်ရေးတွက် ပုဆိုးပေါင်၊ အင်္ကျီပေါင်ကြရရုံမက ဒိုးပတ် ပတ်စာအတွက် ဝါးလက်ခုပ်အတွက်၊ အကာသမားအဝတ်အစားအတွက် ဖင်ကြားချွေးယိုလောက်အောင် ဝန်းကြိုင်းကြစဉ်တွင် ကိုမြဟန်သည် အလှူခံခွက်များ စစ်ဆေးထိန်းသိမ်းသည့်တာဝန်ကို မငြီးမငြူ ခွဲဝေယူရှာပါ၏။

ကာလသားအများစု၏ စိတ်အားထက်သန်မှု ကျားကုပ်ကျားခဲကြိုးပမ်းမှုတို့ကြောင့် ကျနော်တို့ ဒိုးဝိုင်းမှာ လမ်းတကာလှည့်၍ ခွက်ထိုးအလှူခံသည့်ရက်များတွင် တရက်ဝင်ငွေမှာ (ဟိုယခင်ခေတ်က) လေးရာငါးရာကျပ်အထိ ရှိတတ်၏။ ချစ်တီးဘုရားလှည့်ရာတွင် တညလျှင် ကျပ်ငွေသုံးရာနှုန်း၊ ညကြေးဖြင့် အငှားခံရသည့်အဆင့် ဖြစ်လာ၏။ ဝါသနာစေရာ နောက်သို့ ကောက်ကောက်ပါနေကြသော ဒိုးဝိုင်းအဖွဲ့ဝင်လူငယ်တို့မှာ လက်ဖျားမှ သွေးယိုကြကုန်၏။ နေ့နှင့်ညလည်းမှားကြကုန်၏။ အစားပျက်အသောက်ပျက်ကာ ဆီးချုပ်ဝမ်းချုပ်ပါ ဖြစ်ကြလေကုန်၏။

(၄)

ကျနော်တို့၏ ဇာတ်လိုက်ကျော်ကြီး ကိုမြဟန်ကား ကျနော်တို့ ရပ်ကွက်တကာ၊ လမ်းတကာ ခြေဆန့်နေချိန်တွင် တိမ်ကြားမင်းခေါင်နှယ်၊ မိုးကျရွှေကိုယ်နှယ်၊ မမျှော်လင့်သော အချိန်တွင် မမျှော်လင့်သောနေရာမှ ပေါ်ထွက်လာတတ်လေ၏။ သူစိတ်ဝင်တစား တာဝန်ကျေသည့်အလုပ်ကား အလှူခံခွက်များကို လိုက်လံစစ်ဆေးခြင်း အမှုဖြစ်လေရာ ဤသို့ဖြစ်ဖန်များလေသော် ထူးခြားသော သူ၏အပြုအမူကို ကျနော့်စိတ်မှာ တမျိုးတမည် စနိုးစနောင့် ခံစားလာရသည်။

မကြာပါချေ။ ကိုမြဟန်တယောက် အလှူခံခွက်အတွင်းမှ အလှူငွေ အရွက်ကြီး ငါးကျပ်တန်များကို စိတ်ရှည်ရှည်ရွေးလျက် သူ၏အိပ်ထောင်အတွင်းသို့ ရွှေ့ပြောင်းကဲ့ဝှက်နေသည်ကို ကျနော်ပက်ပင်းတွေ့ပါလေတော့သည်။ ရုတ်တရက်သော် ကျနော့်စိတ်မှာ မယုံကြည်နိုင်လောက်အောင် ထူးဆန်းနေသောကြောင့် မှင်သက်မိရ၏။ အလှူခံခွက်ကိုင်စွဲကြသူ၊ ကာလသားသမီးတို့၏ အမူအယာကား မည်သို့မျှထူးဆန်းဟန်မပြ။ ကိုမြဟန်၏ အမူအယာကား သူကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေသည့် မျက်နှာပေးမျိုးဖြစ်၏။

(၄)

ထိုအဖြစ် ထိုအမူအယာတို့အတွက် ကျနော့်စိတ်အစဉ်မှာ အတွေးမျိုးစုံ ဝင်ဆောင့်ပါတော့သည်။ ကိုမြဟန်ကား ဘနဖူးသိုက်တူးမည့်သူပေတကား။ အများပိုင်ငွေကို ကိုယ်ကျိုးလောဘစိတ်ထားသူပါတကား။ ဘုန်းကြီးရဟန်းတို့၏ဆွမ်းအုပ်မှ ဆွမ်း၊ ဆွမ်းဟင်းများကို မျက်ကန်းတစ္ဆေမကြောက် နှိုက်ရဲသူပေတကား။ ဘာသာတရား ကိုယ်ချင်းစာတရား ကင်းသူ



www.burmeseclassic.com

www.burmeseclassic.com

ပေတာကား။ ငရဲနှင့်နတ်ပြည်ကို မသိယောင်တကား။ တနေကုန် ခြေတိုဖိနပ်ပါးအောင် လမ်းတကာလှည့် ခွက်ထိုးကြရသော လူငယ်တို့သည်လည်း ကိုမြဟန်နှင့် အလိုတူ အလိုပါ ကြရာပါများပေလော။ . . . ဟူသော အတွေးတို့သည် ကျနော့်ဦးနှောက်ကို ပွက်ပွက်ဆူစေခဲ့လေသည်။

(၅)

တဆင့်စကားတို့အရသော် ကိုမြဟန်တစ်ယောက် လွန်ခဲ့သောနှစ်နှစ်ခန့်က ကွယ်လွန်ခဲ့ပြီဟု ကြားသိရပါသည်။

အဆိုပါသတင်း မှန်သည်မှားသည်အပထား။ ကိုမြဟန်ကွယ်လွန်ဆုံးပါးခြင်းအတွက် ကျနော့်စိတ်မှာ ဝမ်းနည်းရမည့်အစား ဝမ်းသာသလိုလိုခံစားရသည်။

တိုတို့နှင့် လိုရင်းပြောရလျှင် ကိုမြဟန်ကို ကျနော်လွမ်းရန် အကြောင်းမရှိပါ။ ထို့အတူ ကိုမြဟန်လိုလူမျိုး၊ ကြီးစိုးသည့်ခေတ်ကိုလည်း ကျနော်မလွမ်းပါ။ ကိုမြဟန်လိုလူမျိုးများ တွင်ကျယ်သည့် ခေတ်တို့သည်လည်း လွန်မြောက်ပါစေဟု တိုးတိုးရော ကျယ်ကျယ်ပါ ကျနော် ဆုတောင်းသည်။

*(ဆဲဗင်းဒေးနေ့စဉ်သတင်းစာ ၊မေ(၉)၊ ၂၀၁၃၊)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင့်ဆရာ ဇာတိမာန်

၂၀၀၄ ခုနှစ်၊နိုဝင်ဘာ (၁၆) ရက်၊ စင်္ကာပူ

ကျွန်တော် အေမီကို နှုတ်ဆက်၍ International Plaza ပေါ်မှ မပ်သွက်သွက်ဆင်းခဲ့ပါသည်။ စင်္ကာပူရောက်တာ (၁၀) ရက်ရှိပြီ။ နောက် (၂) ရက် (၃) ရက်အတွင်း ဘန် ကောက်ပြန်ရမည်။ ကုမ္ပဏီတည်ထောင်သည့်ကိစ္စ ဘဏ်ငွေစာရင်းဖွင့်ရန်သာ ကျန်တော့သည်။ ကုမ္ပဏီ ဖွင့်နိုင်ရေးအတွက် Accede corporate က ဝန်ဆောင်ခယူ၍ ဆောင်ရွက်ပေးသည်။ အေမီ သည် Accede က အမှုဆောင်အရာရှိ။ စင်္ကာပူတွင် ကုမ္ပဏီ တည်ထောင် ရသည်မှာ အချိန်ကုန်အလွန်သက်သာပါသည်။ တစ်နာရီကျော်မျှနှင့် ကိစ္စပြီးသည်။ သို့သော် ကုမ္ပဏီများ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းတို့ကား တင်းကျပ်လှသည်။

Anson လမ်းမပေါ်မှာ တက္ကစီတစ်စီးကို လှမ်းတားသည်။ ကားပေါ်တက်ထိုင်သည်။ယာဉ်မောင်းက "ဘယ်သွားမှာလဲဗျာ"၊ "ဒူးရင်း"၊ "ပြန်ပြောပါဦး"၊ "ဒူးရင်း"၊ "ဟုတ်ကဲ့၊ ဟုတ်ကဲ့"။ အမှန်တော့ ဒူးရင်းဆိုသည်မှာ ဒူးရင်းသီးနှင့်တူသည့် ချွန်ချွန် တက်တက် အမိုးဒီဇိုင်းများရှိသည့် အဆောက်အဦးပါတည်း။

ထိုဝန်းကျင်တစ်ဝိုက်သည် စင်္ကာပူတစ်မြို့လုံးကို လှမ်းမြင်နိုင်သည့်နေရာ။ Malion ရုပ်ထု၊ Fullerto ဟိုတယ်တို့ကို လှမ်းမြင်နေရသည်။ သည်ဖက်မှာ Esplanade Theratre။

www.burmeseclassic.com

www.burmeseclassic.com

ကျွန် တော့်ရည်ရွယ်ချက်က မပြန်ခင် ရှုခင်းကောင်းသည့် နေရာတချို့တွင် ဓာတ်ပုံရိုက်ရန်။

"ခင်ဗျား ဘယ်ကလာတာလဲဗျ" ယာဉ်မောင်း၏မေးခွန်းသည် သာမန်ပဋိသန္ဓာရ ဖြစ်ပါသည်။ သို့သော် ကျွန်တော့်စိတ်မှာ သည်မေးခွန်းအမေးခံရတိုင်း ဘယ်ကပေါ်လာမှန်း မသိသော သိမ်ငယ်စိတ်ဝင်လာစမြဲ။ "ဟုတ်ကဲ့ ဗမာပြည်ကပါဗျာ" လေသံကိုထိန်း၍ ပြန်ဖြေလိုက်ပါသည်။ ဗမာပြည်ဟုဆိုလိုက်သည်နှင့် ကျွန်တော်တို့တိုင်းပြည်၏ အထွေထွေ အားနည်းချက်များကို ဝေဖန်သလိုလို သနားသလိုလိုနှင့် ကောင်းချီးပေးကြသည်ကို ကြုံဖူး ပေါင်းများပြီ၊ မတတ်နိုင်။ ကြိတ်မှိတ်အောင့်အည်းသည်းခံ၍ ခွန်အားစပေရော့။

"ဟာ ဗမာပြည်ရန်ကုန်မြို့ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀) ကျော်လောက်က တော်တော် အဆင့်မြင့်တာဗျ။ အဲဒီတုန်းက ကျွန်တော်တို့ စင်္ကာပူက စုတ်ပြတ်နေတာပေါ့ဗျာ။မြို့ကွင်း မြို့ကွက်ပုံစံတွေ၊ မြူနီစပါယ်အက်ဥပဒေတွေ လုပ်နည်းကိုင်နည်း တော်တော်များများကို ရန်ကုန်မြို့က ကူးယူခဲ့ရတာဗျ"

ကျွန်တော့် စိတ်အထင်မှားပြီ။ ယာဉ်မောင်းသည် အသက် (၅၀) ကျော်ခန့်ရှိပြီး ဗမာပြည်က လုပ်ငန်းရှင်တစ်ယောက်ကဲ့သို့ ရွှင်လန်းပေါ့ပါးလျက်ရှိပါသည်။ စိတ်ကောင်းရှိပုံ ရသည်။ သို့သော် ကျွန်တော်က လိပ်ပြာမလုံ။ "ဟုတ်ကဲ့ ရန်ကုန်ကိုမှီငြမ်းခဲ့တဲ့ စင်္ကာပူဟာ တော်တော်တိုးတက်နေပြီပဲ"။ ကျွန်တော့်အသံသည် ခြောက်ကပ်နေသည်။ သူ့စကားဆက် နေပြန်သည်။ "အခုအခြေအနေမှာတော့ ဗမာပြည်ဟာ စင်္ကာပူနိုင်ငံရဲ့ လုပ်နည်းကိုင်နည်း တော်တော်များများကို အတုယူသင့်တယ်ဗျ။ စင်္ကာပူနည်းဥပဒေတွေကို ကမ္ဘာ့နိုင်ငံအများစုက လက်ခံကြတယ်ဗျာ"။ ဗမာ့လေသံဖြင့် ပြန်ပြောရလျှင် ကျွန်တော်အထက်ကို တင်ပြလိုက်ပါ့ မယ်ဟုသာ ဖြေရန်ရှိတော့သည်။ နှုတ်ဆိတ်နေလိုက်တာ ကောင်းမည်။ ကြာကြာ နှုတ်မဆိတ် ရပါ။ ဒူးရင်းဆီသို့ရောက်ပြီ။ ကျွန်တော် သမ္မာန်တွေ မြင်နေရသည့် တံတားဖက်သို့ လျှောက်ခဲ့ သည်။ မိုးထိမြင့်သယောင်ထင်ရသော စင်္ကာပူဂုဏ်ဆောင် အဆောက်အဦတို့ကား အပြာ ရောင်မိုးကောင်းကင် တိမ်ဖြူဖြူပါးပါးတို့ကို နောက်ခံထားလျက် ခန့်ငြားလျက် ရှိပါ၏။ ထွန်းလင်းသော နေရောင်ကြောင့် ပိုမိုတောက်ပနေပါ၏။ကျွန်တော်ငယ်ငယ်က ကြည့်ခဲ့ရ သော ဇာတ်ပွဲများတွင်ကပြသည့် ပြဇာတ်နောက်ခံ ပန်းချီကားနှင့်တူနေပါသည်။ ကင်မရာကို အိတ်ထဲကထုတ်ကိုင်ပြီး **Esplanade** ဘေးမှာ ကျွန်တော်လျှောက်ငေးနေမိသည်။ ပင်လယ် ဖက်က ချောင်းကျယ်တစ်ခုဆီသို့ ဝင်လာသည့်နေရာ။ လှေကားထစ်ကျယ်ကြီးများသို့ အနည်း ငယ်တက်မိသည့်အခါ လူရှင်းနေသည့်စားသောက်ဆိုင်တစ်ဆိုင်။ အဘိုးကြီးနှစ်ယောက် ထိုင်နေသည်။ လက်ဖက်ရည်ခွက်၊ စားစရာပန်းကန်ပြားတွေနှင့် တံငါသည်ပုံစံတွေ။ သာမန် လူ အချိုးအစားအတိုင်း ထုဆစ်ထားသည့် ကြေးရုပ်များ၊ ပင်လယ်ဝ၊ ချောင်းကျယ်၊ လှေ သမ္မာန်များနှင့် တံငါသည်ရုပ်ထုများကိုကြည့်ရင်း ကျွန်တော် ကင်းဝန်မင်းကြီးကို သတိရ သည်။

ကင်းဝန်မင်းကြီးကား ၁၂၃၆ ခုနှစ်တွင် မြန်မာသံအဖွဲ့ကို ဦးဆောင်ကာ ဥရောပတိုက် သို့ လှည့်လည်ခဲ့သူတည်း။ အနောက်နိုင်ငံတို့၌ စက်မှုထွန်းကားပုံ၊ စစ်ဖက်လက်နက်များ



www.burmeseclassic.com

www.burmeseclassic.com

ခေတ်မီပုံတို့ကို မျက်ဝါးထင်ထင်တွေ့ရလျှက် ခရီးသွားမှတ်တမ်းများစွာကို ပြုစုခဲ့သော ကုန်းဘောင်ခေတ်နှောင်းက ဗမာ့သက်တော်ရှည်ဝန်ကြီးပေတည်း။

သူ၏ခရီးသွားမှတ်တမ်း၌ ဥရောပခရီးသို့သွားရာတွင် ခရီးတစ်ထောက်နားခဲ့ရသည့် စက်ာပူကို တံငါရွာကြီးတစ်ရွာအဖြစ် မှတ်မှတ်ရရ ရေးခဲ့လေသည်။ ထိုအချိန်ကဆိုလျှင် အဆိုပါစက်ာပူတံငါရွာသားတို့ သိုရင်းအင်္ကျီရှည်ဖားဖား ဝန်ကြီးအဆောင်အယောင် တောက်ပြောင်လျှက်ရှိသော ဗမာဝန်ကြီးကိုကြည့်ရင်း ရင်သပ်ရှုမောခဲ့ကြပေလိမ့်မည်။

လူမျိုးစုံမှတ်တမ်းဓာတ်ပုံ တဖျပ်ဖျပ်ရိုက်နေကြသော ကင်မရာအလင်းတန်းများကြောင့် တစ်ကိုယ်တော်အဖြစ်ကို ပြန်သတိပြုမိသည်။ ဓာတ်ပုံရိုက်နိုင်ရေးအတွက် တစ်ယောက်ယောက် အကူအညီလိုသည်။ဝန်းကျင်ကို အကဲခပ်တော့ ကင်မရာနှစ်လုံးလွယ် ထားသော စိနတိုင်းသားပုံစံ လူလတ်ပိုင်းတစ်ဦး။

"တဆိတ်ဗျာ ကျွန်တော့်ကို ဓာတ်ပုံရိုက်ပေးနိုင်မလားဗျာ"

"ရပါတယ် ရိုက်ပေးပါ့မယ်"

ကျွန်တော်က ကင်မရာလှမ်းပေးလိုက်သည်။ သူလှမ်းယူပြီး ကင်မရာကိုကြည့်သည်။ ကျွန်တော့်ကို ငြိမ်နေဘို့ ပုံစံပြင်ဘို့ ဘာတစ်ခွန်းမှမပြော ၄၊ ၅ ပုံ ဆက်တိုက်ရိုက်၏။ စိတ်မသက်မသာလေသံဖြင့် "ခင်ဗျား ကင်မရာတော်တော်ညံ့တယ်ဗျ။ ဒီမှာ ဒါမျိုး Model တွေ မသုံးတော့ဘူး။ ကျွန်တော်က ကင်မရာသမားဗျ။ ဂျာမဏီမှာထုတ်တဲ့ မဂ္ဂဇင်းတွေဆီကို ဓာတ်ပုံတွေရိုက်ပို့ပေးနေတာဗျ။ ခင်ဗျားကင်မရာကို မသုံးနဲ့တော့ဗျာ။ အသစ်တစ်လုံးဝယ်လိုက်။ ဒီမှာ တစ်ပတ်ရစ်တွေ သိပ်ဈေးမပေးရပါဘူး။ ဝယ်ချင်ရင် ကျွန်တော် လမ်းညွှန်ပေးမယ်"။

သူ့ ပြောရင်းဆိုရင်း ကျွန်တော်၏ အနေအထားအမျိုးမျိုးကို ပုံ (၂၀) ကျော်ခန့်နောက်ခံအမျိုးမျိုးရွှေ့လျှက် အဆက်မပြတ်ရိုက်နေလေသည်။ ကျွန်တော်ဓာတ်ပုံ အရိုက်ခံရင်း စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေမိသည်။ ဗမာလူမျိုးဆိုတာ ရိုပ်မိ၍ နှိမ်လေရော့သလား၊

"ဘယ့်နှယ့် ငါ့ကင်မရာက လွန်ခဲ့တဲ့(၃) နှစ်ကမှ အောင်ဆန်းကွင်းဘေးက Show Room မှာ ဝယ်ထားတာ၊ တစ်သိန်းကျော်တောင်ပေးရတယ်။ Nikon- Zoom Jow အမျိုးအစားပဲ၊ သူပြောတာတွေဟုတ်ရဲ့လားဟု သံသယပွား၏။ သို့သော် ပြန်ခါနီးနှစ်ရက်အလို ပင်နီဆူလာအဆောက်အဦအပါအဝင် ကုန်တိုက်ကြီးများတွင် ကင်မရာအသစ်ဝယ်ရန်စုံစမ်းသောအခါမှ နေ့စဉ်နှင့်အမျှ အသစ်အဆန်းပေါ်ထွက်နေသော ကင်မရာပုံစံ အမျိုးမျိုးတို့တွေ့ရမှ ကျွန်တော်ဗမာပြည်ကယူလာသော ကင်မရာကို လွှတ်ပစ်ချင်စိတ်ပေါက်လေသည်။

ကျွန်တော်ဆုံခဲ့သော စက်ာပူသား ဓာတ်ပုံဆရာသည် မှန်သောစကားကိုဆိုခဲ့ကြောင်း သူရိုက်ပေးသော ဖလင်ကို ပုံကူးသောအခါ ထွက်လာသည့် အယူအဆမှန်လှသောပုံများက ထပ်မံသက်သေခံပြန်ပါ၏။

Geylang Hotel Ä1 , အခန်းအမှတ် ၅၀၂



www.burmeseclassic.com

www.burmeseclassic.com

မှောင်ခါနီး၌ မီးရောင်ကျိုးတိုးကျဲတဲ စမြင်ရပြီ။ အဆက်မပြတ် ဖွင့်ထားသောတီဗွီပေါ်က အရုပ်တွေဆီ စိတ်မရောက်။ ပုဇင်းရင်ကွဲအော်သံလိုလို၊ လင်းနို့အော်သံလိုလို အသံတိုးတိုးကြားနေရသည်။ မနက်ဖြန် ဆယ့်နှစ်နာရီလေးဆယ့်ငါးတွင် **Cathay Pacific Air Line** ဖြင့် ဘန်ကောက်ပြန်မည်။ ဘန်ကောက်မှာ ၂ ရက်၊ ၃ ရက်နေပြီး ဝယ်စရာရှိတာဝယ်ပြီးလျှင် ရန်ကုန်ပြန်မည်။ ကိုယ့်မြေကိုယ့်ရေ မဟုတ်သောဒေသတွင် ဝင်ဆံ့အောင်ရုန်းရကန်ရဦးမည်။ စိတ်အတွေးတို့ အလျှင်မပြတ်။ ရေခြားမြေခြားမှာ ဘယ်လိုနည်းနဲ့မှ အသုံးမတည့်လှသော မွေးရပ်ဌာနီ၏ ဂုဏ်ဒြပ်နှင့်ပတ်သက်၍ ရင်ထဲမှာ ကြီးမားသော ခြောင့်ကြီးတစ်ခုစူးဝင်နေသလို ခံစားနေရသည်။ အတွေးတို့၏နောက်သို့ ခြေလှမ်းစိတ်စိတ်ဖြင့်လိုက်မိပြန်၏။

"ဒီမှာ မောင်ရင်"

"ဗျာ"

ရုတ်တရက် ကြားရသည့်အသံကြောင့် ယောင်ယမ်းထူးလိုက်မိသည်။ ဘယ်သို့ဘယ်ပုံရောက်လာသည် မသိရသောပုဂ္ဂိုလ်၏ပုံစံက ဆန်းကျယ်နေသည်။ ဒီနိုင်ငံမျိုးမှာ သူ့ပုံစံကပိုဆန်းနေသည်။ ကြည့်ပါ။ ပိုးလုံချည်နှင့် လည်ကတုံး၊ နံ့သာရောင်တိုက်ပုံ၊ နဖူးကျယ် ကျယ်၊ မျက်လုံးအိမ်မှေးသယောင်၊ အသက်ခြောက်ဆယ်ဝန်းကျင် . . . "မောင်ရင် ကိုယ့်ကိုသိလား"

ရောသူ့အသံက အမေရိကန် အင်္ဂလိပ် အသံထွက်ပါတကား။

" ဟုတ်ကဲ့ ၊ ဟင့်အင်း"

ကျွန်တော့်အသံက ဦးသောဘိတကျောင်းက ဗိုလ်သံ။

"ကိုယ့်နာမည် ညိုမြပါ"

ညိုမြဆိုသောအမည်ကို ကျွန်တော်ရင်းနှီးသယောင် ခံစားရပြန်သည်။

"ကိုယ်က အိုးဝေ ညိုမြပါ"

"ဪ သိပြီ အိုးဝေညိုမြ 'ခွေးသရမ်းကြီး လွှတ်နေပြီ' ဆိုတဲ့ဆောင်းပါးကြောင့် အယ်ဒီတာ သခင်အောင်ဆန်းကျောင်းထုတ်ခံရတာ၊ ကျောင်းသားသပိတ်အတွက် မီးမွှေးသလိုဖြစ်ခဲ့တာ။

သေချာသည်။ သူ့ကို ကျွန်တော်သေချာသိပြီ။ ညိုမြသည် မုံရွာအမြင့်ဇာတိ၊ ၁၉၁၄ ခုနှစ်ဖွားသည်။ အဖရှေ့နေ ဦးသာဝံ၊ အမိ ဒေါ်အုံ။ အမည်ရင်း ဦးသိန်းတင်။၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးတန်းအောင်သည်။ ၁၉၃၀-၄၅ ခုနှစ်တွင် အင်္ဂလန်နှင့် အမေရိကန်တို့၌ ပညာသင်သည်။ ၁၉၄၂ ခုနှစ်တွင် ချီကာဂိုက စာနယ်ဇင်းပညာမဟာသိပ္ပံဘွဲ့ရသည်။ ၁၉၃၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်းမှာ အယ်ဒီတာလုပ်သည်။ အိုးဝေမဂ္ဂဇင်းသည် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ၏ ကြွေးကြော်သံ . . . စသည်ဖြင့် သူ့အကြောင်းတွေ ခေါင်းထဲမှာ ပေါ်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ အန်ကယ့်စာတွေ ကျွန်တော် ဖတ်ဖူးပါတယ်၊ အထူးသဖြင့် အန်ကယ်ရဲ့ ကုန်းဘောင်ရှာပုံတော်"

"ဒါပေမယ့် မောင်ရင် မမှတ်မိဘူး"

"လုံးစေ့ပတ်စေ့တော့ မဟုတ်ဖူးပေါ့ အန်ကယ်၊ တော်တော်များများ ခြုံငုံမိပါတယ်"

"ဒါကိုလည်း ကိုယ်သဘောမတူဘူး၊ သဘောကို ခြုံငုံမိတယ်ဆိုရင် မောင်ရင် ဒီလို ခံစားနေမှာ မဟုတ်ဘူး"

"အန်ကယ် ဘယ်လိုဖြစ်စေချင်တာလဲ"

"မ အ စေချင်တာကွ၊ သမိုင်းကို ကျေညက်နေစေချင်တာ"

"ကျွန်တော်လည်း သိပ်တော့ မအ ဘူးထင်တာပဲ၊ အန်ကယ်"

" ဒါဆို မောင်ရင် ဗမာရာဇဝင်ကို သေချာသိသလား"

ကျွန်တော် မဖြေရဲတော့။ သူသည် ဤကာလ၏ ဆယ်စုနှစ်ပေါင်းများစွာကပင် မဟာ အင်အားကြီးနိုင်ငံများမှာ ပညာဆည်းပူးခဲ့သူ၊ နည်းပြဆရာလုပ်ခဲ့သူ၊ အထူးသဖြင့် စာနယ် ဇင်းအတတ်ပညာ၊ ရာဇဝင်တို့ကို ဖောင်းပေးလေ့လာခဲ့သူဖြစ်သည်။ ကျွန်တော် ငြိမ်နေတော့ သူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ကျွန်တော့် နှာခေါင်းထဲသို့ ချဉ်စူးစူးအနံ့တစ်ခု ဝင်လာသည်။ ဤအနံ့ကို ကျွန်တော် ကောင်းကောင်းရင်းနှီးသည်။ အရက်နံ့၊ ဘီအီးဒီစီအနံ့။ စာသမားပီပီ ဦးညိုမြ ကြိုက်တ ဟန်တူ၏။ သို့သော် တည်ငြိမ်စွာပင် စကားဆက်၏။

"ရာဇဝင်ဆိုလို့ အဝေးကြီးကို ကိုယ်မညွှန်းပါဘူး။ မောင်ရင်စိတ်ဝင်စားမယ်ဆိုရင်တော့ ရှာဖတ်ကြည့်ပေါ့။ အဝေးကြီးလို့ဆိုရမယ့် ကာလတွေမှာလည်း ကိုယ်တို့ဗမာတွေ ရာဇဝင် ပြောင်ခဲ့တာတွေ ရှိပါတယ်။အခု ကိုယ်ပြောချင်တာက ကုန်းဘောင်ဆက်လောက်က အခြေ အနေပါ။ ကုန်းဘောင်ဆက်ဆိုတာ ဒီအချိန်ကနေတွက်ရင် အနှစ် နှစ်ရာငါးဆယ်လောက်ပဲ ရှိသေးတဲ့ ကာလပါကွာ"

"အန်ကယ်လို ပညာရှင်တစ်ယောက်က ကိုယ့်လူမျိုးကိုယ် အမွှမ်းတင်ဖို့က သိပ်မခက် ဘူး ထင်ပါတယ်၊ အန်ကယ်"

"ကိုယ့်သဘောကို ပြောမှာမဟုတ်ဘူးကွ၊ မင်းတို့ အခု သိပ်အထင်ကြီးနေတဲ့ အင်္ဂ လန်ကမောင်တွေ ကိုယ်တိုင် ရေးခဲ့တဲ့မှတ်တမ်းတွေကို ဖတ်ပြမှာ"

ကျွန်တော့်သဘောကို ပြောရရင် မှတ်တမ်းပြုစုတဲ့နေရာမှာ အနောက်နိုင်ငံသားတွေရဲ့ စိတ်ဓာတ်နဲ့ အလေ့အထကို ကျွန်တော် သိပ်သဘောကျပါတယ် အန်ကယ်၊ လေးလည်း လေးစားပါတယ်၊ ထင်ထင်ရှားရှားပြရရင် ဂရိတွေခေါ် ပညာရှင် ဆိုခရတ္တိနဲ့ပတ်သက်လို့ မှတ်တမ်းပြုထားတာဟာ အလွန်စေ့စပ်သေချာပြီး ဆိုခရတ္တိရဲ့ အတွေးအခေါ်တွေကို ဘယ် ခေတ်မှာပဲကြည့်ကြည့် ဘယ်ယုတ္တိရှုဒေါင့်ကမဆို တော်တော်သဘာဝကျတာ တွေ့ရပါတယ်။ ဆိုခရတ္တိဟာ ဗုဒ္ဓနဲ့ နှစ် ၈၀ လောက်သာကွာပါတယ်။ အလွန်လေးနက်တဲ့ ဗုဒ္ဓအတွေးအခေါ်



www.burmeseclassic.com

www.burmeseclassic.com

တွေဟာ အရှေ့တိုင်းသားမှတ်တမ်းပြုသူတွေရဲ့ ဆန္ဒာဒေါသ၊ ဘယာမောဟကြောင့် ဗဏ္ဏာရီ ဆန်ဆန်ဖြစ်နေတာဟာ အားနည်းချက်တစ်ခုပါ"

"ဒါကို ကိုယ်သဘောတူတယ် မောင်ရင်။ လက်ခံနိုင်တဲ့လူမျိုးက ရေးထားတဲ့ မှတ်တမ်း ပါပဲ။ အင်္ဂလိပ်သံမှူးကြော ရေးခဲ့တာကွ။ သူက ကုန်းဘောင်ဆက်ရဲ့ ပထမဆုံးဘုရင်ကို ဝင် တွေ့ခွင့်ရပြီး ပြောဆိုဆွေးနွေးတာကို ရေးထားတာ"

"အလောင်းမင်းတရားကြီး ဦးအောင်ဇေယျပေါ့"

"ဟုတ်ပါတယ်မောင်ရင်၊ ကိုယ်တို့ဘုရင်တွေ အဲဒီကာလက ဘယ်အဆင့် ဘယ်အခြေ မှာရှိတယ်ဆိုတာ ကိုယ်ဖတ်ပြတာ သေချာနားထောင်ပါ"

"အင်္ဂလိပ်လို ဖတ်ပြမှာလား အန်ကယ်"

"အေးပေါ့ကွာ အဲဒီခေတ်က အင်္ဂလိပ်စစ်သံမှူးက ဗမာလို ဘယ်ရေးတတ်ပါဦးမလဲ"

"ဖြည်းဖြည်း ဖတ်ပြပါအန်ကယ်၊ ကျွန်တော် အင်္ဂလိပ်စာ သိပ်မကျွမ်းကျင်ဘူး"

"စိတ်ချပါ မောင်ရင်၊ နားလည်ရပါစေ့မယ်"

ဦးညိုမြသည် ရှေ့နံရကို စိုက်ကြည့်ရင်း အင်္ဂလိပ်စစ်သံမှူးကြော၏ မှတ်တမ်းကို တည်ငြိမ်အောင်မြင်သော အသံဖြင့် စတင်ရွတ်နေလေ၏။

၁၇၅၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့ ညနေ ၄ နာရီတွင် အလောင်းမင်းတရားကြီးက ညီလာခံတစ်ခုကျင်းပရာတွင် "ကျွန်တော့်အား ဝင်ရောက်ခစားခွင့်ပြုမည်" ဟု ကြားသိရ ပါသည်။ ထို့ကြောင့် ညနေပိုင်းတွင် မြန်မာအရာရှိဆယ်ဦးခန့်နှင့်အတူ လက်ဆောင်ပဏ္ဏာများ ယူဆောင်ကာ နန်းတော်သို့ သွားရောက်ပါသည်။ ဆက်သရန် လက်ဆောင်တော်တို့တွင် ယမ်းသေနတ် ၄၊ နှစ်လုံးပြူး ၂၊ ကာဘိုင်သေနတ် ၂၊ ရွှေချမှုန် ၁၊ မြေနီအိမ် ၂၊ ရေမွှေးပုလင်း ၆ တို့ပါရှိပါသည်။ အင်္ဂလိပ်ဘုရင်ခံထံမှ စာချွန်တော်ကိုလည်း ကလပ်တစ်ခုနှင့် ရွှေ ယူဆောင်ခဲ့ကြပါသည်။

မြို့တော်တံခါးမှ ဝင်ပြီးနောက် လမ်း၏ ဝဲ၊ ယာတွင် ဆင်တပ်၊ မြင်းတပ်နှင့် လူ အများ စီတန်းလျက်ရှိပါသည်။ တံခါးအနီးသို့ ရောက်သောအခါ နန်းတော်လှေကားအထိ အမြောက်ပေါင်း ၂၀၀ ခန့် ဝဲ၊ ယာချထားသည်ကို တွေ့ရပါသည်။ ရှင်ဘုရင်မှာ ရာဇပလ္လင် သို့ ရောက်တော်မူပြီဖြစ်၍ ကျွန်တော်တို့က ဒူးထောက်ကာ ၃ ကြိမ် အလေးပြုကြသည်။ နန်းတော်လှေကားအနီးသို့ရောက်လျှင် တီးမှုတ်၊ ကခုန်သူများက ဆီးကြိုအသုံးတော်ခံကြ သည်။ ကျွန်တော်တို့ကို သေနတ်ကိုင်စစ်သား ၂၀ က လက်ခံကာ နေရာပေးကြသည်။

ဒူးထောက်၍ အလေးပြုခြင်းကို ၃ ကြိမ်၊ ၃ ခါ ပြုလုပ်ရခြင်းမှာ ကျွန်တော်တို့အဖို့မှာ အကျင့်မရှိသဖြင့် မလွယ်ကူပါ။ ကျွန်တော့်အနေဖြင့် ငြင်းပယ်ခွင့်ရှိသော်လည်း ချစ်ကြည်ရေး ပျက်ပြားမည်ကို စိုးရိမ်မိပါသည်။

မြန်မာတို့က ကျွန်တော်တို့သည် အောက်မြန်မာပြည် စစ်ပွဲတို့၌ ပဲခူးသား မွန်တို့ ကကူညီသည်ဟုလည်းကောင်း၊ အင်္ဂလိပ်သင်္ဘောများက မြန်မာတို့ကို ပစ်ခတ်သည်ဟုလည်း ကောင်း မသင်္ကာဖြစ်နေကြ၏။ ထို့ကြောင့် ဤအရေး၌ သူတို့ထုံးစံကို ကျွန်တော်က ပစ်ပယ်



www.burmeseclassic.com

www.burmeseclassic.com

လျှင် ကောင်းစွာတွေ့ဆုံဆွေးနွေးခွင့်နှင့် အလိုရှိသော စာချုပ်ပြုလုပ်ခွင့်များ ပျက်ပြားဖွယ်ရှိလေသည်။

အချို့က ကျွန်တော်ဒူးထောက်ခြင်းကြောင့် အင်္ဂလိပ်ကုမ္ပဏီအစိုးရ၏ ဂုဏ်သိက္ခာကျဆုံးသည်ဟု ကဲ့ရဲ့ကြပေမည်။ ကျွန်တော့်အနေဖြင့် ဖြေဆိုလိုသည်ကား မြန်မာပြည်၌ ဤသို့ရှင်ဘုရင်ကို အလေးပြုရသည့်ထုံးစံရှိသည်ကို အများသိပြီးဖြစ်သည်။ ထိုထုံးစံကို လိုက်နာသော အစဉ်အလာများလည်း ရှိခဲ့ပြီးပြီ။ မိမိ၏ယဉ်ကျေးမှုထုံးစံများ မပျက်ပြယ်လိုသော မင်းညီမင်းသားများနှင့် အယူသီးသော တိုင်းပြည်တစ်ခုလုံး ပြုပြင်ပြောင်းလဲနိုင်ရန် အင်အားကြီးသူ၊ တရားပြကောင်းသူများသာ တတ်နိုင်ပေသည်။ ကျွန်တော်ကား ထိုသို့စွမ်း ဆောင်နိုင်သူမဟုတ်ပါ။

ထိုမှတစ်ပါးလည်း ကျွန်တော်၏အစိုးရက ဤကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှာကြားခြင်းမရှိပါ။ မြန်မာမင်းနှင့် နားလည်ညီညွတ်မှု ရရှိရန် ကျွန်တော့်အနေဖြင့် ခရီးရှည်လာရောက်ပြီးနောက် လူမှုရေးပြဿနာတစ်ခုကြောင့် အရေးပျက်ခြင်းကို မလိုလားပါ။ ထိုပြဿနာကို အချိန်ယူကာ အလိမ္မာနှင့် ဖြေရှင်းနိုင်ကြပါသည်။

အခမ်းအနားနှင့်လျော်ညီစွာ ဝတ်စားဆင်ယင်ထားသည့် အရာရှိများကြားမှ ကျွန်တော်တို့ ရှေ့တော်သို့ ဝင်ရသည်။ ပလ္လင်တော်နှင့်အနီးကပ်ဆုံးတွင် သားတော်နှစ်ဦးတို့ကဝဲ၊ ယာ ရှေ့ဆုံးမှ ခစားကြပါသည်။ ကျွန်တော်များက အလေးပြုပြီးနောက် ဘုရင်ကကျွန်တော့်အား အတန်ကြာရှုစားလျက် မိန့်တော်မူသည်မှာ . . .

ဘုရင် - အကြည်တော် သင်တို့၏ဘုရင် ကျန်းခံ့သာတော်မူပါ၏လော။

သံမှူး - ဥရောပမှ နောက်ဆုံးကြားသိရသော သတင်းများအရ ကျန်းမာတော်မူကြောင်းပါဘုရား။

ဘုရင် - သူ၏သက်တော် အဘယ်မျှရှိသနည်း။

သံမှူး - ၇၂ နှစ် ရှိပါပြီဘုရား။

ဘုရင် - အိမ်နီးချင်း ပြည်ရှင်များနှင့် သင့်မြတ်ငြိမ်းချမ်း ရှိကြပါ၏လော။

သံမှူး - ရန်သူတော်ဖြစ်သော ပြင်သစ်တို့နှင့် စစ်မက်ဖြစ်ပွားပြီးသည်မှာ ၆ နှစ်ခန့်ကြာခဲ့ရာ ယခုအခါ ငြိမ်းချမ်းသာယာလျက် ရှိပါသည်။

ဘုရင် - (အတန်ကြာ ရပ်နားတော်မူပြီးနောက်) အသင်တို့လူမျိုး မစ္စတာပို့က်ပောစီးနင်းလိုက်ပါသော သင်္ဘောကို ရန်ကုန်၌ ငါ့ရှိစဉ်က ကောင်းစွာ ကူညီစောင့်ရှောက်ခဲ့သည်။ လိုအပ်သမျှ ပေးကမ်းထောက်ပံ့ခဲ့သည်။ ထို့နောက် ငါသည် နေပြည်တော်သို့ ဥပုသ်သီတင်းဆောက်တည်ရန် ပြန်လာခဲ့သည်။ ထိုကာလအတွင်း အရေးတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ငါတို့မြန်မာများကို ကူညီပါရန်နှင့် အကယ်၍ ထိုသို့ မကူညီနိုင်စေကာမူ ပဲခူးသားများဖက်သို့ မလိုက်ပါရန် သူ့အားငါမှာကြားခဲ့သည်။ ထိုမှာကြားချက်အရ ကျင့်သုံးပါမည်ဟု သူ ကတိပြုခဲ့သော်လည်း အရေးပေါ်သောအခါ သင်တို့ကပင် ငါတို့အား စတင်ပစ်ခတ်သည်ဟု ကြားသိရသည်။



www.burmeseclassic.com

www.burmeseclassic.com

သံမှူး - ပို့တ်ပေဟာ၌ မိုက်မှားမိသောအပြစ်ရှိကြောင်း ကျွန်တော်မျိုးဝန်ခံပါသည်။ ထို့အတွက်လည်း အလွန်တရာ ဝမ်းနည်းမိပါသည်။ ဤသို့သော ရမ်းကားမှုအတွက် ကျွန်တော်များ၏အကြီးအကဲဖြစ်သော မစ္စတာဘရွတ်သည် အရှင်ဘုရားထက်ပင် ပို၍ မခံမရပ်နိုင်ဖြစ်သည် မလွဲပါ။ သို့သော် ဤကိစ္စကို ကောင်းစွာစုံစမ်းစစ်ဆေးပါလျှင် ပဲခူးသားတို့က အတင်းအကြပ်ခိုင်းစေ၍လည်းကောင်း သို့မဟုတ် ကျွန်တော်များ၏ မဟာရန်သူဖြစ်သော ပြင်သစ်တို့၏ ပရိယာယ်ဂယက်များကြောင့်လည်းကောင်း၊ ပို့တ်ပေဟာမှာ ဤအဖြစ်မျိုးသို့ ရောက်ရသည်ဟု ယူဆဖွယ်ရှိပါသည်ဘုရား။

ဘုရင် - ဤကိစ္စ၌ သင်တို့၏အကြီးအကဲ မစ္စတာဘရွတ်၏ ပယောဂလည်း ပါရှိသည် မဟုတ်လော။ သူ၏အကြံပေးချက်ကြောင့် မဟုတ်လော။

သံမှူး - မစ္စတာဘရွတ်အဖို့ လူ့ဘဝတွင် ဤအမှုမျိုး စိတ်မချမ်းသာစရာ ကြုံတွေ့ဖူးမည် မဟုတ်ပါ။ (ရှင်ဘုရင်စိတ်တော် ကျေအေးစေဖွယ် အချက်အလက်များကို ကျွန်တော်က ရှာဖွေသံတော်ဦးတင်ပါသည်။)

ဘုရင် - ကုမ္ပဏီအစိုးရထံမှ စာချွန်တော်ကို ဖတ်ရှုတော်မူစေ။

သံမှူး - (ရှင်ဘုရင်က အောက်ပါစာပိုဒ်မတိုင်မီ ငြိမ်သက်စွာနားထောင်တော်မူ၏)

အကြည်တော်မင်းတရားကြီး၏ ပြည်တွင်းပြည်ပ ရန်သူတော်အားလုံးကို ချေမှုန်းနိုင်စေရန် အရှေ့အိန္ဒိယကုမ္ပဏီမှ လိုအပ်သော ကူညီထောက်ပံ့မှုမျိုးစုံကို ပေးစွမ်းနိုင်ပါသည်။ ဤကုမ္ပဏီအစိုးရသည် တန်ခိုးအင်အားကြီးမားသည်ဖြစ်၍ အကြည်တော်နှင့် ရွှေလမ်းငွေလမ်းဖောက်ကာ မဟာမိတ်စာချုပ်များ ပြုလုပ်သင့်လှပေသည်။

ဘုရင် - (ဟက်ဟက်ပက်ပက် ရယ်မောတော်မူရာဝယ် ပရိသတ်များလည်း ပါဝင်ရယ်ကြသည်။)

ဟားဟား . . . သင်တို့အကူအညီကို ငါတောင်းခံဖူးသလော၊ ငါ၏ ရန်သူတော်များကို နှိမ်နင်းရာတွင် သူတစ်ပါး၏ အထောက်အပံ့ကို လိုလားခဲ့ဖူးသလော။ မည်သူမျှ ဤသို့ မထင်မြင်စေလို။ ငါသည် သုံးနှစ်ကြာကာလအတွင်း အရပ်လေးမျက်နှာရှိ ရန်သူတော်မျိုးစုံတို့အား သူတစ်ပါးထံမှ သေနတ်တစ်လက်၊ အမြောက်တစ်ခုမျှ အကူအညီမယူဘဲ အောင်တော်မူခဲ့သည် မဟုတ်လော။ နေပြည်တော်မှ ၃ လ ခရီးချီတက်ရသော နယ်မြေများသာတည်း။ ငါတို့ အင်းဝမြို့တော်ကိုဖျက်ဆီး၍ မြန်မာဘုရင်ကိုလည်း ဖမ်းဆီးသွားသော ပဲခူးသားတို့ကို ငါသည် ဝါးရင်းတုတ်လက်နက်နှင့်ပင် တိုက်ထုတ်နိုင်ခဲ့သည် မဟုတ်လော။ တစ်လအတွင်း အောက်ပြည်သို့ ငါကိုယ်တိုင် အလုံးအရင်းနှင့်ချီတက်အံ့။ ယခုလည်း ဒဂုံ၌ငါ၏ တပ်တော်များ အခိုင်အမာရှိသည်။ ငါတို့ ပဲခူးအထိ ချီတက်ကာ သင်းတို့တစ်မြို့လုံး ဝတ်မွတ်အောင်ပိုင်းဝန်းအံ့။ တစ်နိုင်ငံလုံး ငါ့လက်အောက်သို့ရောက်ရန် ပဲခူးမြို့သာ ကျန်တော့သည်။ ပဲခူးမြို့ကို ရပြီးလျှင် ပြင်သစ်လူရှုပ် (ဘော်ရနို) ကို ရှာဖွေဆုံးမတော်မူမည်။

သံမှူး - (ကုမ္ပဏီမင်းထံမှ စာချွန်ကို ဆက်လက်ဖတ်ရှုလျက်)



www.burmeseclassic.com

www.burmeseclassic.com

ယခု ကျွန်ုပ်တို့အစိုးရက စေလွှတ်သော သံတမန်များသည် လိုအပ်သောစာချုပ်၌ အကြည်တော်၏ တံဆိပ်တော်ခတ်နိပ်ရာတွင် သက်သေများသဖွယ် အသုံးချတော်မူနိုင်ပါသည်။

ဘုရင် - (ယခင် တစ်ခါလိုပင် ကျယ်လောင်စွာရယ်မောရာ ပရိသတ်များလည်း လိုက်ပါရယ်ကြသည်။)

ဤသဝဏ်လွှာကို ရေးသူသည် ရှူးသွပ်လေသလော။

သံမှူး - (စာကို အပြီးတိုင်ဖတ်ရှုသည်။)

ဘုရင် - အသင် အင်္ဂလိပ်ကပ္ပိတန်ကြီး ငါ၏လက်သုံးတော်ဓားကိုရှုလော။ ငါ၏ ရန်သူများကို ဤဓားတော်နှင့် အဆက်မပြတ် ဆုံးမတော်မူခဲ့သည်မှာ သုံးနှစ်တိုင်ရှိချေပြီ။ နောင်ကိုလည်း ရန်သူများ လွင့်ပါးပျောက်ကွယ်သည့်တိုင်အောင် ဤအတိုင်း သုံးဦးမည်သာ။ ကူညီထောက်ပံ့ရေးကိုမပြောပါနှင့်။ ငါ့ကို ဘာမျှကူညီရန်မလို။ ငါတို့၏ ဘိုးဘွားအမွေအနှစ်နိုင်ငံတော်တစ်ရပ်လုံးကို အလုံးစုံပြန်လည်သိမ်းပိုက်ရန် တစ်မြို့သာကျန်ရှိသောအချိန်၌ ငါသည် သူတစ်ပါးအထောက်အပံ့ကို လိုအံ့လော။ ငါသည် ပဲခူးသားများကို ဤအနည်းခြေမှုန်းပစ်နိုင်သည် (လက်ဝါးတော်နှစ်ခုကို ဖျစ်ညှစ်ပြတော်မူသည်)။

"ဘယ့်နှယ့်လဲ မောင်ရင် "

သူရွတ်နေသော အသံမှာ အာရုံစိုက်နေမိသဖြင့် သူ့အမေးစကားသံသည် ကျနော့်နားထဲသို့ ရုတ်တရက်ရောက်မလာ။

"ဘယ့်နှယ့်လဲ မောင်ရင်" တစ်ကြိမ်ထပ်မေးမှ ကျွန်တော် သတိပြန်လည်လာ၏။

"ကျွန်တော့်စိတ်ထဲမှာ သက်သာရာရသလိုပဲ အန်ကယ်"

"ဒီလို မှတ်တမ်းမျိုးတွေ အားတက်စရာတွေ တစ်ပုံကြီးရှိပါသေးတယ်၊ မောင်ရင် ရှာဖွေပြီး ဆက်ဖတ်ကြည့်ပါ"

"ဟုတ်ကဲ့ပါအန်ကယ် အဲဒီကာလက ပြင်သစ်တို့ အင်္ဂလိပ်တို့ အခြေအနေနဲ့ ကျွန်တော်တို့ နိုင်ငံအခြေအနေကို ရိပ်စားမိပါတယ်။ အဲဒီ အနောက်နိုင်ငံတွေကို ကျွန်တော် မရောက်ဘူးသေးတော့ သူတို့ ကျွန်တော်တို့ကို ဘယ်လိုမြင်သလဲ၊ ကိုယ်တွေ့ မသိသေးပါဘူး။ အခု ကျွန်တော်ရောက်ဖူးသလောက် အာရှနိုင်ငံတွေကတော့ ကျွန်တော်တို့ကို . . .

သူက ကျွန်တော့်ကို လက်ကာပြလိုက်၏။

"ဟား ဟား အာရှက အထူးသဖြင့် တရုတ်၊ ယိုးဒယား၊ အိန္ဒိယက မောင်တွေ ကိုယ်တို့ကို ဘယ်လိုသဘောထားခဲ့သလဲဆိုတာ မောင်ရင်သိချင်တာလား၊ ကိုယ်ပြောပြပါဦးမယ်၊ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးဆိုတာ ဘုရင့်နောင်ပါပဲ။ ဘုရင့်နောင်ရဲ့ လင်းဇယ်နှင့် သီဟိုဠ်ကျွန်းကို ချီတက်တဲ့ တပ်ဖွဲ့ပုံကိုကြည့်။ ရာဇဝင်ကျမ်းမှာ ရေးထားတာ၊ ကိုယ်မောပြီ ရော့ . . . မောင်ရင် ကိုယ်တိုင်ဖတ်" သူ ထိုးပေးလာသော မဟာရာဇဝင်ခပ်နွမ်းနွမ်းကို စိတ်ညှို့ခံရသလို ကျွန်တော် ဖတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီဆင်ဖြူရှင် မင်းတရားကြီး လင်းဇင်းချီတပ်တော်တွင် ဝင်းတော် လေးမျက်နှာ တပ်သား လေးထောင်ကို ရွှေဒိုင်း၊ ရွှေလှံ၊ ရွှေကား၊ ရွှေလုံ့စွဲစေ၍ လက်ဝဲ၊ လက်ယာ၊ ရှေ့နောက် တစ်ထောင်စီလိုက်ရသည်။ ရွှေဦးရစ်တွင် ရွှေပန်းပန်စေသော ကုလားပသီ (မွတ်စလင်) လေးထောင်တို့ကိုလည်း သေနတ်ကိုင်စေ၍ လက်ဝဲ၊ လက်ယာ၊ ရှေ့နောက် တစ်ထောင်စီလိုက်ရသည်။ ဝမ်းဘဲနူတ်သီး ဦးထုပ်ဆောင်း၍ ဘောင်းနက် (ဘောင်းဘီနက်) ဝတ်စေသော ကုလားဗရင်ဂျီ (ပေါ်တူဂီ) လေးရာတို့ကိုလည်း အမြောက်လေးရာစွဲစေ၍ လက်ဝဲ၊ လက်ယာ၊ ရှေ့နောက် မြင်းတစ်ရာစီလိုက်ရသည်။ ရွှေမောက်တိုတို့တွင် ရွှေပန်းပန်စေ၍ ရွှေချပ်ဝတ်စေပြီးသော မြင်းသည်လေးထောင်တို့ကိုလည်း လက်ဝဲ၊ လက်ယာ၊ ရှေ့နောက် မြင်းတစ်ထောင်စီလိုက်ရသည်။ မှူးသား၊ မတ်သား၊ ဆင်စီးလိမ္မာသူ လေးရာတို့ကို တိုက်ဆင်လေးရာနှင့် လက်ဝဲ၊ လက်ယာ၊ ရှေ့နောက် တစ်ရာစီလိုက်ရသည်။ ရှေ့ဝင်းတော်က သီရိဇေယျကျော်ထင်ကို တပ်မှူး၊ လက်ဝဲရန္တမိတ်ကို စစ်ကဲခန့်တော်မူသည်။ လက်ယာဝင်းတော်က သက်ရှည်ကျော်ထင်ကို တပ်မှူး၊ လက်ယာနန္ဒသူကို စစ်ကဲခန့်တော်မူသည်။နောက်ဝင်းတော်က ဘယကျော်ထင်ကို တပ်မှူး၊ ဓမ္မသီရိကို စစ်ကဲခန့်တော်မူသည်။ ဟံသာဝတီတွင် သရဖျားနှင့် သမိန်စိတ်မွန်ကို မြို့စောင့်ခန့်တော်မူသည်။ ဗညားလောနှင့် မင်းစည်သူကို အနောက်ပုသိမ်တစ်လွှားကို အစောင့်အနေ ခန့်တော်မူသည်။ ဤသို့ခန့်တော်မူပြီး သက္ကရာဇ် (၉၃၆) ခု၊ သီတင်းကျွတ်လပြည့်ကျော် (၇) ရက်၊ ဗုဒ္ဓဟူးနေ့တွင် လင်းဇင်းသို့ ချီတက်တော်မူသည်။

သီဟိုဠ်ကျွန်းသို့ ချီသောတပ်များမှာ. . .

"သီရိဇေယျကျော်ထင်၊ ဗညားဒလတို့က ရဲရင့်သောတပ်သားများ ရွေးချယ်ရသည်။ ယိုးဒယားသားတစ်ရာ၊ တနင်္သာရီသားတစ်ရာ၊ လင်းဇင်းသားတစ်ရာ၊ ဇင်းမယ်သား တစ်ရာ၊ ကျိုင်းတုံသားတစ်ရာ၊ ကသည်းသား (ပုဏ္ဏား) တစ်ရာ၊ ထားဝယ်သားတစ်ရာ၊ မိုင်းမောသား တစ်ရာ၊ စည်ခွင်သားတစ်ရာ၊ တရုတ်သားတစ်ရာ၊ ရှမ်း စောလုံငါးရာ၊ မွန်ငါးရာ၊ မြန်မာငါးရာသည် နှစ်ထောင့်ငါးရာသောရဲမက်တို့ကို အထူးထူးသော မောက်တို၊ မောက်လူ၊ မိန်ညို၊ သံချပ်နှင့် ချည်း၊ ရွှေလှံ၊ ရွှေကား၊ ရွှေလုံ့စွဲစေ၍ စန္ဒသူရိယကို တပ်မှူး၊ ရာဇဗညားကို စစ်ကဲခန့်တော်မူသည်။ ထိုသူတို့စီးစရာ ဆင်နှစ်စီးနှင့်တကွ ဆုလာဘ်ပေးစရာလည်း ငွေအများပေးလိုက်တော်မူသည်။ စစ်သည်တော်နှစ်ထောင့်ငါးရာကို သင်္ဘောငါးစီးတွင် တစ်စီးငါးရာစီ စီးစေ၍လွှင့်ရသည်"။

ကျွန်တော် စာဖတ်ခြင်းကို ရပ်ဆိုင်းလိုက်သည်။ကော့သောင်းမြို့ကုန်းမြင့်ပေါ်က လက်ပိုက် မတ်ရပ်ဟန်ဖြင့် တစ်ဘက်နိုင်ငံသို့ ရာဇမာန်အပြည့်ဖြင့် လှမ်းမျှော်ကြည့်နေသော မင်းတရားကြီးသည် ကျွန်တော့်ကို ခနဲ့ပြုံးပြုံးကြည့်နေသလို ကျွန်တော့်စိတ်ထဲမှာ မြင်ယောင်လာ၏။ နိုင်ငံသားတပ်၊ နိုင်ငံခြားသားတပ်တို့ခြံရံလျှက် စစ်အင်္ဂါအခင်းအကျင်း အပြည့်အစုံဖြင့် ခန့်ငြားနေသော မင်းတရားကြီး၏ရုပ်ပုံလွှာ ပုံကြမ်းသည်လည်း အာရုံမှာပေါ်လာ၏။ အရောင်မျိုးစုံနေသော စစ်သည်ရဲမက်ဗိုလ်ပါတို့၏ ဝတ်စုံ၊ ဝတ်ရုံသည် နေရောင်တွင်

www.burmeseclassic.com

www.burmeseclassic.com

တပြောင်ပြောင်ဖြစ်နေသော ဓားလှံတို့၏အရောင်၊ မီးပေါက်သေနတ်၊ အမြှောက် စိန်ပြောင်းတို့ဖြင့်ပြီးသော ရောမတပ်တော်ကြီး။ တပ်ကိုမုန်းစိတ် ရုတ်ချည်းပေါ်လာပြန်သည်။

"မောင်ရင် ဘာပြောစရာရှိသလဲ၊ ကိုယ်သွားမယ်"

ကျွန်တော် သတိမလွတ်။ ရှိပါသော်ကော။ သို့သော် အစကိုရှာမရ။ ကြိုးစား၍ အာရုံစိုက်လေထွေပြားလေ။ ကျွန်တော့်စိတ်နှင့်ကိုယ် ကြုံတွေ့ခဲ့ရသည့် ခါးသီးလှသော အဖြစ်သနစ်တို့ကို တမဟုတ်ချင်း ရှင်းပြနိုင်လောက်အောင် အရည်အချင်းမရှိကြောင်း ကျွန်တော် သဘောပေါက်လာသည်။ ကျွန်တော် အားမလျှော့ပါ။ ဖြစ်တဲ့နည်းနှင့်ပြောမည်။ သူ အမူးပြေလာဟန်ရှိပြီး လေချဉ်တစ်ချက် တက်လိုက်သည်။

"ကဲ ကိုယ်သွားမယ် မောင်ရင်"

"ခဏ နေပါဦး အန်ကယ်၊ ဗမာပြည်ကို ရောက်သေးလား"

" ၁၉၈၅ က စပြီး မောင်ရင်တို့နိုင်ငံအကြောင်း ကိုယ်မသိတော့ဘူး။ ကိုယ်က ဟိုးအဝေးကြီး ခရီးတစ်ခုကို ထွက်သွားတယ်ဆိုတာ မောင်ရင်သိပြီးသားပဲ"

"ဗမာပြည်မှာ အခုထိ လျှပ်စစ်မီးမမှန်သေးဘူးအန်ကယ်၊ ဒေါ်လာဈေးက တစ်ဒေါ်လာ ကျပ်တစ်ထောင်နားကပ်နေပြီ "

ကျွန်တော့်ပါးစပ်က ထွက်လာသော ကဘောက်တိ၊ ကဘောက်ချာစကားကြောင့် သူက မျက်မှောင်ကြုံ့လျက်ကြည့်သည်။ ကျွန်တော်ပြောချင်တာတွေ များနေသည်။

ဦးနေဝင်း၏ လွှတ်တော်တွင်းက ကြူးဝါးသံ။ အထွေထွေ ယိုယွင်းမှု။ သေနတ်ဆိုတာ တည့်တည့်ပစ်တယ်။ ၁၉၈၈ ခုနှစ် လူထုအုံကြွမှု။ အကြိမ်ကြိမ်ဖြစ်ခဲ့သော သမ္မတအပြောင်းအလဲ။ နဝတအာဏာသိမ်းပွဲ။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲ။ စစ်တပ်၏ မမြဲသော မတည်သောကတိ။ အရေးအခင်းတွင်စတေးခဲ့ရသော ပြည်သူတို့၏ အသက်ပေါင်းများစွာ။ ဘဝပျက်ခဲ့ရသော တောခိုကျောင်းသားများ။ အကျဉ်းခံနေကြရသော အတိုက်အခံ အင်အားစုများ။ နအဖအပြောင်းအလဲ။ အာဏာလက်မလွှတ်ရေးမူ။ ဒေါ်အောင်ဆန်းစုကြည်၏ ဘဝအချိုးအကွေ့။ မိန်းမသားတစ်ဦး၏ ရဲရဲတောက်အားမာန်။ နည်းမျိုးစုံဖိနှိပ်မှု။စစ်ထောက်လှမ်းရေး၏ ထင်တိုင်းကြဲလုပ်ရပ်။ လာဘ်မစားသူဒုက္ခရန်သူ။ စစ်တပ်တွင်းအပြောင်းအလဲ။ မနေ၏ ဩဇာကို မလွန်ဆန်နိုင်ကြသော တိုင်းရင်းသား လက်နက်ကိုင်ခေါင်းဆောင်အများစု။ ဘာသာရေးဖိနှိပ်မှု။ လူ့အခွင့်အရေးချိုးဖောက်မှု။ အဆင်းရဲဆုံးတိုင်းပြည်။ သိက္ခာအမဲ့ဆုံး နိုင်ငံ။

ကျွန်တော်လိုပါမွှားက ရာဇဝင်ဆရာကိုရှင်းပြချင်သော ခေါင်းစဉ်အကြောင်းအရာတို့ကား ကြိုးစားလေ ရှုပ်ထွေးလေသာဖြစ်ပါ၏။ ထိုခဏမှာပင် အခန်းတွင်းက တီဗွီမှာ ဗမာ့အလံနှင့် နိုင်ငံတော်သီချင်းသံပေါ်လာသည်။ သံစဉ်သည် မူလသံစဉ်မဟုတ်၊ ဝိုချင်းချသလိုလို၊ မှောက်မင်း အူသံလိုလို။

သူရော ကျွန်တော်ပါ တီဗွီကိုစိုက်ကြည့်လိုက်ကြသည်။ အမှုန်တို့ဖြင့် သိပ်သည်းစွာဖွဲ့စည်းအပ်သောရုပ်ပုံတို့ တစ်ကွက်ချင်း ပေါ်လာနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီပဲရင်းရွာ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ကားတန်း၊ ဆိုင်ကယ်တန်း၊ အုံးအုံးကြွက်ကြွက်ထောက်ခံနေကြသောလူထု၊ ထိတ်လန့်နေကြသော စစ်ခေါင်းဆောင်များ၊ တိုက်ပွဲဝင်ရန်ပုံစံဖြင့်လှေ့ကျင့်နေကြသော စွမ်းအားရှင်အဖွဲ့၊ ကြံ့ခိုင်ရေးအဖွဲ့၊ နှစ်ကြီးထောင်ကျအကျဉ်းသားများ၊ စကားပြောစက်ဖြင့်ညွှန်ကြားနေသော ဗိုလ်ချုပ်၊ ဆင့်ကဲညွှန်ကြားနေသော ခဝတ၊ မဝတဥက္ကဋ္ဌများ၊ ခေါက်ရိုးကျိုးနေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရာရှိကြီးငယ်များ။

ဒေါ်အောင်ဆန်းစုကြည် ကားတန်းကို ရှေ့နောက်ညှပ်၍ မီးကြီးဖွင့်၍ထိုးပြနေသော ထရပ်ကားများ၊ ဝါးချွန်၊ သံချွန်၊ အုတ်ကျိုး၊ လူမဆန်သောအကြမ်းဖက်မှု၊ ဝတ်လစ်စလစ်ဖြစ်လုနီးနီး မိန်းမကြီးငယ်၊ အော်ဟစ်ညည်းတွားသံ၊ ကမ္ဘာပျက်လေသလော၊ ရဲရဲတင်းတင်းဝင်ရောက်ကူညီရန် အားထုတ်နေသည့် သံဃာတော်တချို့။

သွေးစက်တွေက တီဗွီအပြင်ဖက်ကို စင်ထွက်လာသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံးသွေးတွေပေကျံကုန်ပြီ။ ဦးညိုမြသည်မလှုပ်။ သို့သော် သူ့မျက်လုံးက ကျွန်တော့်ဆီ ရောက်နေသည်။

ယူကြုံးမရသော၊ နားမလည်နိုင်သော၊ ဂရုဏာသက်သော အစိပ္ပာယ်မျိုးစုံဆောင်သည့် သူ့မျက်လုံးတွေကို ကျွန်တော်စိုက်ကြည့်နေသည်။ သူ ကျွန်တော့်ကို နားလည်ခဲ့ပြီ။ ကြည့်နေရင်း ကြည့်နေရင်းက စိတ်ဓာတ်အကြီးအကျယ် ပျက်ပြားနေသော သူ့မျက်နှာသည် အမှုန်တို့ဖြစ်လျက် စတင်မှုန်ဝါးလာပြီး ရုပ်သဏ္ဍာန်တစ်ခုလုံး တစတစပျောက်ကွယ်သွားချေပြီ။

ဖုန်းသံမြည်လာသည်။ ဟိုတယ်ရုံးခန်းက ဝန်ထမ်းအသံ။

"ဆက်နေမှာလား ပြန်မှာလားခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်တော် နေချင်စိတ် မရှိတော့ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆြာဒင်နှင့် ဥညြသံအရေးတော်ပုံ

(၁)

ယိုးဒယားပြည်၊ ဖူးခက်မြို့၏ ရပ်ရှစ်ခွင်တိုင်းကား မိုးလုံးပတ်လည်၊ အုံ့မှိုင်းပြာရီ ညိုမှောင်နေဆဲကို။

"ဝဿန်ကာလ၊ မိုးကျတည့်လျှင် ပျော်ပျော်ပါးပါး မယားနှင့် ဆွေငယ်လင်" ဟူ၍ ဝန်ကြီးပဒေသရာဇာ ဖွဲ့ဆိုအပ်သော မိုးရာသီသမယပေတည်း။ ရွှေပြည်တော် မျှော်လေဝေးလေသည့် တကျွန်းတမြေနေ အထီးကျန်ဆြာဒင်ကား ငွေမျှားတံမိုးပေါက်တို့ကို ငေးကြည့်ကာ ပူဆွေးဗျာထုလှိုင်လျက်ရှိ၏။ မိုးဖြိုင်ဖြိုင် ရွာသွန်းလေသည့် လဇူလိုင်ပေတကား။ မကြာမတင် ရက်များတွင် ဆြာဒင်တို့နိုင်ငံအတွက် ကြေကွဲဝမ်းနည်းဖွယ် အထိမ်းအမှတ်နေ့ တနေ့ကို ကျင်းပကြပေရော့မည်။ ဆယ့်ကိုးဇူလိုင်ကား မေ့ရက်နိုင်စရာ မဟုတ်ပါချေ။

အင်တာနက်သာအမိ၊ အင်တာနက်သာအဖ ထင်မှတ်နေရရှာသော ဆြာဒင်သည်၊ မည်သို့လျှင် စိတ်၏စေစားရာသို့ လိုက်ပါမိသည်မသိ၊ အွန်လိုင်းယူကျူ့မှ သီချင်းတပုဒ်ကို ဖွင့်မိလျက်သားရှိလေသည်။ အမေရိကန်ပြည်ဖြစ် ဒဲလ်တံဆိပ်ကွန်ပြူတာဆီမှ ထွက်ပေါ်လာသည့် "နှစ်လနာရီ ခါရာသီရွေ့ပေမဲ့ အာဇာနည်နေ့ကိုဖြင့် မမေ့သင့်ပါသလေ၊ ယနေ့ဖြင့် အသိတရားထားဖို့အခြေ၊ (အများပြည်သူတွေ) ၂၊ အာဇာနည်နေ့ကိုလေ၊ တွေးရှုကာပဲ၊

www.burmeseclassic.com

www.burmeseclassic.com

အလေးပြုပါမယ်လေ" ဟူသော ခေတ်ဟောင်း ဂန္ထဝင်အဆိုတော်ကြီး ဒေါ်မေလှမြိုင်၏ ကြေတွဲ့ဖွယ် အာဇာနည်နေ့အမှတ်တရ အလွမ်းသီချင်းသံကား ဆြာဒင့်ရင်ကို ဆို့နင့်စေပြန်ချေပြီ။

(၂)

"တီးတင်၊ တီးတင် "

ဆြာဒင်ကား အခန်းအောင်းရင်းပင် လွမ်းကောင်းခြင်းလွမ်းရန် အခွင့်မသာပြန်ချေ။ ခြံတံခါးဝမှ ဘဲလ်သံကြောင့် အောက်ထပ်သို့ဆင်းလျက် ခြံတံခါးဖွင့်ရပြန်ရာ ပူပုံငယ်ပန်းနွမ်း နေရှာသည့်အသွင်ဖြင့် ဝင်လာသူကား ဖူးခက်မြို့မှ ရှားပါးပညာတတ်ကလေး မောင်ကပ္ပလီ တည်း။ ဒင်းရောက်လာပြန်ချေပြီ။ ဆြာဒင့်ကို မြင်လျှင်မြင်ခြင်းပင် ဗူးလုံးနားမထွင်းသော စကားဖြင့် အစပြု၏။

"သူတို့ခေါင်းရှောင်နေကြပြီ ဆြာဒင်"

"အန်"

"မအန်နဲ့ဆြာဒင်၊ ဒါဟာ မပြောင်းသေးဘူးဆိုတဲ့သဘောပဲ"

"အာ"

"ဒါ နောက်ကြောင်းပြန်လှည့်နေတာပေါ့ ဆြာဒင်ရယ်"

"ဟေ"

"ဆွဲခွင့်ပြုသင့်တာပေါ့ဆြာဒင်"

"ကိုရင်၊ အဘယ်ကိုဆိုလိုသနည်း။ လိပ်ပတ်လည်အောင် ခဏတဖြုတ်ထိုင်ပြီးမှ မိန့်ပါ လေ"

ကြာလေဆိုးလေဖြစ်လာမည်မို့ ဆြာဒင်မှာ ယာဉ်ထိန်းရဲအိုက်တင်ဖြင့် လက်တဖက်ကို အသာမြှောက်လျက်ကာရင်း မောင်မင်းကြီးသားကို တားမြစ်မိန့် ထုတ်ရလေသော်ငြား သူကား တပြားသားမလျှော့လေ။

"ရော့ ဆြာဒင် ဒါကိုဖတ်ပေတော့"

ကိုရွှေကပ္ပလီ၏ညွှန်ကြားချက်အရ သူကိုယ်တိုင်ယူဆောင်လာသော လူထုပုံနှိပ်အမည်ရှိ သတင်းဂျာနယ်မှ သူဖတ်စေသောသတင်း၏ လိုရင်းအချက်မှာ အောက်ပါအတိုင်းဖြစ်လေ၏။

၂၀၁၃ တွင် အာဇာနည်နေ့ အထိမ်းအမှတ် ဥသြဆွဲဂုဏ်ပြုခြင်းအား ပြန်လည်ဖော် ထုတ်ရန် ရှိမရှိနှင့်ပတ်သက်၍ လူထုပုံနှိပ်မှ အောက်ပါပုဂ္ဂိုလ်များကို ဆက်သွယ်မေးမြန်းရာ တွင် ယခုကဲ့သို့ ဖြေဆိုထားသည်။

" အဲဒီ ဥသြဆွဲမယ့်ကိစ္စနဲ့ပတ်သက်ပြီးတော့မှ ပြန်ကြားရေးဒုဝန်ကြီး ဦးရဲထွဋ်ကို မေးရမှာပါ " ( ဦးဇော်ဌေး၊ သမ္မတရုံးညွှန် ကြားရေးမှူး )

" ဦးကျော်ဆန်းလက်ထက်တုန်းက မဆွဲဘူးလို့ဖြေခဲ့တာက ပြန်ကြားရေးဝန်ကြီးအနေနဲ့ ဖြေခဲ့တာမဟုတ်ပါဘူး။ ဒီဥသြဆွဲမယ့်ကိစ္စက ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ ရန်ကုန်တိုင်းအစိုးရ ကိုပဲ မေးမှရမှာပါ။" (ပြန်ကြားရေးဒုဝန်ကြီး ဦးရဲထွဋ်၊ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ)



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး။ အဲဒီကိစ္စက မြို့တော်ဝန်ကိုပဲ လွှဲထားတဲ့အတွက် မြို့တော်ဝန်ကိုပဲမေးရမှာ" (ရန်ကုန်အစိုးရရုံး)

"ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရုံးကို အဲဒီကိစ္စကို လွှဲထားတယ်။" (ယဉ်ကျေးမှုဝန်ကြီးဌာန ဒုဝန်ကြီး ဦးသန်းဆွေ)

"အဲဒီကိစ္စကိုမသိဘူး။ ပြောခွင့်လည်းမရှိဘူး" (ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးမြင့်ဆွေ၏ ကိုယ်ရေးအရာရှိ)

ကာဗူလီးဝါလား အန္နည္ဘာတ ဆြာဒင်ကား "အင်း" ဟူသော သက်ပြင်းခပ်လေးလေး တချက်ကိုချရင်း ကပ္ပလီ၏ အံကြိတ်နေသည့် ငိုမဲ့မဲ့မျက်နှာကို မဟာဝရုဏာတော်ဖြင့် ကြည့်ရှုနေမိလေရာ သူ့ထံမှ ခပ်လေးလေးစကားသံတခွန်းထွက်ပေါ်လာလေ၏။

"ယိုးဒယားမှာ နိုင်ငံတော်သီချင်းနဲ့ အလံတော်ကို နေ့တိုင်းမနက်တောညပါ ကျနော်တို့ အလေးပြုနေကြရသေးတာဗျာ၊ တနှစ်တခါ ဒီလိုနေ့မျိုးမှာ တမိနစ်လောက်ဥပြဿဉ်ခွင့်လေးကို ဒီလောက်နှမြောတွန့်တိုနေရသလား၊ ဖြစ်နိုင်ရင် ဆြာဒင့်ကို လွှတ်တော်မှာတင်ပြဖို့ ဖူးခက်ရောက်မြန်မာတွေရဲ့ကိုယ်စား၊ ကိုယ်စားလှယ်အဖြစ်လွှတ်ချင်စမ်းပါဘိ"

ကပ္ပလီဆိုလိုချင်သော အကြောင်းအရာကို ဣန္ဒနိုပ်ကောင်းစွာ သဘောပေါက်ခဲ့ပြီး သို့သော် ကြီးစွာသော ကိုယ်ချင်းစာနာစိတ်ဖြင့် အာစေးမိနေသော ဆြာဒင်ပေါ်မှာ၊ မှာ လွှတ်တော်တက်အရေးဆိုရန် ရွှေပင်လယ်ကာဆီးသည့်သို့ နီးမယ် မထင်လေရကား၊ စိတ်မျက် အားလျော့စွာ တပ်ခေါက်ပြန်သွားရှာသော ကပ္ပလီ၏ ကျောပြင်ကို ခေါင်းတဆတ်ဆတ်ငြိမ့် ရင်း အတန်ကြာငေးမျှော်ကြည့်ပြီးသကာလ၊ စံပျော်ကွန်းခိုနေကျ အခန်းတွင်းရှိ အိပ်ယာ ထက်တွင် အတွေးမျိုးစုံကို ရင်ဝယ်ပိုက်ရင်း ဖြေးညှင်းစွာလှဲလျောင်းမိလေသည်။

(၃)

မည်သို့မည်ပုံ ရုတ်ခြည်းခရီးနှင်ခဲ့မိသည်မသိ။ ဆြာဒင်ကား မြန်မာပြည်ကြီး၏ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့ မှီတင်းနေထိုင်ရာ နေပြည်တော်တည်းဟူသော အရပ်ရှိ တခုသော လမ်းမကြီးပေါ်တွင် ခြေစုံရပ်လျက်ရှိ၏။ ရှေ့တည့်တည့်ရှိ ပြည်ထောင်စုလွှတ်တော် ခန်းမကြီးကား ခမ်းနားလှပါဘိ။ လွှတ်တော်အစည်းအဝေးကျင်းပနေချိန်ဖြစ်၍ ဘေး ဘီမှာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ ဤအရပ်ဤဌာနသို့ တခေါက်တကျင်းမှ ရောက်ဖူး သူမဟုတ်မူ၍ ဆြာဒင်မှာ ယောင်နနဖြစ်နေသော်ငြား လာရင်းကိစ္စကို မမေ့မလျော့ ဆောင်ရွက်နိုင်ရန် အလို့ငှာ ပါးစပ်ပါရွာရောက်ဟူသော ဆိုရိုးအတိုင်း လွှတ်တော် အဝမှာ အဆင်သင့်တွေ့ရ သည့် ကျိုင်းတုတ်ကြီးကိုဘေးချကာ ငိုက်မျဉ်းနေသူတယောက်ကို အသာပုတ်နိုးရင်း တိုတိုနှင့် လိုရင်း မေးမြန်းသမှုပြုလိုက်ရလေသည်။

"တဆိတ်ဗျာ၊ အစည်းအဝေးခန်းမထဲကို ဘယ်လိုဝင်ရပါသလဲ"

အံ့ဩဖွယ်ကောင်းလေစွ။ အကြင်သူသည် ဣန္ဒနိုပ်အား စကားတခွန်းမျှပင် တုန့်ပြန်စေ ကြောခြင်းမရှိပဲ၊ ငိုက်မျဉ်းနေရာမှ ရုတ်တရက်ထတဲ့ကာ သူ၏လက်စွဲတော် ကျိုင်းတုတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ခွေတန်ကောက်ယူပြီး ပုန်းပေါ်တွင်ထမ်းလျက် လွှတ်တော်အစည်းအဝေးရှိရာသို့ လမ်းပြခေါ်ဆောင်လေ၏။ မကြာမီပါချေ။ ဖိုးကျိုင်းတုတ်နောက်မှ အုကြောင်ကြောင်ခြေလှမ်းများ ဖြင့် တလှမ်းချင်းလျှောက်လှမ်းခဲ့သော ဆြာဒင်သည် အမတ်မင်းတို့စုဝေးတိုင်ပင်နိုးနှောရာ ပြည်ထောင်စုလွှတ်တော်ခန်းမ အတွင်းသို့ ဒုတ်ဒုတ်ထိ ရောက်ရှိခဲ့လေသည်တမုံ့။

ခေတ်ကြီးသည် အမှန်ပင်ပြောင်းလဲခဲ့လေပြီလော။ ခန်းမတွင်းမှ လွှတ်တော်ကိုယ်စားလှယ်အများစုမှာ မှတ်စုမှတ်ရာစာရွက်စာတမ်းတို့ကို အသီးသီးလှန်လှောဖတ်ရှုရင်း လှုပ်လှုပ်ရွရွဖြင့် အလုပ်များလျက်ရှိကြ၏။ မကြာသေးမီကမှ လွှတ်တော် သဘာပတိ၏ "မင်းတို့အုပ်စုတွေ" ဟု ရည်ညွှန်းကြိမ်းမောင်းခြင်းခံခဲ့ရသော အစိတ်သားကိုယ်တော်များကား ကျွန်ုပ်တည်တည်မိန့်မိန့်ကြီး ဝင်ရောက်လာသည်ကို တွေ့မြင်သော တခဏ၌ တအံ့တသြ၊ အလန့်တကြားပုံစံဖြင့် ပြိုင်တူမတ်တပ်ထရပ်ကြကာ သတိဆွဲလျက် အနေအထားဖြင့် ကြိုဆိုကြလေ၏။

(၄)

ပြည်ထောင်စုလွှတ်တော် သဘာပတိသည်လည်းကောင်း၊ ဥက္ကဋ္ဌသည်လည်းကောင်း ကျွန်ုပ်ကို စူးစမ်းသောအကြည့်ဖြင့် ရှုစားတော်မူကြလျက်ရှိကြကုန်၏။ ယိုးဒယားနဲ့ တိုင်းခြားကိုပါ တိုက်ခိုက်ကာ အောင်ခဲ့ကြသည့် ဘိုးဘေးတို့၏မြစ်တော် ဆြာဒင်ကား ကြောက်ရွံ့တုန်လှုပ်သည်ဟု မဆိုနိုင်သော်ငြား ဒူးနှစ်လုံးမှာ အချင်းချင်း ဘေးတိုက်တဆတ်ဆတ် ရိုက်လျှက်ရှိ၏။ ထိုစဉ်မှာပင် လွှတ်တော်စင်မြင့်ရှိရာသို့ မော့ကြည့်နေသော ဆြာဒင်၏နှုတ်မှ ညောင်နာနာအသံသည် ဗလုံးဗထွေး ထွက်ပေါ်လာလေတော့သည်။

"ဆရာတို့ရယ်၊ ဆွဲပါရစေ"

လွှတ်တော်သဘာပတိသည် ကျွန်ုပ်၏စကားကို သဲသဲကွဲကွဲကြားဟန်မတူရကား မလိုအပ်သောဆူညံသံများကို တားဆီးရန်အလို့ငှာ လက်စွဲတူတော်ကြီးကို တဒုန်းဒုန်းအသံမြည်အောင်ထုရင်း ကျွန်ုပ်အား ပြန်လှန်မေးခွန်းစတင်လေ၏။

"မောင်ရင်၊ဘာပြောချင်တာလဲ၊ ရှင်းအောင်ပြော"

"ဟုတ်ကဲ့၊ အများစုက ဆွဲစေချင်ကြတာမို့ ဆွဲခွင့်ပြုပါခင်ဗျာ"

"ဘာကို ဆွဲချင်တာတုန်း"

"ဥသြသံပါခင်ဗျ"

သဘာပတိမင်းကား အကင်းပါးလှချေ၏။ ကျွန်ုပ်ဆိုလိုသည်ကို ဒက်ကနဲသဘောပေါက်ဟန်ဖြင့် ခပ်တွေတွေစဉ်းစားခန်းဝင် ရင်း မေးခွန်းကိုဆက်သည်။

"နေပါအုံး၊ မောင်ရင်က ဘယ်သူတုန်း"

"ကျနော်လူထဲကလူ၊ ရိုးရိုးပြည်သူပါခင်ဗျ"

"မင်းနဲ့လွှတ်တော် ဘာဆိုင်သတုန်း"





www.burmeseclassic.com

www.burmeseclassic.com

"လျှာရှည်တယ်မထင်လိုက်ပါနဲ့ခင်ဗျာ၊ လွှတ်တော်ဆိုတာ ပြည်သူ့ရွေးချယ်တဲ့ ကိုယ်စားလှယ်မင်းများနဲ့ ဖွဲ့စည်းထားတာမို့ "လွှတ်တော်အထက်မှာ ပြည်သူရှိတယ်" လို့ ဆိုနိုင်တာကြောင့် အမတ်မင်းတို့ပမာဒလေခပြီး မမေ့မလျော့ကြလေအောင် ကျနော်မျိုး လာရောက်နှိုးဆော်ရခြင်းဖြစ်ပါတယ်ခင်ဗျာ"

အလျှောက်ကောင်းလေသလောမဆိုနိုင်။ သဘာပတိမင်းသည် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီပွာယ်အပြည့်ပါသောအကြည့်ဖြင့် လှမ်း၍ကြည့်ရှုလေရာ ဥပဒေအထက်မှာ မည်သူမျှ မရှိဟု မိန့်တော်မူဖူးလေသောဥက္ကဋ္ဌကြီးသည် တည်ငြိမ်လှသော အသံဖြင့် မှတ်ချက် ပြုသည်ကား၊ "ခုချက်ချင်း အထူးအစီအစဉ်အနေနဲ့ ဒီကိစ္စကို မဲပြန်ခွဲလိုက်ကြတာပေါ့၊ ဒါနဲ့ စကားမစပ် အမကြီးကရော ဘယ်လိုသဘော ထားရှိသလဲသိပါရစေ" တဲ့၏။ အမကြီးဟူသည်ကား ဒေါ်အောင်ဆန်းစုကြည်ကို ဆိုလိုပေရာ ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့မှ မိုက်ကရိုဖုန်းကို ချက်ချင်းပင်ဆွဲယူလျက်၊ "ကျမအဖေအပါအဝင်ဖြစ်နေတဲ့ အာဇာနည်တွေကို ဂုဏ်ပြုဖို့ ကျမကိုမေးရသတဲ့လား၊ ဥက္ကဋ္ဌကြီးကလည်း နောက်နေသလိုပဲ၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတာ မင်္ဂလာတရားနဲ့အညီမို့ မဲခွဲဖို့လိုသေးလား" ဟု တုန့်ပြန်သည်တွင် သယ်နီးကျွန်း အမတ်မင်းသည် ရုတ်တရက်ထရပ်ခါ၊ "ဒီလိုတွေဖြစ်လာမှာ ကြိုမြင်လို့ ကျနော်ပြောခဲ့သားပဲ၊ ဟော၊ အခု ဥသြသံကအစ ပြဿဒ်မီးလောင်တော့မယ်" ဆိုပြန်လေသည်။ ထိုခဏ၌ လွှတ်တော် အမတ်မင်းအများစုထံမှ ထွက်ပေါ်လာသော အသံမျိုးစုံကား "ဟုတ်တော့လည်း ဟုတ်တာပဲ" "အင်းလေ၊ မှန်တာပေါ့" "ဆွဲရုံလေးပဲဥစ္စာ ဘာမှ မဖြစ်လောက်ပါဘူး" "ဆွဲလိုက် ရင် ကောင်းမယ်ထင်တယ်" ဟူသတည်း။

အတန်ငယ်အာရုံနောက်လာဟန်ရှိသော သဘာပတိမင်းသည် အစိမ်းရောင် အစိတ်သား ကိုယ်တော်များဖက်သို့ မေးငေါ့လျက်ခပ်ငေါ့ငေါ့အသံဖြင့် "မင်းတို့အုပ်စု ငြိမ်မနေနဲ့၊ သဘောတူရင်တူတယ်၊ မတူရင်မတူဘူး၊ ပြောကြဦး" ဟူသော အမေး မဆုံးခင်မှာပင် ထို အုပ်စုဆီမှ "ဟုတ်" ဟူသော ပြိုင်တူဖြေဆိုလိုက်သည့် ကျယ်လောင်သော အသံကြီး ထွက်ပေါ်လာလေသည်။

ထို "ဟုတ်" ကား အထက်အရာရှိ၏ အမေးကို တပ်ဓလေ့ထုံးစံအတိုင်း "ဟုတ်" လေသည်လား။ ဥသြဆွဲမည့်အစီအစဉ်ကို ထောက်ခံသော "ဟုတ်" ပေလော၊ ဆြာဒင် တယောက်မဝေခွဲနိုင်စဉ်မှာပင် လွှတ်တော်ခန်းမတခုလုံး လက်ခုပ်သြဘာသံများဖြင့် ဆူညံသွားလေရာ နောက်ဆုံးတွင် ဆြာဒင်၏ ဥသြသံနှင့်စပ်လျဉ်းသောအဆိုမှာ ကန့်ကွက်သူမရှိ တညီတညွတ်တည်းသော လက်ခုပ်သြဘာသံတို့ဖြင့် အောင်မြင်စွာနိဂုံးတိုင်လေတော့သည်။ အောင်လံထူစစ်သူကြီးပွဲပေတကား။ အဆင်သင့်ရောက်ရှိနေရာယူလျက်ရှိကြသော သတင်းမီဒီယာမျိုးစုံမှလည်း ကွန်ုပ်၏အရေးတော်ပုံကို တိုက်ရိုက်၊ ရိုက်ကူးထုတ်လွှင့်နေကြ လေသည်တကား။



www.burmeseclassic.com

www.burmeseclassic.com

(၅)

ဩာဒင်သည် သတင်းထောက်တို့ကို အသာတွန်းဖယ်ရင်း၊ ရင်ကိုကော့ကာ လွှတ်တော်အတွင်းမှထွက်ခွာခဲ့ရာ ဘဝင်စိတ်ကြောင့် ရင်ဘတ်သည် မေးစေ့ထက် ပိုမြင့်နေ သယောင်ထင်ရ၏။ကပ္ပလီကလေး၏ စေခိုင်းတာဝန်ပေးချက်ကို ကျွန်ုပ်ကျေပွန်အောင်မြင်စွာ ကျွန်ုပ်ဆောင်ရွက်နိုင်ခဲ့ပေပြီ။ ဇူလိုင်လမိုးဉတုဖြစ်သော်ငြား ကောင်းကင်တွင် တိမ်ညိုတို့ ကင်းစင်လျက်ရှိ၏။ ကပ္ပလီအပေါ် အဝင်ဖူးခက်ရောက် မြန်မာအလုပ်သမားတို့ ဤသတင်းကို ကြားလတ်သော် ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်အံ့။ ထို့အတူ မြန်မာပြည်သူလူထုကြီးသည် လည်းဝမ်းမြောက်ကြပေလိမ့်မည်ဟူသော အတွေးတို့ဖြင့် ဩာဒင့် ကိုယ်လုံးအနှံ့ ပီတိပြန့်လျက်ရှိ၏။

သို့သော်. . .၊ တခုသော လမ်းဆုံအရောက်၌ ဝါးချွန်၊ တုတ်၊ ဓားနှင့် အုတ်ခဲ ကိုယ်စီကိုင်ဆောင်ထားကြသော လူတအုပ်သည် ဩာဒင့်ထံသို့ ညာသံမြိုးစုံပေးကာ ပြေးလာကြပြီး “ခေတ်ကိုပြောင်းချင်တဲ့ကောင်” “နောက်ကြောင်း ပြန်မလှည့်ချင်တဲ့ကောင်” “မှတ်လောက်အောင်ဆော်ကြပေဟ့” ဟူသော ကြွေးကြော်သံတို့ဖြင့် တက်ညီလက်ညီဆွမ်းကြီးလောင်းကြလေရာ “ဒုံး” “ခွပ်” ဟူသောအသံတို့၏နောက်ဝယ် အသိဉာဏ်မှောင်အတိကျကာ လောကကြီးနှင့် ဩာဒင်အဆက်အသွယ်ပြတ်လေ၏။ နောက်ဆုံး ဩာဒင်မှတ်မိသည်ကား ထိုလူအုပ်၏လက်မောင်းကိုယ်စီရှိ စာလုံးသုံးလုံးပါ အနီရောင် စာတမ်းနှင့် လက်ပတ်များပင်ဖြစ်၏။ ရှေ့ဆုံးစာလုံးမှာ “စွမ်း” ဟု ဩာဒင်ထင်မိသည်။


(၆)

မှိတ်ထားသော မျက်စိကို တဖြေးဖြေးချင်း ဖွင့်ကြည့်မိသည်။တကိုယ်လုံးဇောချွေးပြန်လျက်ရှိ၏။ ဩာဒင်လန့်နိုးလာချိန်တွင် အနီးရှိကွန်ပြူတာဆီမှာ ဒေါ်မေလှမြိုင်၏ ရင်ကွဲနာကျသံ သည်ဆက်လက်ထွက်ပေါ်နေဆဲဖြစ်၏။ “စံနစ်အခြေပြောင်းခဲ့ပေမဲ့ အဖြစ်ဟောင်းများတော့ ဖြေသော်မပြေ၊ အလွမ်းမျက်ရည်မြေခပြီမို့ ဆွေးတသသ၊ တွေးဆမရှင်ပေ၊ ရွှေဘဝင်ဆူကဲ၊ ကြေကွဲ၊ ဝမ်းနည်းရပုံတွေ၊ ယနေ့ ထက်တိုင်အခြေ အော်၊ မမေ့တဲ့နိုင်ပါသလော (အာဇာနည်ခေါင်းဆောင်ကြီးတွေ) ၂ ကောင်းရာသုဂတိ ရောက်ရှိကြပါစေ၊ တေး ကဗျာအနှစ်စာခွေ ရေးကာမနွေး ယခု၊ အလေးပြုပါတယ်လေ”။

*(ဆဲဝင်းဒေးနေ့စဉ်သတင်းစာ ၊ဇူလိုင်(၈) ၂၀၁၃)*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဩဘာဒင်နှင့် သခွတ်ပွင့်ချိန်

(၁)

မိုးအေးအေးမို့ ဩဘာဒင်တယောက် အိပ်ယာထက်မှာ သီချင်းကလေးဖြင့် ကွေးလျက်ရှိချိန်ဖြစ်၏။ အနီးရှိ ကွန်ပြူတာဆီမှ အလက်ာကျော်စွာ ဆရာရွှေပြည်အေး၏လက်ရာ ကသစ်ပန်းသီချင်းမှာ ခေတ်ပေါင်း အဆိုတော် ကိုအုံကြီး၏ အသံနှင့် အင်မတိအင်မတန်လိုက်ဖက်လှရုံမက အိမ်ပြင်က မိုးသံတဖျောက်ဖျောက်ကပါ တေးသရုပ်ကို ဖော်နေလေရာ ဩဘာဒင်မှာ နားဆင်မဝ တသသဖြစ်ရလေသည်။

"နတ်စည်ငယ်လေ၊ ပုဇွန်ပုစွန်နဲ့လက်ရိုး အာလမ္ဗရာ၊ ကျော်ဝှန်းသံဝါ၊ ဆော်ရွှမ်းညံစာစာ၊ တိမ်ယံအာကာ နီလာပြင်ဆိုင်းသင်တိုင်းခြံလွှာ အုံ့မှိုင်းညိုပြာ၊ မိုးထက်ကယ်ဝဠာ ကိုးချက်နယ်မှာ တိမ်ခိုးယှက် မိုးစက်ကလေးတွေဖြာ"

မိုးရာသီမှာမိုးစက်ကလေးတွေ ဖြာနေပြီဆိုသဟာကြောင့် မင်္ဂလာတပါးပါတကားဟူသော အတွေး မဆုံးခင်မှာပင် တတီတီမြည်လာသော ဖုန်းသံသည် အရေးကောင်း ဒိန်းဒေါင်းဖျက်ချေပြန်သည်တမုံ့။ ဖုန်းမှထွက်ပေါ်လာသော အသံရှင်ကား ဒူးခက်မြို့နေ၊ မော်လမြိုင်သား အာရုံခေါ် ဖေကြည်အမည်ရှိလူငယ်ဖြစ်၏။ ဖေကြည်ကား အမြဲတစေလိုလို ပေါက်ပေါက်ရှာရှာ ကပ်သီးကပ်သတ်ပြောတတ် လုပ်တတ်သူဖြစ်၍ မူလ

www.burmeseclassic.com

www.burmeseclassic.com

အမည်ပျောက်ကာ "အာရုံ"ဟု နာမည်တွင် နေသူဖြစ်လေသည်။

(၂)

"ဆြာဒင်ရေ မြဝတီမှာတော့ သားမက်နဲ့ယောက္ခမပွဲကြမ်းနေပြီ"

"ဒါထုံးစံပဲ၊ မဆန်းလှပါဘူး၊ ရဲစခန်းမရောက်အောင်သာထိန်းပါလေ"

"အာ ဆြာဒင်ကလည်း ညှံ့ချက်ကတော့ ကမ်းကုန်ရော၊ သားမက်နဲ့ ယောက္ခမ ပွဲကြမ်းတယ်ဆိုတာ မိုးအရမ်းရွာနေတာကို ပြောတာဆြာရဲ့"

"အံမယ်၊ သခွပ်ဖြူပင်မင်း ငွေအဆင်းပွင့်ချိန်ခါမှ အသူရာဒေါသထွက်ပြီး မြင်းမိုရ်ထက်သို့ တက်လို့ စစ်ထွက်တဲ့အခါကို ဆိုလိုသကိုး"

"ဟုတ်တယ်ဆြာရေ့၊ အခုဟာက အံ့ကာလေတဖွဲဖွဲ အဆင့်ကိုကျော်နေပြီ။ လေးငါးရက် ဆက်တိုက် ရွာလေတသဲသဲ ဖြစ်နေတာ ခင်ဗျ"

"နေပါဦး၊ မောင်ရင်က ဖူးခက်ကနေ ဘယ်လိုလုပ် မြဝတီသတင်းကို လှမ်းနေရသတုန်း"

"မော်လမြိုင်ပြန်တာ ဆြာဒင်ရေ။ တောင်ပြိုပြီးလမ်းတွေပိတ်လို့ မြဝတီမှာသောင်တင်နေတာ"

"ကောင်းကွာ၊ မောင်ရင် မြဝတီမှာရှိတုန်း ခုနစ်ရက်သားသမီးတွေ ရေဘေးဒုက္ခကနေ ကျော်နိုင်လွှားနိုင်တဲ့ သတင်းလေး ဆက်ပို့အုံးလဟ၊ ဒါနဲ့စကားမစပ် တို့မြန်မာအစိုးရမင်းများကော ဖေးမကူညီသံ ဘာကြားသေးတုန်း၊ ခေတ်ကြီးကပြောင်း လာပြီဆိုတော့ လာမှာတော့ သေချာတယ်ကွ"

"ဒုက္ခသည်စခန်း ခြောက်ခုဆိုလား၊ ဆယ့်ခြောက်ခုဆိုလားတော့ ဖွင့်နေသတဲ့ဆြာ"

"အေးပါ၊ ငါထင်သားပဲ၊ စခန်းဖွင့်နေပြီဆိုတော့ စားစရာနဲ့ အဝတ်အထည်တွေ ရှေ့ဆင့်နောက်ဆင့် ရောက်လာမှာပါ၊ စိတ်ရှည်ရှည်နဲ့သာ စောင့်ကွာ"

ဆြာဒင် ဖုန်းကို အသာချကာ နားထောင်လက်စ သီချင်းကို နားဆက်စွင့်နေလိုက်သည်။

(၃)

"လွဲခဲ့ကြရရှာ နတ်တို့နတ်ရွာ ဝတီသာ၊အသူရိန်တွေဟာ၊ ဘုံသာဝေယံနန်းမြင့်ကသစ်ပန်းပွင့်ရတုဖြာ သဘင်ပွဲပြုကာ၊ အို သခွတ်ဖြူစွာ အပွင့်ကိုသာ မြင်တော့မှ ဝတီတွင်မဟုတ်ပါလား ဟာရိုရဲ့၊ သေနင်ဗျူဟာ ၊ နတ်သူရာမင်းငယ်လေ ၊ စစ်ခင်းလုမယ်လာ ရှေးရှုဝတီသာ၊ အံ့ကာလေ တသဲသဲ ရွာလေ တဖွဲဖွဲ"

အမူးလွန်နေသော အသူရာတို့ကား သခွတ်ပွင့်ချိန်ကျမှပင် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကို သတိရကြတော့သည်တကား၊ စစ်ခင်းကာအံ့တု ပြန်လုကြပေတော့မည်။ သားမက်သိကြားမင်းနှင့် ယောက္ခမအသူရာမင်းတို့ကား သည်နှစ်တွင် ခေတ်မီလက်နက်များဖြင့် ယခင်နှစ်များထက် ပြင်းထန်သောစစ်ပွဲ ကို ဆင်နွှဲကြပေတော့မည်။

အသူရာတို့ ဝတီသာဆီ ချီတက်နေချိန်တွင် ဖုန်းသံက မြည်လာပြန်ချေပြီ။

www.burmeseclassic.com

"လာပြီဆြာဒင်ရေ၊ လာပြီဆြာဒင်ရ"

"ဟေ၊ အသူရာတွေ ချီတက်လာပြီလား၊ သိကြားမင်းကို သတင်းပို့လေ"

"အာ ဘယ်က အသူရာတွေ ချီတက်လာရမှာလဲ၊ စစ်တပ်ကနေ စားစရာတွေတင်ပြီး ပွဲချိတ်လေ့ အစီးသုံးဆယ် လောက်နဲ့လာနေတာ ဆြာဒင်ရ"

"အေး ငါထင်သားပဲ၊ တပ်မတော်ဟာ အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက် ဆိုတာ မောင်ရင်ကြားဖူးတယ် မဟုတ်လား၊ တိုင်းပြည်နဲ့လူမျိုးအတွက် အရေးတကြီး လိုအပ် နေလာတဲ့အခါ အသက်သွေးချွေး အစဉ်မနှေးဘဲ ပေးဆပ်နေတဲ့ တပ်မတော်ကပဲဟာ"

"နေဦး ဆြာဒင်"

"နေလို့ မရဘူးလေ၊ တပ်မတော်သာအမိ တပ်မတော်သာအဖ ဆိုသမို့လား၊ ဒါကြောင့် တို့များဟာ တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီပြီး ရဲဘော်အပေါင်းကို ကိုယ့် အသွေးအသားမို့ အစဉ် မမေ့အပ်တာပေါ့လဟ"

"ဆြာဒင် စွတ်တွန်းမနေနဲ့ အခုလာတာက ထိုင်းစစ်တပ်ခင်ဗျ"

"ဟေ"

ဆြာဒင်ကား "ဟေ" တလုံးနှင့်သာ နှုတ်ဆိတ်သွားရပေတော့သည်။ စိတ်ကမူ မငြော့ ချင်။ "သူတို့ လာကိုလာမှာပါလေ" ဟူသော အတွေးနှင့် ဖွင့်လက်စသီချင်းသံကို နားစိုက် မိပြန်သည်။

(၄)

"အာလိန်ငါးဆင့်နဂါးနှင့် ဂဠုန်ပျံ ဂုမ္ဘဏ်ရက္ခိုက် စတုမဟာရာဇာ မခံနိုင်ပြေးလို့ သိကြားထွက်တဲ့အခါ တွက်ရေသိန်း ခြောက်သောင်း ရှစ်ထောင့်ယူဇနာ၊ ဝရဇိန်လွှတ်ကာ မြင်းမိုရ်ကိုပင်၊ သူခွင်းချင် ထွင်းလို့ဖောက်နိုင်တာ၊ နတ်မြင်းတထောင်ကတဲ့ ရထားဝေဇယန္တာ၊ ရန်ဘန်မှာ တင်နာဂ ဆင်တော်သုမိတ္တာ၊ ရဲတံခွန်လွှား သုံးကျိပ်သုံးပါး သိကြားငယ်ပါ၊ နေလနတ်သား လေးပါးစစ်အင်္ဂါ၊ ပင်လုံးကျွတ် သခွတ်ပွင့်ချိန်ခါ"

မှန်လေစွ၊ သိကြားဆိုသဟာ ပွဲကြီးပွဲကောင်းကျမှ ထွက်ရတာမျိုးကလား၊ မြဝတီတွင် တိုးလျက်ရှိသော ရေအလျဉ်သည် သိကြား ထွက်လောက်သည့်အဆင့် မဟုတ်သေး ယောင်တကား။ အာရုံခေါ် ဖေကြည်ထံမှ ဆက်တိုက်သိရသော သတင်းများအရ မြဝတီတွင် အာရှလမ်းမကြီး ရေမြုပ်နေပြီ ဟုဆို၏။ ဆောက်လုပ်ရေးရုံးအနီးတွင် ရင်စို့ခန့်အထိ ရေကြီး သည်ဆို၏။ မြဝတီကော့ကရိတ်ကားလမ်းကိုလည်း တောင်ပြိုမြေပြိုမှုများကြောင့် ရက်သတ္တ နှစ်ပတ်ပိတ်သည် ဟုလည်း သတင်းတခုမှာ ဖတ်ရသည်။

မြဝတီရေကြီးမှုမှတ်တမ်းများအရ ၁၉၉၄ ခုနှစ်တွင် အမြင့်ဆုံးစံချိန်ခဲ့သည် ဆိုလေ သည်။ ရွှေမြင်းဝန်ဘုရားကြီး၊ မဟာရာမ် အုတ်တံတိုင်းရှိ နဂါးရုပ်ကြီး၏ ပါးစပ်ဝတိုင် ရေ တက်ခဲ့သဖြင့် နဂါးကြီးရေသောက်သောနှစ်ဟု အမှတ်တရရှိကြလေ၏။ တိုက်ဆိုင်သည် ဆိုရမည်လောမဆိုနိုင်။ နဂါးကြီးရေသောက်ပြီး နောက်တနေ့၌ ထူးဆန်းစွာပင် ရေကျသွား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည် ဟုဆိုကြ လေသည်။ ဤနှယ်ဤပုံ ဆိုလျှင်ဖြင့် နဂါးလျှင်လည်း ရေမြန်မြန်သောက်မှ၊ သို့တည်းမဟုတ် သိကြားလျှင်လည်း အမြန်ရောက်မှ ဖြစ်ချေတော့မည်။

မှော်တော်ဇောနှင့် ရင်မောနေမိစဉ်မှာပင် ဆြာဒင့်ထံ "အာရုံ" တယောက် သတင်းပို့ပြန်ချေပြီ။

"လာပြီဆရာရေ ဒီတခါ မြန်မာစစ်တပ်တကယ့်ကို ရောက်လာပြီဆြာဒင်ရ ဗျူဟာမှူးဆိုလား၊ တပ်မမှူး ဆိုလား ကိုယ်တိုင်ရောက်လာတာဗျား"

"အေး၊ ထင်သားပဲ။ ဒီလိုပဲဖြစ်ရမယ်လေ၊ သူ့တပ်သားတွေကို ကယ်ဆယ်ရေးအတွက် ချက်ခြင်းအမိန့် ပေးပြီပေါ့"

"လွဲပြန်ပြီ ဆြာဒင်ရေ သူ့ဘေးက အရာရှိဗိုလ်ကြီး၊ ဗိုလ်မှူးတွေကိုယ်တိုင် ဒုက္ခသည်တွေကိုလိုက် ဆယ်ဖို့ကယ်ဖို့ အမိန့်ပေးနေတာခင်ဗျ။ ကုန်းမြင့်လေးတွေပေါ် မှာ ရေဘေးရှောင်နေတဲ့ ဒုက္ခသည်တွေနဲ့ အိမ်အပေါ် ထပ်တွေမှာ ရှိနေတဲ့ ဒုက္ခသည်တွေကို အသက်ကယ်ဇောတွေ မော်တော်ဘုတ်တွေနဲ့ လိုက်ခေါ် ထုတ်နေကြပြီဆြာဒင်ရေ"

"အားရစရာကောင်းချက်ကွာ၊ ဆူနာမီနဲ့ နာဂစ်ဝင်တုန်းက ခေတ်ပေါင်းစံနစ်ပေါင်းမို့ပါကွာ၊ ကဲ . . ၊ မောင်ရင်လည်း ပင်ပန်းရော့မယ်၊ နားနားပြီး သတင်းကောင်းလေးဆက်ပို့နော်"

စကားလက်စကိုဖြတ်ကာ လက်ကိုင်ဖုန်းကို စားပွဲပေါ် တွင် အသာချလျက် ရင်အပူလျော့စေရန် ရေတခွက်သောက်အပြီး မိုးဘွဲ့သီချင်းတပုဒ်ကို ထပ်မံနားဆင်ရန်အလို့ငှာ ဂူဂဲလ်ကို ကလိနေစဉ်မှာပင် ရွှေကိုယ်တော်ဖေကြည် ဆက်လာပြန်သည်။

(၅)

"ပြန်သွားကြပြီဆြာဒင်ရေ"

"ဟာ၊ မြန်လှချည့်လား၊ ဘာတွေလုပ်သွားသတုန်းကွ"

"ဓာတ်ပုံနဲ့ ဗီဒီယိုတွေ ရိုက်ပြီးပြန်သွားကြလေရဲ့ ဆြာ"

"ဟေ"

"မဟေနဲ့ဆြာ၊ သူတို့က ရွှေမြင်းဝန်ဘုရားကြီးဖက်သွားပြီး နဂါးကြီးပါးစပ်ထဲကို ရေလောင်းထည့်သတဲ့"

"နဂါးကြီးက ရေဆာတယ်များ အိပ်မက်ပေးရော့သလားကွာ"

"ဆြာဒင်ကတော့ ညှိုးပြီးရင်းညှုံ့ရင်းဆိုတဲ့ အထဲကပါကလား။ နဂါးကြီးရေသောက်ပြီးရင် ရေ့မီနောက်မီ ပုဂ္ဂိုလ်တွေရဲ့အဆိုအရ ရေပြန်ကျမယ်တဲ့ခင်ဗျ"

"ဟင်"

ထိုနေ့ကား ဆြာဒင့်နှုတ်ဖျားမှ "ဟေ" "ဟာ" "ဟင်" တည်းဟူသော အာမေဋိတ်သုံးမျိုးစုံ ထွက်ပေါ် ခဲ့သောနေ့ပင်တည်း။ ဖေကြည့်အတွက်ကား အခွင့်ရခိုက် ဆြာဒင့်အလွဲအညံ့ဋီကာတို့ကို အကျယ်တဝင့် ဖွင့်ဆိုနိုင်ခဲ့သော နေ့ရက်ပင်တည်း။ မည်သို့ပိုစေကာမူ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ဆြာဒင်ကား လူညွှံ့စာရင်း အသွင်းခံထိုက်လှပါပေသည်။ အကြောင်းမူကား နောက်တနေ့ သစ်ထူးလွင်၏ အင်တာနက်စာမျက်နှာ၊ (Myanmar News Now) တွင် အောက်ပါသတင်းကို ဖတ်ရှုရသောကြောင့်ဖြစ်လေ၏။

"ရေကြီးမှုတွေဖြစ်ခဲ့တဲ့ မြဝတီမှာ ရေပြန်ကျ"

"ကရင်ပြည်နယ်မှာ အဆိုးရွားဆုံး ရေကြီးခဲ့တဲ့ မြဝတီမြို့မှာ ကြာသပတေးနေ့လောက်ကစပြီး ရေပြန်ကျသွားပြီဖြစ်ပါတယ်။ ထိုင်းမြန်မာနယ်စပ်အဖြစ် ပိုင်းခြားထားတဲ့ သောင်ရင်းမြစ်ရေဟာ သောကြာနေ့မှာ ၅၀၁ စင်တီမီတာအထိ ကျလာပြီး စိုးရိမ်ရေမှတ်ဖြစ်တဲ့ ၄၇၇ စင်တီမီတာထက် ၁ ပေအမြင့်လောက် အထိ ကျလာပါတယ်။ မြဝတီမြို့ထဲမှာ တချို့ နိမ့်တဲ့နေရာတွေမှာ ခြေသလုံးလောက်၊ ဒူးလောက်အထိ ရေတွေရှိနေပြီး နေရာအတော်များများမှာတော့ ရွှံ့ဗွက်တွေ အပျက်အစီးအပိုင်းအစတွေနဲ့ ပြည့်နေပါတယ်"

(၆)

အထက်ပါသတင်းကို အစအဆုံးတိုင်ဖတ်ရှုပြီးချိန်တွင်ကား ဆြာဒင်တယောက် မည်သို့သော အာမေဋိတ်ကိုမျှ ရေရွတ်ယောင်ယမ်းခြင်းမရှိတော့ဘဲ မြဝတီမြို့လူထုအပါအဝင် မြန်မာပြည်သူပြည်သားအားလုံးအတွက် ရည်စူးလျှက် အောက်ဖော်ပြပါ တိမ်တမာန်သီချင်းကိုသာ ခပ်တိုးတိုး ညည်းဆိုမိလျက်ရှိလေသတည်း။

"ဆည်မြောင်းချောင်းကန် ပြည်လျှံတိုးအောင် မိုးလုံးမဲအမျှ မရွာစေချင်ပါပေ၊ ဆည်မြောင်းချောင်းကန် အသင့်အမှန်တိုးရန် ပုလဲလုံးရွှဲအလှ ရွာစေချင်ပါပေ၊ တို့ပြေသည်ကား ဆန်စပါးအသက်ပေ၊ တို့ပြေသည်ကား ဆန်စပါးခက်ဝေ မက်မပြေနိုင်သော လယ်တောယာမြေ ထွန်ယက်ပြုစု ယုယအမြဲပေ တိမ်တမာန် အိုအဆွေ တို့များရှင်လန်း ပုလဲပန်းကိုခြွေ"

*(ဆဲဝင်းဒေးနေ့စဉ်သတင်းစာ၊ ဩဂုတ် (၅) ၊၂၀၁၃)*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆြာဒင်၏ မွေးဌာနီ၊ အညာရပ်ဆီသို့

(၁)

ဆြာဒင်ကား မွေးရပ်မြေရွှေပင်ရွာကို ခွဲခွာလာခဲ့သည်မှာ နှစ်အားဖြင့် သုံးဆယ်နီးပါးကြာညောင်းခဲ့လေပြီ။ "ပျော်ရာမှာ မနေရ တော်ရာမှာနေရ၊ ဒီဘဝဒီအဖြစ်မျိုးသည် လူတိုင်းကြုံဖူးကြလိမ့်မည်"ဟု အဆိုတော်သန်းထွန်းလေး၏ မမေ့သော အညာသီချင်းတွင် ဆိုရိုးရှိလေသည်မဟုတ်တုံလော။ ငယ်စဉ်က အညာကို လွမ်းကြောင်း တခွန်းတပါဒပြောမိလျှင်ပင် အနန္တဂိုဏ်းဝင်ဖခင်ကြီးက"တောမှာပျော်ချင်တဲ့ တောနွားတွေ" ဟူသော ကြိမ်းမောင်းသံကို အဖန်ဖန်ကြားရပြီးသည်၏ နောက်တွင် အညာအရပ်သည် ခြေဦးပြန်လှည့်သင့်သောအရပ်မဟုတ်ဟူသော အသိသည် ဆြာဒင်၏စိတ်ကို ကြိမ်တို့သကဲ့သို့ရှိ လေသောကြောင့် ဤအချိန်ဤကာလအထိ ရွှေပင်ရွာနှင့် ကင်းကွာခဲ့ခြင်းဖြစ်တန်ရာသည်။

ယခုသော်ကား ဆြာဒင်မှာ ရုပ်ရည်အားဖြင့် တင့်တယ်ဆဲဖြစ်သော်ငြား အာယုအသက်အားဖြင့် တတိယအရွယ်သို့ ကောင်းစွာချဉ်းနင်း ဝင်ရောက်လာပြီဖြစ်၍ မွေးရပ်မြေရှိ မသေကြွင်းကျန် ကျောင်းနေဖော်သူငယ်ချင်းတို့ကို သတိရလွမ်း ဆွတ်မိသည်ကတကြောင်း၊ အသွင်အပြင်မှုပြောင်း ခေတ်ပောင်းစံနစ်ကို ဖယ်ရှားကာ လူသစ်စံနစ်သစ်ဖြင့် ခေတ်သစ်ဆီသို့ ချီတက်နေကြ

www.burmeseclassic.com

သည့် ယခုကာလသမယ၌ ဆြာဒင်မွေးမြေသည် အသို့လျှင် ခရီးနှင်နေကြလေသနည်းဟူသော အတွေးစိတ်ဆော်ဖန်သည် တကြောင်းတို့ကြောင်း၊ ဆြာဒင်တယောက် သေမြေကြီးရှင်ရွှေထီးသဘောပိုက်လျက် ယိုးဒယားပြည်၊ ဖူးခက်မြို့မှသည် လေယာဉ်၊ ရထား၊ ကားနှင့်တသွယ် ရွှေပင်ရွာရှိရာသို့ မကြာမတင်ရက်ပိုင်းက အပြေးပြန်လာမိခြင်းခြင်း ဖြစ်လေသည်တမုံ့။

(၂)

"တမာတောမှာပျော်တယ်ဆိုတဲ့ မောင်ရေမောင်ရေ အညာမြေကို မေ့လို့လား၊ အညာသူလေးကို မေ့လို့လား၊ ခွဲခွဲခြားခြား ပြောပါမောင်ရေ" ဟူသော ငယ်ချစ်ဦးရွှေညာသူ၏ သီချင်းသံကို ကြားယောင်ရင်း ဆြာဒင်တယောက် မွေးရပ်မြေသို့ တခေါက်ရောက်ခဲ့ချေပြီ။ စွန့်ခွာခဲ့တာကြာပြီမို့ ရထားပေါ်ကအဆင်းမှာ ကြိုသူမရှိ တဦးတည်းရပ်နေရင်း ဒေးမောအားငယ်မိသည်၏ နောက်တွင် နတ်မောက်အပိုင် သားမြားဘူတာမှသည် ဇာတိမြေရွှေပင်ရွာဆီသို့ ခြေကျင်တလှည့်၊ ကုန်းကြောင်းတလှည့် ကိုးခြောက်ကိုးသုံးစံနစ်ဖြင့် ထွက်ခွာလာခဲ့လေသည်။

နွေအခါ ကြည့်လေရာ သဲပြင်အတိဖြစ်လေ့ရှိသော်ငြား မိုးရိပ်ဆင်သည့်သမယမို့ မြေနီနီယာတောတို့ကို မျက်စိတဆုံးမြင်နေရသည်။ ရွာရှိရာသို့ ဦးတည်နေသောလမ်း၏ ဘေးဝဲယာ၌ ငါး၊ ဒဟတ်၊ သြဇာနှင့် ထန်းပင်တို့ စီတန်းလျှက်ရှိ၏။ မကြာမကြာ ဘယ်ခြုံဖုတ်ဆီက ထွက်ပေါ်လာသည်မသိလေသော ဘုတ်အီးသံကိုလည်း ကြားနေရသည်။ ဟိုအဝေးတွင် ရွှေပင်ရွာ၏ အထင်ကရအထိမ်းအမှတ် ဖျောက်ဆိပ်ပင်ကြီးကိုလှမ်းမြင်နေရသော တခဏ၌ သီချင်းသံသဲ့သဲ့ကို ကြားရလေ၏။

"နှောင်းလေပြီ ညောင်းရွက်တွေ လေပွေချီတော့ မြေမဟီကြွေကာကျသည့်နှယ်၊ မြေမဟီကြွေကာကျသည့်နှယ် ကြွေရက်ကယ်စော နှမျောမိတယ်ထွေးညိုရယ် အကြောင်းဖန်နှောင်းကံမွဲ နန်းလယ်ဖွေ အခြေမကျခင်ဝယ် ပန်းစပယ်ကြွေ မြေခမရှင်တယ်၊ မောင်ကြီးဆုတောင်းတယ် ကောင်းရာအခြေ ရောက်ရစေသားကွယ်"

သီချင်းလာရာအရပ်ကား ဆြာဒင်နှင့်မဝေးလှ။ တခေါ်သာသာ သာရှိအံ့ထင်၏။ အသေအချာစပ်စုသည့်အခါ ဆြာဒင်ခရီးနှင်နေသည့် ရွာဆီသွားရာလမ်းဘေးနှင့် မလှမ်းမကမ်း တခုသော ထန်းပင်ကို မှီရင်း အလွမ်းသယ်နေသော လူငယ်တဦးကို တွေ့ရပါလေ၏။

ဆြာဒင်ကား သီချင်းနှင့်ဇာတ်ပွဲဆိုလျှင် ထမင်းပါအငတ်ခံနိုင်သော လူစားဖြစ်လေရာ လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်ခန့်က နိုင်ငံကျော်အဆိုတော်ကြီးတွံ့တေးသိန်းတန်၏ ကျော်ကြားလှသောတေးကို တခေတ်ဆန်းသီဆိုနေလေသည့် အဆိုပါ လူငယ်ရှိရာသို့ ခပ်သုတ်သုတ်သွားတဲ့ကာ စပ်စုမိလေ၏။ သူ့ထံမှ ချဉ်စုပ်စုပ်အနံ့ကြောင့် ထန်းရေမူးနေသည့်ကြောင်း အကင်းပါးသော ဆြာဒင် ဒက်ကနဲသိလေ၏။

"ကျုပ်နာမည် ဆြာဒင်ပါမောင်၊ မောင်ရင်က တယ်အဆိုပိုင်သကိုး၊ မောင်ရင့်ကြည့်





www.burmeseclassic.com

www.burmeseclassic.com

ရတာ ရွှေပင်ဇာတိပဲထင်ပါရဲ့"

အနီးကပ်ကြည့်မိသည့်အခါမှ အဆိုပါသူငယ်မှာ အသက်နှစ်ဆယ်ပင် ပြည့်ဟန်မတူသေးချေ။ အစိမ်းရောင်ခပ်မွဲမွဲ အင်္ကျီနှင့် ဖြစ်၏။ဆံပင်ပုံစံကား ရှေ့တလက်မ နောက်ပြောင်လျက်ရှိ၏။

"ဆြာဒင်ရေ၊ ကျနော်တော့ ရင်ကျိုးပါပြီဗျာ"

"တခုခုနဲ့များ မောင်ရင့်ရင်ဘတ်ကိုဖိမိ၊ ရိုက်မိလေသလား မောင်ရယ်"

"အာ၊ ဒုံးဝေးချက်ဗျာ၊ ကျနော်ရွာကို ပြန်လာတော့ ထွေးညိုမရှိတော့ဘူးတဲ့ဗျ၊ ထွေးရဲ့အကြောင်း မောင်ကြီးသိလိုက်ဒီအခိုက် ဝယ်၊ ထွေးညိုရေ လာမကြိုလေဇောနဲ့ အပြစ်မတင်ချင်တော့ပါဘူးဆြာဒင်ရယ်"

"ဟုတ်ပါပြီ မောင်သစ္စာရယ်၊ ကိုရင့်ထွေးညိုက လူမိုက်သာဒင်လက်ချက်များ မိသွားလေရော့သလား၊ ဒါနဲ့နေပါဦး၊ ကိုရင်က ထွေးညိုဇာတ်လမ်းထဲက ကိုသစ္စာလိုစစ်သားပဲထင်ပါ့"

"ဒါပေါ့ဗျာ သစ္စာလေးချက်ဦးထိပ်ရွက်လို့ ရင်ကိုမြေကတုတ်လုပ်ခဲ့တဲ့ စစ်သားဆိုပါတော့"

"အော်၊ တိုက်ပွဲတွေကို ပစ်ပြီး ထွေးညိုကိုတွေ့ချင်ဇောနဲ့ ပြန်လာတယ်ဆိုပါတော့၊ အဆွေးဆိုတာ ဖျောက်ဖျက်ပစ်ရတယ် မောင်ရဲ့၊ သေသောသူကြာရင် မေ့သတဲ့မောင်ရယ်"

"အာ၊ ဆြာဒင် ကိုယ့်လမ်းကိုယ်သွားစမ်းပါဗျာ၊ တိုက်ပွဲဆီက ပြန်လာတာ မဟုတ်ဘူး၊ ကလေးစစ်သားမို့ ရွာပြန်ပို့လိုက်တာ၊ ထွေးညိုကလည်း သေသွားတာမဟုတ်ဘူးဗျ၊ ပွဲစားတကောင်လက်ချက်နဲ့ ယွမ်နှစ်သောင်းဆိုလားရလို့ နယ်စပ်မှာ မျက်ပေါက်ကျဉ်းတကောင်နဲ့ ညားသွားတာ"

BURMESE CLASSIC

(၃)

ဆြာဒင်ကား အသာနှုတ်ဆိတ်လျက် ကိုသစ္စာထံပါးမှ ထွက်ခွာလာခဲ့ပြီးသည်တွင် ဘူတာနှင့် ရွာအကြားရှိ ငယ်ဆရာ တောကျောင်းဘုန်းကြီး သီတင်းသုံးရာ ကျောင်းဝိဟာဆီသို့ ရောက်ခဲ့ပြန်ချေသည်။ ငယ်ဆရာဘုန်းကြီး ဦးချစ်လှကား ပျံလွန်တော်မူခဲ့ပြီ။လက်ရှိကျောင်းထိုင် ကိုယ်တော်ကား ဆြာဒင့်အကိုရင်းနှင့် ငွေလိုမုံ့ဘက်ပေတည်း။ ကျောင်းအဝင်ဝမှာပင် ဆြာဒင့်စိတ်၌ တစုံတခုလိုနေသယောင်ခံစားလေရာ မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွမိပြီး သကာလ အမှတ်ရမိသည်ကား ဆြာဒင်ငယ်စဉ်က ကျော်ချည်ခွချည်ပြုကာ ကစားခုန်စားခဲ့သည့် ကျောက်သားပကတိဖြစ်နေသည့် ရေမ အင်ကြင်းပင် ကျောက်တုံးကြီးဖြစ်၏။ အရှည်အားဖြင့် ပေနှစ်ဆယ်ခန့် ရှိအံ့ထင်သည်။ ယခုသော်မမြင်မိတော့ချေ။

ကျောင်းထိုင်ကိုယ်တော်အားသံယာတည်းဟူသော အမှတ်ဖြင့် ဖူးမျှော်မာန်လျှော့တန်တော့သည့်အခါ ကိုယ်တော်သည် လက်ဝယ်ရှိ ယူနန်နယ်ဖြစ် ပုတီးစိတ်စက်ကလေးကို တဂျောက်ဂျောက်နှိပ်ရင်း အမှတ်မပျက် အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုမွန်ခြွေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဒကာဒင်၊ ရွှေပင်ကိုမမေ့တာ ဝမ်းသာချက်"

"တင်ပဲ့ စကားမစပ် အင်ကြင်းပင်ကျောက်တုံးကြီး ဘယ်ရောက်သွားတုန်းဘုရား"

"အင်း ဒကာဒင်လည်း ခေတ်ကိုမျက်ခြေပြတ်နေတယ်ထင်ပဲ့။ အင်ကြင်းကျောက်တွေ ဈေးကောင်းနေပြီလေ"

"အရှင်ဘုရား၊ ဒီလောက်ရှည် ဒီလောက်ကြီးတဲ့ အင်ကြင်းကျောက်သစ်တုံးကြီးကို ဘယ်လိုများရောင်းသလဲ တပည့်တော် ငဒင် ဉာဏ်မမှီလို့ပါဘုရား"

"အော် ဒါများ ခက်တာလိုက်လို့ ဒကာဒင်ရယ်၊ နည်းနည်းချင်း ပိုင်းရောင်းကြတာပေါ့"

"ရွှေပင်လို မလွှတ်သကောင်းချောက်နေရာမျိုးကို လာဝယ်ကြရအောင် ဘယ်များပို့ပါ လိမ့်ဘုရား"

" အင်း၊ ဂန္ဓလရာဇ်ဆိုလား ဒကာ"

(၄)

ဆြာဒင်ကား ကျောင်းထိုင်ကိုယ်တော်ကို ဝတ်ဖြည့်ပြီးသကာလ ကျောင်းပြင်အရောက် တခုသော ထနောင်းပင်ရိပ် အရောက်တွင် အညာအလှ ထနောင်း ပေတကား၊ နွေထနောင်း ဆောင်းမကျည်း သဘာဝအရံအတားပေတကားဟု ရိုမန်တစ်ဆန်ဆန် စိတ်ကူးဖြင့် ထနောင်း ပင်ကိုမှီရင်း တခဏမျှ မှေးစက်မိလေသည်။ နွေနှင့် မိုး မကွဲပြားသေးသည်လား၊ မိုးအဝင် နောက်ကျသည်လား မဆိုနိုင်၊ ရွှေချိုးဖြူကူသံသည် ထနောင်းပင်ထက်မှ ထွက်ပေါ် လျက် ရှိလေ၏။ အိပ်မက်လော၊ အမှန်လော၊ မဝေခွဲနိုင်သည့် တဒုတ်ဒုတ်သံကြောင့် ဆြာဒင့်ခမျာ နိုးထလာရပြန်၏။

ဆြာဒင့်ဝန်းကျင်တွင်ကား ရွှေပင်သားတသိုက် ပေါက်တူးငန်းပြားကိုယ်စီဖြင့် ဆြာဒင် စက်ပျော်ရာ ထနောင်းပင်တပိုက်ကို သုံးလေးပေအကွာမှ တူးဆွနေကြလေရာ အိပ်မှုံစုံမွှား ဆြာဒင်မှာ "ငတို့ရွှေပင်ရွာသားတို့ကား 'တနှစ်တကြိမ် ဇူလိုင်လ မြန်မာ့ သစ်ပင်စိုက် ပျိုးလ' ကို နားလည်သိကျွမ်းကြလျက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတတ်ကြလေယောင် တကား ဟု ဝမ်းမြောက်မိလေသည်။

"တို့ရွှေပင်သားတွေ တယ်ခေတ်မီသကိုး၊ စိုက်ကြပေ့ စိုက်ကြ ဥတုရာသီ တောကိုမှီသတဲ့ ကွ၊ ကျုပ်အိပ်ရေးပျက်တာ အရေးမပါလှပါဘူး မောင်တို့ရယ်၊ အားမနာတမ်းသာ စိုက်ကြပါ"

"ဒီလူကြည့်ရတာ ညှော်သည်ထင်ပါရဲ့၊ ဒီမယ်၊ အခု ဘကြီးအိပ်နေတဲ့ ထနောင်းပင်တို့ တူးနေတာဗျ၊ ရေသောက်မြစ်ကို ဖြတ်ပြီး သုံးလေးရက်ထားလိုက်လို့ မသေရင် ဆယ်သိန်းဝန်း ကျင်သေချာပြီ"

"ဟေ၊ ဆန်းလှချေကလား၊ ထနောင်းပင်က အရောင်းအဝယ်ဖြစ်သတဲ့လား"

"သိပ်ကြီးနေတဲ့အပင်ဆိုရင်တော့ သုံးစားမရဘူးပေါ့ဗျာ၊ အနေတော်အရွယ်ဆိုရင်တော့ အံကိုက်ပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

"အော် အော်၊ ဟုတ်ပါပြီမောင်တို့ရယ်၊ ဘယ်ကများဝယ်ကြသတုန်း"

"ဘကြီးကြည့်ရတာ ခပ်နုံနုံတောသားထင်ပါရဲ့၊ စိနတိုင်းက အဝယ်လိုက်နေတဲ့ နောက်ဆုံးပေါ် ရောင်းကုန်ဗျ"

"ဟုတ်ပါပြီမောင်ရယ်၊ ရေသောက်မြစ်ဖြတ်လိုက်လို့ မတော် သေသွားရင်ကိုရင်တို့မောတာ အဖတ်မတင်ပေဘူးလား"

"မပူပါနဲ့ဘကြီးရယ်၊ အရက်ချက်တဲ့အခါ အသုံးတည့်ချက်"

## (၇)

နှစ်ပေါင်းသုံးဆယ်ကျော်ကာမှ တခေါက်တကျင်းရောက်လာသော ဆြာဒင်အား ရွာအဝင်တွင် ဒင့်အပြန်ကို မျှော်လင့်နေဟန်ဖြင့် တရွာလုံးက "ဝှမ်းယင်" "ဝှမ်းယင်" ကြွေးကြော်လျက် လိုက်လံပျူငှာကြိုဆိုကြသော်ငြား၊ ဆြာဒင်ကား သက်ကြီး ခေါင်းချချိန်တိုင်အောင် စက်လည်း ပျော်ပါနိုင်ချေ။

လက်ပံတောင်းတောင်သည် ဆြာဒင့်ကို အတွေးပွားစေ၏။ ကျောက်မြို့ တူမင်း ခတ်ငွေလိုင်းသည် ဆြာဒင့်ကို အိပ်ပျက်အောင် နှိပ်စက်လျက်ရှိ၏။တမှေးမှ မှေးစက်မရသည့် အဆုံး ဘုရားပုထိုး ရှိခိုးအိပ်လေမှဟူသော အတွေးဖြင့် ဩကာသချိုးကို ရွတ်ဆိုနေရင်း ဘုရားစင်ထက်သို့ မော်အကြည့်တွင် ပြက္ခဒိန်ပုံတော်ကိုဖြတ်ညှပ်ကပ်လျက် ခတ်ခဲငယ်၏ စွမ်းပကားဖြင့် မော်တာအတပ်ခံရသော နွန်းတုမမြင် သုံးလူ့ရှင် ဗုဒ္ဓဘုရားရှင်သည်လည်း နောက်ပါသံဃာတို့ခြံရံလျက် ဒေသစာရီကြွချီလျက်ရှိလေ၏။ အော်၊ သုံးလောက ထွဋ်ထားမြတ်ဘုရားသော်မှ တရုတ်တရက်တို့၏ သံသရာဝဋ်ကြွေးမှ ပြေးမလွတ်ယောင် တကား။ သုံးဆယ့်တစ်ဘုံကို အမျှအတန်းဝေလျက် တရုတ်ပြည်ဖြစ် မီးဘုရားကို ဆြာဒင်ဦးသုံးကြိမ်ချလိုက်ရ၏။

BURMESE CLASSIC

ယင်းတခဏမှာပင် ရွာထိပ်ဆီမှ ကဘောက်တိကဘောက်ချာသီချင်းသံသည် တိတ်ဆိတ်သော ညဥ့်ယံကိုထွင်းဖောက်ကာ ဆြာဒင့်ထံသို့ ရောက်ရှိလာပြန်ချေတော့သည်။ ရွာအဝင်မှာဆုံခဲ့သော ကိုရင်သစ္စာ၏ အသံဖြစ်တန်ရာသည်။ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ထိုသီချင်းသံကို ဆြာဒင်အံကိုကြိတ်ရင်း ခပ်တိုးတိုးလိုက်ဆိုမိသည်။

"ပန်းစပယ် ဩော် . . . နန်းအလယ် မပေါ်ခိုက်ဟာမို့ အလိုက်တော်တန်သင့်ရုံပခံပွင့်ကို ကုံးရတယ်"

"သေရင်သေ၊ သေရင်မြေကြီးပါကွယ်၊ ရှင်ရင်လေ ရွှေထီးကိုလည်း မောင်မမျှော်မှန်းတယ်၊ ထွေးရဲ့ကိုယ်စားပြုမယ်ကွယ်၊ ချစ်သူ့ကိုယ်စားပြုမယ်ကွယ်၊ ရောက်လေရာဘဝဆီကနာခံစမ်းကွယ်၊ မောင်ကြီးသစ္စာ ပြုပါ့မယ်၊ ဒီစံနစ်ဆိုးတွေကိုကွယ် ကျောမွဲများအတွက်တိုက်ဖျက်ပစ်ပါ့မယ်"

*ဝှမ်းယင် (တရုတ်စကား) - ကြိုဆိုပါ၏*

*(ဆဲဝင်းဒေးနေ့စဥ်သတင်းစာ၊ ဩဂုတ် (၁၂) ၊၂၀၁၃)*



www.burmeseclassic.com